
သမိုင်းရေးရာ စိတ်ဝင်စားစရာ
မြင့်ဆွေ
ချစ်စံဝင်း

# အသောက

## နှင့်

# သုဝဏ္ဏဘူမိ

မြင့်ဆွေ

# အသောက နှင့် သုဝဏ္ဏဘူမိ

## ဒီပဝင်နှင့်မဟာဝင်

**"သာသနာအစ သထုံက"**ဟူသောစကားသည် အာသောကမင်းတရားကြီး ကိုးတိုင်းကိုးဌာနသာသနာပြု စေလွှတ်စဉ်က မြန်မာနိုင်ငံ သုဝဏ္ဏဘူမိတိုင်းသထုံသို့ ဗုဒ္ဓသာသနာရောက်လာသည်ဟူသော အယူအဆကို ရည်ညွှန်းထားသောစကားဖြစ်သည်။ ထိုအယူအဆသည်မြန်မာနိုင်ငံရှိဗုဒ္ဓဘာသာဝင် အားလုံးလောက်နီးနီးက လက်ခံအတည်ပြုထားသော အယူအဆလည်းဖြစ်သည်။

ယင်းအယူအဆသည် သီဟိုဠ်(ယခု သီရိလင်္ကာ)နိုင်ငံ၏ရှေးဟောင်းသမိုင်းကျမ်းများဖြစ်ကြသော ဒီပဝင်နှင့်မဟာဝင်တို့၏အဆိုအမိန့်မှ မြစ်ဖျားခံလာသော အယူအဆဖြစ်သည်။ ဒီပဝင်မှာ **အေဒီလေးရာစု**က ပေါ်ထွက်လာသောရှေးဟောင်း သမိုင်းကျမ်းများဖြစ်သည်။

ရှေးဟောင်းသမိုင်းကျမ်းများ ဖြစ်သောကြောင့်လည်း အဋ္ဌကထာဆရာကြီးအရှင်မဟာဗုဒ္ဓဃောသသည် ၎င်း၏အဋ္ဌကထာများတွင် အာသောကမင်းတရားကြီး၏သာသနာပြုသမိုင်းစဉ်များကို ဖော်ပြရာ၌"သုဝဏ္ဏဘူမိ"ဟူ၍သာပါရှိ၍ "မြန်မာနိုင်ငံသုဝဏ္ဏဘူမိတိုင်း သထုံမြို့တော်"ဟူ၍ ယင်းသုဝဏ္ဏဘူမိသည် မြန်မာနိုင်ငံက သထုံဖြစ်ကြောင်း မပါရှိခြင်းဖြစ်သည်။

## ကလျာဏီကျောက်စာ

သို့သော် မြန်မာနိုင်ငံ ဟံသာဝတီပဲခူးမြို့၌ **၁၅-ရာစု**က ဓမ္မစေတီမင်းကြီး ရေးထိုးစိုက်ထူခဲ့သော ကလျာဏီကျောက်စာတွင်မူ "သုဝဏ္ဏဘူမိရဋ္ဌသင်္ခါတရာမညဒေသေ"ဟု သုဝဏ္ဏဘူမိတိုင်းသည် ရာမညဒေသဖြစ်ကြောင်း တိတိကျကျဖော်ပြထားသည်။

မြန်မာနိုင်ငံဖြစ် သာသနာဝင်ကျမ်းများဖြစ်ကြသော မောင်းထောင်သာသနာပိုင်ဆရာတော်လူထွက်မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ၏**သာသနာလင်္ကာရစာတမ်း** ၊ မုံရွေးဆရာတော်၏**သာသနဝံသကျမ်း** ၊ တတိယမောင်းထောင်ဆရာတော် အရှင်ပညာသာမိ၏**သာသနဝံသပ္ပဒီပိကာကျမ်း** စသည်တို့ကလည်း ကလျာဏီကျောက်စာ၏အဆိုအမိန့်ကို ဆုပ်ကိုင်ကာ သုဝဏ္ဏဘူမိသည် မြန်မာနိုင်ငံက သထုံဖြစ်ကြောင်း တိတိကျကျ ဖော်ပြခဲ့ကြသည်။

ယင်းအဆိုအမိန့်များအတိုင်းလည်း မြန်မာနိုင်ငံဗုဒ္ဓဘာသာဝင်အားလုံးလောက်နီးနီးက လက်ခံထားခဲ့ကြခြင်းဖြစ်သည်။

## ပြဿနာ ၂-ဆင့်

ယင်းသို့လက်ခံထားခဲ့ကြသော်လည်း ယခု ၂၀-ရာစု၌မူ အထက်ပါ အေဒီလေးရာစုက ဒီပဝင်နှင့်အေဒီခြောက်ရာစုက မဟာဝင်တို့၏အယူအဆများကိုလည်းကောင်း ၊ အေဒီ ၁၅ရာစုကကလျာဏီကျောက်စာ၏အယူအဆများကိုလည်းကောင်း လက်မခံနိုင်သော သမိုင်းသုတေသီများပေါ်၍လာသည်။ သို့ဖြင့်ပင် ယင်းအယူအဆများနှင့်ပတ်သက်၍ အငြင်းပွားလာကြရာမှ-

(၁) အာသောက မင်းတရားကြီး ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်စဉ်က သုဝဏ္ဏဘူမိသို့ ဗုဒ္ဓသာသနာ တကယ်ရောက် မရောက် ၊
(၂) အကယ်၍ ရောက်သည့်တိုင်အောင် ယင်းသုဝဏ္ဏဘူမိသည် မြန်မာနိုင်ငံက သုဝဏ္ဏဘူမိ ဟုတ်နိုင် ၊ မဟုတ်နိုင်

ဟူ၍ပြဿနာ နှစ်ဆင့်ပေါ်၍လာသည်။

ဤကဲ့သို့ ပြဿနာပေါ်လာခြင်းမှာလည်း ယခုအခါ သမိုင်းတရပ်ကို ချဉ်းကပ်ရာ၌ အက္ခရာတင်သမိုင်းများထက် သမိုင်းရုပ်လုံးများကို အထောက်အထားများအဖြစ်ဖြင့် ဦးစားပေး ရှာဖွေလေ့လာကြရာမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

သမိုင်းမျက်စိဖြင့် ကြည့်လျှင် ဒီပဝင် မဟာဝင် နှင့် ကလျာဏီကျောက်စာများမှာ ခေတ်ပြိုင်မှတ်တမ်းများမဟုတ်ကြခြင်းကိုလည်း ဤ၌အချို့သမိုင်းသုတေသီများက ထည့်သွင်းတွက်ချက်ကြသေးသည်။

သို့ဖြစ်ရာ အာသောကမင်းတရားကြီး၏သာသနာပြုသမိုင်းစဉ်များကိုလေ့လာရာ၌လည်း ဒီပဝင်, မဟာဝင်စသော အက္ခရာတင်ရှေးဟောင်းသမိုင်းများနှင့်တင်းတိမ်ကျေနပ်မနေကြတော့ဘဲ အသောကမင်းတရားကြီး ရေးထိုးစိုက်ထူခဲ့သော ကျောက်စာများနှင့် အသောကမင်းတရားကြီး တည်ဆောက်ထားခဲ့သော သာသနိကအဆောက်အဦများ စသည်တို့ကို တူးဖော်ရှာဖွေကာ ဦးစားပေးလာခဲ့ကြသည်။

ယင်းသို့ လေ့လာသောအခါ၌ အသောကကျောက်စာအမှတ် ၂-တွင်. . .

*"ပိယဒဿီမည်သော မင်းတရားကြီး၏စိုးပိုင်ရာ နိုင်ငံတော်အတွင်းရှိ ရှိရှိသမျှ နယ်ပယ်ဒေသတို့နှင့်တကွ တိုင်းစွန်နယ်ဖျား ရှိကြကုန်သော စောဠတိုင်း, ပံဍျတိုင်း, သကျပုတြတိုင်း, ကေရလပုတြတိုင်း, တမ္ဗပဏ္ဏိတိုင်းတို့အပြင် အံတိယောဂမည်သော ဂရိတ်ဘုရင်နှင့်၎င်း၏ပြည်နီးချင်း ဂရိတ်ဘုရင်တို့ပိုင် တိုင်းနိုင်ငံဟူသရွေ့တို့၌ မင်းတရားကြီးသည် လူတို့အတွက်လည်းကောင်း တိရစ္ဆာန်တို့အတွက်လည်းကောင်း ဆေးဝါးကုသရန် နှစ်မျိုးနှစ်စား တည်ထောင်ထားတော်မူ၏။"*

ဟူ၍ အသောကမင်းတရားကြီး၏ဩဇာအာဏာပျံ့နှံ့ရာ တိုင်းပြည်များကို တွေ့ရှိရလေသည်။ ထို့ပြင် အသောကျောက်စာ အမှတ် ၅-တွင်လည်း. . .

*"ငါသည် အဘိသိက်ခံ၍ ၁၃-နှစ်မြောက်သောအခါ၌ ထိုတရားကြီးကြပ်ရေးအမတ်တို့အားခန့်ထားတော်မူခဲ့လေပြီ။*

*တရားကြီးကြပ်ရေးအမတ်တို့အား အယူဝါဒအမျိုးမျိုး လူအမျိုးမျိုးတို့နှင့်တကွ ယောနကတိုင်း, ကမ္ဘောဇတိုင်း, ဂန္ဓာရတိုင်း, မဟာရာဋ္ဌတိုင်း, ဂူဇရာဋ္ဌတိုင်း, ပိထိနိက်တိုင်းတို့အပြင် ငါ၏နိုင်ငံတော်အနောက်ဖက် နယ်ခြားရှိလူတို့အထဲတွင် ဓမ္မတရားတော်ကျင့်ဆောင်ရေးအတွက် အမှုတော်ကို ထမ်းရွက်ကြစေလေပြီ။"*

ဟူ၍ အသောကမင်းတရားကြီး၏သာသနာပြုချက်အရ ဗုဒ္ဓ၏တရားတော်များ ပျံ့နှံ့ရာ တိုင်းပြည်များကို တွေ့ရှိရသည်။

ထို့အတူ အသောကကျောက်စာ အမှတ် ၁၃-တွင်လည်း. . .

*"ဤသို့ အောင်မြင်ခြင်းကိုလည်း မင်းတရားကြီးသည် မိမိ၏မူလနိုင်ငံတော်ရင်းနှင့်တကွ တိုင်းစွန်နယ်ဖျားနေသူ လူအပေါင်းတို့အထဲ၌လည်းကောင်း ၊ နိုင်ငံတော်ရင်းမှ ယူဇနာရှစ်ရာဝေးကွာသော အံတိယောဂမည်သောဂရိတ်ဘုရင်နှင့်တကွ တုရမယအမည်ရှိ ဂရိတ်ဘုရင်, အံတိကအမည်ရှိ ဂရိတ်ဘုရင်, မကာအမည်ရှိ ဂရိတ်ဘုရင်, အလိကသုဒရအမည်ရှိဂရိတ်ဘုရင်လေးဦးတို့ပိုင် တိုင်းနိုင်ငံတို့အပြင် နိုင်ငံတော်၏တောင်ဘက်ရှိ စောဠတိုင်း, ပဏ္ဍယတိုင်း, တမ္ဗပဏ္ဏိတိုင်း စသောတိုင်းပြည်တို့သို့တိုင်အောင်လည်းကောင်း အထပ်ထပ်အောင်မြင်ခြင်း ဖြစ်တော်မူလေပြီ။*

*နိုင်ငံတော် အတွင်းနှင့်တကွ ယောနကတိုင်း, ကမ္ဘောဇတိုင်းဟူသော တိုင်းစွန်နယ်ဖျားတို့၌လည်းကောင်း ၊ သောဇတိုင်း, ပိထိနိက်တိုင်း, အန္ဓတိုင်း, ပုလိဒတိုင်းတို့၌လည်းကောင်း ၊ မင်းတရားကြီး၏ဓမ္မတရားတော်ဩဝါဒတို့ကို လိုက်နာကျင့်ဆောင်ကြကုန်၏။"*

ဟူ၍ အသောကမင်းတရားကြီး၏သာသနာပြုချက်အရ ဗုဒ္ဓ၏တရားတော်များ ပျံ့နှံ့ရာတိုင်းပြည်များကို တွေ့ရှိရသည်။

**လက်ဝဲအစွန်းမှ ငြင်းဆိုကြသူများ**

အသောကမင်းတရားကြီးသည် သူ၏သာသနာပြုစေလွှတ်ချက်အရ ဗုဒ္ဓသာသနာပျံ့နှံ့ရာတိုင်းပြည်နိုင်ငံများကို အထက်ပါအတိုင်း သူကိုယ်တိုင် ကျောက်စာရေးထိုးထားခဲ့သော်လည်း ယင်းတိုင်းပြည်နိုင်ငံများတွင် "သုဝဏ္ဏဘူမိ"ဟူသောအမည် မပါရှိကြောင်း သတိပြုရပေမည်။

ယခုခေတ် အချို့သမိုင်းသုတေသီများက ဤသို့ အသောကကျောက်စာများ၌ မပါရှိခြင်းကိုထောက်ပြကာ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ရာ၌ သုဝဏ္ဏဘူမိသို့ ဗုဒ္ဓသာသနာရောက်ရှိလာသည်ဟူသော အယူအဆကို သံသယရှိခဲ့ကြသည်။ လက်မခံနိုင်အောင် ဖြစ်ခဲ့ကြသည်။ ထို့ကြောင့်ပင် **ဒေါက်တာဗင်ဆင့်စမစ် M.A,D.Litt** က သူ၏ Asoka, The Buddhi -st Emperor of India. စာအုပ်တွင်. . .

*"အသောကမင်းတရားကြီးသည် သူကိုယ်တိုင် သာသနာပြုစေလွှတ်တော်မူခဲ့ရာ တိုင်းပြည်နိုင်ငံတို့ကို ကျောက်စာအမှတ် ၅-နှင့်၁၃-တို့တွင် အမည်နာမနှင့်တကွ တိတိကျကျ ဖော်ပြတော်မူခဲ့သည်။ ယင်းသို့ ဖော်ပြထားသော တိုင်းပြည်နိုင်ငံတို့တွင် သုဝဏ္ဏဘူမိဟူသော အမည်နာမမပါရှိပေ။"*

ဟူ၍ အသောကကျောက်စာ အမှတ်၅-နှင့်၁၃-ကိုထောက်ပြကာ ငြင်းချက်ထုတ်ခဲ့သည်။

ဒေါက်တာဗင်ဆင့်စမစ်၏စာအုပ်မှာ **၁၉၀၁-ခုနှစ်**က ထွက်ပေါ်လာခဲ့ရာ ယင်းအချိန်မတိုင်မီကပင် သုဝဏ္ဏဘူမိပြဿနာသည် ကမ္ဘာတွင်ပေါ်ပေါက်နေပြီဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌လည်း ယင်းသုဝဏ္ဏဘူမိပြဿနာသည် ရိုက်ခတ်လာသည်။ ရန်ကုန်တက္ကသိုလ်သမိုင်းပါမောက္ခဟောင်း**ဘီ-အာရ်-ပန်း**က သူ၏**History of Rangoon**စာအုပ်၌-

*"အသောက မင်းတရားကြီး၏ကျောက်စာ အများအပြားတွင် အသောကမင်းတရားကြီး*

*သည် မြန်မာနိုင်ငံသို့ရောက်ရှိလာကြောင်း တနေရာတွင်မှ ဖေါ်ပြမထားချေ။ မြန်မာနိုင်ငံသို့ သာသနာပြုများ စေလွှတ်ခဲ့သည်ဟူ၍လည်း မဖေါ်ပြခဲ့ချေ။"*

ဟူ၍အသောကကျောက်စာများကိုပင် အကိုးအကားပြုကာ သူ၏သံသယကို ဖေါ်ထုတ်ခဲ့သည်။

## မဇ္ဈိမပဋိပဒါကျကျ ချေပကြသူများ

စင်စစ် သမိုင်းတရပ်ကို ချဉ်းကပ်လာရာ၌ အက္ခရာတင်သမိုင်းစာအုပ်များထက်ကျောက်စာများကို ပဌမဦးစားပေးရမည်မှာ မှန်သည်။ သို့သော် ပထမဦးစားဖြစ်သည့် ကျောက်စာ၌ မပါရှိသောအကြောင်းအချက်မှန်သမျှ အတည်မပြုနိုင်ဟူသော ခံယူချက်မှာကား သမိုင်းကိုချဉ်းကပ်၌ တရားသေကျလွန်းလှရုံမက လက်ဝဲအစွန်းသို့ပင် ရောက်၍နေပေပြီ။ ယင်းခံယူချက်ကို တရားသေဆုပ်ကိုင်ထားသူများကြောင့်လည်း သုဝဏ္ဏဘူမိပြဿနာမှာ ပေါ်ပေါက်လာခြင်းဖြစ်သည်။

သမိုင်းတရပ်ကို ချဉ်းကပ်ရာ၌ လက်ဝဲစွန်းနှင့်လက်ျာစွန်းနှစ်ဖက်ကို ရှောင်ကာ မဇ္ဈိမပဋိပဒါကျကျ ချဉ်းကပ်မှသာလျှင် ယထာဘူတကျ၍ အမှန်နှင့်နီးကပ်နိုင်မည်ဖြစ်ကြောင်းမမေ့သင့်ပေ။

ယင်းသို့ သမိုင်းကို မဇ္ဈိမပဋိပဒါကျကျ ချဉ်းကပ်သူများကမူ သုဝဏ္ဏဘူမိပြဿနာအတွက် လက်ဝဲစွန်းမှကိုင်တွယ်သူများအား ပြန်လည်ချေပခဲ့ကြသည်။

*"သုဝဏ္ဏဘူမိသို့ သာသနာပြုရောက်ခဲ့သည်ဟူသော အယူအဆမှာ တကယ့်သမိုင်းဖြစ်ရပ်ဟု တထစ်ချအခိုင်အမာ မဆိုနိုင်သော်လည်း ယင်းအယူအဆသည် လုံးလုံးမဖြစ်နိုင်-သမိုင်းပြုစုသူများ အတွေးခေါင်ခဲ့ခြင်းသာ ဖြစ်တန်ရာသည်ဟု တထစ်ချဆုံးဖြတ်ရန်လည်း မလွယ်လှပေ။ အသောကမင်းတရားကြီးသည် ပါဋလိပုတ်နေပြည်တော်မှ အလွန်ဝေးကွာလှသော အီဂျစ် ဆီးရီးယား စသောတိုင်းပြည်နိုင်ငံများသို့ပင် သာသနာပြုရဟန်းတော်များစေလွှတ်တော်မူခဲ့ကြောင်းဖြင့် သူ၏ကျောက်စာများ၌ အတိအလင်းဖေါ်ပြထားသည်ကို ထောက်ရှုပါလျှင်(ကိုးတိုင်းကိုးဌာန)သာသနာပြုစေလွှတ်စဉ်က ထိုတိုင်းနိုင်ငံများထက် ပိုမိုနီးကပ်သော သုဝဏ္ဏဘူမိကိုကွက်၍ချန်လှပ်ထားခဲ့မည် မဟုတ်တန်ရာဟု တွေးတောဘွယ်ရာလည်း ရှိပေသေးသည်။"*

ဟုသူ၏အယူအဆကို တင်ပြဆွေးနွေးထားရာ ကျောက်စာကို တရားသေဆုပ်ကိုင်ထားသူများအဘို့ စဉ်းစားဘွယ်ရာ ကောင်းလှပေသည်။

## သီဟိုဠ်ကျွန်းပြဿနာ

ထို့ပြင် **ဒေါက်တာမက္ကဖီး**ကလည်း

*"အသောကမင်းတရားကြီး၏ ကျောက်စာတို့၌ သီဟိုဠ်ကျွန်းသို့ သာသနာပြုစေလွှတ်ခြင်းအကြောင်းမပါရှိပေ ၊ သို့သော် အလွန်နှောင်းသောဗုဒ္ဓဘာသာစာပေကျမ်းဂန်များ၌ကား ယင်းအကြောင်းကို အကျယ်တဝင့် ဖေါ်ပြထားသည်။ မင်းတရားကြီးသည် အတိုင်းတိုင်းအပြည်*

*ပြည်သို့သာသနာပြုစေလွှတ်တော်မူရာ၌ သီဟိုဠ်ကျွန်းသို့ စေလွှတ်ခြင်းမှာ အအောင်မြင်ဆုံးဖြစ်သည်ဟု ဆိုရပေမည်။”*

စသည်ဖြင့် သီဟိုဠ်ပြဿနာကို ဖေါ်ထုတ်ရေးသားခဲ့သည်။ အကယ်၍ **ဒေါက်တာမဏ္ဍဖီး**၏အဆိုအမိန့်အတိုင်းဆိုလျှင် ဤသီဟိုဠ်ပြဿနာမှာ အသောကကျောက်စာကို တရားသေဆုပ်ကိုင်ကာငြင်းချက်ထုတ်နေသူများအဘို့ အလေးအနက်ထား၍ စဉ်းစားရမည့်အချက်ဖြစ်သည်။

သို့သော် အထက်ကဖေါ်ပြခဲ့သော အသောကကျောက်စာအမှတ် ၁၃-၌ပါရှိသည့်“တမ္ဗပဏ္ဏိတိုင်း”ဆိုသည်မှာ သီဟိုဠ်ကျွန်း(ယခုသီရိလင်္ကာနိုင်ငံ)ဖြစ်ကြောင်း ဤ၌သတိပြုဘို့လိုပါသည်။

အသောကမင်းတရားကြီး ကိုးတိုင်းကိုးဌာနသာသနာပြု စေလွှတ်စဉ်က သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒကြွရောက်ခဲ့ကြောင်း မဟာဝင်နှင့်ဒီပဝင်တို့တွင် အခိုင်အမာ ဖေါ်ပြထားသည်။ ထိုစဉ်က သာသနာပြုစေလွှတ်သော တိုင်းပြည်နိုင်ငံများအနက် သီဟိုဠ်ကျွန်းမှာ အအောင်မြင်ဆုံးဖြစ်ကြောင်းဖြင့် အနောက်တိုင်းသမိုင်းဆရာများကလည်းထုတ်ဖေါ်ချီးကျူးရေးသားခဲ့ကြရသည်။

ယင်းသို့ ထုတ်ဖေါ်ရေးခဲ့ရခြင်းမှာလည်း အရှင်မဟိန္ဒသာသနာပြုစေလွှတ်စဉ်က သီဟိုဠ်ကျွန်း၌ ကျန်ရစ်ခဲ့သော အမှတ်အသား သမိုင်းရုပ်လုံးများကို ယနေ့အထိ အခိုင်အမာတွေ့ရှိနေရသောကြောင့် ဖြစ်သည်။

သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒသာသနာပြု ကြွရောက်ချိန်က သီဟိုဠ်ဘုရင် ဒေဝါနံပိယတိ-ဿမင်းကြီးမှာ သဒ္ဓါတရားထက်သန်လွန်းလှသဖြင့် သီဟိုဠ်နိုင်ငံအနှံ့အပြားတွင် စေတီပုထိုးကျောင်းကန်ဇရပ်တို့ကို အထပ်ထပ် ဆောက်လုပ်လှူဒါန်းတော်မူခဲ့သည်။

အနုရာဓမြို့တော်ဟောင်းတွင် ယခုအခါ ဖူးမြင်နေကြရသော အမြင့်ပေ ၇၀ ရှိသည့်ထူပါရုံစေတီတော်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့သည်။

တဆက်တည်းမှာပင် ယင်းထူပါရုံစေတီတော်ကြီးနှင့်မနီးမဝေးတွင် အရှင်မဟိန္ဒနှင့်တကွ သာသနာပြုရဟန်းတော်များ သီတင်းသုံးနေထိုင်ရန်အတွက် ကျောင်းတိုက်ကြီးကိုလည်း တည်ဆောက်လှူဒါန်းတော်မူခဲ့သည်။

ထူပါရုံစေတီတော်ကြီးမှ ရှစ်မိုင်ခန့်အကွာတွင် အလွန်မတ်စောက်သော တောင်ကုန်းကမ်းပါးရံကို ဖောက်ထွင်း၍ ကျောက်ဂူကြီးပြုလုပ်ထားရာ အရှင်မဟိန္ဒသည် ယင်းကျောက်ဂူကြီး၌ သီတင်းသုံးနေထိုင်ခဲ့သည်။

ယင်းကျောက်ဂူကြီးမှာ ယခုအခါ သမိုင်းသုတေသီများလေ့လာစရာဌာန ဖြစ်နေသည့်အတိုင်း လန်ဒန်ပါဠိစာပေအသင်းကြီး၏ဥက္ကဋ္ဌဖြစ်သူ ရိုး(စ်)ဒေးဗစ်က သူ၏ Buddhist India. စာအုပ်တွင်. . .

*“ရှေးနှစ်ပေါင်း ၂၀၀၀ကျော်က သီဟိုဠ်ကျွန်းသို့ သာသနာပြုကြွတော်မူခဲ့သော အရှင်မဟိန္ဒထေရ်၏သီတင်းသုံးတော်မူရာ ထိုအေးချမ်းဆိတ်ငြိမ်လှသော ကျောက်ဂူကြီးထဲသို့ ကျွန်ုပ်ဝင်ရောက်ခဲ့ဘူးသည်ကို ယနေ့ထက်တိုင် မမေ့နိုင်အောင် ရှိပေသည်။”*

ဟူ၍ ရေးသားခဲ့ဘူးသည်။

သမိုင်းရုပ်လုံးဖြစ်သော ဤသာသနိကအဆောက်အဦများမှာ ကိုးတိုင်းကိုးဌာနသာသနာပြုစေလွှတ်စဉ်က အရှင်မဟိန္ဒထေရ် သီဟိုဠ်သို့သာသနာပြုရောက်ရှိကြောင်း ထင်ရှားသည့်အထောက်အထားများပင် ဖြစ်သည်။

ထို့ပြင် ဣန္ဒိယနိုင်ငံ ဘိုပေါနယ် ဝေဒိသကတောင် ဆန်ချီစေတီတော်ကြီး၌လည်း အရှင်မဟိန္ဒ၏နှမဖြစ်သူ သင်္ဃမိတ္တာထေရီမသည် မဟာဗောဓိပင် လက်ျာတောင်ကိုင်းကို ဗုဒ္ဓဂယာမှသီဟိုဠ်ကျွန်းသို့ ပင့်ဆောင်ပုံများကို တခမ်းတနားထုလုပ်ထားရာ ယနေ့အထိ တွေ့မြင်နိုင်ကြပေသေးသည်။

သို့ဖြစ်ရာ

(က) အသောကမင်းတရားကြီးသည် ပါဋလိပုတ်နေပြည်တော်မှ အလွန်အလှမ်းကွာဝေးလှသော အီဂျစ် ဆီးရီးယားစသည့် နိုင်ငံများသို့ပင် သာသနာပြုရဟန်းတော်များ စေလွှတ်ခဲ့ခြင်း

(ခ) ထိုနိုင်ငံများထက် ပိုမိုနီးကပ်သော သီဟိုဠ်ကျွန်းသို့လည်း သာသနာပြုရဟန်းတော်များစေလွှတ်ခဲ့ခြင်း

နှစ်ရပ်ကို ထောက်ရှုပါက သီဟိုဠ်ကျွန်းကဲ့သို့ပင် ပါဋလိပုတ်နေပြည်တော်နှင့်နီးကပ်ခဲ့သောသုဝဏ္ဏဘူမိသို့ သာသနာပြုစေလွှတ်ရန်အတွက် အသောကမင်းတရားကြီးအနေဖြင့်ဘယ်နည်းနှင့်မှ ချန်လှပ်ထားခဲ့မည်မဟုတ်တန်ရာဟု ယခုအခါ အချို့သမိုင်းသုတေသီများက ယူဆနေကြပြီဖြစ်သည်။

**မြင့်ဆွေ**

မှတ်ချက်။ ။ မိုးဝေမဂ္ဂဇင်း ၊ ၁၉၇၈-ခုနှစ် ၊ မတ်လ ၊ နှာ(၅၂-၅၅။) မှဆောင်းပါးကို ပြန်၍ပြင်ဆင်ခြင်းမရှိဘဲ မူရင်းအတိုင်းရိုက်ထားပါသည်။

# မြန်မာနိုင်ငံ စာတိုက်သမိုင်းဦး

မြင့်ဆွေ

# မြန်မာနိုင်ငံ စာတိုက်သမိုင်းဦး

မြင့်ဆွေ

(၁)

စာပို့စံနစ် ပေါ်ပေါက်လာခြင်းသည် လူ့ဆက်ဆံရေးသမိုင်း၌ တိုးတက်လာသည့်လက္ခဏာချက်တစ်ရပ်ဖြစ်သည်။

ပါးရှင်းအင်ပါယာခေတ်တွင် အစိုးရသည် သတင်းစကားများကို စာပို့လုလင်နှင့်ပေးပို့သည့်စံနစ်ကို ပထမဆုံး စတင်တီထွင်အသုံးပြုခဲ့သည်။ ထို့ကြောင့် ယင်းစံနစ်ကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ခန့်အချိန်ကပင် ပေါ်ပေါက်ခဲ့သည်ဟုသမိုင်းဆရာများက အမှတ်အသား ပြုခဲ့ကြသည်။

နောက်ဆက်လက်၍ ပါးရှင်းစံနစ်ကို အခြေခံကာ မက်ဆီဒိုးနီးယန်းဘုရင်များက စာပို့လုပ်ငန်းကို အသုံးပြုခဲ့ကြသည်။

စာပို့စံနစ်သည် ရာစုတစ်စုမှ ရာစုတစ်စုသို့ အဆင့်ဆင့်တိုးတက်လာခဲ့သည်။ ကမ္ဘာ့စာတိုက်သမိုင်းတွင် ၁၄-ရာစုအဦးပိုင်းမှ ၁၇-ရာစုအဦးပိုင်းအထိ အစိုးရစာပို့လုပ်ငန်းအပြင် ပုဂ္ဂလိကစာပို့လုပ်ငန်းပါ ပေါ်ပေါက်လာခဲ့ဖူးသေးသည်။ သို့သော် ၁၆၀၉-ခုနှစ် ဂျိမ်းဘုရင်လက်ထက်၌ တရားမဝင်သောပုဂ္ဂလိကစာပို့စံနစ်ကို တားမြစ်ပိတ်ပင်ပစ်ခဲ့သည်။

ခရီးစဉ်အလိုက် ပုံသေနှုန်းဖြင့် သတ်မှတ်သောစာပို့စံနစ်ကို အင်္ဂလန်နိုင်ငံက စတင်အသုံးပြုခဲ့သည်။ ယင်းစံနစ်ကို ပထမချားဘုရင်လက်ထက် ၁၆၃၅-ခုနှစ်၌ စတင်တီထွင်ခဲ့ရာ ထိုအချိန်မှစ၍ ပြည်သူလူထုအနေဖြင့် စာတိုက်ကို အသုံးပြုနိုင်ခဲ့ကြသည်။ ထိုအချိန်က စာတိုက်သည် ဘုရင်ကိုယ်တိုင် စီမံအုပ်ချုပ်သောဌာနဖြစ်သော်လည်း နိုင်ငံ၏အခွန်တော်ဌာနတစ်ခုအဆင့်သို့ ရောက်ရှိမလာသေးပေ။

၁၆၆၀-ပြည့်နှစ်၊ ဒုတိယချားဘုရင်လက်ထက်၌ စာပို့တိုက်နှင့်ဆိုင်ရာ အာဏာနှင့်တာဝန်များကို ပါလီမန်က ပိုင်ဆိုင်စေရန် ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းလိုက်သောအခါကျမှသာ စာတိုက်သည် နိုင်ငံ၏အခွန်တော်ဌာနအဆင့်သို့ ရောက်ရှိလာသည်။

၁၇၈၄-ခုနှစ်မှစ၍ ၁၈၃၀-ပြည့်နှစ်အထိ အင်္ဂလန်တွင် စာပို့မြင်းရထားများဖြင့် စာများကို ပို့ပေးခဲ့ကြသည်။ ၁၈၃၀-ပြည့်နှစ်၌ စာပို့မီးရထားများ ပေါ်၍လာရာ ထိုအချိန်မှစ၍ မြင်းရထားနှင့်စာပို့သောစံနစ်သည် ပျောက်ကွယ်သွားခဲ့သည်။

သို့သော် ထိုအချိန်က ချောစာပို့ခနှုန်းမှာ ပြည်သူအားလုံး အသုံးပြုနိုင်လောက်အောင် သက်သာမှုမရှိသေးပေ။

ချောစာပို့ခနှုန်းကို ပြည်သူအားလုံး အသုံးပြုနိုင်အောင် စံနစ်သစ်တစ်ခုကို စတင်တီထွင်လိုက်သူမှာ "ဆာရိုလန်ဟီး"ဖြစ်သည်။ ယင်းစံနစ်သစ်မှာ ခရီးအကွာအဝေးကို ပဓာနမထားပဲ စာတိုက်ခကို နှုန်းသေ တစ်ပဲနိ သတ်မှတ်လိုက်သောစံနစ် ဖြစ်သည်။ ဆာရိုလန်ဟီးသည် ယင်းစံနစ်ကို ၁၈၄၀-ပြည့်နှစ်၌ စတင်တီထွင်လိုက်ခြင်း ဖြစ်သည်။

ယင်းစံနစ်သည် ပြည်သူအများ၌ အကျိုးရှိသလောက် ဆာရိုလန်ဟီးကိုလည်း အကျိုးရှိစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် အစပထမက ကျောင်းဆရာမျှသာဖြစ်သော်လည်း ယင်းစံနစ်ကို တီထွင်

လိုက်မှုကြောင့် စာတိုက်ဌာနၣ် ခန့်အပ်ခြင်းခံခဲ့ရရာမှ အဆင့်ဆင့်ရာထူးတိုးတက်ကာ စာတိုက်မင်းကြီးအထိ တိုးမြှင့်သွားသောကြောင့် ဖြစ်သည်။

ယင်း၏နောက်၌ကား စာတိုက်ဌာန၏တိုးတက်လာမှု အရှိန်အဟုန်သည် ယခင်ကထက် ပို၍လျင်မြန်လာခြင်းကို အောက်ပါအတိုင်း တွေ့ရှိလာရသည်။

(က)၁၈၄၈-ခုနှစ်၌ စာအုပ်နှင့်နမူနာပို့စံနစ်ကိုလည်းကောင်း။

(ခ)၁၈၆၈-ခုနှစ်၌ ငွေစုဘဏ်ဌာနကိုလည်းကောင်း။

(ဂ)၁၈၇၀-ပြည့်နှစ်၌ ကြေးနန်းဌာနကိုလည်းကောင်း။

(ဃ)၁၈၈၀-ပြည့်နှစ်၌ ငွေလွှဲပို့စံနစ်ကိုလည်းကောင်း။

(င)၁၈၈၃-ခုနှစ်၌ ပါဆယ်ပို့စံနစ်ကိုလည်းကောင်း။

(စ)၁၈၉၂-ခုနှစ်၌ စကားပြောကြေးနန်းဌာနကိုလည်းကောင်း။

ဤသို့အသီးသီး အင်္ဂလန်နိုင်ငံ စာတိုက်က တီထွင်တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

(၂)

မြန်မာနိုင်ငံ၏စာတိုက်သမိုင်းဦးကို ဗြိတိန်မြန်မာပထမစစ်ပွဲအပြီးမှ စတင်ခဲ့ကြောင်း တွေ့ရှိရသည်။ ထိုအချိန်က အိန္ဒိယနိုင်ငံ၌ အသုံးပြုနေသော စာပို့စံနစ်ကို မြန်မာနိုင်ငံသို့ တိုးချဲ့ပေးခဲ့သည်။ သို့သော် ထိုစဉ်က စာတိုက်ဌာနမှာ အသေးအမွှားမျှသာ ဖြစ်၍ ပြည်တွင်းစာပို့လုပ်ငန်း အနည်းငယ်ကိုသာ လုပ်ဆောင်နိုင်ခဲ့သည် ယင်းပြည်တွင်း စာပို့လုပ်ငန်းအတွက် အစိုးရမီးသင်္ဘောများနှင့်ကျေးလက်ရေယာဉ်များကို အသုံးပြုခဲ့သည်။

ဗြိတိန်မြန်မာ ဒုတိယစစ်ပွဲအပြီး၌ကား စာပို့လုပ်ငန်းကို ပြည်တွင်း၌သာမက ပြည်ပအထိ တိုးချဲ့ပို့ဆောင်လာနိုင်ခဲ့သည်။

ရန်ကုန်စာတိုက်ကို ဗြိတိန်မြန်မာ ဒုတိယစစ်ပွဲပြီးစကပင် ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၈၅၂-ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် ဗြိတိသျှတို့သည် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီး၍ ဧပြီလ ၁၅ ရက်နေ့တွင် ဗြိတိသျှဗိုလ်ချုပ်ကြီးဂေါ်ဒွင်က မစ္စတာ စီ-အမ်-ကရစ်ကို တပ်မတော်စာတိုက်ဗိုလ်အဖြစ် ခန့်အပ်လိုက်သည်။

ထို့နောက် ၁၈၅၂-ခု၊ စက်တင်ဘာလ ၃ ရက်နေ့၌ မစ္စတာကရစ်ကို တပ်မတော်စာတိုက်ဗိုလ်အဖြစ်မှ ရန်ကုန်စာတိုက်ဗိုလ်အဖြစ်သို့ ပြောင်းရွှေ့ခန့်ထားခဲ့သည်။ ထိုစဉ်က သူ၏လစာမှာ တစ်လလျှင် ၃၀၀ ကျပ်ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်စာတိုက်ကြီးကို ၁၈၅၂-ခုနှစ် စက်တင်ဘာလ ၃ ရက်မှ စတင်ဖွင့်လှစ်နိုင်ခဲ့သည်ဟု ဆိုရပေမည်။ ထိုစဉ်က ရန်ကုန်စာတိုက်ကြီးမှာ ယခုတွေ့မြင်နေရသော ကမ်းနားလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းဒေါင့်၌ မဟုတ်ပေ။ ယခုအတွင်းဝန်ရုံးသစ်ကြီးနေရာတွင် ဖြစ်သည်။ စာတိုက်အဆောက်အဦးမှာလည်း ကုန်သည်လမ်းဘက်သို့ မျက်နှာပြုထားသည်။

ထိုစဉ်က စာတိုက်ဌာနသည် ရန်ကုန်နှင့်ကာလကတ္တားသို့လည်းကောင်း၊ ရန်ကုန်နှင့်မော်လမြိုင်သို့လည်းကောင်း၊ ၁၄ရက် (နှစ်ပတ်)တစ်ကြိမ် မီးသင်္ဘောဖြင့် စာများကို ပို့ဆောင်ပေးနိုင်ခဲ့သည်။ ရန်ကုန်မှ ထားဝယ်နှင့်မြိတ်မြို့များသို့ကား တစ်လတစ်ကြိမ် မီးသင်္ဘောဖြင့် စာများကို ပို့ဆောင်ပေးနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်မှ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်အထိ ဧရာဝတီကုမ္ပဏီက ကန်ထရိုက်ယူ၍ မီးသင်္ဘောဖြင့် စာများကို ပို့ပေးခဲ့သည်။ ၁၈၇၆-ခုနှစ်မှစ၍ ရန်ကုန်နှင့်ပုသိမ်ကို ဧရာဝတီကုမ္ပဏီက ၂ ပတ်လျှင်တစ်ကြိမ်ကျ မီးသင်္ဘောဖြင့် စာများကို ပို့ဆောင်ပေးခဲ့သည်။

၁၈၇၇-ခုနှစ်တွင် ရန်ကုန်နှင့်ပြည် မီးရထားလမ်း ဖောက်လုပ်ပြီးသွားရာ ထိုအချိန်မှစ၍ ပြည်မြို့အထိ မီးရထားဖြင့် စာများကို ပေးပို့နိုင်ခဲ့သည်။

ဗြိတိန်မြန်မာ တတိယစစ်ပွဲကြီး၏နောက်ပိုင်း၌မူ ရန်ကုန်နှင့်ကာလကတ္တား တိုက်ရိုက်စာပို့ မီး သင်္ဘော ၃ စင်းဖြင့်လည်းကောင်း၊ ရန်ကုန်နှင့်မဒရပ် တိုက်ရိုက်စာပို့မီးသင်္ဘောတစ်စီးဖြင့်လည်းကောင်း တိုးတက်ဆက်သွယ်လာနိုင်သည်။

ပင်လယ်ဆိပ်ကမ်းမြို့များအားလုံးသို့လည်း ၇ ရက်လျှင် တစ်ကြိမ်ကျဖြင့်လည်းကောင်း၊ ရန်ကုန်နှင့်မော်လမြိုင်ကို တစ်ပတ်ခြား တစ်ကြိမ်ကျဖြင့်လည်းကောင်း စာများ ဆက်သွယ်ပေးပို့နိုင်ခဲ့သည်။

မီးရထားလမ်း ဖောက်ပြီးသော မြို့များသို့လည်း မီးရထားဖြင့် စာများကို နေ့စဉ်ပို့ဆောင်ပေး၍ မီးရထားဘက်က နေ့စဉ်တာဝန်မယူနိုင်သော မြို့များကိုမူ ဧရာဝတီကုမ္ပဏီက မီးသင်္ဘောဖြင့် အနည်းဆုံး တစ်ပတ်တစ်ကြိမ်ကျ စာများကို ပို့ဆောင်ပေးပို့နိုင်ခဲ့သည်။

| | ၁၈၈၀-၈၁ | ၁၈၉၀-၉၁ | ၁၉၀၀-၀၁ | ၁၉၀၃-၀၄ |
|---|---|---|---|---|
| စာတိုက်ပေါင်း | ၅၀ | ၂၄၇ | ၂၉၉ | ၃၃၉ |
| စာတိုက်သေတ္တာပေါင်း | ၁၀၁ | ၄၄၅ | ၁၂၂၈ | ၁၄၀၄ |
| စာပို့ဆက်သွယ်ရေးလမ်းမိုင်ပေါင်း | ၆၅၅၇ | ၈၉၄၃ | ၁၀၈၈၂ | ၁၁၃၈၁ |
| စာတိုက်မှ ပို့ဆောင်ဖြန့်ဖြူးခဲ့သမျှ သော စာပေါင်း | ၁၇၇၈၄၁၁ | ၈၇၂၆၅၂၃ | ၁၂၈၇၅၄၉၅ | ၁၅၆၂၉၅၀၉ |
| စာပို့ကဒ်များ | ၄၃၃၈၃ | ၅၅၇၈၃၇ | ၁၃၀၃၃၅၆ | ၁၇၈၃၀၇၇ |
| အထုပ်ကလေးပေါင်း | ၄၂၄၄၄ | ၄၈၃၂၂၀ | ၂၂၆၀၂၉၇ | ၂၃၇၉၂၅၃ |
| သတင်းစာထုပ်ပေါင်း | ၄၃၄၀၆၃ | ၁၆၉၄၆၁၈ | ၁၄၅၆၄၇၁ | ၁၇၈၆၀၂၃ |
| ပါဆယ်ထုပ်များ | ၂၈၄၉၆ | ၁၄၄၉၈၄ | ၂၂၀၅၂၅ | ၁၈၈၇၂၆ |
| | ကျပ်ငွေ | ကျပ်ငွေ | ကျပ်ငွေ | ကျပ်ငွေ |
| တံဆိပ်ခေါင်းရောင်းရငွေပေါင်း | ၁၂၉၈၄၃ | ၄၂၅၄၇၀ | ၅၃၂၁၃၂ | ၆၆၅၁၆၃ |
| မန်နီအော်ဒါတန်ဖိုးပေါင်း | ၂၀၄၅၂၁၀ | ၁၄၄၅၄၂၅၀ | ၂၇၉၂၁၉၇၂ | ၃၄၃၉၉၀၃၇ |
| ငွေစုဘဏ်သွင်းငွေ | - | ၁၉၆၇၃၇၈ | ၃၃၇၉၉၁၃ | ၂၉၃၂၃၀၄ |

၁၉၀၃-၁၉၀၄ ခုနှစ်၌ကား မြန်မာနိုင်ငံ စာတိုက်ဌာနသည် ပြည်တွင်းရှိ ခရိုင်မြို့နယ်ကျေးရွာများတိုင်အောင် စာများကို ဖြန့်ချိပေးနိုင်ရုံသာမက ပြည်ပသို့လည်း မြန်မာနိုင်ငံနှင့်ဆက်သွယ်မပေးနိုင်သောဌာနဟူ၍ တစ်ဌာန တစ်နေရာမျှ မရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ကြီး ဆက်သွယ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

စာတိုက်သမိုင်းဦးသည် မြန်မာနိုင်ငံ၌ ဗြိတိန်မြန်မာပထမစစ်ပွဲအပြီးမှ စတင်ခဲ့သော်လည်း ၁၈၆၂-၁၈၆၄ ခုနှစ်ကျမှသာ စာတိုက်ဌာနမှ ပထမဆုံးအကြိမ်အဖြစ်ဖြင့် စာရင်းဇယားများကို ပြုစုလုပ်ကိုင်နိုင်ခဲ့သည်ဟု(Imperial Gazetteer Of India)၌ ဖော်ပြထားသည်။

ယင်း ၁၈၆၂-၆၃ ခုနှစ်၌ စာတိုက်ဌာနမှ လက်ခံပို့ဆောင်ပေးခဲ့သော စာပေါင်းမှာ ၆၇၃၉၃၉ စောင်ဖြစ်၍ အခြားပစ္စည်းများဖြစ်သော ပါဆယ်များ၊ စာအုပ်ထုပ်များ၊ သတင်းစာထုပ်များမှာ ၁၇၇၂၈၇ ဖြစ်သည်။

၁၈၇၈-၇၉ ခုနှစ်၌ကား စာတိုက်ဌာနမှ လက်ခံပို့ဆောင်ပေးခဲ့သောစာများမှာ ၁၂၈၆၉၉၀ အထိ တိုးတက်ခဲ့၍ ပါဆယ်ထုပ်၊ စာအုပ်ထုပ်၊ သတင်းစာထုပ်များမှာလည်း ၃၉၃၈၃၅ အထိ တိုးတက်လာသည်ဟု သိရှိရသည်။

၁၈၈၁-၈၂ ခုနှစ်၌ မြန်မာနိုင်ငံတွင် စာပို့တိုက်ပေါင်း ၅၅ တိုက် ဖွင့်လှစ်နိုင်ခဲ့သည်။

၁၈၉၁-၉၂ ခုနှစ်၌လည်း စာပို့တိုက်ပေါင်း ၂၄၇ တိုက် ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၀၀-၁၉၀၁ ခုနှစ်၌မူ စာပို့တိုက်ပေါင်း ၂၉၉ တိုက် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၀၃-၁၉၀၄ ခုနှစ်ကား မြန်မာနိုင်ငံအရပ်ရပ်၌ ဖွင့်လှစ်ပြီးသော စာတိုက်ပေါင်း ၃၉၉ တိုက်အထိ ရှိလာပြီဖြစ်သည်။

စာတိုက်များ တိုးချဲ့ဖွင့်လှစ်လာနိုင်သည်နှင့်အမျှ စာတိုက်ဌာနမှ လက်ခံကာ ပို့ဆောင်ပေးခဲ့သောစာများ၊ ပို့စကဒ်များ၊ ပါဆယ်ထုပ်များ၊ စာအုပ်ထုပ်များ၊ သတင်းစာထုပ်များလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာခဲ့သည်။

ထိုမျှသာ မဟုတ်သေး။ စာတိုက်ဌာနမှ မန်နီအော်ဒါများကိုလည်း လက်ခံပို့ဆောင်ပေးနေပြီဖြစ်သည်။ ထို့ပြင် စာတိုက်ဌာန၌ စာတိုက်သေတ္တာများနှင့်ငွေစုဘဏ်များကိုလည်း လက်ခံဖွင့်လှစ်ပေးနေပြီ ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံစာတိုက်သမိုင်းဦးကာလဖြစ်သော ၁၈၈၀-ပြည့်နှစ်မှ ၁၉၀၄-ခုနှစ်အထိ လက်ခံလုပ်ကိုင်ဆောင်ရွက်ခဲ့သော စာတိုက်ဌာန၏စာရင်းဇယားချုပ်မှာ ဖော်ပြပါအတိုင်း ဖြစ်သည်။

ဤဇယား၌ ၁၈၈၀-ခုနှစ် စာရင်းဂဏန်းတွင် အန်ဒမန်ကျွန်းစုမှ စာရင်းဂဏန်းများပါ ပါဝင်လျက် ရှိသည်။

၁၈၈၁-၈၂ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးစာတိုက်အမှုထမ်းများမှာ အဆင့်အတန်းမျိုးစုံ စုစုပေါင်း ၁၇၁ ယောက်ရှိသည်။

၁၉၀၃-ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး စာတိုက်ဘက်ဆိုင်ရာအမှုထမ်း စုစုပေါင်း ၁၅၉၂ ယောက်အထိ တိုးတက်လာခဲ့သည်။ ၎င်းတို့တွင် ကျေးလက်စာတိုက်မှုထမ်းများနှင့်ပြာတာများ မပါဝင်ပေ။

ထိုအချိန်က ကျေးလက်စာတိုက်မှုထမ်းများနှင့်ပြာတာများကို ခရိုင်နယ်ပယ်စာတိုက် စီမံကိန်းအရ ခန့်ထားခြင်းဖြစ်၍ ၎င်းတို့ကို ဒေသန္တရဘဏ္ဍာတော်ငွေမှ လစာများ ပေးခဲ့သည်ဟု သိရှိရသည်။

မှတ်ချက်။ ။အတွဲ(၂၁)၊ အမှတ်(၆)၊ ၁၉၇၃-ခုနှစ်၊ ဧပြီလထုတ် မြဝတီမဂ္ဂဇင်း စာမျက်နှာ(၃၁-မှ-၃၄)ထိ၌လာရှိသော ဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားခြင်း ဖြစ်ပါသည်။

# မန္တလေးရပ်ကွက်သမိုင်း

ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)

## မန္တလေးမြို့တည် စီမံကိန်း

မန္တလေးရတနာပုံ မြို့သစ်တည်ထောင်ရန်အတွက် မင်းတုန်းမင်းတရားကြီး အမိန့်ချခဲ့သည်မှာ ၁၇၅၆ (မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ်)ကဖြစ်သည်။ **မန္တလေးမြို့တည် နန်းတည်စာတမ်း**တွင်

> ရဟန်းပညာရှိ၊ လူပညာရှိတို့ သွင်းစာကို သက္ကရာဇ် ၁၂၁၈ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့နံနက် ညီလာခံ မှန်နန်းတော် စနုဆောင်တော်တွင် သံတော်ဆင့် ရွှေပြည်လယ်အုပ် မင်းလှသိင်္ခသူ[၁]၊ ရတနာ လှေကားတော်မှူး မင်းလှသီရိဇေယသူ[၂]တို့ကို ဘတ်လျှောက်သည်ကာလ အရှင်ဘဝရှင် မင်းတရားကြီးဘုရား ဝမ်းမြောက်တော်မူ၍ မြို့အခမ်းအနားအစီရင်ခင်း စီရင်ဘွယ်များကို စာဟောင်းစာတမ်း ကျမ်းဂန်နှင့်အညီ၊ ပြီးပြေအောင် စီရင်ရမည် အမိန့်တော်ရှိသည့် အမိန့်တော်ကိုလည်း သံတော်ဆင့် ရွှေပြည်လယ်အုပ် မင်းလှသိင်္ခသူ ဘတ်ရမည်

ဟူ၍ ပါရှိသည်။

ဤသို့ မင်းတုန်းမင်း မန္တလေးရတနာပုံ မြို့သစ်တည်ရန် ပညာရှိများနှင့် ဆွေးနွေးတိုင်ပင်ကြောင်း တွေ့ရသည်။ **မြို့တည်နန်းတည်စာတမ်း**တွင် မပါရှိသော မန္တလေးမြို့သစ် စီမံကိန်း သဘောမကျသူများအကြောင်းကို တွေ့ရသည်။ မန္တလေးမြို့သစ်တည်ရန် မကြိုက်သူများတွင် ဘုံကျော်ဆရာတော်ဘုရားကြီး ရာမပုရောဟိတ်ပုဏ္ဏားကြီးနှင့် အိမ်ရှေ့ ကနောင်မင်းတို့ ပါရှိကြောင်း ဆိုထားသည်။ တိုင်းသူပြည်သားများလည်း မိမိတို့အိမ်များကို ဖျက်၍ ရွှေ့ပြောင်းရမည်ကို ဝန်လေးစိတ် ရှိကြောင်း ဆိုသည်။

> မန္တလေးမြို့ကို တည်သည်မှာ အမရပူရမြို့က ပြောင်းရွှေ့လာပြီးလျှင် တည်သည်။ အဘယ်ကြောင့် အမရပူရမြို့ကို ပစ်ထားခဲ့ရသနည်း။ အမရပူရမြို့ကျဉ်း၍လော ဘေးအန္တရာယ်ရှိ၍လော ကျန်းမာရေးနှင့် ဆန့်ကျင်၍လော စသော မေးဘွယ် တွေးဘွယ်တို့ရှိပေ၏။ မြို့ကျဉ်းခြင်းစသော အထက်ပါ အကြောင်းတို့နှင့် ပတ်သက်၍ အပြစ်တစုံတရာဘာမျှမရှိပေ။ သို့ဖြစ်လျှင် ဘာကြောင့် ပြောင်း၍ အသစ်တည်ပြန်သနည်း၊ အပြစ်တစုံတရာ မရှိဘဲနှင့် မြို့ပြောင်းတည်သည်ကို မကြိုက်သောကြောင့် ဘုံကျော်ဆရာကြီး အမြင်မှာ ကုလားဖြူတို့နှင့် နှစ်ကြိမ်တိုင် စစ်မက်ဖြစ်ပွားရ၍ နိုင်ငံနယ်ပယ် ဆုံးရှုံးပြီးလျှင် နယ်ကျဉ်းသွားသည်။ နိုင်ငံတော် တည်တံ့နိုင်ရန် နိုင်ငံ၏အင်အားကိုသာ တိုးတက်အောင် ပြုလုပ်သင့်သည်။ မလိုအပ်ဘဲနှင့် မြို့သစ်တည်သည်မှာ ကိစ္စရှုပ် အလုပ်များသည်သာ

ဟူ၍ ရွှေပြည်ဦးဘတင်ကဖော်ပြထားပြီးနောက် မန္တလေးမြို့သစ်စီမံကိန်းသည်မင်းတုန်းမင်းတရားကြီး အထက် ကုန်းဘောင်ဆက် မင်းများနည်းတူ 'မြို့တည်နန်းတည်မင်း' အဖြစ် ခံယူလိုသော ဆန္ဒကြောင့်

---

၁။ သီပေါမင်းလက်ထက် ယောမြို့စားဝန်ကြီးဖြစ်လာသူ ဦးပုကြီး၊ ရှမ်းပြည်တွင် ဆုံးသည်။

၂။ ပိဋကတ်တော် အုပ်အတွင်းဝန်၊ နန်းမတော်ဝန်၊ မိုင်းကိုင်မြို့စား ဦးယံ။

မြို့ကိုပြောင်းရန် စီမံခဲ့သည်။ ပညာရှိအများကလည်း ရေးစာပေဟောင်း၊ သိုက်တဘောင် စသည်တို့ကို ညွှန်ပြ၍ နောက်တာဝန်ယူ ဆောင်ရွက်အောင်မြင်ရာ ဘွဲ့ထူးရာထူးများလည်း ရလေ့ရှိကြသဖြင့် မင်းအလိုသို့လိုက်ကြပုံများ ရေးထားလေသည်။

ဒေါက်တာသန်းထွန်းကလည်း မင်းတုန်းမင်း မန္တလေးပြောင်းရန် စီမံသည့်အကြောင်း စစ်တန်းထုတ်ပြထားသည်။ အဖြေမှာ

> ခန့်မှန်းချက်အရ (၁) အမရပူရမှာ နေတုန်း ၁၈၅၂ ခု အင်္ဂလိပ်နဲ့ စစ်ဖြစ်ပြီး စစ်ရှုံးတယ်၊ (၂) စစ်ရှုံးတဲ့မင်းဟာ နန်းကျတယ်၊ (၃) ဒီလို ပြည်တွင်းပြည်ပ အသရေညှိုးတဲ့နေရာမှာ မင်းသစ်ဟာ ဘယ်မှာနေချင်မလဲ ဆိုတဲ့အဖြေထွက်တယ်။ ဒါပေမယ့် မင်းလုပ်သူက ဒါကြောင့် ဆက်မနေချင်တော့လို့ ပြီပြီသသ မပြောပါဘူး။ ဒါပေမယ့် နေရာအောင်မြင်မှု အသစ်ဖြစ်ပေါ်မယ်လို့တော့ အများကြီး အားထားတာ တွေ့ရတယ်။ ဒီနည်းနဲ့ လှည့်စဉ်းစားရင် မြို့သစ်တည်တာ အကျိုးရှိပါတယ်။

ဟု ဆိုထားလေသည်။

မင်းတုန်းမင်းသည် အမရပူရမြို့ကို မသိမ်းမီ ၁၈၅၂ ခု ဒီဇင်ဘာလ ၁၇ ရက်နေ့(သက္ကရာဇ် ၁၂၁၄ ခု ပြာသိုလဆန်း ၈ ရက်) ည လေးချက်တီးအချိန် အမရပူရမှ ထွက်ခွာခဲ့သည်။ နောက်နှစ်ဇန္နဝါရီလတွင် အမရပူရမြို့ကို သိမ်းသည်။ သက္ကရာဇ် ၁၈၅၃ ခုတွင် အမရပူရ ရွှေမြို့တော်က နောင်တော်ပုဂံမင်းကို ဥဒေါင်းဘောင်တော်နှင့် တင်ဆောင်ပြီးလျှင် ညီတော်အိမ်ရှေ့မင်း ကရဝိတ်ဘောင်တော်စီး၍ ရတနာသိင်္ဃမြို့ကို ပြန်လည်ပြုပြင်၍ နန်းစိုက်နေရာ ၁၈၅၃ ခု စက်တင်ဘာလ ၁၁ ရက်နေ့(သက္ကရာဇ် ၁၂၁၅ ခု တော်သလင်းလဆန်း ၉ ရက်)တွင် ဝန်ကြီးအတွင်းဝန် ပညာရှိအများနှင့် သာသနာပိုင်တို့သည် မစိုးရိမ်တိုက်တော်တွင် ညှိနှိုင်းပြီးနောက် ၁၈၅၃ စက်တင်ဘာ ၁၃ ရက်နေ့တွင် အမရပူရမြို့သည် မန္တလေးစာဟောင်း အဝင်ဖြစ်၍ နေပြည်တော် ထီးနန်းဆောက်လုပ်နေရန် စာသွင်းကြသည်။ မင်းတုန်းမင်းသည် ၁၈၅၃ ခု နိုဝင်ဘာလ ၂၀ ရက်နေ့(သက္ကရာဇ် ၁၂၁၅ ခု တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်)တွင် ရတနာသိင်္ဃမှ အမရပူရသို့ ရွှေပြောင်းလာသည်။ ထိုစဉ်ကပင် မန္တလေးမြို့သစ်တည်ရန် လိုလားနေသည်ဟု ဒေါက်တာသန်းထွန်းက ဆိုထားသည်။၁၈၅၆ ခု အောက်တိုဘာ ၃၀ ရက်နေ့ (သက္ကရာဇ် ၁၂၁၈ ခု တန်ဆောင်မုန်း ဆလန်း ၃ ရက်) တွင် မြို့သစ်တည်ရန် ဝန်ရှင်တော် မြတောင်မြို့စားမင်းကြီး၊ပုခန်းကြီး မြို့စားမင်းကြီးများ ဆင့်ချက်နှင့် သစ်တောဝန်၊ ဝတ်မြေဝန်၊ ပညာရှိကျောက်ဆည်ရွာစား၊ အမှာရေး သပြေငါးရွာစားတို့ အစုံအညီထွက်လာရာ မန္တလေးတောင်စောင်းတန်းအဆင်း ကျောင်းတိုက်အတွင်း သီတင်းသုံးနေသည့် အသက် ၇၈ နှစ် သိက္ခာငါးဆဲ့ခုနစ်၊ နန္ဒမေဓာဘိ သိရိပဝရ မဟာဓမ္မရာဇဂုရု တံဆိပ်ရ ဆူးခါးဆရာတော်နှင့် တွေ့လာသည်။ ထိုစဉ်ကလျှောက်ထားမေးမြန်းရာ ၁၁၉၈ ခုနှစ်ကစ၍ ၁၂၁၈ ခုနှစ်တိုင် မန္တလေးအရပ်၌ သီတင်းသုံးနေသည့် နှစ်ပေါင်းနှစ်ဆယ်အတွင်း ဆရာတော်မှစ၍ တပည့်သင်္ဃာတော်တို့မှာ တစုံတရာအတွင်းအပ ဘေးဒဏ်အန္တရာယ်မရှိ ချမ်းသာကြောင်း မန္တလေးအရပ် ဘူမိနက်သန်မှန်ကြောင်း ပြောလိုက်သည်။ ဤသို့ဖြင့် စာပေအထောက်အထားများအရ မင်းတုန်းမင်း၏ မ ္ လေးရတနာပုံမြို့သစ်တည်ရန် စီမံကိန်း ဖြစ်မြောက်ခဲ့ခြင်း ဖြစ်သည်။

"ကောင့်ဟာင်နရီဒီ စာစီ၏ လျှို့ဝှက်သော မစ်ရှင်" စာတန်းတွင် ဗိုဗီယန်ဘာက ၁၇၅၉ ခု ဩဂုတ်လ ၁ ရက် (၁၂၂၁ ခု ဝါခေါင်လဆန်း ၃ ရက်) နေ့စွဲပါ ကောင့်ဟာင်နရီဒီ စာစီထံမှ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ကောင့်ဝါလူးစကီထံ ပေးပို့သောစာတွင်

> မကြာမီ မြန်မာပြည်အကြောင်း အပြည့်အစုံကို ဝန်ကြီးမင်းထံ တင်ဆက်ပါမည်။ ပြန်လည် ပြုပြင်ရေးဆွဲထားသော မြန်မာပြည်မြေပုံနှင့်တကွ မင်းနေပြည်တော်၏ ပန္နက်ပုံကိုပါ ပို့ပါမည်၊ မင်းနေပြည်တော်သည် အင်္ဂလိပ်၏ အမြောက်ကျည်ဆန် အန္တရာယ်မှ ဝေးစေရန် ရွှေပြောင်း စံနေသော မြို့တော်ဖြစ်ပါသည်

ဟု သိရပါသည်။ ထို့ကြောင့် မင်းတုန်းမင်း မြို့သစ်တည်ရန် စီမံရာ၌ စစ်ဘေးစစ်ဒဏ် ရန်သူတို့၏ အန္တရာယ်ကိုကြိုတင်ကာကွယ်ရန် စီမံလိုကြောင်းလည်း ပါမည်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

မန္တလေးမြို့နှင့် ပတ်သက်၍ ရှေးဟောင်းစာပေများ စုဆောင်းရာမှ တွေ့ရှိရသော အခြားအထောက်အထားများသည် ပုရပိုက်မြေပုံများပင် ဖြစ်သည်။ ယင်းမြေပုံများ အကြောင်းကို သီးသန့်တခန်း ရေးသားမတင်ပြမီ မန္တလေးမြို့သစ်တည်သော မင်းတုန်းမင်း၏ စီမံကိန်းဆိုင်ရာ ပါဝင်သော မြေပုံအကြောင်းကို ရှေးဦး တင်ပြရပေမည်။ ယင်းမြေပုံသည် အလျား ၇ ပေ ၆ လက်မ၊ အနံ ၄ ပေ ၉ လက်မရှိ ပုရပိုက်အနက်ပေါ်တွင် ဆေးရောင်ငါးမျိုးဖြင့် ရေးဆွဲထားသော မန္တလေးမြို့ ရွှေကြိုးသက်နယ် မြေပုံဖြစ်သည်။ မြေပုံတွင် သက္ကရာဇ်အမှတ်အသား မပါချေ။[၁]

ယင်းမြေပုံကိုလေ့လာပြီးနောက် စာရေးသူနှင့် တီအိုမောရစ်[၂] တို့က စာတန်းတစောင် တင်ပြခဲ့သည်။ အကျဉ်းသဘောမှာ မင်းတုန်းမင်း မြို့သစ်တည်ရန် ဆုံးဖြတ်ခြင်းသည် သိုက်သမိုင်းစနည်းတဘောင်ဖြင့် ရုတ်တရက်ပေါ်ပေါက်လာသော စိတ်ကူးကြောင့်မဟုတ်၊ ထို့ပြင်လည်း ဒုရှိုင်ဇယ်ထင်မြင်ခဲ့သကဲ့သို့ ရှေးအတိတ်ဘဝ ဝတ္ထုကြောင်းများနှင့် ဆက်စပ်၍လည်း မဟုတ်ကြောင်း သိသာသည်။ မန္တလေးပြောင်းရွှေ့ခြင်းသည် သဘာဝ အနေအထား အခြေအနေ ဖန်တီးမှုကြောင့်ဟု ဆိုရမည်။ မင်းတုန်းမင်းသာမက တိုင်းသူပြည်သားများပင် သဘာဝကပေးသော အခြေအနေကို မလွန်ဆန်နိုင်သော အခြေမျိုး ဖြစ်ပေါ်နေကြောင်း မြေပုံအရ သိသာသည်။ အမရပူရမြို့တည်ရာဒေသသည် တောင်ပိုင်း၌ ကျဉ်းမြောင်းသော လယ်ပြင်ကမ်းပါးနှင့် ဧရာဝတီအနောက်ပိုင်းကမ်းပါးတွင် ညှပ်နေသည်။ မြစ်ငယ်မြစ်က တောင်ဘက်တွင် ပတ်ခံနေသည်။ ၁၈၇၅ ခု ယူ(လ်)၏ စာတန်း၌ ယင်းသို့ ဆိုထားခဲ့သည်။ မြို့နေ လူဦးရေသည် တိုးတက်လာရာ မဟာမုနိဘုရား မြောက်ဘက်အရပ်သို့တိုင် မြို့ချဲ့နေရလေသည်။ မင်းတုန်းမင်း နန်းတက်သောအချိန် (၁၈၅၃ ဖေဖော်ဝါရီ) တွင် ရန်ကုန်မြို့သစ်စီမံကိန်းကို ကက်ပိတိန် ဖရေဇာ လုပ်ဆောင်နေသည့် အကြောင်းရပ်များကိုလည်း မင်းတုန်းမင်း မသိဟုမဆိုနိုင်ပါ။ မန္တလေးရွှေကြိုးသတ်နယ် မြေပုံတွင် မည်သည့်အခါက ရေးဆွဲသည်၊ မြို့နယ်ကို မည်သို့ တိုင်းတာ၍ မည်သည့်အချိန်အခါ၌ ပြီးစီးကြောင်းအမှတ်အသားများမပါချေ။ သို့သော် **မန္တလေးမြို့တည်နန်းတည်စာတမ်း**တွင်ကား အပြည့်အစုံ ဖော်ပြထားပေသည်။

---

၁။ ယခုအခါ ယင်းမြေပုံကို မန္တလေးတက္ကသိုလ်၊ မြန်မာစာပေဌာနပြတိုက်တွင် ထားရှိသည်။ ထိုမြေပုံကိုရရှိခဲ့သည်မှာ မန္တလေးမြို့ ကျောင်းဆရာ ဦးကြည်မြ၏ရှာဖွေပေးမှုကြောင့် မန္တလေးအရှေ့ပြင် ရွှေနန်းတော်ကျောင်းမှ ရရှိခြင်းဖြစ်သည်။ မန္တလေးတက္ကသိုလ် မြန်မာစာဌာနအတွက် ဖူးလဘရိုက်စီမံကိန်းစီးပွားရေး ပါမောက္ခ အမ်း–အဲစယ်ချွတ် (M.Eselcuk) က ငွေလှူဒါန်းပြီး ပေးခဲ့ခြင်းဖြစ်သည်။

၂။ T.O. Morris

သက္ကရာဇ် ၁၂၁၈ ခု တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့ ရတနာပုံရွှေမြို့တော်ကြီးတည်ရာ မြေကို ချင်းနင်းကြည့်ရှုသူများတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ကြသည်။

၁။ ဝန်ရှင်တော်မြတောင်မြို့ သေနတ်ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှကျော်သူ
၂။ ပုခန်းကြီးမြို့စား ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူ
၃။ အတွင်းဝန် မိုးလှိုင်မြို့စား မင်းကြီးမဟာမင်းလှစည်သူ
၄။ ဆင်ဝန်ကွပ်ရွာမြို့စား မင်းရဲဇေယကျော်
၅။ ရွှေဝင်းတော်မှူးသူရဲဝန်အမြင့်မြို့စား မင်းကြီးသမိန်ဘေဖြတ်စ
၆။ မြို့ဝန်ယင်းတော်မြို့စား မင်းကြီး မဟာမင်းခေါင်
၇။ မိုင်းညောင်းမြို့စား မဟာမင်းလှမင်းခေါင်သူရိန်
၈။ ဝန်ထောက်ခန်းပတ်မြို့စား မဟာမင်းလှသီဟသူ
၉။ ကင်းဝန် မဟာမင်းလှဇေယသူ
၁၀။ သစ်တောဝန် မင်းလှမင်းထင်စည်သူ
၁၁။ ပညာရှိ အဝေးကျီဝန် ဆိမ်ိမ်းခုံရွာစား မဟာနန္ဒသကြံ
၁၂။ ကန္နီမြို့ဝန် မဟာသီရိသင်္ခယာ
၁၃။ နာရီတော်မှူး ဆင်တဲရွာစား မင်းလှသီရိစည်သူ
၁၄။ ကျော်စည်ရွာစား နေမျိုးဓမ္မရာဇသကြံ
၁၅။ ပုဏ္ဏားပညာရှိ စုံးမြို့စား မဟာသီရိပဏ္ဍိတဓမ္မရာဇဂုရု
၁၆။ သီရိပဏ္ဍိတ မဟာဓမ္မရာဇဂုရု
၁၇။ မဟာသီရိပဏ္ဍိတဓမ္မရာဇဂုရု
၁၈။ သံတော်ဆင့် ရတနာ လှေကားတော်မှူး မင်းသီရိဇေယသူ
၁၉။ စာရေးကြီး မင်းထင်မင်းလှရာဇာ
၂၀။ မင်းကျော်သင်္ခသူ
၂၁။ မင်းလှရာဇာ
၂၂။ နန်းကံကျွေးဝန် မင်းလှမင်းထင်ကျော်သူ
၂၃။ အုတ်ဝန် မင်းလှသီရိကျော်ထင်
၂၄။ အသုံးစာရေး မင်းလှသီရိရာဇာ
၂၅။ မင်းလှသီရိကျော်သူ
၂၆။ မင်းလှမင်းထင်ကျော်
၂၇။ မင်းလှမင်းထင်စည်သူ
၂၈။ မင်းလှမင်းထင်သင်္ခယာ
၂၉။ မြို့စာရေး မင်းလှရဲခေါင်သူရိန်
၃၀။ အမှုရေး သပြေငါးရွာစား မင်းလှသင်္ခသူ
၃၁။ မြေတိုင်းအမတ် မင်းကျော်ရာဇာ
၃၂။ မြေတိုင်းစာရေး ငရွှဲ
၃၃။ ။ ငသောကြာ

၃၄။ မြေတိုင်းစာရေး ငဘိုး
၃၅။ သူရဲတန်းခေါင်း ငချင်းရောက်
၃၆။ လက်ယာထောင်မှူး ငဘိုး
၃၇။ ကောင်းဟန်စစ်ကဲ ငပို (ကြိုးတာဝါးအစုံနှင့် ဝင်းတော်လေးမျက်နှာ အမှုထမ်းတို့က ဝါးပန္နက်၊ ပန်းသုန်း၊ ဓား၊ တူးရွင်းအစုံနှင့်)
၃၈။ ပန်းချီခေါင်း ငကြာ (ပန်းချီအမှုထမ်းတို့က ပန္နက်ချိန်၊ ကွန့်ပါစသော အဆောက်အဦ ဆေးစုတ်ကရိယာ အစုံနှင့်)

ယင်းသို့ဖြင့် မင်းတုန်းမင်း၏ မန္တလေးရတနာပုံမြို့သစ် စီမံကိန်းကို စတင်၍ အကောင်အထည် ဖော်ခဲ့ပေသည်။

## ရှေးခေတ်မြေပုံများ

မန္တလေးမြို့မတည်မီကပင် မြန်မာ့ပိသုကာဆရာများသည် မြေပုံများရေးဆွဲသော ပညာကို ရရှိနေကြကြောင်း တွေ့ရသည်။ ပြင်သစ်ပြည်ပါရစ်မြို့ အမျိုးသားစာကြည့်တိုက်ရှိ ၁၆ ရာစု စောစောပိုင်းက ရေးဆွဲသွားသော မြန်မာပြည်မြေပုံနှင့် ၁၆ ရာစုနှစ်နောက်ပိုင်း ဟင်နရီဟွန်ဒီယက်(စ) (Henri Hondius) ရေးဆွဲသော မြန်မာပြည်မြေပုံများအကြောင်းကို ဗိုဗိုယန်ဘာက စာတန်းတစောင်တွင် ရေးသားခဲ့သည်။ ထိုမှတပါး (၁၈၆၀ ပြည့် ရက်စွဲပါ ပြင်သစ်နိုင်ငံခြားရေးရုံး) မစ္စတာဟူရောင်း ဒီဗီလင်းနော့ဗ ရေးဆွဲသော မြန်မာပြည်မြေပုံများကိုလည်း တွေ့ရသည်။ ၁၈၀၀ ခု ဖေဖော်ဝါရီလ ၂၄ ရက်နေ့ မိုက်ကယ်ဆိုင်း (Michael Symes) ပြုစုသော ၁၇၉၅ ခုနှစ် အဝနေပြည်တော်တို့ လာရောက်သော သံအဖွဲ့မှတ်တမ်း စာအုပ်တွင်လည်း မြန်မာပြည်မြေပုံများပါသဖြင့် အမရပူရမြို့သို့ အင်္ဂလိပ်သံတမန်များ လာစဉ်က ထိုမြန်မာပြည် မြေပုံများကို ရေးဆွဲခဲ့ကြသည်ဟု ယူဆရာသည်။ ထို့ကြောင့် ရှေးမြန်မာပိသုကာများသည် ပေါ်တူဂီ၊ အီတလီ၊ အင်္ဂလိပ်၊ ပြင်သစ်စသော နိုင်ငံခြားသားတို့ထံမှ မြေပုံပညာကိုသိ၍ လေ့လာကြမည်ဟု မှန်းဆနိုင်ပေသည်။

မြန်မာပြည်ဆိုင်ရာ မြန်မာပန်းချီမြေပုံဆရာများရေးဆွဲခဲ့သော ပုရပိုက်ဖြူနှင့် ရိုးရိုးပုရပိုက်အနက်များပါ မြေပုံများကိုလည်း တွေ့ရသည်။ ရှေးဦးစွာ စက်ကိုင်းမင်း ဘကြီးတော်လက်ထက် (၁၈၁၉–၁၈၃၆) လောက်က အင်းဝမြို့ကြီးပုံကို တံတားဦးမြို့ ဦးလှကြီးထံမှ မိတ္တူ ကူးယူခဲ့သည်။ ယင်းကဲ့သို့ အင်းဝမြို့ဆိုင်ရာ အခြားမြေပုံများကိုလည်း ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် တွေ့နိုင်သည်။ မန္တလေးဆိုင်ရာ မြေပုံစာရင်းတွင်

၁။ မန္တလေးအရပ်တွင်တည်လုပ်တော်မူသည့်ပြင် မြို့တော်ကြီးနှင့်တကွ ရွှေမြို့တော်ပုံ။
၂။ သက္ကရာဇ် ၁၂၂၁ ခု ကဆုန်လပြည့်ကျော် ၆ ရက်နေ့ ညဥ့်သုံးချက်တီးကျော် ၇ ရက် ၂ လာ နေ့သို့အဝင်လုပ်တော်မူသည့် ရတနာပုံရွှေမြို့တော်ကြီးပုံ။
၃။ သက္ကရာဇ် ၁၂၁၉ ခု နတ်တော်လပြည့်ကျော် ၄ ရက် ၆ ကြာနေ့ မန္တလေးရတနာပုံ အရပ်တွင် ရွှေမြို့တော်ကြီးအတွင်း နန်းမြို့တော်ပုံ။

၄။ သက္ကရာဇ် ၁၂၁၉ ခု တပေါင်းလဆန်း ၁၄ ရက် ၅ တေးနေ့ မန္တလေးရတနာပုံရွှေမြို့တော်ကြီးတွင် ဆောက်လုပ်တော်မူသည် ရွှေနန်းတော်ကြီးပုံ။

၅။ သက္ကရာဇ် ၁၂၁၈ ခု တပေါင်းလပြည့်ကျော် ၅ ရက်နေ့ မန္တလေးရတနာပုံရွှေမြို့တော်ကြီး နန်းမြို့တော်အတွင်း ဆောက်လုပ်သည့် စံနန်းတော်ပုံ

တို့ပါကြသည်။

တဖန် အမရပူရမြို့နှင့် ဆိုင်ရာ ပုရပိုက်ဖြူ 'အမရပူရမြို့တော်နယ်မြေကျေးရွာပုံ' ကိုလည်း ကူးယူလေ့လာခဲ့ရသည်။[၁] မန္တလေးမြို့နန်းရွှေတိုက်တော်ပုရပိုက်များမှလည်း အမရပူရမြို့တည်နေရာပုံကို ရခဲ့သည်။ ရန်ကုန်တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှာပင်

၁။ အမရပူရ (မြို့တွင်းရပ်ကွက်များ) ပုံ

၂။ ရတနာပူရအင်းဝမြို့ နန်းတွင်းအိမ်ရာကွက်ပုံ

၃။ ရတနာပူရအင်းဝမြို့တော်တွင်း အိမ်ယာကွက်ပုံများလည်း

ရှိကြသည်။

မန္တလေးမြို့နှင့်ဆိုင်ရာမြေပုံများကို ယခုအခါ အောက်ဖော်ပြပါအတိုင်း ခပ်များများရထားပါသည်။

၁။ မန္တလေးရွှေကြိုးသတ်နယ်မြေပုံ ပုရပိုက် မန္တလေးတက္ကသိုလ်အနုပညာပြတိုက် ၁၉၅၄ ခုနှစ်–မန္တလေးမြို့ ရွှေနန်းတော်ကျောင်းမှရသည်။

၂။ "ရွှေမြို့တော်ပုံဘုရား" ပုရပိုက် – မန္တလေးမြို့တောင်ပြင် ရဟိုင်းသင်္ချိုင်းအနီး ပုဂံအတွင်းဝန်မင်းကျောင်းတိုက် မြေပုံ၊ ၁၂၂၈ ခု အရေးတော်မတိုင်မီကမန္တလေးရပ်ကွက်ဝင်းအမည်များပါသည်။ (၄၀ လက်မ × ၂၇ လက်မ)

၃။ "ရွှေကြိုးသတ်နယ်မြေပုံဘုရား" ပုရပိုက်မြေပုံ–မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းထံမှ ကူးထားသောမိတ္တူ။ စစ်ကိုင်းမြို့ ညောင်ပင်သာဦးပုညပညာသင်သွားသော ဆင်နင်းကျောင်းမှ ပုရပိုက်မြေပုံမူဖြစ်သည်။ (မဟာအမိကရကန်နှင့် ကျေးရွာအမည်များပါသည်။ မန္တလေးတက္ကသိုလ် အနုပညာပြတိုက်ထက် မန္တလေးရွှေကြိုးသတ်နယ်မြေပုံ စုံလင်သည်။ တက္ကသိုလ်ပြတိုက်ရှိ မြေပုံထက်နောက်ကျဟန်လည်းရှိသည်။) ၁၉ လက်မ × ၇၃ လက်မ

၄။ "ရွှေတချောင်းအနောက် ညောင်မြစ်တိပုံဘုရား" ပုရပိုက်မြေပုံ (၁၉၅၅ ခုနှစ် တည်ထောင်သော မန္တလေးမြို့ အမျိုးသားစာကြည့်တိုက်နှင့် ပြတိုက်မြေပုံ၊ စာရင်းအမှတ် ၁၄၃–ရက်စွဲ ၂၅–၅–၆၀) ၂၉ လက်မ × ၄၉ လက်မ

၅။ "ရွှေမြို့တော် ရွှေမျက်နှာ တောင်မျက်နှာ ရေထုတ်ရန်ပုံစံ" မြေပုံပုရပိုက်၊ မန္တလေးမြို့အနောက်ပြင် ရွှေပြည်ရပ်လုံးတော်ကျောင်းမှမြေပုံ၊ အရှေ့ပြင်နှင့် တောင်ပြင်ရပ်ကွက်အမည်များပါသည်။

---

၁။ လန်ဒန်မြို့ ဦးတက်ထွန်းထံမှရသော မြေပုံ။

၆။ မန္တလေးတောင်–တောင်ဘက်ပိုင်း ကျောက်တော်ကြီးဘုရား၊ သုဓမ္မာဇရပ်၊ ပဋ္ဌာန်းသိမ်၊ စန္ဒာမုနိဘုရား ပန္နက်ပုံစံများပါသော ပုရပိုက် (ဦးမောင်မောင်တင်) ၃၂ လက်မ × ၄၁ လက်မ

၇။ မန္တလေးတောင် အနောက်ဖက် – မောင်ရဲနဂါးကန်ကိုပြသော ပန္နက်ပုံစံ – ပုရပိုက် (ဦးမောင်မောင်တင်) ၂၉ လက်မ × ၄၅ လက်မ

၈။ မန္တလေးမြို့ ကုသိုလ်တော်ကြီးဘုရား ပန္နက်ပုံစံနှင့် စေတီပုံပုရပိုက် (ဦးမောင်မောင်တင်)

၉။ မန္တလေးမြို့ တောင်ပြင် အာနန္ဒာဘုရားပန္နက်နှင့် အုတ်ပြာသာဒ်ပုံပါသော 'မဟာမုနိ အရှေ့သိမ်စံနစ်ပုံစံ'

၁၀။ "ဈေးကြိုတော်ပုံဘုရား" ပုရပိုက်(အင်းဝမြို့ဘကြီးတော်လက်ထက်ဈေးကြိုပုံ–သို့မဟုတ် အမရပူရမြို့ဈေးကြိုပုံဖြစ်ဟန်ရှိသည်။) ၄၃ လက်မ × ၇၈ လက်မ

၁၁။ ရွှေမြို့တော် (မန္တလေး) မှ တရုံမော်ရွာ (အင်္ဂလိပ်မြန်မာနယ်စပ်) ကျောက်တိုင်ထိ ကြေးနန်းတိုင်များစိုက်ထူသည့် ပုရပိုက်မြေပုံ။ မန္တလေးမြို့တောင်ပြင် အသောကရာမ တိုက် ဆရာတော် ဦးဉာဏဝံသထံမှရသည်။ ၁၅၆ လက်မ × ၁၄ လက်မ

၁၂။ 'ရွှေနန်းမြို့တော်ပုံ' မိတ္တူကူးပုံ။ စည်သူမောင်မောင်ကျော် မန္တလေး။ (နန်းမြို့တော် ဆိုသည်မှာ မူးမတ်ပြည်သူတို့နှင့်မပတ်သက်ဘဲ ဘုရင်၏ အဆောင်ဆောင်အခန်းခန်း နန်းတော်အဆောက်အအုံများသာရှိသော နေရာနယ်ပယ်ကိုဆိုသည်။) ၂၂ လက်မ × ၃၀ လက်မ

၁၃။ နန်းမြို့တော်ခေါ် အုတ်မြို့တော်ကြီးအတွင်းပုံ–မိတ္တူကူးပုံ။ စည်သူမောင်မောင်ကျော် နှင့် ရွှေပြည်ဦးဘတင်ထံမှ ရသည်။ ၂၇ လက်မ × ၃၀ လက်မ

၁၄။ နန်းမြို့တော်ခေါ် အုတ်မြို့တော်ကြီးအတွင်းပုံ–ပုရပိုက် (အချို့နေရာများတွင် ပျက်စီး နေသည်)–မန္တလေးမြို့ ရွှေချည်ထိုးရပ်–မကိုဋ်တော် ဦးဖိုး၏မြေး ဆရာညိုထံမှပုရပိုက်။ ၂၈ လက်မ × ၃၆ လက်မ

၁၅။ "မန္တလေးရတနာပုံနန်းတော်ပုံဘုရား" ပန္နက်ပုံမိတ္တူကူး ရွှေပြည်ဦးဘတင်။ ၂၉ လက်မ × ၄၄ လက်မ

၁၆။ ရတနာနန္ဒီမြစ်တော်ပုံပုရပိုက် (ရွှေပြည်ဆရာကြီးစာပေစု)

၁၇။ မန္တလေးပြင်မြို့ရိုးတံခါးပုံ။ (၄၄ လက်မ × ၂၇ လက်မ)

၁၈။ မဟာမုနိ၊ အရှေ့သိမ်စနစ်ပုံစံ။ (၂၈ လက်မ × ၅၀ လက်မ)

ယင်းမြေပုံများအရ မန္တလေးရွှေကြိုးသတ်နယ်မြေသဘောမှာ တောင်အလား ဒုဋ္ဌဝတီမြစ်၊ မြောက်အလားမတ္တရာမြစ်၊ အရှေ့အလားနတ်ဆိတ်တောင်ရိုးအထိ၊ အနောက်အလား ဧရာဝတီမြစ်တို့ ဖြစ်သည်။ (၁၈၅၇ ခု ဖေဖော်ဝါရီလ ၁၃ ရက်နေ့ သက္ကရာဇ် ၁၂၁၈ ခု တပို့တွဲလပြည့်ကျော် ၅ ရက်) ကျောက်စာအရမှာ

> မန္တလေးရတနာပုံ ရွှေမြို့တော်ကြီးနယ်မြေ – အရှေ့တောင်ထောင့် အလားရွှေစာရံဘုရား၊ အရှေ့သမ္ဘာရာချောင်း၊ မြစ်ငယ်အဆုံးဖြစ်သော မြောက်ဘက်ကမ်းထိ၊ တဘက်မက္ခရာမြို့နယ်မြေနှင့် အခြား၊ ၎င်းက အနောက်မြစ်ငယ် ကောက်ကောက်စင်းစင်း၊ မြောက်ဘက်ကမ်းရေစကိုလျှောက် ရွှေမြို့တော်ကြီး၏ အနောက်တောင်ထောင့်မြစ်ငယ် – ဧရာဝတီအဆုံး၊ မြစ်ငယ်မြောက်ဘက်ကမ်းထိ၊ ၎င်းက မြောက်ကို ရွှေကြက်ကျဘုရားရောက် ဧရာဝတီကောက်ကောက်စင်းစင်း၊ အရှေ့ဘက်ကမ်းသို့ လျှောက်ပြီးလျှင် ပြည်လုံးအံ့လှော်ကားစားကျွန်း၊ ယဉ်တော်ကျွန်း၊ရှမ်းကလေးကျွန်း၊ ကုန်းသာကျွန်း၊ အနောက်ဘက်ရေစကိုလျှောက်၍ ဧရာဝတီ၊ အရှေ့ဘက်ကမ်းသရက်မော်အထိ၊ ၎င်းက မြောက်ကို ဧရာဝတီ၊ အရှေ့မြစ်ကိုကူး၍ မာလကာကျွန်း၊ အာလောင်ကျွန်း၊ အနောက်ဘက်ရေစကိုလျှောက်ပြီးလျှင် ဧရာဝတီအရှေ့ဘက်ကမ်းလိုင်ကျွန်းထိ၊ ၎င်းက မြောက်ကို ဧရာဝတီအရှေ့ဘက်ကမ်း ကောက်ကောက်စင်းစင်းကိုလျှောက်၍ ရွှေမြို့တော်ကြီးက အနောက်ထောင့် ဧရာဝတီမြစ်၊ မတ္တရာမြစ်၊ နတ်ပေါက်အဆုံးပိုဝမြောက်ရွာတဘက်၊ စဉ့်ကူးမြို့နယ်မြေအခြား၊ ၎င်းက အရှေ့ကိုမတ္တရာမြစ်၊ နတ်ပေါက်တောင်ဘက်ကမ်းကောက်ကောက်စင်းစင်း၊ မတ္တရာကျော်စဉ်တိုက်နယ်မြေနှင့် စဉ့်ကူးမြို့နယ်မြေအခြားကိုလျှောက်၍ ရွှေမြို့တော်ကြီးက အရှေ့မြောက်ထောင့်၊ မတ္တရာမြို့နတ်ကုန်း ကညောင်ချောင်းရွာအထိ၊ မတ္တရာမြို့နယ်ဆုံးအခြား၊ ၎င်းက တောင်ကိုတောင်ရိုးတန်းကောက်ကောက်စင်းစင်း၊ အနောက်တောင်ခြေကိုလျှောက်၍ ပဌမနိမိတ်ရောက်နယ် ၄ ရပ်သတ်မှတ်သည့် ဆင်ခြေဘုံးနယ်မြေသမုတ်ပြဋ္ဌာန်းတော်မူသည်

ဟု ရွှေကြိုးသတ်နယ်မြေ၏ အကွက်ကို တွေ့ရသည်။ မြေပုံများ၌လည်း ကျောက်စာ၌ ဖော်ပြထားအတိုင်းပင် မြစ်၊ ချောင်း၊ အင်းနှင့် တူးမြောင်း၊ ဆည်များ၊ ကန်များ၊ ကျေးရွာ အမည်များ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ ယင်းမြေပုံများအရလည်း မန္တလေးမြို့သစ်တည်သည့် ရည်ရွယ်ချက် အပြည့်အစုံကို တွေ့နိုင်ပေသည်။

မန္တလေးရွှေမြို့တော်သည်ကား မန္တလေး အုတ်မြို့ရိုးကြီးနှင့်တကွ ရှေးကဝင်းအိမ်ရပ်ကွက်၊ ဥယျာဉ်များ၊ ဘုရားကျောင်းကန်နှင့် ဈေးများကို ဖော်ပြထားသည်။ အုတ်မြို့ရိုးတော်ကြီးသည်ကား ကျုံးပတ်လည်ရံလျက်ရှိ၍ တံတား ၅ ခုရှိသည်။ မြို့တွင်း၌ ပြကွက်ပေါင်း ၁၄၄ ကွက်ရှိသည့်အနက် အလယ်ဗဟို လေးကျွန်းအောင်မြေ နန်းမြို့တော်သစ်တပ်အတွင်း၊ မြနန်းစံကျော် ရွှေနန်းတော်တို့၏ အကွက် ၁၆ ကွက်ကို နုတ်သော်၊ ကျန်ပြကွက် ၁၂၈ ကွက်ရှိသည်။ မြောက်၌ အိမ်ရှေ့မင်းအိမ်တော်နှင့် မင်းညီမင်းသားမှူးတော်မတ်တော်၊ သဌေးသူကြွယ်၊ ဝင်းလေးရပ်အမှုထမ်းများ၏ ရပ်ကွက်များရှိသည်။ ယင်းသို့ ရွှေနန်းတော်ပတ်လည် ၉ ပြကွက်လျှင် ရပ်ကွက်တခုကျဖြင့် ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်ထားရှိသည်။ အုတ်မြို့ရိုးအတွင်း မြို့ရိုးနှင့်ကပ်လျက် လေးမျက်နှာတွင် သူအိုရုံ–သူနာရုံနှင့် ကျီတော်များရှိသည်။

## ရပ်ကွက်များ

မန္တလေး ရတနာပုံရွှေမြို့တော်ကြီးကို ၁၈၅၉ ခု မေလ ၂၂ ရက်နေ့ (၁၂၂၁ ခု ကဆုန်လပြည့်ကျော် ၆ ရက်) တနင်္လာနေ့တွင် ခုနစ်ဌာနနှင့်တကွ အလုံးစုံ တည်ထောင်ပြီးမြောက်သည်။ ယင်းသို့ မြို့သစ်တည်ဆောက်ရာ မင်းတုန်းမင်းသည် ၁၈၅၇ ဇူလိုင် ၂ ရက် ၁၂၁၉ ခု ဝါဆိုလဆန်း ၁၂ ရက်တွင် မန္တလေးယာယီစံနန်းသို့ ပြောင်းရွှေ့၍ ကိုယ်တိုင်ကြပ်မလုပ်ဆောင်သည်။ မန္တလေးသို့ ရွှေ့ပြောင်းလာကြသောသူများကို မြို့လေးပြင်လေးရပ်တွင် အိမ်ဝင်းများ အကွက်ချပေးပြီးနောက် သက္ကရာဇ် ၁၈၆၃ မတ်လ ၇ ရက် ၁၂၂၄ ခု တပေါင်းလပြည့်ကျော် ၄ ရက် တွင် ရပ်ကွက်အမည်များ ပေးသည်။ ယင်းအမည်များနှင့်ပတ်သက်၍ ဝက်မစွတ်မြို့စားဝန်ထောက်မင်းက မန္တလေးရွှေမြို့တော် လေးပြင်ရပ်ကွက် ၅၄ ဌာန လင်္ကာကိုဖွဲ့ခဲ့သည်။ ထိုလင်္ကာအရ

> ရတနာပုံ၊ ဇေယျာကြငှန်း၊ ပြည်ရွှေမန်းဝယ်၊ နန်း၏ဝန်းကျင်၊ လေးပြင်မျက်နှာ၊ ရုံကာဝပ်ညောင်း၊ ရပ်ကွက်ပေါင်းကို၊ ခြီးသောင်းသြဇာ၊ မင်္ဂလာဖြင့်၊ သညာပညတ်၊ တံဆိပ်ခတ်၍၊ တပ်မှတ်တော်မူ၊ လှိုင်ကြူပုံမွေး၊ ငါးဆယ်လေးကို၊ တဝေးလူဗိုလ်၊ မှတ်စေလို၍၊ သံချိုဗျူးတား၊ လင်္ကာအားဖြင့်၊ ပုံရှားချီလှင်၊ သံပိုင်းတင်ပိမ့်

ဟူ၍ ပြခဲ့သည်။

အရှေ့ပြင်တွင်

၁။ ကျွန်းလုံးမော် (မြို့ထောင့်မှ လွန်ကဲတံခါးထိ ကျုံးထိပ်က အရှေ့တလျှောက် ရပ်ကွက်များကို ကျွန်းလုံးမော်ဟုခေါ်သည်၊ ယခုမရှိ)။
၂။ ဝိဇယမဟီ (လွန်ကဲတံခါးမှ ဦးထိပ်တံခါးထိ ကျုံးထိပ်က အရှေ့တလျှောက်အရပ်များ၊ ယခုမရှိ)။
၃။ ဇေယမင်္ဂလာ
၄။ ဘူမိဇေယျာ (ဦးထိပ်တံခါးတော်တောင်ဘက်၊ ဝလီခန်တူးမြောင်းထိ အရပ်များ)။
၅။ မဟာဇေယျဘုံ (အရှေ့တောင်ထောင့်လမ်းမြောက်ဖက်ရှိအရပ်များ)
၆။ ပြည်ကြီးမျက်မှန်
၇။ ပြည်ကြီးမျက်ရှင် (မနော်ရမံဥယျာဉ်နှင့်ရင်ပေါင်းတန်း)
(ပေါင်း ခုနစ်ရပ်ကွက်)။

တောင်ပြင်တွင်

၁။ ပတ်ကုံးပျော်ဘွယ်
၂။ ဇမ္ဗူမျက်ရှင်
၃။ ပတ်ကုံးဝန်းကျင်
၄။ ရန်မျိုးလုံ (မင်္ဂလာဈေးလမ်းအရှေ့ဖက် ပုဏ္ဏားစုမြောက်ဖက်ရှိအုပ်စုများ)။
၅။ မဟာနွယ်စဉ် (မဟာဆွေတော်မျိုးတော်တို့နေသော တောင်ပြင်ဗောဓိကုန်းအရပ်များ)။
၆။ သကျနွယ်စဉ် (စကြာနွယ်စဉ်) (ပုဏ္ဏားစုအနောက်မြောက်၊ အမြောက်တန်းရပ်ကွက်များ)။

၇။ မောရဂိဝါ (ယခု မဂ်လာဈေးတောင်လမ်း အနောက်ဖက် လက်သမားတန်း၊ မှိုတီတန်း၊ ဘိတ်တန်းအရပ်များ)
၈။ စီတြမဟီ (ယခု ပြည်သူ့ဆေးရုံကြီး အရှေ့မြောက်ပန်းဆိုးတန်းစသော အရပ်များ)
၉။ ဟေမဝလ (ခတ်စက်ရုံ တောင်အနောက်)
၁၀။ ကဥ္စနမဟီ (ယခု ဘူတာရုံကြီးတောင် ရွှေချည်ထိုးစသောအရပ်များ)
၁၁။ ဟေမမာလာ (ကဥ္စနမဟီတောင်ဘက် ပန်းတိမ်ကိုးခေါင်းအရပ်များ)
၁၂။ ချမ်းမြသာစည် (တောင်ပြင်ချောင်းကြီးတောင်ဘက် ကုသိန္နာရုံကျောင်းတိုက်မြောက်ဖက်ထိ ရွှာသစ်ခေါ် အရပ်)
၁၃။ (အောင်ချမ်းသာ) (၁၃ ရပ်ကွက်)။

အနောက်ပြင်တွင်

၁။ အမရစံခေါင်
၂။ အမရဌာနီ
၃။ ပြည်လုံးချမ်းသာ (ထင်ရှား သို့မဟုတ် ရန်နှင်တံခါးလမ်းမအထိ အရပ်များ)။
၄။ မေဃဂီရိ (စည်ရှဉ်-စက်ရှင်လမ်းမြောက် ထင်ရှား သို့မဟုတ် ရန်နှင်တံခါးလမ်းမထိ အရပ်များ)
၅။ ပုလဲငွေရောင် (စည်ရှဉ်လမ်းမက အာဋ္ဌဝီလမ်းမထိ အရပ်များ)
၆။ ပြည်ကြီးကြက်သရေ (အာဋ္ဌဝီလမ်းမက တောင်ထီးတန်းလမ်းအထိ အရပ်များ)
၇။ အောင်မြေရန်လုံ (မရှိ)
၈။ ဇမ္ဗူကြွင့်နီး (မရှိ)
၉။ ချမ်းသောဇံ (ယိုးဒယားဈေးစသောရပ်ကွက်များ)
၁၀။ တုလွှတ်ရန်အောင်(မရှိ)
၁၁။ ဘေးမဲ့လွှတ်ရှောင်(မရှိ)
၁၂။ အောင်နန်းရိပ်သာ (ဗုဒ္ဓဘာသာကျောင်း၊ နေသူရိန်ဝင်း၊ သေတ္တာတန်းစသောအရပ်များ)။
၁၃။ ရတနာဘုမ္မိ (မြတောင်ကျောင်းတိုက်အရှေ့ဘက်ရှိ အရပ်များ)။
၁၄။ မဟာအောင်မြေ (ရဟိုင်းဈေးတလျှောက်ရပ်ကွက်များ)။
၁၅။ ကျွန်းလုံးကျေညာ (ကျွန်းလုံးကြော်ငြာ)
၁၆။ ရွှေဘုန်းရှိန် (မဟာမုနိဘုရားမြောက်ဘက် ရှမ်းပွဲနှင့် မြင်းဝန်တိုက်အရှေ့ဖက် - အနောက်ဖက် အရပ်များ)
၁၇။ ကျွန်းလုံးဉသျှောင်(အာသောကရာမကျောင်းတိုက်အနောက်ဖက်ရှိ ကျောက်ဆစ်တန်းစသော အရပ်များ)
၁၈။ တမ္ပဝတီ (အမရပူရမြို့မြောက်ဆင်တဲတိုက်အနီး ကြေးသွန်းခတ်တန်း အရပ်များ)
၁၉။ သန်လျက်မော် (သရက်မော်)
၂၀။ စိန်ပန်း (ပြင်မြို့ရိုးဂေါဝိန်တံခါးတောင်ဘက်ရှိ အရပ်များ)
၂၁။ ဒေးဝန်း (ဂေါဝိန်လမ်းမြောက်ရှိ အရပ်များ)

၂၂။ ပြည်ကြီးပျော်ဘွယ် (အိမ်တော်ရာဘုရား အနောက်တောင်ထောင့် မောင်ကျောက်လုံး အုတ်တန်တားအနောက်ဖက်ရှိ အရပ်များ)
၂၃။ သီရိဟေမာ (ပလိုင်း)
၂၄။ သီရိမာလာ (ပွဲကုန်း)
၂၅။ အောင်မြေသာစံ
၂၆။ ပြည်ကြီးရန်လုံ
၂၇။ မင်းတဲအီကင်း (စစ်တန်းရှိသည်)
၂၈။ ဘုန်းတော်ရောင် (မရှိ)
၂၉။ ညောင်ကွဲ – (၂၉ ရပ်ကွက်)

မြောက်ပြင်တွင်

၁။ မြကျွန်းတန်ဆောင်
၂။ မြနန်းအောင်မြေ
၃။ မြနန်းစံရာ
၄။ မြနန်းဘုံသာ
၅။ မြကျွန်းမြေနု – (၅ ရပ်ကွက်)

ယင်းကဲ့သို့ **မန္တလေးရွှေမြို့တော်**အတွက် ရပ်ကွက်အမည်များပေးထားသည်။ ယင်းအမည်များမှ ယခုအခါ မန္တလေးမြို့အတွက် သတ်မှတ်အသုံးပြုသောအမည်များသည် ၃၀ ရပ်ကွက်သာကျန်၍ ၁၆ ရပ်ကွက်အမည်များ ပျောက်ဆုံးလျက်ရှိသည်။ ထို ၁၆ ရပ်ကွက်နေရာများကို ထောက်ပြပြောဆိုနိုင်သူများလည်း မရှိသလောက်ရှားနေသည်။

မန္တလေးရတနာပုံမြို့ကြီးကို တည်ထောင်ပြီးသည့်နောက်၊ စည်ကားလာသည့်အလျောက် ရွှေတချောင်းအနောက်ဖက် အိမ်နေလူခြေစည်ကားတိုးတက်လာသည်။ ရေဝတီမြစ်ကမ်းခရီးနှင့်လည်းစံနေသော မြို့ဝေးကွာသည်လည်းဖြစ်၍ ပြင်ထပ်မြေမြို့ရိုးတော်ကြီးကို ၁၈၇၆ ခု ဧပြီလ (သက္ကရာဇ် ၁၂၃၇ ခု နှောင်းတန်ခူးလ)အတွင်း မှူးတော်မတ်တော် မြို့စားရွာစားတို့ကို ထိုက်သင့်လျော်စွာ စရိတ်ငွေများပေး၍ အတိုင်းအတာအားဖြင့် မြေမြို့ရိုးထု ၁၀ တာ၊ ထိပ်အပြင် ၇ တာ၊ အမြင့်သံတောင် ၁၀ တည်လုပ်သည်။ မြို့လေးမျက်နှာထွက်ရန် တံခါးတော်များကိုလည်း တည်လုပ်၍ တံခါးအမည်များကိုပေးထားသည်။ယင်းသို့ ပြင်မြေမြို့ရိုးကြီးတည်လုပ်သည်မှာ ၁၈၇၅ ခုနှစ်ဟုဆိုထားသော်လည်း မန္တလေးမြို့အရှေ့ဖက် ရတနာနဒီမြစ် (တူးမြောင်း)ကို ဖောက်စဉ်ကပင် မြေများကို အရှေ့ပြင်၌ မြေမြို့ရိုးလုပ်ထားသည်ကိုတွေ့နိုင်သည်။ ပြင်မြေမြို့ရိုးအမည်များသည် ယခုအခါ ကွယ်ပျောက်လျက်ရှိ၍ အနည်းငယ်သာလျှင် ရပ်ကွက်အမည်အဖြစ် ခေါ်ဝေါ် သုံးစွဲလျက်ရှိကြတော့သည်။
ပြင်မြေမြို့ရိုးအမည်များမှာ....ပိုက်ကျုံးတံခါးဗိုလ်မောင်ဆိုင်ရေးသောလင်္ကာအရ

မဟာဒေဝရာဇ်၊ နတ်ဖြစ်ရိပ်ငြိမ်၊ တာဝတိန်နှင့်၊ နိုင်းချိန်ပမာ၊ ဩဘာသာယာ၊
နွယ်သညာဖြင့်၊ ရတနာပုံမည်၊ မြတ်ရွှေပြည်ဝယ်၊ ထောင်ခြည်ရောင်ယှက်၊ ရွှေကြည်ရွက်ကို၊

ရေတွက်ဘွယ်လစ်၊ တံသားထစ်သို့၊ ခုနှစ်ငါးဆယ်၊ အသွယ်သွယ်ကို၊ သိလွယ်စေငှာ၊ လက်ာ
ပေါင်းရုံး၊ ပန်နှယ်ကုံးပိမ့်

ဟုပြခဲ့သည်။

အရှေ့မျက်နှာမြောက်စွန်းမှ တောင်သို့

| | | |
|---|---|---|
| ၁။ လွန်းကြင် | ၂။ လှိုင်ကျော် | ၃။ လှိုင်ကျွန်း |
| ၄။ လွှတ်ကင်း (လွှတ်ကျွန်း) | ၅။ လွှတ်ကူး - လွှတ်ကြူ (လှိုင်ကူး) | ၆။ ဦးတိုက် |
| ၇။ ဥဒါန်း | ၈။ ဦးနှိမ် | ၉။ အောင်နန်း |
| ၁၀။ အောင်ထွန်း | ၁၁။ အောင်ထင် | ၁၂။ ဥဒည် |
| ၁၃။ အောင်ငြိမ်း (သောင်းငြိမ်း) | ၁၄။ သာစည် | ၁၅။ သိမ်းစံ |
| ၁၆။ သညာ | ၁၇။ သာစုံ | ၁၈။ သူစံ |

တောင်မျက်နှာအရှေ့စွန်းမှ အနောက်သို့

| | | |
|---|---|---|
| ၁။ ကြိုင်လှိုင် | ၂။ ခွန်ယူ | ၃။ ကောင်းလှိုင် |
| ၄။ ကျော်မိုး (ကျော်မှူ) | ၅။ ကောင်းမြိုက် | ၆။ ကဲမြင့် |
| ၇။ ကဲမိုး | ၈။ ရန်နှိပ် | ၉။ ရန်နှိမ် |
| ၁၀။ ရန်နိုင် | ၁၁။ ရန်နှင် | |

အနောက်မျက်နှာတောင်စွန်းမှ မြောက်သို့

| | | |
|---|---|---|
| ၁။ ထိန်းရ | ၂။ ထုံးရှည် | ၃။ မြန်အောင် |
| ၄။ မြရိပ် | ၅။ အောင်ရှဉ် | ၆။ စံရာ |
| ၇။ ပန်းဆက် | ၈။ တာရိန် | ၉။ ဂေါဝိန် |
| ၁၀။ စံရှဉ် (စည်ရှဉ်) | ၁၁။ ရေစုံ | ၁၂။ ပိုက်ကျုံး |
| ၁၃။ ရေကြည် | ၁၄။ စက်ရိပ် | ၁၅။ စံရှား |
| ၁၆။ ရဲတင် | ၁၇။ ရန်ပြို | ၁၈။ ရဲတိုက် (စွန်ရဲ)။ |

မြောက်မျက်နှာအနောက်စွန်းမှ အရှေ့သို့

| | | |
|---|---|---|
| ၁။ ရဲထွတ် | ၂။ လှိုင်ကူ | ၃။ လှိုင်သင်း |
| ၄။ သိဓိ | ၅။ လေသာ | ၆။ လေသောက် |
| ၇။ လှိုင်သာ | ၈။ မာရ်အောင် | ၉။ မြောင်ဦး |
| ၁၀။ မှိုဦး | | |

တို့ ဖြစ်ကြသည်။

ပြင်မြေမြို့ရိုးတံခါးနှင့် နီးရာဒေသများတွင် လူနေအိမ်ခြေစည်ကားလျက် ကျန်ရှိနေသော ရပ်ကွက်များသည် ယင်းတံခါးအမည်များကိုယူ၍ ရပ်ကွက်အမည်များပေးထားသည်။ ယင်းရပ်ကွက်များသည် ဂေါဝိန်၊ တာရိန်၊ ပန်းဆက်၊ စံရာ၊ ပိုက်ကျုံး စသည်တို့ဖြစ်သည်။

မန္တလေးရွှေမြို့တော် အုတ်မြို့ရိုးမှာလည်း တံခါး ၁၂ ရပ် အမည်များရှိသည်။

(၁) လွန်ကဲ (၂) ဦးထိပ် (၃) သောင်းညွှတ် (အရှေ့မျက်နှာ)
(၄) ကျွန်းလုံးယူ (၅) ကျော်မိုး (၆) ရန်နှင် (တောင်မျက်နှာ)
(၇) ကြေးမုံ (၈) စည်ရှဉ် (၉) ထင်ရှား (အနောက်မျက်နှာ)
(၁၀) စည်သာ (၁၁) လေးသိန်း (၁၂) မန်းဦး (မြောက်မျက်နှာ)တို့ဖြစ်သည်။

ယင်း တံခါး ၁၂ ရပ်တွင် ကျော်မိုးတံခါး၏ ပြလမ်းတည့်တည့်ရှိ မင်္ဂလာဈေးကိုအစွဲပြု၍ ကျော်မိုးအမည်ပျောက်၍ ယခုအခါ "မင်္ဂလာတံခါး"ဟု ခေါ်တွင်နေသည်။ တဖန် အနောက်မျက်နှာ ကြေးမုံတံခါးသည် ရှေးမြို့ဟောင်းဖြစ်သော အမရပူရမြို့တွင် ခေါ်တွင်လျက်ရှိသော "အာဋ္ဌဝီတံခါး"ကို နှုတ်ကျိုးကာခေါ်ဝေါ် သုံးစွဲသဖြင့် ကြေးမုံတံခါးအမည်ပျောက်၍ ယခုအခါ "အာဋ္ဌဝီတံခါး" အမည်တွင်လျက်ရှိသည်။ ယင်းတံခါး တူရူပြလမ်းကိုလည်း အာဋ္ဌဝီလမ်းဟု ခေါ်ကြသည်။

မန္တလေးမြို့တွင် ရွှေမြို့တော်အုတ်မြို့ရိုးမှ တံခါးတော်နှင့် ပြများ - ထောင့်ပြများ ရှိသည်။ ပြခေါ်ဝေါ်ခြင်းနှင့်ပတ်သက်၍ ယင်း ခဲမောင်မောင်က မန္တလေးတောင်သမိုင်းတွင်

> မဂဓလိုပါသာဒသဒ္ဒါမှာ သကဋ္ဌကို ပြာသာဒ၊ ၎င်းပြာသာဒတွင် (ဒ) အက္ခရာ(သ)အက္ခရာ (အာ) သရနှစ်လုံးပျောက်ကြေ၍ 'ပြ' ဖြစ်သည်ဟု ယူရန်ရှိသည်။ တကြောင်းလည်း သည်မှာ အိမ်ယာ၊ တိုက်ယာ၊ သည်မှာကား သွားရာလမ်းဟု တာငန်းဖွဲ့ကာ၊ စဉ်လာပိုင်းခြား၊ ပြထားသောအရာဖြစ်၍ ပြဟု ခေါ်ကလည်း သင့်တော်သည်

ဟု ဆိုထားသည်။ ရွှေမြို့တော်တွင် ပြအိုးတပြလျှင် တာငါးဆယ်စီထားသည်။ မြို့ပြကွက်ပေါင်း အရှေ့အနောက် တဆယ့်နှစ်ပြ၊ တာခြောက်ရာ၊ အဝန်းတာပေါင်း ၂၄၀၀ ရှိသည်။ ပြလမ်းသည် အကျယ် ၉ တာရှိ၍ လမ်းဆုံးရာများတွင် လမ်းလေးဆုံဟု ခေါ်ကြသည်။ ယင်းသို့ ပြနှင့်တည့်သောလမ်းများကို မြို့တွင်း မြို့ပြင်ပြလမ်းဟု ခေါ်ကြသည်။ အဝေးအကွာကိုလည်း တပြ - နှစ်ပြဟု ပြောဆိုကြသည်။ ဝင်းတော်များတွင် တပြပတ်လည်ရှိသည်။ အချို့ဝင်းများမှာ တခြမ်းဝင်း၊ တစိတ်ဝင်းဖြစ်ကြသည်။ ယင်းသို့သော ဝင်းများအကြားတွင် လမ်းကြားများရှိ၍ ဒူးလမ်းဟု ခေါ်သည်။

မန္တလေးမြို့တော်ရပ်ကွက် (၅၄)ရပ်ကွက် အမည်များသည် ဒေသအလိုက် နေရာအခေါ်အဝေါ်များကို ပေးခဲ့ခြင်းဖြစ်သည်။ မူလကရှိသောအမည်များဖြစ်သည့် မင်းတဲအိကင်း၊ ဒေးဝန်း၊ တမ္ပဝတီ၊ စသောအမည်များ၊ ရာဇဝင်သမိုင်း ဆိုင်ရာဖြစ်သည့် အောင်နန်းရိပ်သာ၊ အစုအင်းလုပ်ငန်းဆိုင်ရာဖြစ်သည့် ကဥ္စဏမဟီ (မျက်ပါးရပ်)၊ တမ္ပဝတီ (ကြေးသွန်း) အရပ်စသည့် အမည်များကို တွေ့ရမည်။ ယင်းသို့အမည်ပေးထားရာ၌ အဓိပ္ပာယ်ရှိရှိ အမည်ပေးထားခြင်းများကို တွေ့ရသည်။ ပြည်ကြီးပျော်ဘုယ်အရပ်သည် ရှေးယခင်အခါက ထိုရပ်ကွက်သို့သွားလျှင် ပြည်သူတို့ပျော်ရန် ပြည့်တန်ဆာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းကြသောသူများ နေထိုင်ကြသည်ကို တွေ့ရမည်။ မောင်ကျောက်လုံး၏ မိကျောင်းတံတားထိပ် ခြသေ့ဦးအရပ်သည်၎င်း၊ ချမ်းသာရဘုရားအနီး ဝိုင်းကြီးရပ်ခေါ် ယခု စိန်ကောင်ကျောင်း (အလကအမှတ် ၃) နေရာသည် ရှေးက ပြည့်တန်

ဆာလုပ်ငန်းဖြင့် နေထိုင်သွားကြသောသူများ၏ အိမ်ရာများဖြစ်သည်။ ရှေးရပ်ကွက်အမည်များ အနက် အချို့ကို ပါဠိစကားလုံးများဖြင့် မှည့်ခေါ်ခဲ့သည်ကိုရင်း၊ အချို့သည် ရှေးခေတ်ယဉ်ကျေးမှု မလေ့ထုံးတမ်းစဉ်လာအရ မှည့်ခေါ်သောအမည်နာမများ ဖြစ်သည်ကိုရင်း တွေ့ရသည်။ ထို့ကြောင့် အမည်များသည် နန်းမူနန်းရာဆန်သည်ကများသည်။ ယခုအခါ ရှေးအခေါ်အဝေါ်များပျောက်၍ နေလေပြီ။ အချို့အမည်များနှင့် နေရာဒေသယှဉ်တွဲ၍ ထောက်ပြနိုင်သူများကိုလည်း စုံစမ်းရှာဖွေ၍ မရနိုင်ဖြစ်တော့သည်။

## မြို့ဟောင်းတို့မှ ရပ်ကွက်အမည်များ

ကုန်းဘောင်မင်းဆက်တွင် ရှေးဦးစွာ ရတနာသိင်္ခရွှေဘိုမြို့ကို တည်ဆောက်၍ ထိုမှသည် ဇေယျာပူရစစ်ကိုင်းမြို့သို့ ထိုမှတဖန် ရတနာပူရအင်းဝမြို့၊ တဖန်တုံ အမရပူရ၊ တဖန်တုံရတနာပူရ အင်းဝမြို့၊ တဖန် အမရပူရမြို့သို့ ရွှေပြောင်းနန်းစံခဲ့ကြရာ ပြည်သူပြည်သား အစုအဝန်း အမှုထမ်း များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ လူအများသည်လည်း မင်းနေမြို့ ရွှေပြောင်းရာသို့ လိုက်ပါပြောင်းရွှေနေထိုင်ခဲ့ကြရသည်။ နောက်ဆုံး မန္တလေးရတနာပုံမြို့သို့ ရွှေပြောင်းလာရာတွင် ရတနာပူရ အင်းဝမြို့နှင့် အမရပူရမြို့များမှ ရပ်ကွက်အမည်များကို မန္တလေးမြို့ ရပ်ကွက်အမည် များတွင် ထပ်မံ၍တွေ့ရသည်။ ထို့ကြောင့် မန္တလေးမြို့ ရပ်ကွက်သမိုင်းများ ပြည့်စုံအောင် လေ့လာ ပြီးသောအခါ အမရပူရ - အင်းဝ - စစ်ကိုင်း - ရွှေဘိုမြို့များ၏ ရပ်ကွက်သမိုင်း ဆက်လက်လေ့လာရန် အတွက်အထောက်အကူများ ရနိုင်သည်။

အင်းဝမြို့ရပ်ကွက်အမည်များ အခေါ်အဝေါ်အတော်ပင် ပျောက်ကွယ်လျက်ရှိသည်။ နန်းမြို့ တော်သည် ချုံအတိဖုံးလျက်ရှိ၏။ ရပ်ကွက်အချို့သည် ယာခင်းများဖြစ်နေကြသည်။ မန္တလေးရပ် ကွက် အမည်များနှင့် ထပ်တူတွေ့ရသေးသော အမည်များသည်

၁။ အချုပ်တန်း (အတွင်းစံရာ) ၂။ မိုက်စု ၃။ သဒ္ဒေးတန်း
၄။ ညောင်စဉ်တန်း ၅။ ကျုံးထိပ်တန်း ၆။ အုတ်တန်း (အပြင်စံရာ)
၇။ ပွတ်တန်း ၈။ ယွန်းတန်း ၉။ မှန်တန်း
၁၀။ ဝါးတန်း ၁၁။ ကွမ်းသီးတန်း ၁၂။ ငါးပိတန်း
၁၃။ ယပ်တန်း(ယပ်ဝင်း - မန္တလေး) ၁၄။ ဈေးချို (ဈေးကြို) ၁၅။ မင်္ဂလာဈေး
စသည်အမည်များကို စုံစမ်းမှတ်သားရသည်။

အမရပူရမြို့မှ ရပ်ကွက်များတွင်လည်း မြို့အနောက်ဘက်နှင့် အနောက် တောင်ဘက်
(၁) မှန်တန်း (၂) ဝါးတန်း (၃) ခတ်နန်း (၄) ယပ်တန်း (၅) လွှထောင်တန်း (၆) ပုလွေတန်း (၇) ပိန်းတန်း (၈) တရုတ်တန်း (၉) အချုပ်(ရပ်) (၁၀) ပန်းတိမ်တန်း (၁၁)အင်္ကျီတန်း (၁၂) ပန်းပဲစု (၁၃) ပွတ်စု (တန်း) (၁၄) မိုက်စု (၁၅) ဒေါင်းရွှေ(ဒေါင်းရိုး) (၁၆) လွှစု (၁၇) အိုးတော် (၁၈) ကြေးသွန်းစု (၁၉) ညောင်ပင်ဈေး (၂၀) ဈေးချို (၂၁)ရပ်သေးစု (၂၂) ရွှေတော်ပြေး (၂၃) ပန်းဘဲတန်း (၂၄) ပေါက်ပေါက်တန်း (၂၅) ယောစု (၂၆) ပဲလှော်ချောင် (၂၇) အိုးဘို - မြို့အရှေ့ဘက် (၂၈) မီးပါရပ် (၂၉) ဆီသည်ရပ်

(၃၀)ညောင်စဉ်တန်း (၃၁) လက်သမားစု (၃၂) အိုးတန်း (၃၃) ရွှေလေးတန်း (၃၄) ပုဏ္ဏားစု (၃၅) ဆတ္တာစု။ မြောက်ဖက်တွင် — (၃၆) ပုတ်တန်း (၃၇) ဝါးကန်း (၃၈) ချီပါ (၃၉) ဆင်းကျုံးဈေး (၄၀) ကြေးတိုးရပ်(ကြေးသွန်းရပ်) (၄၁) မျက်ပါးရပ် (၄၂) မြင်းကလေး (၄၃) ဒေါနခြံ (၄၄) ခုံဘိနပ်တန်း (၄၅) မုံရည်တန်း (၄၆) ကျောက်ဆစ်တန်း (၄၇) ရွာသစ် (၄၈) တရုပ်တန်း
စသည်တို့ ဖြစ်သည်။

ရတနာပူရအင်းဝမြို့နှင့် အမရပူရမြို့များတွင် အချို့အမည်များကို ယခုတိုင်ဆက်လက်ခေါ်ဝေါ် သုံးစွဲလျက်ရှိကြသည်။ အချို့အမည်များသည် လူနေရပ်ကွက်မရှိတော့၍ တိမ်မြုပ်နေကြသည်။

## အမှုထမ်းအမည်စွဲ ရပ်ကွက်များ

မန္တလေး ရွှေမြို့တော် အုတ်မြို့ရိုးကြီးအတွင်း အလယ်ဗဟိုဌ ဘုရင်မင်းမြတ်စံသော "မြနန်းစံကျော်" ခေါ် နန်းတော်ကြီး တည်ရှိရာသစ်တပ်တွင်း နန်းမြို့တော်ကို "လေးကျွန်းအောင်မြေ" ဟု အမည်ပေးရှိခေါ်သည်။ ၁၈၈၄ ခုနှစ်(သက္ကရာဇ် ၁၂၄၆)တွင် သာသနာပြုတောင်တော်ဆရာတော်၏ တပည့် ဦးသုစိတ္တဆရာတော်က သီပေါမင်းအား ဝင်းတော်နှင့် နန်းမြို့တော်ကို "ဇေယျဥက္ကဌ်နန်းမြို့တော်" ဟု အမည်ပြောင်းရန် သွင်းစာဆက်ခဲ့ကြောင်း တွေ့ရသည်။ လေးကျွန်းအောင်မြေသည် ကား မော်ကွန်းကမ္ပည်းစာအရ "ရတနာပုံမိ" ပင်ဖြစ်သည်။ ဦးသုစိတ္တ၏ သွင်းစာအရ အခေါ်ပြောင်းသည်ကိုကား မတွေ့ရချေ။

ရွှေမြို့တော် အုတ်မြို့ရိုးအတွင်း ဝင်းတော်များနှင့်ပတ်သက်၍ ရှေးပုရပိုက် မြေပုံတခုနှင့် စည်သူမောင်မောင်ကျော်ထံမှ လက်ရေးမူ မြေပုံတခု တွေ့ရသည်။ နန်းမြို့တော်၏(ဝင်းတော်ဟုလည်းခေါ်သော) သစ်တပ်ဝင်းပြင်ဘက်မြောက်မျက်နှာတွင် အိမ်ရှေ့မင်းဝင်းရှိသည်။ သစ်တပ်ဝင်းပြင် လေးမျက်နှာတွင် မိဖုရား၊ မင်းသမီး၊ မင်းညီမင်းသားတော်များ၊ မှူးတော်မတ်တော်တို့ နေထိုင်ကြသည်။ အချို့ဝင်းများသည် တပြပတ်လည်ရှိ၍ တချို့မှာတခြမ်းဝင်း၊တစိတ်ဝင်းများဖြစ်ကြသည်။ ယင်းသို့ အကွက်ချထားသော ရှေးမြေပုံတွင် ဝန်ကြီးများ၊ ဝန်စုရမျာ း အသည်အမှုထမ်း၊ ဝန်ထောက်များနာခံတော်၊ စာရေးတော်ကြီးများ၊ စာရေးများ နေရာအမည်များနှင့်တကွ ဝင်းပေါင်း ၂၃၉ ကွက်တွေ့ရသည်။ အုတ်မြို့ရိုးနှင့်ကပ်လျက် လေးမျက်နှာအရပ်များတွင်ကား သူအိုရုံ၊ သူနာရုံကျီတော်များနှင့် ဓမ္မာရုံဝင်းများတွေ့နိုင်သည်။ ထိုမှတပါး နန်းကျဘုရင် ပုဂံအိမ်တော်ဝင်းလည်း အရှေ့တောင်ပိုင်းတွင်တွေ့ရသည်။အုပ်ချုပ်မှုနှင့်ဆိုင်ရာဝင်းများမှာ ထောင်ဝင်း၊ ဆန်စက်ရုံဝင်း၊ ကြေးနန်းရုံဝင်းများတွေ့ရသည်။မန္တလေးမြို့ မတည်မီကရှိသော တောရဘုရားနေရာအတွက်လည်း အကွက်သတ်မှတ်ထားသည်။နိုင်ငံခြားသား ပြင်သစ်ကုလားဝင်းကိုလည်း ထူးခြားစွာတွေ့ရသည်။ဆိုခဲ့သော မြေပုံနှစ်ခု၌ အနည်းငယ်မူကွဲများ တွေ့ရသည်။ ရှေးအစဉ်အလာအရ အရှေ့ဝင်း၊ အနောက်ဝင်း၊ လက်ယာဝင်းတော်၊ လက်ဝဲဝင်းတော်ဟု ခေါ်ကြ၍ ရပ်ကွက်လမ်းများကိုလည်း စက်ရှင်တံခါးလမ်း၊ ကြေးမုံတံခါးလမ်း၊ လက်ယာကြောင်း၊ လက်ဝဲကြောင်းစသည့် တံခါးအမည်များဖြင့်လည်းကောင်း၊ အမှုထမ်းတို့နေရာဌာနအမည်များဖြင့်လည်းကောင်း ခေါ်ကြသည်။

အမှုထမ်းများနှင့်ပတ်သက်၍ နန်းမြို့တော်အရှေ့ဘက် ရာဇဝတ်ရုံး တောင်ဘက်နား၌ နန်းတော်ကို မျက်နှာပြုလျက် လွှတ်စေတန်း၊ လက်ရတန်း၊ မြင်းကလေးတန်းဟု ရှိသည်။ နန်းမြို့တော်မြောက်တွင် ခြေလျင်တန်း၊ အဆောင်တော်မြဲတန်း၊ လှေတန်းဟူ၍ ရှိသည်။

ယင်းသို့ ရွှေမြို့တော်တွင်းရှိ အမှုထမ်းအရာထမ်းများသည်ပင် ရွှေမြို့တော် မြို့ရိုးနှင့်ကျုံးအပြင်ဘက် လေးပြင်လေးရပ် တို့၌လည်း မြေရာကွက်များရကြ၍ ဝင်းများ၊ အိမ်များ ဆောက်လုပ်နေထိုင်ကြသည်။ ယခုတိုင်အောင် အချို့ဝင်းအမည်များ ခေါ်ဝေါ်သုံးစွဲလျက် ရှိကြသည်။ ဤသို့ အပြင်ဘက်၌ရှိသော ဝင်းများတွင် ဆိုင်ရာပုဂ္ဂိုလ်တို့၏ ဆွေမျိုးအမှုထမ်းများကို ထားတတ်၍ ပိုင်ဆိုင်သူများသည် အပန်းဖြေထွက်၍ နေလေ့ရှိကြသည်။ အချို့လည်း နေရာအပြောင်းအလဲများကြောင့် မူလအမည်များ ပျောက်သည်လည်းရှိသည်။ ထင်ရှားသော အမည်များမှာ

၁။ ပုခန်းမင်းကြီးကတော်ဝင်း (ယခုဆိုင်းတန်းဝင်း) (၁၈၇–၁၈၈)
၂။ တိုင်းတာမင်းကြီးဝင်း (ညောင်ပင်ဈေး) (၁၅၀)
၃။ ဝက်မစွတ်ဝန်ထောက်ဝင်း (၆၁၀)
၄။ လမိုင်းစာရေးကြီးဝင်း (၆၁၇)
၅။ သုံးဆယ်မင်းသားဝင်း (၇၁၉)
၆။ ရွှေလှံမြို့ဝန်ဝင်း (၆၁၀) ရွှေလှံမြို့ဝန်ဦးချက်
၇။ မိုင်းကိုင်းအတွင်းဝန်မင်းဝင်း (၆၁၇)
၈။ မိုးတားဝန်ထောက်မင်းဝင်း (၇၂၁)
၉။ သံတော်ဆင့်မင်းဝင်း (၇၂၆)
၁၀။ ဆင်တဲမင်းကြီးကတော်ဝင်း (၇၂၆)
၁၁။ ၁၂။ လောင်းရှည်မင်းကြီးဝင်း/ပန်းဝင်း (၇၂၆)
၁၃။ သုံးဆယ်စော်ဘွားကြီးဝင်း (၇၂၆)
၁၄။ မိုးဗြဲစစ်ကဲတော်ကြီးဝင်း (၇၂၃)
၁၅။ အကောက်ဝန်မင်းဝင်း (မူလအီစမုန်ဝင်း) (၁၇၇)
၁၆။ ရွှေပြည်မင်းကြီးဝင်း (၁၇၄)
၁၇။ ရွှေလောင်းပဲ့နင်းကြီးဝင်း (၂၀၉)
၁၈။ အမြောက်ဝန်မင်းဝင်း (၅၄၉)
၁၉။ အနောက်နန်းတော်မိဖုရားဝင်း (၁၅၈)
၂၀။ ပင်းယထိပ်တင်ဝင်း (၁၅၁)
၂၁။ လောင်းရှည်မိဖုရားဝင်း (၁၄၅)
၂၂။ အမတော်စုဖုရားကြီးဝင်း (၁၄၅)
၂၃။ ပန်းချီအုပ်ဝင်း (၁၄၅)
၂၄။ ခန်းပတ်မင်းကြီးကတော်ဝင်း (၁၄၄)
၂၅။ သံတော်ဆင့်ဝင်း (၁၄၆)

၂၆။ တောင်ဆောင်မိဖုရားဝင်း (၇၀၆)
၂၇။ သိန္ဒိစော်ဘွားဝင်း(၇၀၅)
၂၈။ စကုမင်းသားဝင်း (၇၀၄)
၂၉။ အုတ်ဝန်မင်းဝင်း (၅၉၃)
၃၀။ လှိုင်းတက်ဝင်း (၅၉၁)
၃၁။ ရွှေတိုက်ဝင်း (၆၀၅)
၃၂။ ကောလိယဝင်း (၂၇၂)
၃၃။ ရွှေလှံဗိုလ်ဝင်း (၇၃၈)

စသည်ဖြင့် ရပ်ကွက်သမိုင်းအပြည့်အစုံရေးသောအခါတွင် စုံလင်စွာဖော်ပြပါမည်။ အချို့သော ဝင်းအမည်၊ ရပ်ကွက်အမည်များသည် ၁၈၆၆ ခုနှစ် (၁၂၂၈ ခု) မတိုင်မီက တွေ့ရသော မန္တလေး ရွှေမြို့တော်ပုံပုရပိုက်မှ အမည်များနှင့်မတူတော့သည်ကိုလည်း တွေ့ရသည်။ အချို့ရာထူးမှ နုတ်ပယ် ခံရသဖြင့် မင်းပေးသောမြေနေရာများ ပြန်သိမ်းခံရလျှင် ယင်းတို့ကို အခြားအမှုထမ်းများသို့လည်း ပေးအပ်သည်။ အချို့လည်း မိမိပိုင်ဆိုင်သောမြေအဖြစ်မှ တဆင့်ရောင်းချသည်လည်း ဖြစ်နိုင် သည်။ ရပ်ကွက်အမည်များအရ ဦးလတ်၏ ရွှေပြည်စိုးဝတ္ထုပါ ခနုဖြူမိဖုရားဝင်း ၁၇၅ သည် ရွှေမြို့တော်ပုရပိုက်၌ ဖော်ပြသည့်အတိုင်းပင်ဖြစ်သည်။ ယခုလည်း ထိုဝင်းတွင် ရှေးမန္တလေးခေတ် တိုက်တလုံးရှိသေးသည်။

## အစုအငန်းအမည်စွဲ ရပ်ကွက်များ

မြန်မာမင်းအုပ်ချုပ်ပုံစနစ်အရ ရှေးကအရာထမ်းအမှုထမ်းများကို နေပြည်တော်၏ လေးပြင် လေးရပ်၌ နေရာတကျချမှတ်ပေးထားသည်။ ယင်းအမှုထမ်းများတွင် မြို့ရွာအိမ်ခြေလူနေနှင့်တကွ မြေလွတ်တောလွတ်များကို ကြည့်ရှုအုပ်ချုပ်ရသောတိုင် (ဒိုင်)ကိုင်ရင်း၊ မြန်မာလူမျိုးတို့ကို ဖွဲ့ရင်း ဖြစ်သော လက်နက်ကိုင်အမှုထမ်းသောသူရင်း(စုရင်း)ကိုင်ရင်း၊ အခြားလူမျိုးများကို ဖွဲ့စည်းသော လက်နက်ကိုင်အမှုထမ်းစုခြားများကိုင်ရင်း၊ အတွင်း ၆ စု၊ ပြင် ၆ စု၊ အဝင်စုကြီး၊ စမြောင်၊ တုရင်၊ ပြေ့၊ နေရာချစသောအစုကိုင်ရင်း၊ ကသောင်းမြောင်းတိုက်၊ ရွှေတိုက်အမှုထမ်းများပါသော စုသေး ကိုင်ရင်း၊ ရွှေမျက်ပါး၊ ရွှေချည်ထိုး၊ ကြယ်ခတ်၊ ဂုန္တာန်ထိုးဂုန္တာန်ရွှေလုပ်၊ ဘီးကော်လုပ်များပါသော စုနုကိုင်ရင်း၊ လှေသင်း၊ အတီးတောင်သား၊ လက်မထောက်၊ သူသတ်၊ လက်မရှိ၊ ဝင့်သီး၊ ဗိုင်းတာ၊ ကိုးသာပေါက်ပါဝင်သော စုကြမ်းစသည့်အမှုထမ်းများကိုင်ရင်း၊ ဆိုင်ရာဆိုင်ရာ အဖွဲ့အစည်းဖြင့် နေထိုင်ကြစေရန် ရပ်ကွက်များချမှတ်ထားရှိသည်။

အစုအမှုထမ်းများနှင့် ပတ်သက်၍ ၁၇၈၈ ခု ဧပြီလ ၂၀ ရက်နေ့(သက္ကရာဇ် ၁၁၅၀ ပြည့် ကဆုန်လပြည့်ကျော် ၁ ရက်) နာခံကျော်စွာ နော်ရထာတွင်ပြန်သည့် အမိန့်တော်တွင် မြန်မာ့ အုပ်ချုပ်ပုံစနစ်ကို တွေ့ရသည်မှာ

> ကေရာဇ်မင်းမြတ်အဆက်ဆက် အမှုထမ်း အရာထမ်း၊ ဆင်သည်၊ မြင်းသည်၊ ခြေသည် သူရဲတို့ကို သားတော်အစဉ် မြေးတော်အဆက် အဓွန့်ရှည်စွာ သနားတော်ရေးနှင့်အကွ မထွေးမရှုပ် ဥဒါန်းမော်ကွန်းအစဉ်ထွန်းအောင် သွေးသောက်စု၊ မြင်းစု၊ ဒိုင်းစု၊ ရှော့ဝန်းကျင်

သေနတ်၊ နောက်ဝန်းကျင်သေနတ်၊ မြေနန်းသေနတ်မှစ၍ အသီးသီး အစုအအုပ်ဖွဲ့တော်မူသည်။ ခမည်းတော်ဘုရားလက်ထက်တော်လည်း ရွှေလေးရွှေလှံ၊ လက်ဝဲကြောင်း၊လက်ယာကြောင်း၊ ရွှေးကြောင်းနက်စု ဖွဲ့တော်မူသည်။ နောင်တော်ဆင်ဖြူရှင်လက်ထက်လည်း သွေးသောက်စု၊မြင်းစု၊ သေနတ်စု၊ တဲ့ဘက်ရင်းကို မဖျက်စေရ၊ ဘွဲ့ဘက်ထင်ရှားရှိစေသည်။ ငါလက်ထက်တော်တွင်လည်း လေးဆယ်ငါးဆယ်၊ စားတော်ကွမ်းရေကိုင်၊ သေနတ်စု၊ မြင်းစု တိုးပွားတော်မူ၍ ရှိပြီးအထွတ်အထိပ် စိုးအုပ်တော်မူသည်မှစ၍ သာသနာတော်စီးပွား၊ ကိုယ်တော်စီးပွား၊ သားတော်အစဉ် မြေးတော်အဆက်စီးပွား၊ ပြည်သူအပေါင်းတို့ စီးပွားများမည်အကြောင်းကို နှေးညမပြတ် အားထုတ်တော်မူသည်။ ထီးနန်းကနက်စိုက်ဆောက်တည်ထောင် စိုးမိုးအုပ်တော်မူသည်။ ဧကရာဇ်မင်းမြတ်တို့လက်ထက် စုဘွဲ့ငန်းဘွဲ့ဆိုသည့်အရာသည် တိုင်းနိုင်ငံအခြေအမြစ်ဖြစ်၍ အစဉ်ရှည်စွာ ထင်ရှားတည်ထွန်းမည်ဖြစ်သည်။ တိုင်းရေးပြည်မှုငြိမ်သက်မှ သာသနာတော် စည်ပင်ပွင့်လင်းမည်ဖြစ်သည်။ တိုင်းမှုပြည်မှုရှိလျှင် အလွယ်တကူတစုတရုံးတည်း ကောက်ကာငင်ကာရ၍ တိုင်းရေးပြည်မှုငြိမ်ဝပ်အောင်သစ္စာတော်ပေးမြဲပေး၍ မြောက်ဘက်တိုက်၊ ဆင်ခြေတိုက်၊ တွင်းသင်းတိုက်၊ မဟာဒါန်တိုက်၊ ငါးစုံတိုက်၊ မြောက်ဘက်မြင်းရတနာသိင်္ခမြို့၊ ငါးရန်မြို့၊ ခေါသင်္ဘီမြို့၊ စည်ပုတ္တရာမြို့၊ သပွတ်တောခြောက်ရွာ၊ ရွှေကာရွာစုကျေးရွာနေအသည်တို့ထမ်းလူတို့ကို နတ်ရှင်မြင်း၊ ရဲဘက်မြင်း၊ ရွှေပြည်မြင်း၊ နန်းရိုးမြင်း၊ နန်းတွင်းမြင်း၊ ရွှေပြည်ကြီးမြင်း၊ ရွှေပြည်တော်မြင်းများနှင့်ရည်တူ သစ္စာတော်ပေးမြဲပေး၍ သေနတ်သွေးသောက်စုဘွဲ့၊ ဘွဲ့ရာတွင်ပါဝင်သည့်လူတို့ကို စုရေးစုကိုင်မြို့ရွာလူကြီးတို့က မင်းမှုမင်းခမ်းမခန့်ထားစေနှင့်၊ ကြွေးတော်မီးတော် မတောင်း

မထုတ်စေနှင့်၊ သားမြေးတို့အရွယ်ရောက်လျှင်လည်း သေနတ်စုမှာထမ်းရွက်စေ စသည်ဖြင့်တွေ့ရသည်။ ထို့ကြောင့် မင်းနေပြည်တွင် နေရာချပေးခြင်းသည် အထက်ပါအုပ်ချုပ်ရေးစနစ်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ယင်းသို့အစုအဖွဲ့များနှင့်နေထိုင်ကြရာ အစုအဘွဲ့သားတို့သည် မွေးသည်မှ သေသည်တိုင်ကိုယ့်ဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်နားလည်ကြသည်ဟု ယူဆပါသည်။

ယခုတိုင် ထင်ရှားရှိသောရပ်ကွက်ကြီးများမှာ

| | | |
|---|---|---|
| ၁။ ရွှေချည်ထိုးရပ် | ၂။ မျက်ပါးရပ် | ၃။ ကြေးသွန်းရပ်(တမ္ပဝတီ) |
| ၄။ ကျောက်ဆစ်တန်း | ၅။ စာတိုက်တန်း | |

စသည်တို့သာရှိတော့သည်။

ရှေးမြန်မာ့ရိုးရာလုပ်ငန်းများဖြစ်သော ဂုန္တာန်ထိုးခြင်း၊ ဂုန္တာန်နှိပ်ခြင်းလုပ်ငန်းဆိုင်ရာဂုန္တာန်ရပ်ကွက်မှာ အမည်သာကျန်၍ အချို့က ဂုန္တာန်ဟူသောဝေါဟာရစကားကိုပင် အဓိပ္ပာယ်မသိကြတော့ဘဲ လူကုံထံများနေထိုင်သောအရပ်ဟု ထင်မှတ်မှားကာ ရေးထုံးသတ်ပုံပင်ပြင်၍ ရေးနေကြသည်။ ကြယ်ခတ်ဝင်းသည် ရှေးက ရွှေကြယ်ငွေကြယ်များခတ်လုပ်၍ ရွှေချည်ထိုးဆိုင်ရာတွင်ပူလုပ်သောရပ်ကွက် ဖြစ်သည်။ မြန်မာ့အထည်များဆေးဆိုးသော အနီရောင်နီပါး ထည်များလုပ်ရာနီပါးတန်းသည်လည်း အမည်သာကျန်၍ ယင်းနီပါးလုပ်ငန်းသည် ပျောက်ကွယ်နေသည်။

လုပ်ငန်းဆိုင်ရာနှင့်ပတ်သက်၍

| | | |
|---|---|---|
| ၁။ အပ်ချုပ်ဝင်း | ၂။ ဘုံဘိုင်တန်း | ၃။ ဆိုင်းတန်း |
| ၄။ ထီးဝင်း | ၅။ ထီးရိုးဝင်း | ၆။ လက်ချိတ်တန်း |
| ၇။ ကမ္မဝါတန်း | ၈။ အကြော်တန်း | ၉။ လက်သမားတန်း |
| ၁၀။ ဘိနပ်တန်း | ၁၁။ ခုံဘိနပ်တန်း | ၁၂။ ခဲလန်တန်း |
| ၁၃။ မှုံတီတန်း | ၁၄။ ဝါးတန်း | ၁၅။ မျဉ်းတန်း |
| ၁၆။ ပေါက်ပေါက်တန်း | ၁၇။ ပန်းပဲတန်း | ၁၈။ အိုးတန်း |
| ၁၉။ ထီးတန်း | ၂၀။ သံထီးတန်း | ၂၁။ မိုးတန်း |
| ၂၂။ ဆိုးတန်း | ၂၃။ ပန်းဆိုးတန်း | ၂၄။ သင်္ဘောတန်း |
| ၂၅။ လှေတန်း | ၂၆။ လွှထောင်တန်း | ၂၇။ လှည်းယာဉ်တန်း |
| ၂၈။ ထုံးကုန်း | ၂၉။ နီပါးတန်း | ၃၀။ ကြယ်ခတ်ဝင်း |
| ၃၁။ ဂုန္တာန် | ၃၂။ အမြောက်တန်း | ၃၃။ ကျောက်သွေးတန်း |
| ၃၄။ မြင်းတန်း | ၃၅။ ခြေမြန်တန်း | ၃၆။ ကြည်တန်း |
| ၃၇။ ကြိုးကျစ်စု | ၃၈။ ပုရပိုက်တန်း – ပရိက္ခရာတန်း(နန်းရှေ့) | ၃၉။ နန္ဒင်း(ဆန္ဒင်း)တန်း |
| ၄၀။ ဒုန်းတန်း | ၄၁။ ထမင်းချက်တန်း | ၄၂။ ခတ်တန်း(ကြေးသွန်း) |
| ၄၃။ ပုတ်တန်း | ၄၄။ ပွတ်တန်း | ၄၅။ ခဝါစု |
| ၄၆။ ကျီတန်း | ၄၇။ သပိတ်တန်း | ၄၈။ ယပ်ဝင်း – ယပ်တန်း |
| ၄၉။ ကျောက်စိမ်းတန်း(မလွန်) | ၅၀။ ဆင်တော်သည်ဝင်း | ၅၁။ ပဲပုတ်တန်း |
| ၅၂။ ယာဉ်ပုံ(လှေအမှုထမ်း) | ၅၃။ ဆင်တိုင် | ၅၄။ ကတ္တူ(အမရစံခေါင်) |
| ၅၅။ ဥပုသ်တော်(စိန်ပန်း) | ၅၆။ ဥပုသ်တော်ကုန်း (ရဟိုင်း) | ၅၇။ မာရဘင် |
| ၅၈။ ပန်းဝင်း(ဖော့ပန်း၊ နန်းတွင်းသူများအတွက် သန့်စင်ရွှေ၊ သန့်စင်ခက် ဖော့ဖြင့်လုပ်သည်)။ | ၅၉။ ကွမ်းဝင်း(ကွမ်းခြံ) (ကွမ်းဆက်ရသည်)။ | ၆၀။ ရွှေးတန်း |

စသည်ဖြင့် ရပ်ကွက်များတွေ့နိုင်သည်။ ယခုရပ်ကွက်အမှတ်အသားများနှင့် အမည်များ ယှဉ်တွဲလျက် သုတေသနစစ်တန်းပြုစုလျက် ရှိပါသည်။ ပြည့်စုံသောကျမ်းစာစောင်ဖြစ်ရန် ကြိုးစားဆဲဖြစ်ပါသည်။

မန္တလေးမြို့တွင် နိုင်ငံခြားသားလူမျိုးခြားအမှုထမ်းများ၊ အရပ်သားများနေထိုင်ရန်လည်း ရပ်ကွက်များ ချမှတ်ပေးထားသည်။ နိုင်ငံခြားသားများတွင် အင်္ဂလိပ်၊ ပြင်သစ်၊ အီတာလျံ၊ ပေါ်တူဂီပြည်သားများ၊ အိန္ဒိယနှင့် တရုပ်၊ ယိုးဒယားလူမျိုးများပါဝင်ကြသည်။ သက်ဆိုင်ရာသံရုံးများအတွက် နေရာများပေးခဲ့သည်။ အင်္ဂလိပ်သံဝင်း၊ ပြင်သစ်သံဝင်းများရှိသည်။ မင်းတုန်းမင်းလက်ထက် ဒေါနခြံတောင်ဘက် ရွှေယင်းမာဥယျာဉ်ကို မြန်မာဘုရင်က နိုင်ငံခြားသံများ တည်းခိုရန် သံတဲအဖြစ် ထားခဲ့သည်။ ထိုအခါကသော် မြန်မာ့စက်မှုလုပ်ငန်းများဖြစ်သော သံချက်

လုပ်ငန်း၊ လက်နက်လုပ်ငန်း၊ ခဲယမ်းလုပ်ငန်း၊ ဖန်ချက်၊ နှင်းဆီချက်၊ ဒင်္ဂါးစက်၊ ဆန်စက်များ ထူထောင်စဖြစ်သဖြင့် နိုင်ငံခြားသားအမှုထမ်းများသည် မန္တလေးမြို့တွင် အများအပြား နေထိုင်သွားကြသည်။ မြန်မာအမြောက်တပ်တွင် မွတ်စလင်မြန်မာအမျိုးသားဖြစ်ကြသော ကုလားပျို အမှုထမ်းများရှိသည်။

ထိုပြင် နေထိုင်ရာရပ်ကွက် အချအမှတ်ခံရသူများတွင် ပုဏ္ဏားလူမျိုးများနေရာ၊ ကသည်း အက္ကပတ်၊ ကလယ်၊ ဝေသာလီတို့သည်ငှင်း၊ တိုင်းရင်းသားများဖြစ်ကြသော ရှမ်း၊ ပလောင်၊ ရခိုင်တို့သည်ငှင်း ပါဝင်ကြသည်။ ကောင်းဟန်ရှမ်း၊ ယွန်းရှမ်း၊ ဝန့်ရှမ်း၊ ကဒူးရှမ်းဟု စစ်အမှုထမ်းများ ရှိသည်။ ယင်းတို့နှင့်ပတ်သက်သော ရပ်ကွက်အမည်များတွင် (၁) ကသည်းဝင်း၊ (၂) ခတ္တိယဝင်း၊ (၃) ပုဏ္ဏားစု(ပုဏ္ဏားကုန်း)၊ မင်းတဲအီကင်းရပ်၊ ဗောဓိကုန်းရပ်၊ သမီးတော်ဈေးရပ်၊ (၄) တရုပ်တန်း၊ (၅) ဗရင်ဂျီဝင်း၊ (၆) ရခိုင်စု၊ (၇) မိရမ်စု၊ (၈) ရှမ်းပွဲရပ်၊ (၉) ရှမ်းဝိုင်း၊ (၁၀) ကုလားပျိုရပ် စသည်တို့ကို တွေ့ရသည်။

**မြို့ကျေးရွာအမည်စွဲ ရပ်ကွက်များ**

ပုဂံမြို့ဟောင်း တံခါးကြီးများအမည်ကို လေ့လာရာ (၁) ကလေး (၂) သာစဥ်စသော အမည်များကို တွေ့ရသည်။ ထိုအမည်များသည် အရပ်ဒေသကိုစွဲ၍ ခေါ်သောအမည် ဟုတ်မဟုတ် မူကား သေချာစွာမသိရချေ။ ရတနာပူရ အင်းဝမြို့တံခါး အမည်များတွင်ကား

| | | |
|---|---|---|
| (၁) ကျိုင်းရုံး | (၂) စန္ဒပူရိ | (၃) ကျိုင်းရဲ |
| (၄) ဂန္ဓာလရာဇ် | (၅) အုန်းဘောင် | (၆) မျဉ်တဲ |
| (၇) ဟံသာဝတီ | (၈) ကျိုင်းမား | (၉) ဇင်းမယ် |
| (၁၀) မိုးကောင်း | (၁၁) မာန်အောင် | (၁၂) ယိုးဒယား |
| (၁၃) တနင်္သာရီ | | |

စသည်ဖြင့် ဒေသအရပ်အမည်များကို တွေ့ရသည်။ ရတနာသိင်္ခကုန်းဘောင် ရွှေဘိုမြို့တွင်လည်း

| | | |
|---|---|---|
| (၁) သာယာဝတီ | (၂) ပင်းတလဲ | (၃) ယင်းတော် |
| (၄) ရမည်းသင်း | (၅) ဘဒ္ဒ | (၆) ပုဂံ |
| (၇) အင်းဝ | (၈) မြန်အောင် | (၉) ဟံလင်း |
| (၁၀) မြတောင် | (၁၁) ချွန်းတောင် | (၁၂) ရွှေကူ |
| (၁၃) ကျောက်မြောင်း | (၁၄) စဥ့်ကူး | (၁၅) တကောင်း(စည်သာ) |
| (၁၆) စေတုတ္တရာ | (၁၇) ဟော်တုံ | (၁၈) ကန္နီ |
| (၁၉) ဒီပဲရင်း | (၂၀) ဆားကျင်း | (၂၁) မြေတူး |
| (၂၂) ဝန်းသို | (၂၃) ကောလင်း | (၂၄) ပင်းချိုင် |
| (၂၅) ပင်းသာ | (၂၆) မင်းကင်း | (၂၇) ဗဒုံ |
| (၂၈) ကလေး | (၂၉) ထီးလင်း | (၃၀) ပြည် |
| (၃၁) ရန်ကုန် | (၃၂) အမြင့် | (၃၃) ရှဲ |
| (၃၄) ယော | | |

စသည်ဖြင့် မြို့ရွာဒေသအမည်များကို တွေ့ရပါသည်။ ယင်းအမည်များ ကျန်ရစ်သည်လည်းရှိသည်။ အချို့လည်း တိမ်မြုပ်သွားသည်။ မိမိအောင်နိုင်ခဲ့သော မြို့ ကျေးရွာများကို အစွဲပြု၍လည်းကောင်း၊ ထိုကျေးရွာမှ အမှုထမ်းများ ကြီးကြပ်လုပ်စေ၍လည်းကောင်း မြို့ရွာအရပ်အမည်များတပ်၍ မှည့်ခေါ်ခြင်း ဖြစ်သည်။

မန္တလေးရတနာပုံမြို့တွင်လည်း မြို့ကျေးရွာအမည်များတပ်သည်ကို တွေ့ရသည်။ယင်းအမည်များတွင် မန္တလေးမတည်မီကရှိပြီးသော ကျေးရွာ လူနေအရပ် အမည်များလည်းပါ၍ နောက်မှလာရောက်နေထိုင်သူများကိုစွဲ၍ ခေါ်သောအမည်များလည်း ပါကြသည်။ မြို့ကျေးရွာအမည်စွဲရပ်ကွက်များသည်

| | | |
|---|---|---|
| (၁) အဝတန်း | (၂) စည်ပါတန်း(မုံရွာနယ်) | (၃) နဘဲကြူး(မုံရွာနယ်) |
| (၄) ငပရင်းဝင်း | (၅) စစ်ကိုင်းတန်း | (၆) ချီပါဝင်း |
| (၇) ခေါတောဝင်း | (၈) မောင်းထောင်ဝင်း | (၉) စကျင်ဝ |
| (၁၀) ရသာ(ရွာသာ)တန်း | (၁၁) ညောင်ကုန်းလှည်းတန်း | (၁၂) ရိုး သာ လှည်း တန်း |
| (၁၃) ရဟိုင်း(ရွာဟိုင်း) (ယိုးဒယားမြို့အမည်) | (၁၄) မတဲ(ဒေးဝန်း) | (၁၅) ရွာသစ် (ကျဲဆည်ကန်ရွာသစ်- ဆင်ဖြူကန်ရွာသစ်) |

စသည်တို့ ဖြစ်သည်။

**ဈေးများ**

မန္တလေးရတနာပုံမြို့သစ်တည်ပြီးနောက် နန်းမြို့တော်၊ ရွှေမြို့တော်၊ လေးပြင်လေးရပ်တို့၌ အိမ်ခြေများ ရှိလာသည်နှင့် တပြိုင်တည်း ဈေးများရှိလာသည်။ မန္တလေးမြို့ဈေးများနှင့် ပတ်သက်သော မှတ်တမ်းတွင် မြို့ပေါ်ရှိဈေးများအပြင် မြို့ပတ်ဝန်းကျင်ရှိ ဈေးများ ပါဝင်သည်။ ဈေးပေါင်း ၃၀ ခန့်ရှိ၍ အချို့သည် တနေကုန်ရောင်းကြသည်။ အချို့သည် နံနက်ခင်းသာ ရောင်းကြသည်။ အချို့သည် ညနေခင်းသာ ရောင်းကြသည်။ အချို့ဈေးသည်များသည် နံနက်ဈေးမှ ညနေဈေးသို့ ကူးလူးရောင်းကြသည်။ ဝေးလံသောခရီးကို ဈေးတောင်းခေါင်းရွက် ခြေကျင်သွားလာကြသည်။ ၁၈၆၆ ခုနှစ်မတိုင်မီက မန္တလေးမြို့တော်ပုံ ပုရပိုက်မြေပုံတွင်

| | | |
|---|---|---|
| (၁) ဈေးချို | (၂) ယိုးဒယားဈေး | (၃) မလွန်ဈေး |
| (၄) ညွန့်ပေါင်းဈေး | (၅) ရဟိုင်းဈေး | (၆) ညောင်ပင်ဈေး |

စသည့်နေရာများဖော်ပြထားသည်ကို တွေ့ရသည်။ သာယာဝတီဗျိုင်းကလေးခေါ် မောင်မောင်ဘ၏ "မင်းတုန်းမင်းတရားကြီး၏ ဉပနိသျှ"လက်ရေးမူစာမှလည်း ရှေးခေတ်ဈေးအမည်များကို မှတ်သားလေ့လာရသည်။ ရှေးခေတ်မီသော မိခင်ကြီးထံမှလည်း သူကိုယ်တိုင် မန္တလေးဈေးများသို့ လှည့်လည်ရောင်းချခဲ့သည့်အလျောက် မေးမြန်းမှတ်သားရရှိထားသည်။ ရှေးပုရပိုက် စာပေများမှလည်း ဈေးချိုအကြောင်းများကို ရသည်။

ဈေးချို ။ ။ရှေးအခါက ဈေးကြိုဟူ၍ရေးကြသည်။မြို့တည်သည်မှစ၍ဈေးချိုဆောက်ခဲ့ဟန်ရှိသည်။ အင်းဝမြို့မှာလည်း ဈေးကြိုရှိခဲ့၍ ရပ်ကွက်အမည်ပင်ဈေးချိုဟု ယခုတိုင်တွင်လျက်ရှိသည်။ အင်းဝမြို့မှ ၁၇၈၃ ခုနှစ် အမရပူရမြို့သို့ ရွှေပြောင်းသောအခါ အင်းဝမှ ဈေးကြိုအမည်နှင့် အရပ်လည်း ပါလာသည်။ အမရပူရလမ်းငါးခွ၏ အနောက်ဖက်ကို ဈေးကြိုရပ်ခေါ်သည်။ ၁၈၇၆ ခု၊ ဒီဇဘ်ာလ ၂၈ ရက်နေ့(သက္ကရာဇ် ၁၂၃၈ ခုနှစ် ပြာသိုလဆန်း ၁၄ ရက်)ည၊ ရွှေနန်းတော် တောင်ကြမ်းပြင်တွင် ဖုတ်ရန်အုတ် ၁၄ ဖို၊ ဈေးချိုတော်လုပ်ရန် အမိန့်တော်မြတ်ခံရာ၊ ဘုန်းတော်ဖြစ်ဗိုလ်ကြီးကြပ်ထုတ် လုပ်မည့် အုတ်တော်က ပေးစေဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရမည်ကို ရွှေတိုက် အတွင်းဝန်တောင်ခွင်မြို့စား ရွှေပြည်ဝန် ဝက်မစွတ်မြို့စားမင်းတို့ ရွှေဈေးချိုတော်ကြီးအသစ် ဖြည့် သွင်းလုပ်ဆောင် ကုန်ဝင်ရန်စာရင်းချုပ်

ဈေးချိုတော်ကြီးအတွင်း၊အလုပ်လက်စမပြီးမပြေရှိသည့် ဆိုင်တိုက်အလျား ၁၆တောင်၊ အနံ ၄ တောင်၊ လုံးရေ ၁၆၊ ဈေးချိုတော် တောင်ပေါက်မြောက်ပေါက်က အနောက်အသစ် လုပ်ရန်ဆိုင် (၁၆)ဆိုင်၊ ဆုပ် ၉ တောင်၊ ၂ ဘက်သစ်ခန်းရေ ၄၀၊ ဈေးချိုတော်ကြီးတောင် ဘက်မြောက်ဘက် အရှေ့အနောက်အသစ်လုပ်ရန် ဆိုင်တိုက်လုံးရေ ၂၊ ထုပ် ၉ တောင်၊ စမြင် ၅တောင်၊ ၂ ဘက် ၂တိုက်သင်ခန်းရေ ၈၀၊ အတွင်းပတ်လည် ဆိုင်တိုက်အလုံးရေ ၈ အနက်ယိမ်းယိုင်ပျက်စီးရှိသည်များကို ကောင်းမွန်အောင် လုပ်ဆောင်စေ၊ ဘုရားအမိန့် တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်အတိုင်း လုပ်ဆောင်ရန်ရှိသည်များကို အုတ်ဝန် သံတော်ဆင့်မင်းကျော် ပညာသိဒ္ဓိနန်းကံကျေးဝန် မင်းလှသိရိဇေယျကျော်တို့နှင့် စုံညီတိုင်း တာတွက်ချက်ရာ ဆိုင်တိုက်လုံးရေ ၁၆ ဖြည့်သွင်းလုပ်ဆောင်ရန်

| | | |
|---|---|---|
| ကုန်ဝင်ရန်ငွေ | ၂၅၂၅၀–၃။ ၁` | အနက် |
| တော်ပေးနှိမ်ငွေ | ၉၄၀၂–၂။ ၁` | |
| ကျန်ကုန်ဝင်ရန်ငွေဒင်္ဂါး | ၁၅၈၄၈–၁။ | |
| အသစ်လုပ်ရန်တိုက်လုံးရေ ၂၊ ခန်းရေ ၄၀ | | |
| လုပ်ဆောင်ကုန်ဝင်ရန်ဒင်္ဂါး | ၂၉၈၉–၉။ | အနက် |
| တော်ပေးနှိမ်ငွေ | ၁၁၁၃–၈။ | |
| ကျန်ကုန်ဝင်ရန်ငွေ | ၁၈၇၆–၁။ | |
| တရပ်အသစ်လုပ်ရန်တိုက်လုံးရေ ၂။ခန်းရေ ၈၀။ | | |
| လုပ်ဆောင်ကုန်ဝင်ရန်ငွေ | ၁၁၇၄၃–၆။ | အနက် |
| တော်ပေးနှိမ်ငွေ | ၅၄၂၁–၁။ | |
| ကျန်ကုန်ဝင်ရန်ငွေ | ၆၃၂၂–၅။ | |
| အတွင်းပတ်လည်တိုက် ၆ ဖျက်သိမ်း | | |
| လုပ်ဆောင်ကုန်ဝင်ရန်ငွေ | ၁၄၃၃၆–၈။ | အနက် |
| တော်ပေးနှိမ်ငွေ | ၇၀၈၁–၆။ | |
| ကျန်ကုန်ဝင်ရန်ငွေ | ၇၂၅၅–၂။ | |

| | | |
|---|---|---|
| ပြင်ပတ်လည်တိုက်ခန်းရေ ၁၄၆၊ ဖျက်သိမ်းလုပ်ဆောင် | | |
| ကုန်ဝင်ရန်ငွေ | ၁၀၅၇၃–၇။ | |
| တော်ပေးနှိမ်ငွေ | ၉၃၃၁–၇။ | |
| | ၁၂၅၂–၀။ ၁` | |
| ငါးစုလုပ်ဆောင်ကုန်ဝင်ရန်ငွေ | ၆၄၉၀၄–၅။ | အနက် |
| တော်ပေးအဟောင်းဖျက်ရနှိမ်ငွေ | ၃၂၃၄၉–၇။ ၁` | |
| ကျန်ကုန်ဝင်ရန်ငွေဒင်္ဂါး | ၃၂၅၅၄–၆။ ၁` | |
| ဤသို့ ဆောက်လုပ်ရာသစ်တော်ဘိုး၊ အုတ်တော်ဘိုး၊ ထုံးတော်ဘိုး၊ ပန်းရန်လက်ခ၊ | | |
| အင်္ကတေတောင်းခ၊ လက်သမားခများမှာ | ၃၂၃၄၉–၇။ ၁` | |
| ကျန်လုပ်ဆောင်ရန် | ၃၂၅၅၄–၆။ ၁` | |
| | ၆၄၉၀၄–၅။ ၁` | |

ဟူ၍ပုရပိုက်မှာတွေ့ရသည်။

ဈေးကြိုပုရပိုက်ပန္နက်ပုံတပုံကို တွေ့ရသည်။ ဈေးချိုသည် အင်းဝမြို့၊ အမရပူရမြို့၊ မန္တလေးမြို့တို့၌ရှိခဲ့သဖြင့် မည်သည့်မြို့၏ဈေးကြိုပုံဟု အတိအကျမသိရချေ။ ဈေးချိုတိုက်ခန်းဈေးရုံ ၁၂ ရုံရှိသည်။ ရှေးခေတ်ဈေးကြိုသည် ယခု ငါးပိတန်းလက်ကြားနေရာဖြစ်သည်။ မန္တလေးမြို့ မြေပုံတွင် ဈေးချိုနေရာကိုပြထားသည်။ ဈေးချိုကြီးတွင် အလယ်ဗဟို၌ ဈေးရုံ ဥယျာဉ်တို့ဖြင့် သာယာစွာရှိကြောင်း တွေ့မြင်သူ လူကြီးများထံမှ မှတ်သားရသည်။ သက်န်းတန်း၊ ပဲပုတ်တန်းနှင့် ဈေးချိုကူးသော တံတားသည် သံတံတားဖြစ်၍၊ ထိုတံတားပေါ်တွင် ငါးသည်၊ ဝက်သားသည်များ ရောင်းကြသည်။ အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် ဈေးချိုကို ကုလားဝန်မင်း မူလာအိစမန်က အခွန်ကောက်ခံရသဖြင့် ကုလားဝန်မင်းဈေး၊ မူလာအိစမန် ဈေးဟူ၍လည်း ခေါ်ခဲ့ကြသည်။ ၁၉၀၂ ခု ဧပြီလ ၁၂ ရက်နေ့ (သက္ကရာဇ် ၁၂၆၃၊ တန်ခူးလဆန်း ၅ရက်) မီးကြီးလောင်ရာ သစ်သားဖြင့်ဆောက်လုပ်သော ဈေးချိုတော်ကြီးမီးသင့်သည်။ ထိုနောက်၌ ယခု အုတ်တိုက်ဈေးချိုကြီးကို ဆောက်လုပ်ထားသည်။

မလွန်ဈေး။ ။အနောက်ပြင် မလွန်ရပ်ကွက်တွင်ရှိ၍ မလွန်ဈေးခေါ်သည်။ပွဲရုံကြီးများ ရှိသည်။ အရောင်းအဝယ် ကုန်ပစ္စည်းများနှင့်ဆိုင်သော ငပိတန်း၊ ထန်းလျက်တန်း၊ ထုံးတန်း၊ ကြက်သွန်တန်း၊ ဂျင်းတန်း၊ အိုးတန်း၊ ပွတ်တန်း၊ နီးပါးတန်း၊ ကျောက်စိမ်းတန်း စသည်ဖြင့် ရပ်ကွက်ကြီးများ ကျန်ရှိသည်။ မလွန်ဈေးပွဲရုံကြီးများမှ ဈေးချိုသို့ ဝယ်ယူရောင်းကြသည်။

ရဟိုင်းဈေး။ ။ရဟိုင်းအရပ်တွင်ရှိ၍ ရဟိုင်းဈေးခေါ်သည်။ ရှေးကပင် ဈေးကြီးဖြစ်သည်။ နံနက်ဈေးလည်း ဖြစ်သည်။ အထည်အလိပ်ကုန်ပစ္စည်းများ ရောင်းချသည်။

ယိုးဒယားဈေး။ ။ညနေဈေးအလွန်စည်ကားသည်။ငါးပိထောင်းစားများ ရောင်းသည်။ခေတ်စာအတွက် သီးနှံအစုံအလင်ရကြောင်း မှတ်သားရသည်။

ညွန့်ပေါင်းဈေး။ ။ညနေဈေးဖြစ်၍၊ သားငါးငှက်များရသည်။
ညောင်ပင်ဈေး။ ။နံနက်ဈေး(ယခုအခါညနေဈေးဖြစ်သည်)၊(အမရပူရမြို့တွင်လည်း ညောင်ပင်ဈေးသည် ထီးပေါင်းခါးရပ်အနောက်တွင် ရှိခဲ့သည်)။
ဘုရားကြီးဈေး။ ။မဟာမုနိဘုရားမြောက်ဖက် စောင်းတန်းတည့်တည့် ညနေဈေးဖြစ်သည်။
မန်ကျည်းပင်ဈေး။ ။ယခု ၂၆-ဘီ အာဇာနည်လမ်း ပြည်သူ့ဘဏ် အရှေ့ရပ်ကွက်သည် ရှေးက မန်ကျည်းပင်ဈေးရပ်ကွက်ဟု အမည်တွင်သည်။ မန္တလေးမြို့ တည်စဉ်းက ဈေးဖြစ်သည်။ ဈေးချိုရောက်လာသည့်နောက် မန်ကျည်းပင်ဈေး တိမ်ကောသွားသည်။
သမီးတော်ဈေး။ ။နောက်ဦးတာရဲဈေး၊ ပြည်ကျော်ဈေးဟု ခေါ်သည်။
မင်းတဲဈေး။ ။မတဲရပ်ကွက်မှာရှိသည်။
အီကင်းဈေး။ ။မတဲအီကင်းရပ်ကွက်မှာရှိသည်။ (ယခုအခါ မတဲအီကင်းဈေးများကို ပေါင်း၍ ပုဏ္ဏားဈေးဟု ခေါ်သည်။)
တပယ်ဈေး။ ။ဆေးရုံကြီးအရှေ့မြောက်ဖက် သုံးဆယ်ဝင်းအရှေ့ဖက်တွင်ရှိသည်။အာလ္လကပ္ပမြို့စား၏ သားတပယ်မင်းသားတည်သော ဈေးဖြစ်သည်။ စလေဦးပုညက တပယ်မင်းသားကို "ယမနေမင်းသား"ဟု ဆိုသည်။ ယခုဈေးမရှိတော့။
ရွှေလောင်းကြီးဈေး။ ။သီရိမာလာရပ်ကွက် - ရွှေလောင်းရပ်၌ ရှိခဲ့သည်။ ယခုမရှိတော့။
ဆီရုံဈေး။ ။ပွဲကုန်းရပ်၌ ရှိခဲ့သည်။ ယခုမရှိတော့။
မင်္ဂလာဈေး။ ။ရှေးကကျော်မိုးတံခါး တည့်တည့်အရပ်၌ ရှိသည်။အမရပူရတွင် မှန်တန်းရပ်အရှေ့ဘက်တွင် မင်္ဂလာဈေးရှိခဲ့သည်။ နောင်အခါ ထိုဈေးကို မန္တလေးမြို့ ဆင်တော်သည်များ နေရင်းဝင်း၊ ရန်မျိုးလုံရပ်(၇၃၉)တွင် ပြောင်းရွှေ့ထားသည်။
စကုဈေး။ ။ယခု မရှိတော့။
ဂွမ်းရုံဈေး။ ။စိန်ပန်းရပ်၊ ဂေါဝိန်အနီး၊ ရှေးက ဝါဂွမ်းများထားသိုရာ ရုံကြီးအနီးဈေး။
သူရဲဈေး။ ။မြောက်ပြင်သူရဲကြီး သူရဲအမှုထမ်းတို့ နေထိုင်ရာ ရပ်ကွက်၌ရှိသောဈေး။
မီးပါဈေး။ ။(ယခုမိဘဈေးခေါ်သည်)ရှေးက ကုန်စိမ်းတောဈေးသည်များလာရောင်းကြသည်။ နံနက်ဈေး ဖြစ်သည်။
နန်းတော်ရှေ့ဈေး
ဈေးကလေး။ ။နန်းတော်ရှေ့မြောက်ဘက်ရှိဈေး။ ယခု မရှိတော့။
ဈေးကြီး။ ။မရှိတော့။
စည်ရှည်ဈေး။ ။(စက်ရှင်ဈေး) ယခုမရှိ။
ရခိုင်စုဈေး။ ။မရှိတော့။
မြင်းတန်းဈေး။ ။မရှိတော့။
ကြေးသွန်းဈေး။ ။မရှိတော့။
ဆင်ကျုံးဈေး။ ။မရှိတော့။
ကပိုင်ဈေး
လွှန်တော်ဈေး
လွှန်တော်ဈေး–တံခွန်တိုင်ဈေး။ ။မြစ်ငယ်ရှမ်းဈေးဟုလည်း ခေါ်သည်။ (၁၈၆၂ ခု)

## ဥယျာဉ်တော်များ

မန္တလေး ရတနာပုံ နေပြည်တော်ရှိ ဥယျာဉ်တော် ၂၁ ရပ်အကြောင်းဘွဲ့ ရှေးဟောင်း ပတ်ပျိုးသီးချင်းခံကြီးကို ပင်းကြီး မဟာဇေယျသူဘွဲ့ခံ ပညာရှိအမတ်ညောင်လှမြို့စား နိုင်ငံခြား ဝန်ထောက်မင်း ဦးချိန်သည် အမှာတော်ရေးရာထူးနှင့် အမှုထမ်းစဉ်က မင်းတုန်းမင်းထံ ဆက်သွင်းရာ ထိုစဉ်က အမှာတော်ရေးမင်း ဦးချိန်သည် ရွှေထီးသနားတော်မြတ် ခံရသည်။ ပတ်ပျိုးသီချင်းခံမှာ "စံရာရွှေနန်း၊ မြမန်းဌာနေ၊ ပျော်မွေ့ဘွယ်ပီပီ" အစချီ၍ ဥယျာဉ်တော် ၂၁ ရပ် အကြောင်း ပြထားသည်။ ဥယျာဉ်များမှာ

မန္တလေးမြို့အရှေ့ဘက်၌

၁။ မဟာပေမာဇလဥယျာဉ်တော်။ ။မြောက်မာရဘင်အစုံ၊ တောင်မြောက်တာ ၂၀၀၊ အရှေ့အနောက်တာ ၁၅၀။

၂။ မဟာအာသောကဥယျာဉ်တော်။ ။အတ္တာပက်မြင်း၊ တောင်မြောက်တာ ၁၃၀၊ အရှေ့အနောက်တာ ၁၅၀။

၃။ ကဥ္စနကေသီဥယျာဉ်တော်။ ။ကင်းတား၊ တောင်မြောက် ၄၆ တာ၊ အရှေ့အနောက်တာ ၁၅၀။

၄။ သိရိသုမနဥယျာဉ်တော်။ ။ဝန်းကျင်စု၊ တောင်မြောက် ၄၆ တာ၊ အရှေ့အနောက်တာ ၁၅၀။

၅။ မဟာသိရိဘုဥ္စနဥယျာဉ်တော်။ ။တံခါးနီအစု၊ တောင်မြောက် ၃၅ တာ၊ အရှေ့အနောက်တာ ၁၅၀။

၆။ မဟာသိရိမလ္လိကဥယျာဉ်တော်။ ။မြောက် ၁၅၀ အစု၊ တောင်မြောက် ၁၅၀၊ အရှေ့အနောက် ၁၅၀။

၇။ မဟာသိဒ္ဓိဗလဥယျာဉ်။ ။ရွှေပြည်မှန်ကင်း၊ တောင်မြောက်တာ ၁၅၀၊ အရှေ့အနောက်တာ ၁၅၀။

၈။ မဟာဇေယဗလဥယျာဉ်တော်။ ။လက်ဝဲကြောင်း၊ တောင်မြောက်တာ ၁၅၀၊ အရှေ့အနောက်တာ ၁၅၀။

၉။ မဟာသိရိမန္ဒာဝရဥယျာဉ်တော်။ ။မြောက်ထားဝယ်၊တောင်ထားဝယ်၊ တောင်မြောက်တာ ၁၄၀၊ အရှေ့အနောက် ၁၅၀။

၁၀။ မင်္ဂလာဥယျာဉ်တော်။ ။မြောက်ထားဝယ်၊ တောင်ထားဝယ်၊ တောင်မြောက်တာ ၂၀၀၊ အရှေ့အနောက်တာ ၁၅၀။ ၁၈၆၂ ခု၊ (၁၂၂၄) မင်းတုန်းမင်းနှင့်မိဖုရားကို ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ်ခင်းလျက် မင်္ဂလာဥယျာဉ်သို့ ထွက်

သည်။ ၁၈၆၆ ခု ဇွန်လ ၂၄ ရက် (၁၂၂၈ ခု ပထမ ဝါဆိုလဆန်း ၁၃ ရက်) နေ့ မင်္ဂလာဥယျာဉ် စံနန်းတော်၌ မင်းတုန်းမင်းတရားစံ၍ ၂၅ ရက်နေ့နံနက် လယ်ထွန်သည်။ ယခု ဘကြီးမိုး၏ လယ်ကွက်သည် စံနန်းတော် နေရာ ဖြစ်သည်။ ဥယျာဉ်တော်၌ ၂၁ ရပ်အတွင်း မိုမို မောက်မောက် တောင်ပူစာမြေပုံ ၉ ခုရှိသည်။ မင်္ဂလာ ဥယျာဉ်အတွင်းမှ မြေမို့မို့ကို "တောင်တော်ကလေး" ဟု ခေါ်သည်။ ဘုရင့်သားတော်သမီးတော်များ ကစားရာ နေရာ ဖြစ်သည်။ ယင်းတောင်၏ တောင်ဘက်တွင် တောင်ပူစာနှစ်လုံးရှိ၍ ယာကွက်ကို သပြေပင်ကွက်ဟု ခေါ်သည်။ မင်္ဂလာဥယျာဉ် ရတနာနန္ဒီရွှေဉ် မှန်တိုင်စရပ်ကြီးရှိသည်။ ထိုနေရာတွင် ဆင်ချည် အုတ်တိုင်ကြီးရှိသည်။

၁၁။ မဟာသီရိဟေမပန်ဥယျာဉ်တော်။ ။ဒိုင်းအစု၊ တောင်မြောက်တာ ၂၀၀၊ အရှေ့အနောက်တာ ၁၅၀၊ (ဆက်လျက် နတ်လက်ဝဲလုလင် တောင်မြောက် ၂၇၄၊ အရှေ့အနောက်တာ ၁၅၀)။

၁၂။ သီရိမနော်ပထဥယျာဉ်။ ။ရွှေလက်ဝဲ အစု၊ တောင်မြောက်တာ ၁၀၀၊ အရှေ့အနောက် တာ ၁၅၀။

၁၃။ မဟာပဒုမဥယျာဉ်။ ။နက်စုလက်ယာ၊ တောင်မြောက်တာ ၁၀၀၊ အရှေ့အနောက်တာ ၁၅၀။

၁၄။ မဟာမေဃနာဥယျာဉ်တော်။ ။ရွှေလက်ယာ၊တောင်မြောက်တာ ၁၀၀၊အရှေ့အနောက်တာ ၁၅၀။

၁၅။ သီရိမဟာသာရဥယျာဉ်။ ။လက်ယာကြောင်း၊ တောင်မြောက် ၁၂၅။ အရှေ့အနောက်တာ ၁၅၀။

၁၆။ မဟာမုဋ္ဌိကဥယျာဉ်။ ။တောင် ၁၅၀၊ တောင်မြောက်တာ ၁၄၀၊အရှေ့အနောက်တာ ၁၅၀။

၁၇။ မဟာဒေဝတာဥယျာဉ်။ ။တောင်မြောက်တာ ၁၀၀၊ အရှေ့အနောက်တာ ၁၅၀။

၁၈။ မဟာသီတလဥယျာဉ်တော်။ ။နတ်ရှင်ရွှေ၊ တောင်မြောက် ၂၃၅၊ အရှေ့အနောက်တာ ၁၅၀။

၁၉။ မဟာဂီရိစိတြဥယျာဉ်တော်။ ။မန္တလေးတောင် အရှေ့ဖက်၊ ပြင်မြေမြို့ရိုးအတွင်း လှိုင်ကျော်တံခါး မြောက်ဘက်တွင် ရှိသည်။ မန္တလေးမြို့ အမျိုးသားစာကြည့်တိုက်နှင့် ပြတိုက်ရှိ "ရွှေတချောင်း အနောက်ညောင်မြစ်ထိပုံဘုရား" ပုရပိုက်အရ တွေ့ရသည်။

၂၀။ သီရိမနော်ရမံဥယျာဉ်။ ။ယင်းဥယျာဉ်သည် ကျယ်ဝန်းသည်။ ကျုံးမြောင်းများ ရှိသည်။ အရှေ့တွင် နန်းတော်ကွက်၊ အရှေ့တောင် စွန်းတွင် ဘုရား၊ ဥယျာဉ်အရှေ့ တလျှောက်တွင် မြ တောင်ဝန်ကြီးရွှေးကြီးတာ ၉၀၊ မကွေးမင်းကြီး တာ ၁၁၀၊နောက်အရှေ့တံခါး၊ ထို့မှ တောင်ဘက်တွင် ပုခန်း မင်းကြီးတာ ၉၀၊လောင်းရှည်မင်းကြီးတာ ၉၀၊ အတွင်း ၌ စံနန်းတော်ကဲ့သို့ တံတိုင်း နှစ်ထပ်ဖြင့် စံနန်းတော် တောင် ဥယျာဉ်တော်၊ မြောက် ဥယျာဉ်တော်များရှိ သည်။ အနောက်တွင် ယာတော် လက်ဝဲလက်ယာရှိ၍ ထို့နောက်ပိုင်းတွင် ခသည်ဝင်း၊ ရွှေနန်းရိုးလမိုင်းဝန်၊ ယင်ပုံလှေအုပ်၊ မြောက်ထားဝယ်ဝိုင်း၊ တောင်ထားဝယ် ဝိုင်း၊ဆင်အုပ်၊ကျောက်စိဝန်ထောက်တို့အတွက် ရည်မှတ် ထားသော မြေနေရာကွက်များရှိသည်။ အရှေ့တောင် ဘုရား အနောက်ကျုံးအပြင်၌ အရိုးတော်ဘုရားဝင်း ဟောင်းရှိသည်။ ယခုအခါ မနော်ရမံဥယျာဉ်၌ ကိုယ် ရည်ပြား ရောဂါသည်များအတွက် ဆေးရုံဝင်းပြုလုပ် ထားသည်။ (အင်္ဂလိပ်နယ်ချဲ့ခေတ်ကပင် မန္တလေးမြို့၏ ဦးထိပ်ဖြစ်သောနေရာ။ လေကောင်း လေသန့်ရှိရမည့် နေရာတွင် ရောဂါပိုး ပြန့်နိုင်သော အနာကြီးရောဂါသည် များ ချထားခဲ့သည်။)

၂၁။ မဟာဂီရိနန္ဒဝန်ဥယျာဉ်။ ။(ပုဂံအတွင်းဝန်ကျောင်းမှမြေပုံအရ) မန္တလေးတောင် အနောက်ဖက် ယခုတိုင်းရင်းမြန်မာဆေးဥယျာဉ်နေရာ တွင် တွေ့ရသည်။ ရေလှဲပေါက်များ၊ ရေတံခါးများ နှင့်သစ်ပင်များ ကျန်ရှိသေးသည်။ အိမ်ရှေ့မင်းဥယျာဉ် ဟုလည်း ရွှေပြည်ဦးဘတင်ထံမှ မှတ်သားရသည်။

မြို့သစ်တည်သည်နှင့် ဥယျာဉ်တော် ၂၁ ရပ်ကိုလုပ်ဆောင်ကြရာ ဥယျာဉ်များတွင် သစ်ပင် များ ရုတ်တရက်မကြီးထွားနိုင်၍ သစ်ပင်ကြီးများကို ရွှေ့ယူပြီးနောက် ဥယျာဉ်အဖြစ် မွမ်းမံသည့် အကြောင်းများ မှတ်သားရသည်။ (မန္တလေးတောင်အနီး၌သော်ကဥယျာဉ်နှင့် မာရဘင်ဥယျာဉ် များလည်းရှိသည်။ စားတော်ဝန် ဦးခဲ၏ ဥယျာဉ်ရှိကြောင်းလည်း မှတ်သားရသည်။)

အထက်တွင် ပြဆိုသော ဥယျာဉ်တော် ၂၁ ရပ်အပြင် နန်းမြို့တော်အတွင်း စံနန်းတော် တောင်ဖက် မြောက်ဖက်တို့တွင် ဥယျာဉ်များ ပုန်းတလုတ်ရေကန်များ၊ တောင်ပူစာ ကလေးများ ရှိသည်။ မန္တလေးတောင်မြေနန်း မြေဘုံသာစံ နန်းတော်(ယခုစန္ဒာမုနိဘုရား)တွင် မင်းတုန်းမင်း ယာယီနန်းစံနေစဉ်အခါ မန္တလေးတောင်ပေါ် ဘုရား၊ မဟာလောကမာရဇိန်ကုသိုလ်တော်ကြီးဘုရား၊ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားနှင့် အတုလဝေယံအတုမရှိကျောင်းတော်ကြီးကို အာရုံ ခံ ဖူးမြော်ရာ မန္တလေးတောင်အရှေ့တောင်၌ အာရုံခံဥယျာဉ် ရှိသည်။

ရွှေမြို့တော်၏တောင်ပြင်မြေစွန်းဝန်ဘုရားအနောက်တောင်ဘက်၌ ရွှေယင်းမာ ဉယျာဉ်နှင့် သံတဲရှိသည်။ ယခုမြတောင်ကျောင်းတိုက်နေရာ၌ ပုခန်းမင်းသမီးဉယျာဉ်ရှိသည်။ ရွှေတချောင်း အနောက်ဖက် ယခုကုလားသင်္ချိုင်းနေရာသည် မကွေးမင်းကြီးဉယျာဉ်နေရာ ဖြစ်သည်။

ရှေးမြန်မာမင်းလက်ထက်က ဉယျာဉ်များသည် မင်းနှင့်ဆွေတော်မျိုးတော်၊ မှူးမတ်များ အတွက်သာ ဖြစ်ခဲ့သည်။ ဆင်းရဲသူဆင်းရဲသား တိုင်းသူပြည်သားများ အဘို့မှာ ဘုရားကျောင်း ကန်၊ စရပ်တို့သည် ဉယျာဉ်သဖွယ် ပန်းဖြေနားနေရာ၊ တရားအားထုတ် ဖြေဖျော် နှစ်သိမ့်ရာဖြစ်ခဲ့ သည်။ ဒူးရင်းဉယျာဉ်နှစ်ခုရှိသည်။ တခုသည် မင်းတုန်းမင်းလက်ထက် ရတနာမဥ္ဇူဘုရားအနီး ၌ရှိသည်။ ကျန်တခုသည် သုံးဆယ့်မြို့တွင်ရှိသည်။ ဒူးရင်းပင်များကို စိုက်ပျိုးသည်။ ဉယျာဉ်စောင့် ခြံစောင့် အမှုထမ်း ၃၀ ရှိ၍ တလ လစာငွေ ၁၇၂၊ ၅၊ ပေးရသည်။

ဉယျာဉ်များတွင် ဉယျာဉ်စာရေးများ ထားရှိသည်။ ၁၈၇၉ ခု ဖေဖော်ဝါရီ၊ မတ်လ(၁၂၄၀ ပြည့်နှစ် တပေါင်းလက) ခန့်ထားသော လက်ဝဲတောင်ဉယျာဉ်စာရေးသည် မောင်ဘား ဖြစ်၍ လက်ယာတော်ဉယျာဉ် စာရေးသည် မောင်စံကူး ဖြစ်သည်။ နန်းမြို့တွင်းမှ ဉယျာဉ်များဖြစ်မည်။ ဉယျာဉ်မှတပါး ခြံများရှိသည်။ မန္တလေးမြို့ ရပ်ကွက်များတွင် ဒေါနခြံ၊ နှင်းဆီခြံ၊ မာလကာခြံ ရပ်များ ရှိသည်။ ဒေါနခြံတွင် နှစ်စဉ်တဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ ဆောင်းရာသီတွင် ဒေါနပန်းများစိုက်ပျိုး၍ ဉယျာဉ်တော်အုပ်က ဆက်ရသည်။ ဒေါနပန်းစိုက်သူ ၁၇ ယောက်တို့အား တလ စပါးတင်း ၁၈၀ ပေးရသည်။ ထိုဉယျာဉ်ခြံများမှရသော ပန်းများနှင့် အခြားမြို့ရွာမှပို့သော ပန်းများကို နန်းတော်အတွင်း ပန်းခုံတော် အုတ်တိုက်သို့ ပို့ရသည်။ ထိုမှတဆင့် နန်းတော်တွင်း မင်းမိဖုရား သားသမီးများကို ခွဲဝေပေးသည်။ ဉယျာဉ်တော်များမှရသော အသီးအပွင့်များကို မန္တလေးမြို့ ကျောင်းတိုက်များသို့ မပြတ်လှူသည်။

**ဘုရားဝင်းများ**

မန္တလေးမြို့ ရပ်ကွက်များတွင် ရှေးဘုရားကျောင်းကန် နေရာ အများအပြား ပါဝင်လျက် ရှိသည်။ အချို့သည် မန္တလေးမြို့ မတည်မီက ရှိနှင့်သော ဘုရားကျောင်းကန်နှင့် လူနေရပ်ကွက်များ ဖြစ်သည်။ မန္တလေးမြို့တော် နယ်မြေအတွင်းမှာပင် ၁၇၉၃ ခုနှစ် (၁၁၅၅) ချပေးသည့် ပေါက်တော စစ်တမ်းနှင့် မတဲစစ်တမ်းများတွင်

(၁) တောင်ပေါ်ဘုရား (မန္တလေး)
(၂) အရိပ်မထွက်ဘုရား
(၃) ချမ်းသာကြီးဘုရား (၁၄၇၈ ခု၊ သက္ကရာဇ် ၈၄၀၊ ရတနာမဥ္ဇူနှင့် အတူတည်သည်)
(၄) ကြီးမြင်ဘုရား (မင်းရှင်စော ကောင်းမှုဟု မှတ်သားရသည်)
(၅) ကူကြီးဘုရား (ရှင်အရဟံ၏သိမ် – အုတ်ဂူ) တို့ဖြစ်သည်။

တောင်ပေါ်ဘုရားသည် ပုဂံခေတ်ကပင်ရှိကြောင်း မုံရွေး ဇေတဝန် ဆရာတော်၏ **စေတီယ ကထာ**၌ ဆိုသည်။ ကျောက်စာ အခိုင်အမာ မတွေ့ရသေး။ မန္တလေးကောင်၏ အနောက်ဘက်ရှိ အရိပ်မထွက်ဘုရားကို ကျန်စစ်သား တည်သည်ဟု ဆိုသော်လည်း တိတိကျကျ မပြောနိုင်သေး။

ယင်းဘုရား အနီးတွင် ရွှေယင်းမာ စေတီကိုလည်း ကျန်စစ်သား တည်ကြောင်း မှတ်သားရသည်။ ရွှေကြီးမြင့် ဘုရားသည် ပုဂံခေတ်၊ မင်းရှင်စော၏ ဘုရားဖြစ်၍ ယင်းဘုရား အတွင်း၌ သက္ကရာဇ် မပါသော ပုဂံခေတ်ထိုးဟု ယူဆရသော ကျောက်စာတချပ် ရှိသည်။

သက္ကရာဇ် ၁၅၁၁ ခုနှစ်ထိုး မန္တလေးရတနာမဥ္ဇူဘုရား ကျောက်စာအရ မန္တလေးဘုရားမှာ မန္တလေး တောင်ပေါ် ဘုရားပင် ဖြစ်ဟန်ရှိသည်။ အရိပ်မထွက် ဘုရား အကြောင်းကိုလည်း တွေ့ရသည်။ ရတနာမဥ္ဇူ ဘုရားကို ၁၄၇၈ ခု (သက္ကရာဇ် ၈၄၀ ပြာသိုလဆုတ် ၁ ရက် အင်္ဂါနေ့)တွင် တည်သည်။ ဘုရားနှင့်တကွ ကျောင်းတော်ကိုလည်း တည်သည်။ ထို့ကြောင့် မန္တလေး ဒေသသည် ထိုစဉ်ကပင် လူနေအိမ်ခြေများရှိ၍ ကျောက်စာအရ ကီပြင်ရွာ၊ ချောင်းပေါက်ရွာ၊ လက်ရကုလားမြေ၊ လက်ရွေးငယ်၊ ယာဉ်တော်ဘိုးတော်ဂူ (မန္တလေး တောင်ခြေတွင် ရှိသော ဂူလော၊ ယခုပြောဆိုနေကြသော ပုလဲငွေရောင်ရပ် တဝကူလော။ ပြဿနာတရပ်ရှိသည်။) ကျီးဖြူနား မန်ကျည်းပင်(အရှေ့ရုံးကြီးအနီးဟုလည်း ဆိုသည်။ ယင်းခဲမောင်မောင်၏မှတ်တမ်းအရ အမရပူရမြို့ အနောက်တောင်ထောင့်ဆင်ကြိုး ရွှေဂူဘုရားမြောက်ဘက်ဟု ဆိုသည်။) မြောင်လှ၊ မစွန်ချောင်း (ဂေါဝိန်ဆိပ်ကမ်းအနီး)သင်္ဂဇာချောင်း၊ မတဲမြစ်ကျ၊ ခဝါတော်ဆိပ် (ရှင်အရဟံသိမ် – ညောင်ကွဲအရပ်)၊ ထိန်ပင်အိုင်(ထိန်ကုန်းရပ်) စသော ဒေသအမည်များကို တွေ့ရသည်။

ထိုမှတပါး ရှေးအလွန်ကျသည်ဟု ဆိုကြ၍ သက္ကရာဇ် အမှတ်အသား အတိအကျ မတွေ့သေးသော စေတီပုထိုးများမှာ

၁။ နန်းတွင်းရှိ တောရဘုရား
၂။ ဒဟတ္တောဘုရား
၃။ ဘောင်းတော်ကျ ဘုရား (မင်းတုန်းလက်ထက် တောင်ဆောင်တော် မိဖုရားက ပြန်၍ ရွှေအပြည့်ထည့်သည်။)
၄။ ရှင်ဘို့မယ်ဘုရား
၅။ လမ်းလယ်ဘုရား
၆။ ဘုရားနီဘုရား (အမရပူရမြို့တည် ဗဒုံမင်းလက်ထက် ရွှေတိုက်ဝန် မောင်နှမ တည်၍ အင်္ဂတေမဖို့ဘဲ ထားသောကြောင့် ဘုရားနီတွင်ကြောင်း၊ မန္တလေးခေတ်၌ ကမ္ဘာလေးရပ်ဖြင့် တရားစစ်လျှင် ဘုရားနီမှာစစ်ကြောင်း ဆိုသည်။)
၇။ ရှင်ပင်ပက်လက်
၈။ ဘုရားသုံးဆူ (ယိုးဒယားဈေးအနီး)
၉။ ပေါင်းလဲ (လျှောင်းလဲဘုရား) (ရဟိုင်းဈေးအရှေ့ဖက်)
၁၀။ ဘုရားပါးဆူ၊ မဟာမုနိ မြောက်စောင်းတန်း အနောက်ဖက် ရှိသည်။
၁၁။ ထီးတစောင်းဘုရား
၁၂။ ဆုတောင်းပြည့်ဘုရား (လဲချားဝင်း)
၁၃။ ဆုတောင်းရ
၁၄။ ကုသိန္နာရုံ (ရွာသစ်) အမရပူရမြို့တော် နယ်မြေကျေးရွာပုံမှာ ပါရှိသည်။
၁၅။ ချမ်းသာရဘုရား (ထုံးကုန်းရပ်တွင် ရှိသည်။ ဗဒုံမင်းသားတော် အိမ်ရှေ့မင်းသား တည်သည်ဟု ဆိုသည်။)

၁၆။ ဇင်းမယ်ဘုရားများ ဖြစ်သည်။

သက္ကရာဇ် အမှတ်အသားများရှိသော ဘုရားစေတီများမှာ

၁။ မဟာမုနိ (၁၇၈၄ ခု၊ သက္ကရာဇ် ၁၁၄၆ ခု၊ ရခိုင်ပြည်မှ ပင့်လာသည်။)

၂။ လောကထွတ်ခေါင် (ဘောင်တော်ဦး ဘုရားဟု အခေါ်များသည်။ မဟာမုနိ အနောက်ဖက်ကျောက်ဆစ်တန်းမှာ ရှိသည်။)

၃။ မဟာလောကရံသီ အိမ်တော်ရာ (၁၈၄၇ ခု၊ သက္ကရာဇ် ၁၂၀၉၊ ပုဂံမင်း အိမ်တော်ရာ)

၄။ သိမ်နီကြီးခေါ် အာနန္ဒာဘုရား

၅။ လောကမာရဇိန် ကုသိုလ်တော်ကြီး (မင်းတုန်းမင်း)

၆။ မဟာသကျမာရဇိန် – ကျောက်တော်ကြီးဘုရား (၁၈၆၅၊ သက္ကရာဇ် ၁၂၂၇ ခု မင်းတုန်းမင်း)

၇။ စန္ဒာမုနိ(မန္တလေးတောင်ခြေ နန်းမြေဘုံသာစံနန်းတော်နေရာသို့ ၁၈၆၇၊ သက္ကရာဇ် ၁၂၂၉ ခုနှစ် ရွှေပြောင်းခဲ့သည်။)

၈။ မဟာသကျသီဟ (၁၈၂၆၊ သက္ကရာဇ် ၁၁၈၈ ခု ဘကြီးတော်ကောင်းမှု။ ၁၈၄၇၊ သက္ကရာဇ် ၁၂၀၉ ခုတွင် အင်းဝမှ အမရပူရ။အမရပူရမှ ၁၈၈၅၊ သက္ကရာဇ် ၁၂၄၇ ခု သီပေါမင်း ရွှေပြောင်းခဲ့သည်။)

၉။ မာရ်အောင် ရတနာစေတီ၊ ဝါခင်းကုန်းဘုရား (သီပေါမင်းကုသိုလ်)

၁၀။ ရတနာတန်ဆောင်စေတီ (၁၈၈၂၊ သက္ကရာဇ် ၁၂၄၄ခု မန္တလေးတောင်ခြေ အရှေ့ဘက် အာရုံခံ ဥယျာဉ်အတွင်း စုဖုရားလတ် တည်သည်။ ၁၉၁၉ ခု၊ သခင်ကိုယ်တော်မှိုင်း၏ **ဒေါင်းဋီကာ**တွင် စေတီတော်ဘွဲ့ တေးထပ်ဖွဲ့ထားသည်။)

၁၁။ သေလာမဏိ မဟာရာဇိန်ကျောက်စေတီ (၁၈၈၃၊ သက္ကရာဇ် ၁၂၄၅ ခု မန္တလေးတောင်ခြေ အရှေ့ဖက် အာရုံခံ ဥယျာဉ်အတွင်း စုဖုရားလတ်တည်သည်။ ယခုမရှိတော့။)

၁၂။ အရိုးအိုးကြီး၊ (သဲအင်းသာသနာပိုင် အရိုးအိုးစေတီ။)

၁၃။ ဘီလူးမ–အရိုးအိုးကလေး (သာသနာပိုင် ဦးချင်းလှေ့ာက်)

၁၄။ မောင်းထောင်သာသနာပိုင် အရိုးအိုးစေတီ (ခံကုန်းသင်္ချိုင်းအနီး မြေမြို့ရိုးအပြင်မှာရှိသည်။)

၁၅။ ဗောဓိပင်– ၁၈၆၂ ခု မတ်လ ၁၄ ရက်နေ့ (သက္ကရာဇ် ၁၂၂၃ ခု တပေါင်းလပြည့်နေ့) မဟာနွယ်စဉ် (ဗောဓိကုန်း) ရပ်တွင် သီဟိုဠ်ကျွန်းမှရသော ဗောဓိပင်ကို မင်းတုန်းမင်း စိုက်ပျိုးထားခဲ့သည်။ ယင်း ရပ်ကွက်ကို ဗောဓိကုန်းဟု ခေါ်လျက်ရှိသည်။

သာသနာဆိုင်ရာ ဘုရားဝင်း အမည်များဖြင့်လည်း အချို့ ရပ်ကွက်အမည်များကို ခေါ်ဝေါ်လျက်ရှိသည်။ ဥပမာ–ဆုတောင်းရ၊ ချမ်းသာရ၊ ထုံးကုန်း ဘုရားသုံးဆူ (ယိုးဒယားဈေး)၊ အရိုးအိုးကြီး၊ အရိုးအိုးကလေး စသည်တို့ ဖြစ်ကြသည်။

**ကျောင်းဝင်းများ**

မန္တလေး ရတနာပုံ မြို့သစ် တည်သည်နှင့် တချိန်တည်း မြို့ လေးပြင် လေးရပ်တွင် ရဟန်းသံဃာတော်များအတွက် ကျောင်းတိုက်များ ပြကွက်ချ၍ ဆောက်လုပ်သည်။ မြို့မတည်မီက အမရပူရမြို့တွင် အဝင်အပါဖြစ်သော ကျောင်းတိုက်အချို့သည် မန္တလေး ရွှေမြို့တော်နယ်အတွင်း

ပါလာလည်း။ ၁၀၈၁၊ သက္ကရာဇ် ၁၂၄၃ ခုနှစ် သီပေါမင်း၏ ကထိန်စာရင်းအရ အမရပူရတွင် ကျောင်းတိုက် ၄၄၊ ကျောင်းပေါင်း ၁၅၉၊ မန္တလေး လေးပြင်လေးရပ်တွင် ကျောင်းတိုက် ၁၅၄၊ ကျောင်းပေါင်း ၁၂၅၇ ကျောင်းရှိကြောင်း စာရင်းတွေ့ရသည်။ စုစုပေါင်း ကျောင်းတိုက် ၁၉၈ တိုက် တွေ့ရသည်။ တောင်ခွင် သာသနာပိုင်လက်ထက်တွင် မဟာဒါန်စာရေးတို့ စာရင်းအရ မန္တလေး လေးပြင်လေးရပ်ကျောင်းတိုက်ပေါင်း ၇၅၀ ရှိကြောင်း မှတ်သားရသည်။ **တိုးတက်ရေး သတင်းစာ** (၁–၂–၁၉၃၇)အရ မန္တလေးတွင် ကျောင်းတိုက်ပေါင်း ၁၇၉၊ ကျောင်းပေါင်း ၁၀၂၇ ရှိကြောင်း တွေ့ရသည်။ မင်းတုန်းမင်းလက်ထက် မင်းကြီးမင်းထင် မဟာစည်သူဘွဲ့ခံ ဝက်မစွတ် ဝန်ထောက်မင်း ရေးသောအလှူတော် ကျောက်စာစာရင်းတွင်မူကား အောက်ပါကျောင်းအမည်များကို တွေ့ရသည်။

၁။ ခုနစ်ဌာနအဝင် မဟာအတုလဝေယန်အတုမရှိကျောင်း
၂။ မဟာဇောတိကာရာမစံကျောင်း
၃။ မဟာအောင်မြေဘုံစံရွှေကျောင်း
၄။ မင်္ဂလာရာမမောင်းထောင်တိုက်
၅။ သဒ္ဓမ္မဇောတိကာရာမတကောင်းတိုက်
၆။ မဟာဝိသုဒ္ဓာရာမအင်းခန်းတိုက်
၇။ မဟာဝိဇယရာမခင်မကန်တိုက်
၈။ ဝဇီရာ ရာမစိန်တုံးတိုက်
၉။ မတ္တရာတိုက်
၁၀။ သက်ပန်းတိုက်
၁၁။ မဟာဝိဇိတာရာမတောင်စလင်းတိုက်
၁၂။ မဟာဓမ္မိကာရာမ အရှေ့စလင်းတိုက်
၁၃။ ဝိစိတ္တာရာရာမမာရ်အောင်တိုက်
၁၄။ မဟာအဘယာရာမလှထွေးတိုက်
၁၅။ ဒက္ခိဏာရာမ ဘုရားကြီးတိုက်
၁၆။ မြင်းဝန်ကြီးတိုက်
၁၇။ အနောက်ပြင် ခင်မကန်တိုက်
၁၈။ မဟာခေမိကာရာမသစ်ဆိမ့်တိုက်
၁၉။ မကုဋ္ဌာရာမတိုက်
၂၀။ မြောက်စလင်းတိုက် များဖြစ်ကြသည်။

ပုဂံအတွင်းဝန်မင်းကျောင်းတိုက်ရှိ မန္တလေးမြို့ မြေပုံတွင် ကျောင်းတိုက်အမည် ၃၇ တိုက်သာ တွေ့ရသည်။ မန္တလေးအရှေ့မျက်နှာ မဟာလောကမာရဇိန်ကုသိုလ်တော်ကြီး စေတီအရှေ့တောင် ယွန်းမှစ၍ ကျောင်းတိုက်ပေါင်း ၁၈ တိုက် တွေ့ရသည်။ ကုသိုလ်တော်ကြီး၏ တောင်ဖက်ကပ်လျက် ရှိသော အတုမရှိကျောင်းတိုက်ကြီးနှင့် မြို့အရှေ့မျက်နှာဦးထိပ်တံခါးအထွက် နန်းတော်ရှေ့ဈေး၏ အနောက်ဖက်တွင်ရှိသော မဟာဝိသုကာရာမတိုက် မဟာတုလ္လတ်ဘုံစံကျောင်း (တိုက်တော်)တို့ သည် အသီးအခြား ဖြစ်ကြသည်။

ယခုအခါ ရှေးကျောင်းတိုက်ကြီးများသည် ခေတ်အဆက်ဆက်တွင် မီးဘေး မီးဒဏ် စစ်ဘေး စစ်ဒဏ်ကြောင့် ပျက်စီးသည်ကမျာသည်။ ယင်းကျောင်းတိုက်ကြီးများကို အုတ်တံတိုင်းကြီးများနှင့် ကာရံထားရှိသဖြင့် အချို့ကျောင်းတိုက်များတွင် အုတ်ရိုးတံတိုင်းချည်းသာ ကျန်သည်။

**မန္တလေးမြို့ အရှေ့မျက်နှာရှိ ကျောင်းတိုက်များ။**

၁။ အတုမရှိကျောင်းတိုက်။ မဟာအတုလဝိဇယာရာမတိုက်မြို့တည်ရာ ခုနစ်ဌာန အပါဝင်ဖြစ်သည်။ ကျောင်းအမည်သည် မဟာအတုလဝေယန်ဖြစ်သည်။ မဟာရံနှစ်ထပ်ကာရံထားသည်။ ဆောက်လုပ်ရာ ငွေငါးသိန်းကုန်သည်။ မူလ၌ တိုင်ပေါင်း ၂၄၆ တိုင်။ ဘုံငါးဆင့်၊ ကွန်းစင်တိုင်အမြင့် ၆၃ တောင်ရှိသည်။ ဤကျောင်းကြီးအရှေ့ဖက်တွင် မင်းတုန်းနတ်ရွာစံရာဖြစ်သော အဆောင်ကို ၁၀၀၀ ပြည့်၊ သက္ကရာဇ် ၁၂၄၂ ခုတွင် ရွှေ့၍ဆောက်သော ရွှေနန်းတော်ကျောင်းရှိသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက စောင့်ရှောက်ထားသည်။

၂။ မဟာဝိဇယပုညကျောင်းတိုက်။ မဟာစံလွတ်ဝေယန် ကျောင်းကြီးသည် မဟာဂိရိစိတ္တရဥယျာဉ်အတွင်း၌ သက္ကရာဇ် ၁၀၀၁ ခုတွင် သီပေါမင်းနှင့်စုဖုရားလတ်တို့ တည်ဆောက်သော ကောင်းမှုဖြစ်သည်။ ငွေတော် နှစ်သန်းကုန်၏။ အရံရှစ်ကျောင်းအနက် တကျောင်းသာကျန်၍ အတွင်းခန်းအချို့တွင် မှန်စီလက်ရာများ အနည်းငယ်တွေ့ရသည်။

၃။ ဝဇီရာရာမခေါ် စိန်တုံးတိုက်။ ရတနာနဒီမြစ်အနောက်ဖက် မြေမြို့ရိုးအတွင်း မဟာလောကမာရဇိန်၏ အရှေ့တောင်ယွန်း မဟာဂိရိစိတ္တရဥယျာဉ်၏တောင်ဖက်။ သီရိသုပဘာရတနာဒေဝီစိန်တုံးမိဖုရား၏ကုသိုလ်ဖြစ်သည်။ ယခုမရှိတော့။ မြေပုံ၌ ဦးအဂ္ဂ၊ တာ ၅၀ ဟု မှတ်သားထားသည်။

၄။ မတ္တရာတိုက်။ စိန်တုံးတိုက်တောင်ဖက်။ သီရိမဟာသုပဘာဒေဝီလေဝင်းရှည်မိဖုရားကုသိုလ်။ ယခုမရှိတော့ (မတ္တရာတိုက် ၄၇ တာ)

၅။ သက်ပန်းတိုက်။ သီရိသုမဟာ ဒေဝီသက်ပန်းတိုက်စား မိဖုရားကုသိုလ် ယခု မရှိတော့ (၄၇ တာ)

၆။ မင်္ဂလာရာမခေါ် မောင်းထောင်တိုက်။ သီရိပဝရအတုလ တိလောကမဟာရာဇိန္ဒာဓိပတိရတနာဒေဝီနန်းမတော် မိဖုရားကြီး၏ ကုသိုလ်ဖြစ်သည်။ မောင်းထောင်ဆရာတော်အား တင်လှူသဖြင့် မောင်းထောင်တိုက်ဟု တွင်သည်။ (၆၅ တာ)

၇။ ခင်မကန်တိုက် (မဟာဝိဇယာရာမတိုက်)။ အနောက်နန်းမိဖုရား သီရိမဟာ သုစန္ဒာဒေဝီ၏ ကုသိုလ် (တာ ၆၀)

၈။ ရွှေတူတိုက် (ပုရပိုက်မြေပုံအရ စကုတိုက်)

၉။ တကောင်းတိုက်သဒ္ဓမ္မဇောတိကာရာမတိုက်။ သီရိပဝရအတုလ တိလောကမဟာရာဇိန္ဒာဓိပတိရတနာဒေဝီနန်းမတော်မိဖုရားကြီး၏ ကုသိုလ်ဖြစ်သည်။ တကောင်းဆရာတော်အား လှူသည်။

၁၀။ အင်းခန်း (အင်းဂန်း) မဟာဝိသုဒ္ဓာရာမတိုက်။ သီရိပဝရတိလောက မဟာရာဇိန္ဒာဓိပတိ ပဒုမာရတနာဒေဝီအလယ်နန်းမိဖုရား ဆင်ဖြူမရှင်၏ ကုသိုလ် (၄၅ တာ)

၁၁။ စလင်းတိုက်ဟောင်းမဟာဓိမ္မိကာရာမတိုက်။ သီရိပဝရအတုလ တိလောကမဟာရာဇိန္ဒာဓိပတိရတနာဒေဝီ တောင်နန်းမတော်မိဖုရားကြီး၏ ကုသိုလ်ဖြစ်သည်။ စလင်းဆရာတော်အား တင်လှူသည်။

၁၂။ မာရ်အောင်တိုက်ဝိစိတ္တာရာမတိုက်။ သီရိပဝရ တိလောကမဟာရာဇိန္ဒာဓိပတိပဒုမာရတနာ ဒေဝီအလယ်နန်းမိဖုရား ဆင်ဖြူမရှင် သမီးတော်အကြီး ပုဂံမိုင်းနောင်နှစ်မြို့စား သီရိသုရတနာမင်္ဂလာ ဒေဝီစုဖုရားကြီး၏ ကုသိုလ်ဖြစ်သည်။ ဝိစိတ္တာရာ ရာမဆရာတော် အရှင်တိလောကအား တင်လှူသည်။

၁၃။ ဆင်တဲတိုက် (၄၇ တာ)

၁၄။ လယ်ကိုင်းတိုက် (၄၇ တာ)

၁၅။ မက္ခရာတိုက် (၄၇ တာ)

၁၆။ ငါးဆူတိုက် (၄၇ တာ)

၁၇။ စည်ပုတ္တရာတိုက် (အနောက်ဝန်တိုက် ၄၇ တာ)

၁၈။ တွင်းကြီးတိုက်

၁၉။ စလင်းတိုက်သစ်။ မဟာဝိဇိတာရာမတောင်စလင်းတိုက်။ သီရိပဝရအတုလတိ လောက မဟာရာဇိန္ဒာဓိပတိရတနာဒေဝီ မိဖုရားခေါင်ကြီးက တောင်စလင်းဆရာတော် ဦးကေတုအား တင်လှူသည်။ (နန်းမတော်ဘုရားတိုက် ၄၇ တာ)

၂၀။ လှထွေတိုက်။ သီရိမဟာမနော်ရမ်ဥယျာဉ်မြောက်ဖက်။ အမရပူရ ဒုတိယမြို့တည်နန်းတည် သာယာဝတီရွှေဘိုမင်း၏ မိဖုရားခေါင်ကြီး၏ ကုသိုလ်ဖြစ်သည်။ လှထွေဆရာတော်အား တင်လှူသည်။ (မယ်တော်ဖုရားတိုက်)

အထက်၌ ပြဆိုသောအရှေ့မျက်နှာကျောင်းတိုက်များတွင် သီပေါမင်းလက်ထက်တွင် ဆောက်လုပ်သော ကျောင်းများပါထည့်သွင်းပြထားသည်။ မူလတွင် ၁၈ ကျောင်းသာရှိသည်ဟု မှတ်သားရသည်။

## မန္တလေးမြို့ မြောက်မျက်နှာရှိ ကျောင်းတိုက်များ။

၁။ စံကျောင်းတိုက်မဟာဇောတိကာရာမတိုက်။ ရတနာဘုံစံ စံကျောင်း။ စံကျောင်းခေါ်ခြင်းသည် အမရပူရမြို့ကို ဒုတိယအကြိမ်ပြန်တည်သောအခါ အင်းဝက နန်းတော်ကိုရွှေ့၍ အမရပူရတွင် ရေနန်းတော်အဖြစ် ဆောက်သည်။ တဖန် မင်းတုန်းမင်းလက်ထက် မန္တလေးသို့ပြောင်းရွှေ့သော အခါ ယင်း ရေနန်းတော်ကို ရွှေ့၍ မန္တလေးမှာ ကျောင်းဆောက်သည်။ ထို့ကြောင့် စံကျောင်းဟု ခေါ်သည်။

၂။ မိုးထိတိုက်။ မူလ မိုးထိကျောင်းတိုက်သည် ၁၇၇၈ ခု၊ သက္ကရာဇ် ၁၁၄၀ ပြည့်နှစ် စဉ့်ကူးမင်း အင်းဝမြို့၌ စံစဉ်က အင်းဝမြို့တောင်ဖက်တွင် မဟာမင်္ဂလာရွှေဘုံအမည်နှင့် ကျောင်းဆောက်သည်။ ထန်းတပင်ဆရာတော်အား တင်လှူသည်။ ကျောင်းဦးပြာသဒ်သည် အလွန်မြင့်လှသောကြောင့် မိုးထိကျောင်းတိုက် တွင်သည်။ဘိုးတော်ဘုရား ဗဒုံမင်းအမရပူရမြို့တည်သောအခါ ယင်းကျောင်းကြီးကို အမရပူရမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ တဖန် မင်းတုန်းမင်း မန္တလေးမြို့သို့ ပြောင်းသောအခါ ယင်းမိုးထိကျောင်းကြီးကို မန္တလေးတောင်ခြေသို့ ပြောင်းရွှေ့၍ အဘယာရာမတိုက် အမည်သစ်ပေးသည်။ သို့သော် အမည်သစ်မတွင်၊ မိုးထိအမည်သာ တွင်သည်။

၃။ ပြည်တိုက်။ မန္တလေးတောင်ခြေမိုးထိတိုက်မြောက်ဘက် မဏ္ဍလာရာမခေါ် ပြည်တိုက်ကို မြောက်နန်းမိဖုရား သီရိမဟာရတနာမင်္ဂလာဒေဝီဆောက်လုပ်၍ ပြည်ဆရာတော်အား တင်လှူသည်။

အမရပူရမှာလည်း ပြည်တိုက်ဟောင်းရှိသည်။ ယခုအခါမူ ပြည်တိုက်သည် မန္တလေးအနောက်ပြင် ရွှေတချောင်းမြောင်းအတိုင်း မြောက်မှ တောင်သို့အလားရှိသော ညောင်ကွဲအရပ်သို့ ပြောင်းရွှေ့ လျက်ရှိသည်။

၄။ ငါးကျမ်းတိုက်။ မန္တလေးတောင် အနောက်ဖက် ဆူးခါးတိုက်တောင်ဖက် ပြည်တိုက်မြောက် တွင် ရှိသည်။ ငါးကျမ်းဆရာတော်ကိုစွဲ၍ ငါးကျမ်းတိုက်ခေါ်သည်။ ယခု မန္တလေးအနောက်ပြင် ပြည်ကြီးရန်လုံရပ်ကွက် ရွှေတချောင်းအနောက်ဖက်လမ်းထိပ်တွင် ပြောင်းရွှေ့ထားသည်။

၅။ ဆူးခါးကျောင်းတိုက်။ ငါးကျမ်းတိုက်၏ အနောက်မြောက်ယွန်းတွင် ရှိသည်။ မန္တလေး မတည်မီကပင် ဆူးခါးဆရာတော်ရှိနှင့်ကြောင်းကို ပဌမဆူးခါးဆရာတော်ဘုရားကြီးမှစ၍ ဂိုဏ်း ဆရာတော် အစဉ်အဆက်နှင့် စတုတ္ထမြောက် ဆူးခါးဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိတွင် ဖော်ပြထားသည်။ ဆူးခါးရွာ ဆူးခါးကျောင်းကြီးမှ ၁၇၃၇ ခု၊ ၁၂၀၀ ပြည့်နှစ် သာယာဝတီ ရွှေဘိုမင်းလက်ထက်တွင် ဆူးခါးကျောင်းကြီးကို စွန့်ပစ်တော်မူသည်။ ယခု မန္တလေး ရွှေမြို့တော် အတွင်း အနောက်မျက်နှာ တောရကျောင်း၌ ဆရာတော်သည် ၁၉ ဝါတိုင်တိုင် သီတင်းသုံးနေ တော်မူခဲ့ကြောင်း၊ ၁၇၅၆ ခု၊ ၁၂၁၈ ခုနှစ်၌ မန္တလေးမြို့တည် နန်းတည် ပဌမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး မြို့သစ် တည်သောအခါ ရွှေမြို့တော် အတွင်းမှ ထွက်ကြောင်း၊ မန္တလေး တောင် အနောက် တောင်ခြေရင်းတွင် မြို့ဝန်ဦးသာအိုးက ဆရာတော်အား ကျောင်းဆောက် လှူဒါန်းကြောင်း ပါရှိသည်။ ယခုဆူးခါးတိုက်ကို မန္တလေးမြို့လယ် ဂုန္တာဒ်ရပ်ကွက်တွင် တွေ့ရသည်။

၆။ မြောက်စလင်းတိုက် (ခေါ်) မဟာဇောတိကာရာမတိုက်။ မိုးထိတိုက်နှင့် ပြည်တိုက်တို့၏ အနောက်ဖက်တွင်ရှိသည်။ သမီးတော် စလင်းမြို့စား စုဖုရားသုသီရိမြတ်စွာရတနာဒေဝီက ဆောက် လုပ်၍၊ မြောက်စလင်းဆရာတော် ဦးမေဓာ်အား တင်လှူသည်။

၇။ ဒီပဲယင်းတိုက်။ စလင်းတိုက် အနောက်ဖက်၌ရှိသည်။ ယခုအနောက်ပြင်သို့ ရွှေ့ပြောင်းလျက် ရှိသည်။

၈။ နိသျှည်းတိုက်။ ဒီပဲယင်းတိုက် မြောက်ဖက်တွင်ရှိသည်။

၉။ ကုသိုလ်တော်တိုက်။ နိသျှည်းတိုက် မြောက်ဖက်တွင်ရှိသည်။

၁၀။ လုံးတော်တိုက်။ ကုသိုလ်တော်တိုက် မြောက်ဖက်တွင်ရှိသည်။

၁၁။ လက်ာရာမတိုက်။ လုံးတော်တိုက် မြောက်ဖက်တွင်ရှိသည်။

၁၂။ မကုဋာရာမတိုက်။ သီရိပဝရအတုလတိလောက မဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ မိဖုရား ခေါင်ကြီးက နိသျှည်းဆရာတော်အား တင်လှူသည်။

၁၃။ သစ်ဆိမ့်တိုက်။ မဟာခေမိကာရာမတိုက်— မန္တလေးတောင်ခြေ နဂါးကျစ်တောင်ခေါ် ဘီလူးမတောင်၏ အနောက်ဖက်၌ မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီးမယ်တော်၊ သာယာဝတီ ရွှေဘိုမင်း၏ မိဖုရားခေါင်ကြီးက ဆောက်လုပ်၍ သစ်ဆိမ့်ဆရာတော်အား တင်လှူသည်။ တိုင်ပေါင်း ၂၆၇ တိုင်ရှိသော ကျောင်းကြီးဖြစ်သည်။ ထိုအနီး၌ မင်းသမီးမထွေးလေး ဆောက်လုပ်လှူဒါန်း သော ကျောင်းရှိသည်။

သက္ကရာဇ် ၁၇၇၄ ခု ပြေိလ ၉ ရက်နေ့ (၁၂၄၅ ခု နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့ ၁ ချက်တီး ကျော် ၄ မောင်း)တွင် ရွှေမြို့တော်အနောက် ပြည်ကြီးကြက်သရေရပ်၊ ရွှေကျီးမြင့်ဘုရားအရှေ့ မိုးနဲ စားဟောင်းဝင်းမြောက်ဖက်မှ စ၍ မီးစွဲလောင်ရာ မြောက်သူရဲဈေးအထိလောင်၍ မီးမငြိမ်းမီ

နန်းမြို့တော်အနောက်ဝင်းတော်မှုး ဝင်းအိမ်ကစ၍ မီးစွဲငြိလောင်ပြန့်ရာ မြောက်ကို ရွှေပြည် မှန်ကင်းအစု၊ မာရဘင်အရှေ့မြောက် ထားဝယ်အနောက်ကွက်၊ အရှေ့ကွက်အိမ်များနှင့် မြို့ရိုး ပေါ်ရှိ ပြအိုးပြာသာဒ်၊ လေးသိန်းတံခါးပြာသာဒ်၊ နန်းစဉ်ကျီတော်များပါ မီးသင့်လောင်သည့်ပြင် မြောက်ပြင်ကိုဖြတ်၍ ဒီပဲယင်းတိုက်၊ ဆူးခါးတိုက်၊ လက်ာရာမတိုက်၊ မကုဋာရာမတိုက်၊ နိသျှည်းတိုက်၊ ကုသိုလ်တော်တိုက်၊ သောဘိတာရာမတိုက်၊ ပန်းဘဲတိုက်များပါ ကျောင်းပေါင်း ၇၈ ကျောင်း အနက် ၅၄ ကျောင်း မီးလောင်ပျက်စီးခဲ့သည်။ ယင်း ကျောင်းတိုက်ကြီးများသည် မြန်မာနိုင်ငံကို အင်္ဂလိပ်များ သိမ်းပိုက်ပြီးသည့်နောက်ပိုင်းတွင် စစ်တပ်နေရာချထားရန်၎င်း၊ မြင်းပြိုင်ကွင်းပြုလုပ် ရန်၎င်း သိမ်းယူ၍ ဘုန်းကြီးကျောင်းတိုက်ကြီးများကို မန္တလေးအနောက်ပြင် ရွှေတချောင်း အနောက်ဖက်သို့ ရွှေ့ပြောင်းပေးခဲ့သည်။

**မန္တလေးအနောက်ပြင်–ရွှေတချောင်းအနောက်ရှိ ကျောင်းတိုက်များ။**

(၁) ကူကြီးတိုက် (၂) မင်္ဂလာရာမတိုက် (ထီးတစောင်းဘုရားအနီး၊ ညောင်ကွဲရပ်တွင်ရှိသည်။)
(၃) ရှင်မြတ်ရှင်ကျောင်းတိုက်
(၄) ကံသစ်တိုက် (၅) တုတ်လှမ်းတိုက် (၆) လယ်ပြင်တိုက်
(၇) သိမ်တိုက် (၈) ရွှေပြည်တိုက် (၉) လက်နက်တိုက်ဝန်မင်းကျောင်းတိုက်
(၁၀) ရွှေလှံတိုက် (၁၁) ဝဇီရာလင်္ကာရာမတိုက် (၁၂) ဒီပဲယင်းတိုက်
(၁၃) ပင်လယ်တိုက် (၁၄) မဟာကုသိုလ်တော်တိုက် (၁၅) လုံးတော်တိုက်
(၁၆) နိသျှည်းတိုက် (၁၇) နေထွက်ဂူတိုက် (၁၈) ငါးကျမ်းတိုက်
(၁၉) ငါးဆူတိုက် (၂၀) ဘောင်းတော်ကျရေနားတိုက် (၂၁) စက်ဝန်မင်းကျောင်းတိုက်
(၂၂) စိတ္တရရာမတိုက် (၂၃) ကူကြီးတိုက်သစ် (၂၄) အာလ္လကပ္ပတိုက်
(၂၅) မိုးဗြဲတိုက် (၂၆) ခေမာသီဝံတိုက် (၂၇) ရွှေဒါးတိုက်
(၂၈) ကုန်သည်တော်တိုက် (၂၉) ဘင်္ဂါလီတိုက်။

**မန္တလေးအနောက်ပြင်–မဟာလောကရံသီအိမ်တော်ရာဘုရားအနီး ကျောင်းတိုက်များ။**

(၃၀) ဒက္ခိဏာဝံတိုက် (၃၁) ငွေခြိတိုက် (၃၂) မိုးကောင်းတိုက်
(၃၃) ထီးလင်းတိုက် (အနောက်) (၃၄) ပုဂံတိုက် (၃၅) မေဃဝတီတောင်သမန်တိုက်
(၃၆) စကုတိုက် (၃၇) ခင်မကန်တိုက် (၃၈) ငါးဆူတိုက်
(၃၉) ချမ်းသာရတိုက် (၄၀) ချမ်းသာကြီးတိုက် (၄၁) ဆင်တဲတိုက် (တိုက်သစ်)၊ ဆင်တဲတိုက် (တိုက်ဟောင်း)။

**မန္တလေးတောင်ပြင် ကျောင်းတိုက်များ။**

(၁) ပေါက်မြိုင်တိုက် (မရမံတိုက်–မရမံ လူမျိုးတို့ နေထိုင်ရာ ရပ်ကွက်အနီးတွင် ရှိသည်။)
(၂) ပေါင်းလဲတိုက် (ရှင်ပင်ပေါင်းလဲဘုရားရှိသည်)။
(၃) တောင်ခွင်တိုက် (တောင်ခွင်မြို့စား သတိုးမင်းကြီးမဟာမင်းထင်စည်သူ၏ ကောင်းမှု ဖြစ်သည်)။

(၄) ငွေထောင်တိုက် (ကျောင်းမြေယာကို ငွေတစ်ထောင်ပေး၍ ဝယ်ယူဆောက်သဖြင့် ငွေထောင်တိုက်ဟုခေါ်ကြောင်း မှတ်သားရသည်)။

(၅) သာကဝန်ကျောင်းတိုက်ခေါ် ကင်းဝန်မင်းကြီးကျောင်းတိုက် (နိုင်ငံခြားပုံစံဖြင့် မြန်မာ့ဗိသုကာများက ဆောက်လုပ်ခဲ့သည်။ ယခုအခါ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြုပြင်လျက်ရှိသည်)။

(၆) ဝိသုဒ္ဓာရာမတိုက် (ရွှေကျင်တိုက်ဖြစ်၍ အင်္ဂလိပ်ခေတ်မှ စက်ပိုင် ဦးလူကလေးက ဆောက်လုပ်သည်)။

(၇) မစိုးရိမ်တိုက် (ဆားပွဲစား ဦးကျော် ဆောက်လုပ်သည်)။

(၈) လေသာတိုက် (ယင်းတော်မြို့စား ဦးပေစိကုသိုလ်။ ရတနာပုံသာဘုရားအနီးမှာရှိသည်။)

(၉) ရွှေအင်ပင်တိုက် (တရုပ်သဌေး၏ ကောင်းမှုဖြစ်သည်။ မြန်မာ့အနုပညာများနှင့်ဆိုင်သည့် သစ်သားပန်းပုလက်ရာများတွေ့နိုင်သည်။ ရှေးဟောင်းသုတေသနဌာနမှ ပြုပြင်ပေးထားသည်)။

(၁၀) သင်္ဇာတိုက် (မန္တလေး သင်္ဇာချောင်းထိပ်တွင် ရှိသောကြောင့် သင်္ဇာတိုက်ဟုခေါ်သည်။ ၁၃၆၄ ခု၊ သက္ကရာဇ် ၇၂၆ ခု ရတနာပူရ အင်းဝမြို့တည် သတိုးမင်းတရားလက်ထက် ပတ္တူသင်္ဃရာဇာနေသော ကျောင်းနေရာဖြစ်၍ သင်္ဇာတိုက်ခေါ်ကြောင်း ပိဋကတ်တော်အုပ်မင်းဦးယံက **ပိဋကတ်သမိုင်း**တွင် ဆိုထားသည်)။

(၁၁) အကောက်ဝန်မင်းတိုက် (အကောက်ဝန်မင်းက ဆောက်လုပ်သော တိုက်ဖြစ်သည်)။

(၁၂) မဏိရတနာရာမတိုက် (သီပေါမင်းမိဖုရားခေါင်ကြီး စုဖုရားလတ် ဆောက်လုပ်လှူဒါန်းသော ကျောင်းတိုက်ဖြစ်သည်။ ယင်းနေရာသည် ပုခန်းမင်းသမီး၏ ဉယျာဉ်နေရာဖြစ်သည်။)

(၁၃) ဒက္ခိဏာရာမ ဘုရားကြီးတိုက် (၁၈၄၇ ခု ပုဂံမင်းလက်ထက် အတွင်းဝန်၊ ကျီဝန်၊ ရွှေပြည်ရန်အောင်မြင်းဝန် ရေနံချောင်းမြို့စား သတိုးမင်းကြီး မဟာသက်တော်ရှည် အမတ်ကြီး ဦးပွား ဆောက်လုပ်သော ကျောင်းတိုက်ဖြစ်သည်။)

(၁၄) စလေတိုက် (မြို့ဟောင်းဘူတာ မြောက်ဖက်တွင်ရှိ၍ ပုဂံမင်းလက်ထက် စလေမိဖုရား ဆောက်လုပ်သည်။)

(၁၅) သမီးတော်တိုက်

(၁၆) မယ်တော်တိုက်

(၁၇) ဆင်တဲတိုက် (သာယာဝတီ ရွှေဘိုမင်းလက်ထက် ဆင်တဲရွာဇာတိ အတွင်းဝန်မင်းကြီး မဟာသက်တော်ရှည်က ဆောက်လုပ်၍ ဆင်တဲဆရာတော်ကို တင်လှူခဲ့သည်။)

(၁၈) ရေလည်ကုသိန္နာရုံတိုက် (ပုဂံမင်းလက်ထက် အနောက်နန်းမိဖုရား မမြလေး ဆောက်လုပ်သည်)။

(၁၉) ငါးစိုတိုက် (ဒက္ခိဏာရာမတိုက် အနောက်တောင်၊ ဦးပွားတံတားအနောက်ဖက်တွင်ရှိသည်။ ပုဂံမင်းလက်ထက် ငါးစိုဝန်က ဆောက်သည်)။

(၂၀) အသောကရာမတိုက် (အမရပူရမြို့၊ ဘိုးတော်ဘုရားဗဒုံမင်း စတင်ဆောက်လုပ်သည်။ နောက်ပုဂံမင်းလက်ထက် အလယ်နန်းမိဖုရားက ဆက်လက်ဆောက်လုပ်သည်၊ ကျောက်စာရှိသည်။)

(၂၁) အောင်မြေရွှေဘုံတိုက် (ဒက္ခိဏာရာမတိုက် အရှေ့တောင်ယွန်း၊ တောင်ရွာသစ်မြောက်ဖက်။ မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီး ဆောက်လုပ်သည်။)

(၂၂) ဘုံကျော်တိုက် (အောင်မြေရွှေဘုံတိုက် မြောက်ဖက် အခွန်စာရေးကြီးက ဆောက်လုပ်၍ ဘုံကျော်ဆရာတော်အား တင်လှူသည်။)
(၂၃) ညောင်ကန်တိုက်၊ ဘုံကျော်တိုက် မြောက်ဖက်တွင် ရှိသည်။
(၂၄) အင်းနားထီးလင်းတိုက် အုတ်ကျောင်းတိုက်ဟုလည်း ခေါ်သည်။ (အမရပူရခေတ်တွင် တက်သေးအင်းနားမှ ပြောင်းရွှေ့လာသော ကျောင်းတိုက်ဖြစ်၍ အင်းနားထီးလင်းဟုခေါ်သည်။)
(၂၅) ကုသိန္နာရုံတိုက် (ကျောင်းတိုက်အနီး ကုသိန္နာရုံကျောင်းရှိသည်၊ အမရပူရခေတ်ကပင် တည်ရှိသော ကျောင်းတိုက်ဖြစ်သည်။)
(၂၆) ဆီးပနီတိုက်သစ် (အင်းနားတိုက်သစ် အရှေ့ဖက်တွင်ရှိသည်။)
(၂၇) မင်းထင်တိုက် (ဆီးပနီတိုက်သစ်မြောက်မှာရှိသည်။ သီပေါမင်းလက်ထက် သံတော်ဆင့် မင်းထင်ပြာရှပ် ဆောက်လုပ်သည်။)
(၂၈) မိုးတားတိုက် (မင်းကြီးမင်းလှမဟာကျော်ထင်ဘွဲ့ခံ မိုးတားဝန်ထောက် ဆောက်လုပ်သည်။ ရွှေးသိမ်ကျွန်းပြာသာဒ်တွင် ရာမဇာတ်ရုပ်များထုလုပ်ထားသည်)။
(၂၉) ရွှေရေးဆောင်တိုက်၊ မဟာမုနိဘုရားကြီး အနောက်ဖက်တွင် ရှိသည်။ ၁၈၂၁ ခုတွင် ဗဒုံမင်း၏ တောင်ရွှေရေးဆောင် မိဖုရားက ဆောက်လုပ်ခဲ့သဖြင့် ရွှေရေးဆောင် ကျောင်းတိုက်ဟု တွင်သည်။ အတွင်းဝန်ဦးဘိက သီပေါမင်းလက်ထက်တွင် နိုင်ငံခြားပုံစံ အုတ်တိုက်ကျောင်း ဆောက်လုပ်ခဲ့သည်။
(၃၀) မြင်းဝန်တိုက်(ဘုရားကြီး ၄၅ တာမြောက်ဖက်တွင် မြင်းဝန်မင်းကြီးက ဆောက်လုပ်သည်။ မင်းတုန်းမင်းလက်ထက် လက်ပံစဉ်မိဖုရား စန္ဒာဒေဝီက ကျောင်းသစ် ဆောက်လုပ်လှူဒါန်းသည်)။
(၃၁) နန်းဦးတိုက် (ယခု ဆ၊ လ၊ က ကော်ပိုရေးရှင်းရုံး၏ တောင်ဖက်တွင် ရှိသည်)။
(၃၂) ဓမ္မာရုံစံကျောင်းတိုက် (မင်္ဂလာဈေးအနောက်တောင်ယွန်းတွင်ရှိသည်)။
(၃၃) မြေနီကျင်းတိုက် (ဓမ္မာရုံစံကျောင်းတိုက် အနောက်ဖက်တွင်ရှိသည်)။
(၃၄) ဆီးပနီတိုက်ဟောင်း (မန္တလေးတက္ကသိုလ်ဝင်းအတွင်း ရှိသည်။ မြတောင်မြို့စား သေနတ်ဝန်ကြီး ဆောက်လုပ်ခဲ့သည်)။
(၃၅) စီးတော်မြင်းဝန်တိုက် (အထက်ဆီးပနီတိုက် အနောက်ဖက်တွင်ရှိသည်။ စီးတော်မြင်းဝန်က ဆောက်လုပ်သည်)။
(၃၆) ဗန်းမော်တိုက် (ယခင်က ဆီးပနီတိုက်အနီး၌ရှိခဲ့သည်။ တက္ကသိုလ်ဝင်းအတွင်းမှ ယခုအခါ ရွှေ့ပြောင်း၍ ဗောဓိကုန်းအရပ်၌ ဆောက်လုပ်ထားသည်။ တက္ကသိုလ်ဝင်းအတွင်းရှိ ဘုန်းတော်ကြီး ကျောင်းတိုက်များအားလုံးကို စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးဌာန ဖွင့်လှစ်သောအခါ ပြောင်းရွှေ့ပေးရသည်။
(၃၇) ရွှေတိဂုံတိုက်
(၃၈) မာရ်အောင်တိုက်
(၃၉) မှန်ကင်းတိုက်
(၄၀) ကတိုးတိုက်
(၄၁) ရှင်ပင်အုန်းအင်းကျောင်းတိုက်တို့သည် မန္တလေးမြို့ တောင်ပြင်အစွန်း၌ရှိကြသည်။

မန္တလေးတောင်ကို အခြေပြု၍ လေးမျက်နှာတွင် ကျောင်းတိုက်များကို သီးခြားပြအပ်ပေသည်။

မန္တလေးတောင် မြောက်ဖက်တွင် မဟာဓမ္မိကာရာမခေါ် ရွှေကျင်ငါးတိုက်ရှိသည်။ ယင်းတို့မှာ
(၁) ထရံကာတိုက်(ခေါ်)မိုင်းလုံတိုက်
(၂) ရမည်းသင်းတိုက်
(၃) မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး (လင်ပန်းတိုက်စား မိဖုရားဆောက်လုပ်ခဲ့သည်၊ သစ်သားကျောင်းအိုကြီးမှာ ပျက်စီးလုနီးနီးရှိသည်)။
(၄) မင်းကင်းတိုက်
(၅) မြတောင်တိုက်၊ မဏိပဗ္ဗတိုက်ဟုလည်း ခေါ်သည်။

မန္တလေးတောင်အရှေ့ဖက်ရှိ ကျောင်းတိုက်ကြီးများမှာ
(၁) ဝေဠုဝန်တိုက်၊ သံလျက်မော်(သရက်မော်)စံနန်းတော်ကိုရွှေ၍ ဆောက်လုပ်သော ကျောင်းတိုက်ဖြစ်သည်။ မူလ၌ တိုင်ပေါင်း ၃၂၀ ရှိသည်။
(၂) ဂုံညင်းဆိမ့်တိုက်
(၃) မဟာအတုလဝိဇယပုညတိုက်
(၄) ဇေယျမင်္ဂလာရာမတိုက်
(၅) သောဘိတာရာမတိုက်

အမှတ်(၃)မှ (၅)အထိ ကျောင်းတိုက်များကို သီပေါမင်း၏ မိဖုရားကြီး စုဖုရားလတ်ဆောက်လုပ်ခဲ့၍ ထိုနေရာများတွင် အင်္ဂလိပ်လက်ထက် စစ်တပ်များထားရှိသဖြင့် ကျောင်းတိုက်များ ရွှေပြောင်းပေးခဲ့ရသည်။

မန္တလေးတောင် အနောက်ဖက်နှင့် မန္တလေးမြို့မြောက်ပြင်တွင်ရှိသော ကျောင်းတိုက်များမှာ (၁)ယောမင်းကြီး အုတ်ကျောင်းတိုက် (၁၈၆၆ ခုနှစ်တွင် ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင် ဆောက်လုပ်ခဲ့သော ကျောင်းဖြစ်သည်။ ပုံစံသည် နိုင်ငံခြားပုံစံဖြစ်သည်)။ (၂) မှန်ကင်းတိုက် (မီးပါဈေးအနီး အိမ်ရှေ့ကနောင်မင်းသား ဆောက်လုပ်သော ကျောင်းဖြစ်၍ လောကမှန်ကင်းဆရာတော်အား တင်လှူကြောင်း မှတ်သားရသည်)။ (၃)ညောင်ကွဲတိုက်(၄)ရွှေကျောင်းတိုက်(၅) လေးမျက်နှာတိုက် (၆)အိုးဘိုတိုက် (၇)မတ္တရာတိုက်မ (၈)မတ္တရာတိုက်ခွဲခေါ် ဝါဆိုတိုက် (၉)ဆိမီးထွန်းတိုက်တို့ ဖြစ်ကြသည်။

အထက်တွင် မန္တလေးခေတ် သာသနာဆိုင်ရာ ကျောင်းတိုက်အမည်များကို ဖော်ပြခဲ့ရာ၌ မင်းတုန်းမင်း မန္တလေးမြို့သို့ မရွှေပြောင်းမီက ရှိနှင့်သော ကျောင်းတိုက်များ၊ မင်းတုန်းမင်းလက်ထက်နှင့် သီပေါမင်းလက်ထက်မှ ဆောက်လုပ်သော ကျောင်းတိုက်များနှင့်တကွ ပါတော်မူပြီးခေတ်၌ ပြောင်းရွှေဆောက်လုပ်သော ကျောင်းများအကြောင်းကိုပါ ဖော်ပြထားပါသည်။ ထို့ပြင် တိုးပွားဆောက်လုပ်ခဲ့သော ကျောင်းတိုက်အချို့ကိုလည်း ပြည့်စုံစေရန် စုပေါင်းဖော်ပြထားပါသည်။ ယင်းသို့သော ကျောင်းတိုက်ကြီးများကို အစွဲပြု၍ အချို့နီးရာ လူနေရပ်ကွက်များသည် ကျောင်းတိုက်အမည်ဖြင့် ခေါ်ဝေါ်ပြောဆိုသည်များလည်း ရှိသည်။

သာသနာရေးဆိုင်ရာ ကျောင်းဝင်းများနှင့် စပ်လျဉ်း၍ မှတ်စလင် မြန်မာများအတွက်လည်း မြန်မာဘုရင်အမိန့်ဖြင့် ပလီများဆောက်ခဲ့သည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများလည်း ရှိသေးသည်။ ရပ်ကွက်အမည်များကိုလည်း ယင်းတို့ဆိုင်ရာ ပလီဘုရားရှိခိုးကျောင်းတို့နှင့် ဆက်စပ်၍ ခေါ်ဝေါ်ကြသည်လည်းရှိသည်။ သို့သော် ပြကွက်ကြီးအလိုက် ကျယ်ဝန်းသော အကွက်ကြီးများ မဟုတ်ချေ။ မန္တလေးသမိုင်း အပြည့်အစုံ တင်ပြသောအခါတွင် ပလီများအကြောင်း၊ ဘုရားရှိခိုးကျောင်းများအကြောင်း ဖော်ပြပါမည်။

ထို့ပြင် လူမှုရေးဆိုင်ရာနှင့် ပတ်သက်သော သင်္ချိုင်းများကို တင်ပြပါဦးမည်။ မန္တလေးမြို့ မတည်မီက နေရာခပ်များများတွင် ရှေးသင်္ချိုင်းအကွက်များ ရှိခဲ့သည်။ ယခု ထင်ရှားရှိသော သင်္ချိုင်းများသည် သင်္ချိုင်းတော်၊ ဆွေတော်မျိုးတော်သင်္ချိုင်း၊ ရွာဟိုင်း၊ ဆင်ဖြူကန်၊ ဥသျှစ်ကုန်း၊ ခံကုန်း၊ တံတားကြီး၊ အုပ်စက်၊ ဦးကောသ၊ တရုပ်သင်္ချိုင်း၊ ဗရင်ဂျီသင်္ချိုင်း၊ အင်္ဂလိပ်သင်္ချိုင်းများ ဖြစ်သည်။ ယင်းသင်္ချိုင်းများမှ သင်္ချိုင်းစာတို့သည် သမိုင်းကို ပြန်လည်၍ ပြောလျက်ရှိသည်။ မန္တလေး လူနေမှုစနစ်ဆိုင်ရာ အကြောင်းများကို သင်္ချိုင်းစာများဖြင့်လည်း သုတေသနပြုလုပ်ရန် လိုအပ်ပေသည်။

## နိဂုံး

မန္တလေးမြို့ ရပ်ကွက်သမိုင်းသည် မန္တလေး ရတနာပုံမြို့တည်သည့် ၁၇၅၉ မှ ၁၈၈၅ ခုနှစ် (၁၂၂၀–၁၂၄၇) အထိ ဖြစ်သောကာလအတွင်း မန္တလေးမြို့တွင် တွေ့ရသော ရပ်ကွက်အကြောင်း အရာများကို အဓိကထား၍ ရေးသားပြုစုပါသည်။ သို့ပါသော်လည်း ၁၇၅၉ ခုနှစ်မတိုင်မီက အကြောင်းများနှင့် ၁၈၈၅ ခုနှစ် နောက်ပိုင်း အကြောင်းရပ်များကို သက်ဆိုင်သော ကဏ္ဍ အပိုင်းများတွင် ဖော်ထုတ်၍ ပြဆိုထားပါသည်။ မန္တလေး ရတနာပုံခေတ်အတွင်း မန္တလေး နေပြည်တော်တွင် နေထိုင်သော လူဦးရေသည် တသိန်းကျော် နှစ်သိန်းနီးပါးခန့် ရှိကြောင်း မှတ်သားရသည်။ ယခုလက်ရှိ လူဦးရေသည် လေးသိန်းခန့် ရှိသည်။ ရှေးနှင့် ယခု နှိုင်းယှဉ်ပါက ရှေးခေတ် မန္တလေး လူနေမှုစနစ်သည် ယခုခေတ် လူနေမှုစနစ်နှင့်မတူ၊ ပြောင်းလဲလျက် ရှိနေသည်ကို တွေ့နိုင်ပါသည်။ မြန်မာများ ထီးကျိုး စည်ပေါက် မင်း ကေရာဇ်ပါ နယ်ချဲ့လက်သို့ ရောက်သွားရပြီး သည့်နောက် မြန်မာနိုင်ငံတွင် ပဒေသရာဇ် စနစ်သည် တိမ်ကော၍ သုဉ်းသွားသည်။ သို့သော် မြန်မာ့ယဉ်ကျေးမှုများကား မန္တလေးရတနာပုံမြို့တွင် အတော်အတန် ကြံ့ကြံ့ခံ၍ ထိန်းထိန်း သိမ်းသိမ်းရှိခဲ့သည်။ နိုင်ငံခြားယဉ်ကျေးမှုများကလည်း ထိုးဖောက်ဝင်ရောက်လျက် ရှိသည်။

ရှေးခေတ်မန္တလေး လူနေမှုစနစ်အရ လုပ်ငန်းဆိုင်ရာ လက်မှုပညာသည်များသည် မိမိတို့ ကျွမ်းကျင်သည့် လုပ်ငန်းများကို ထိန်းသိမ်းလုပ်ဆောင်ခဲ့ကြသည်။ အချို့သော လုပ်ငန်းများကို ရပ်ကွက်အလိုက် လုပ်ငန်းအမည်များနှင့် တွေ့ရ၍ ယခုတိုင် ဆက်လက်လုပ်ကိုင်နေကြသည်ကို တွေ့နိုင်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကလည်း ယင်းလုပ်ငန်းများဆိုင်ရာ အတတ်ပညာရှင်များကို တတ်နိုင်သည့်ဘက်မှ အားပေးကူညီလျက် ရှိသည်။ စာပေပညာရှင်များ ကလည်း အလေ့အလာပြု၍ မှတ်တမ်းတင်စာအုပ်များ ထုတ်ဝေကြသည်။

သို့ပါသော်လည်း အချို့အချို့သော လုပ်ငန်းဆိုင်ရာ ပညာရပ်များသည် တိမ်ကောပပျောက်နေ၍ စိုးရိမ်ဘွယ်ဖြစ်သည်။ ကျွမ်းကျင်သော ပညာသည်များ တစတစ နည်းလာသည်။ ရှေးက မိရိုးဖလာ လုပ်ငန်းကို သားစဉ်မြေးဆက် လုပ်ကိုင်ကြသည်။ ယခုအခါ မိဘလက်ငုတ်ကို ဆက်ခံသူ အရေအတွက် နည်းလာသည်။ ထို့ကြောင့် လုပ်ငန်းဆိုင်ရာ ပညာရပ်များကို နိုင်ငံတော်အစိုးရက အနုပညာကျောင်းများ၊ ပန်းချီကျောင်းများ၊ လက်မှုအတတ်ပညာကျောင်းများ ဖွင့်ပေးထားသည်။ မန္တလေး ရတနာပုံမြို့သည် မြန်မာ့ယဉ်ကျေးမှု၏မြို့တော်ဟု ဆိုနိုင်သည်။ မြန်မာ့ယဉ်ကျေးမှု၏ အုတ်မြစ်ဖြစ်သော စာပေပရိယတ္တိ သင်ယူရာ တက္ကသိုလ်ကြီးလည်း ဖြစ်သည်။ ထို့ကြောင့် ရှေးခေတ် မန္တလေးမြို့ ရပ်ကွက်သမိုင်းကို လေ့လာ၍ မျက်မှောက်ခေတ်တွင် မြန်မာ့ယဉ်ကျေးမှုများ ထိန်းသိမ်းရေး၊ ရှေးခေတ်ဟောင်းမှ ကောင်းနိုးရာများကို ထုတ်နုတ်လျက် တိုးတက်ဖွံ့ဖြိုးစေရေးတို့အတွက် ကြံစည်လုပ်ဆောင်နိုင်ရန် ဤစာတမ်းကို တင်ပြအပ်ပေသည်။

## ကျမ်းကိုးစာရင်း


| | |
|---|---|
| အရှင်ဇနကာဘိဝံသ | မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနာဝင်၊ မန္တလေး၊ ၁၃၀၉ တပေါင်းလ |
| ပုဂံဝန်ထောက်ဦးတင် | မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ရန်ကုန်၊ ၁၉၇၀၊ တတိယပိုင်း |
| ယင်းခဲမောင်မောင် | မန္တလေးတောင်သမိုင်း၊ မန္တလေး၊ ၁၉၇၀ |
| စည်သူမောင်မောင်ကျော် | မန္တလေးမြို့တည်နန်းတည်စာတမ်း၊ မန္တလေး၊ ၁၃၂၁ |
| ဦးမောင်မောင်တင် | ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ မန္တလေး၊ |
| ဦးမောင်မောင်တင် | ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ (၃ တွဲ) |
| ဦးမောင်မောင်တင် | စလေဦးပုညသမိုင်း၊ မန္တလေး၊ ၁၂၈၉ ဝါခေါင်လ |
| ရတနာပုံသိုးမှတ်စု | မန္တလေး၊ မန္တလေး၊ ၁၃၀၈ နယုန်လ |
| ရွှေကိုင်းသား | အနှစ်တရာပြည့်မန္တလေး၊ မန္တလေး၊ ၁၃၂၁ ကဆုန်လ |
| ဆရာလွန်း | မန္တလေးမြို့ ရွှေရေးဆောင်ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိကထာ၊ မန္တလေး၊ ၁၂၉၇ |
| အရှင်ဝိစာရ | မဏိစလထေရုပ္ပတ္တိကျမ်း၊ မန္တလေး၊ ၁၃၀၁ ပထမဝါဆိုလ |
| သီရိစတုရင်္ဂဗလဦးဘေ | ရတနာမဥ္ဇူဘုရားကျောက်စာနှင့်အတ္တုပ္ပတ္တိစာတမ်း၊ မန္တလေး၊ ၁၃၁၆ |
| သူရိယာဘိဝံသထေရ် | ငွေတောင်ဆရာတော် အရှင်ကဝိန္ဒမဟာထေရုပ္ပတ္တိဝိဘာရဝနီ၊ ရန်ကုန်၊ ၁၂၉၃ ပြာသိုလ |
| ဒေါက်တာသန်းထွန်း | နယ်လှည့်ရာဇဝင်၊ ရန်ကုန်၊ ၁၉၆၈၊ ဒုတိယတွဲ |
| အရိယာဝံသအာဒိစ္စရံသီ | စေတီယကထာ၊ ရန်ကုန် |
| ဦးအောင်ပုံ | ဆူးခါးဆရာတော်ဘုရားကြီးထေရုပ္ပတ္တိ၊ မန္တလေး၊ ၁၃၁၇ တပေါင်းလ |
| | မန်းရာပြည့်စာစောင်၊ မန္တလေး၊ ၁၃၂၁ ကဆုန်လ |
| Ba, Vivian | "The Early Catholic Missionaries in Burma", *The Guardian Magazine*, (August & September 1962) |
| Ba, Vivian | "The Confidential Mission of Count Henri de Sercey", *The Guardian Magazine*, (August and September 1964) |
| Morris, T.O.& Maung Maung Tin | "Mindon Min's Development Plan for Mandalay Area", *Journal of the Burma Research Society*, XIIX, Part II, (June 1966) |
| Searle, H.F. | *The Mandalay District Gazetteer*, Rangoon, 1928, Vol. A. |
| Symes, Michael | *Account of an Embassy to the Court of Ava*, London, 1800 |

# မြန်မာ့ နန်းစဉ်ရတနာများ



# မြန်မာ့ နန်းစဉ်ရတနာများ

မြန်မာ့ နန်းစဉ်ရတနာများ ဆိုသည်မှာ မြန်မာမင်း အဆက်ဆက် တန်ဖိုးထား အသုံးပြုခဲ့ကြသော အသုံးအဆောင်ပစ္စည်း ရတနာများကို ခေါ်သည်။ မြန်မာပြည်သည် အဖိုးတန် သယံဇာတများ၊ တွင်းထွက် ကျောက်မျက်ရတနာများနှင့် ပြည့်နှက်နေသော နိုင်ငံတစ်နိုင်ငံအဖြစ် နှစ်ပေါင်းများစွာကပင် ရပ်တည်လာခဲ့သလို ကမ္ဘာ့ကျော်စေခဲ့သော အဖိုးတန် ကျောက်မျက် ရတနာတွေ ကြောင့်လဲ ကမ္ဘာ့အလည်မှာ နာမည်ဂုဏ်သတင်း ကျော်ဇောခဲ့ပါသည်။ မြန်မာ့ နန်းစဉ်ရတနာ များသည် (တစ်နည်း) သမိုင်းဝင် ရတနာတွေပင် ဖြစ်သည်။

ရတနာပုံ ရွှေတိုက်တော်စာရင်းအရ မြန်မာ့နန်းစဉ်ပတ္တမြားတွေက-

၁။ သက္ကရာဇ် ၁၀၃၂ (အေဒီ ၁၆၆၁) လောက် ကတည်းက ရှိခဲ့တဲ့ အလေးချိန် ရတီကိုးဆယ် ကျော်ရှိသော ပတ္တမြား ငမောက်
၂။ ဗဒုံမင်းလက်ထက်ကတည်းက ရှိခဲ့တဲ့ ရတီချိန် နှစ်ဆယ်ခန့်ရှိတဲ့ လှော်ကားတင်ကလေး ဟုခေါ်သော ပတ္တမြား
၃။ သက္ကရာဇ် ၁၁၉၉ (အေဒီ၁၈၃၇) ခုနှစ် ရွှေဘိုမင်း လက်ထက်ကတည်းက ရှိခဲ့တဲ့ရတီချိန် လေးဆယ်ကျော် လှော်ကားတင်ကြီး ဟုခေါ်သော ပတ္တမြား
၄။ အလေးချိန် လေးဆယ်ရတီရှိ ဆင်ဖြူတော် ဟုခေါ်သော ပတ္တမြား
၅။ အလေးချိန် ဆယ်ရတီရှိ ဆင်မတော် ဟုခေါ်သော ပတ္တမြား
၆။ စံထားအသုံးပြုရတဲ့ အချိန်ခြောက်ရတီရှိတဲ့ စံကျောက်တော် ဟုခေါ်သော ပတ္တမြား တို့ဖြစ်သည်။

# ရတနာ အညွှန်းများ Contents


၁။ ရွှေခေါင်းဆောင်း(သရဖူ)

၂။ ပတ္တမြား ခေါင်းဘီး

၃။ လည်တုန်

၄။ ၁၉ ရာစု လည်ဆွဲဘယက်

၅။ ၁၉ ရာစု ခြေချင်းတစ်စုံ

၆။ နဂါးလက်ကောက်

၇။ ဝန်ကြီးအဆောင်ယောင်

၈။ ရတနာပုံ ငွေဒင်္ဂါး

၉။ မန္တလေးနန်းသုံးယပ်တောင်

၁၀။ ၁၈၅၄ခုနှစ်က ပန်းချီကား

၁၁။ ဘုရားလောင်းဗောဓိသတ်လောကနာထ

၁၂။ ခေါင်း၃လုံး ဗြဟ္မာနတ်မင်း

၁၃။ ၁၂ ရာစု ပုဂံ စဥ့်ထည် ကျောက်ပြား

၁၄။ မာန်စစ်သည် မြွေခေါင်းထွက်

၁၅။ မာန်နတ်မင်းရဲ့ သမီးပျို

၁၆။ နဝတ ပတ္တမြားကြီး

၁၇။ ကမ္ဘာ့အကြီးဆုံး မွေးပုလ

ရွှေခေါင်းဆောင်း(သရဖူ)



အမျိုးအစား - ရွှေခေါင်းဆောင်း

အချိန်ကာလ - ဘုရင်မကြီး ရှင်စောပု(၁၄၅၃-၁၄၆၀)အသုံးပြုခဲ့သည်ဟု ယူဆရသည်။

တွေ့ရှိရာနေရာ - (၁၈၅၅)ရွှေတိဂုံဘုရား ၊ မြန်မာ

ပြုလုပ်ပုံနည်းပညာ - ရွှေသားဖြင့်ပြုလုပ်ထားပြီး ရတနာ စီခြယ်ထားသော ခေါင်းဆောင်း

အရွယ်အစား - မသိ

လက်ရှိတည်နေရာ - လန်ဒန်မြို့ ဗိတိုရိယနှင့် အယ်လဗတ်ပြတိုက်

ပြတိုက်ပစ္စည်း အမှတ် -

စကားချပ်။ ။ရှင်စောပုဘုရင်မကြီး အသုံးပြုခဲ့သည်ဟုဆိုသော ရွှေခေါင်းဆောင်းတစ်ခုကို လန်ဒန်မြို့ ဗိတိုရိယနှင့် အယ်လဗတ်ပြတိုက်ကြီးတွင် ယနေ့တိုင် ပြသထားလေသည်။

ပတ္တမြား ခေါင်းဘီး



အမျိုးအစား - ပတ္တမြား ခေါင်းဘီး

အချိန်ကာလ - ၁၈ ရာစုရဲ့ နောက်ဆုံး ၂၅ နှစ်

တွေ့ရှိရာနေရာ - မန္တလေး၊ မြန်မာ

ပြုလုပ်ပုံနည်းပညာ - သစ်သား ပေါ် ရွှေကပ်၊ ပတ္တမြား နှင့် မြ ကို ရွှေပေါ်မှာ မြုပ်ပြီး အလှဆ

အရွယ်အစား - အရှည် ၈.၂ စင်တီမီတာ ၊ ဘေးတိုက်အကျယ် ၅.၁ စင်တီမီတာ

လက်ရှိတည်နေရာ - ဗစ်တိုးရီးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်

ပြတိုက်ပစ္စည်း အမှတ် - IS.2-1902

စကားချပ်။ ။မြင်နေကျ မြန်မာဟန်ပန်အတိုင်းဖြစ်သည်။ ထို ၂ ဘက်လှ သစ်သားဘီးလေး သ
အပေါ်က ကပ်ထားသည်။ ပတ္တမြား နှင့် မြ ကို စီမြုပ်ပြီးအလှဆင်ထားသည်။ ဘီး၊ ဆီ ( ခေါ
အလှဆီ)၊ ရေမွှေး၊ သနပ်ခါး နှင့် ဆံစု စတာတွေ ပါတတ်တဲ့ နန်းတွင်း အမျိုးသမီး တစ်ဦး
သေတ္တာ ထဲမှ တစ်ခု အပါဝင်ပါသည်။ အဖိုးတန် ရတနာ ပစ္စည်းများ နှင့်အလှဆင်ထားသေ
ဘီး သည် ကုန်းဘောင် မင်းဆက် ( ၁၇၂၅-၁၈၈၅ ) မိဘုရား နှင့် မင်းမျိုးမင်းနွယ် တွေသာ သ
တော်ဝင် ပစ္စည်း တစ်ခုဖြစ်သည်။

(ဇကရီဘုရင်မကြီးထံ ပေးပို့သည့် ပစ္စည်းများထဲတွင် သီပေါ၏ အကောင်းဆုံး သရဖူတစ်ခု၊ 
သရဖူမှ မြကျောက်ကြီးသုံးလုံး၊ သရဖူထဲမှ ကျွတ်ကျသည့် ကျောက်အလွတ် ၈ လုံးထည့်ထာ
စက္ကူအိတ်တစ်လုံး၊ စိန်ဒေါင်းရုပ်ပါသည့် ဘယက်တစ်ကုံး နှင့် ရွှေဘီး တစ်ချောင်း တို့ပါသည

လည်တုန်



လည်တုန်
အမျိုးအစား - လည်ဆွဲဘယက်
အချိန်ကာလ - ၁၉ ရာစုနှစ် နှစ်လယ်
တွေ့ရှိရာနေရာ - တနင်္သာရီ၊ မြန်မာ
ပြုလုပ်ပုံနည်းပညာ - ရွှေချည် နဂထာ ကို နီကျင်ကျင်အရောင်ဆင်း ရရှိအောင် မဂျီးသီး(မန်ကျည်းသီး) နှင့် ရွှေကို ရေနွေးထဲ ထည့် ပြုပ်တယ်၊ ဒါမှမဟုတ် ဆာလဖာ ကိုမီးရှို့ပြီး ရွှေအရောင်ရင့်လာ အောင်မှိုင်းတိုက် တယ်။
အရွယ်အစား - အရှည် ၂၈ စင်တီမီတာ ၊ အကျယ် ၈ စင်တီမီတာ
လက်ရှိတည်နေရာ - ဗစ်တိုးရိုးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်
ပြတိုက်ပစ္စည်း အမှတ် - 123-1852
၁၉ ရာစုအလယ်ပိုင်း မှာ မြန်မာအမျိုးသမီးများ ဝတ်သည့် လည်ဆွဲ ။ နီကျင်ကျင်အရောင်ရှိပြီး လည်မှာ ဆွဲထားရင် တလှုပ်လှုပ်နှင့် မို့ "လည်တုန်" လို့ခေါ်သည်။ အပြောက်အမွန်းကောင်းကောင်း၊ ဆွဲသီး အတော်များများ (၂၃ ခု) ၊ ကုန်းဘောင်မင်းဆက် (၁၇၅၂-၁၈၈၅) အမှတ်လက္ခဏာ ဒေါင်းတံဆိပ် တို့နှင့် အလှဆင်ထားသဖြင့် ဝတ်ဆင်သူသည် အင်မတန် အဆင့်တန်းမြင့်သော အသိုင်းဝိုင်းကဖြစ်ပေမည်။ စကားချပ်။ ။ထားဝယ်မှာ ဆင်ဖြူမရှင် နေထိုင်စဉ် ထုတ်ရောင်းသော ပစ္စည်းများ ထဲမှ တစ်ခုဖြစ်မယ်ဟု ထင်ပါသည်။

၁၉ ရာစု လည်ဆွဲဘယက်



အမျိုးအစား - လည်ဆွဲဘယက်

အချိန်ကာလ - ၁၉ ရာစု

တွေ့ရှိရာနေရာ - မန္တလေး၊ မြန်မာ

ပြုလုပ်ပုံနည်းပညာ - ရွှေချည်ကြိုးငယ်များတွင် ပုလဲလုံးငယ်ကလေးများ သီကုံး၍အလှဆင်။

အရွယ်အစား - မသိ

လက်ရှိတည်နေရာ - ဗစ်တိုးရီးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်

ပြတိုက်ပစ္စည်း အမှတ် - 03165(IS)

စကားချပ်။ ။ပုလဲလုံးငယ်လေးတွေကို ရွှေချည်ကြိုးတွေနှင့် သေချာသီပြီး အလှဆင်ထားတဲ့ ဒီလည်ဆွဲဘယက် ဟာ လူတစ်ကိုယ်အတွက် တစ်ဆင်စာ ခြေချင်း၊ လက်စွပ်၊ နားတောင်း ၊ လည်ဆွဲ စတာတွေထဲက တစ်ခု အပါအဝင်ဖြစ်ပါတယ်။ ဒီလို လူတစ်ကိုယ်အတွက် တစ်ဆင်စာပြည့် ဝတ်စားဆင်ယဉ်မှုဟာ မျိုးရိုး အဆင့်တန်းမြင့် မြန်မာအမျိုးသမီး တစ်ဦးအတွက်တော့ မရှိမဖြစ်ပါ။

(ပြတိုက်ကတော့ မင်းတုန်းမင်း ခေတ်လို့ အရိပ်အမြွက်ပြောနေပါတယ်။)

၁၉ ရာစု ခြေချင်းတစ်စုံ



၁၉ ရာစု ခြေချင်းတစ်စုံ

အမျိုးအစား - ရွှေခြေချင်း

အချိန်ကာလ - ၁၉ ရာစု

တွေ့ရှိရာနေရာ - မန္တလေး၊ မြန်မာ

ပြုလုပ်ပုံနည်းပညာ - ရွှေသားစစ်စစ် တွင် ပတ္တမြား အရိုင်းတုံးများဖြင့်အလှဆင်။

အရွယ်အစား - အပြင်ဘက် ကွင်းအကျယ် ၈.၉ စင်တီမီတာ ၊ အတွင်းဘက် ကွင်း အကျယ် ၈.၂ စင်တီမီတာ။

လက်ရှိတည်နေရာ - ဗစ်တိုးရိုးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်

ပြတိုက်ပစ္စည်း အမှတ် - 03159:1, 2/(IS)

စကားချပ်။ ။ရွှေသားစစ်စစ်မှာ မသွေးရသေးတဲ့ ပတ္တမြား အရိုင်းတုံးကလေးတွေနှင့် အလှဆင်ထားတဲ့ ဒီ မိန်းမဝတ် ခြေချင်းတစ်စုံ ဟာ ၁၉ ရာစုအစော ပိုင်းနှစ်များ ဆီကပါ။ ဒီလို တန်ဖိုးကြီးပြီး လှပနစ်လို ဖွယ်ရာ ရတနာကို ဝတ်ဆင်သူဟာ ဘုရင့် မိသားစုဝင်၊ ဆွေတော်မျိုးတော် ဒါမှမဟုတ် ဝန်ကြီးကတော် တွေထဲက ဘဲဖြစ်နိုင်ပါတယ်။

နဂါးလက်ကောက် လည်ဆွဲ လက်ကောက်





အမျိုးအစား - လက်ကောက်၊ လည်ဆွဲ အပါ ရတနာ တစ်ဆင်စာ

အချိန်ကာလ - ၁၉ ရာစု (၁၈၅၀)

တွေ့ရှိရာနေရာ - မန္တလေး၊ မြန်မာ

ပြုလုပ်ပုံနည်းပညာ - ကျစ်ဆံမြီးကျစ် ထားသလိုမျိုး ရွှေကြိုး ဖွတ်မြီးထိုးမှာ ပတ္တမြားဖြင့်ပုံဖော်အလှဆင်။

အရွယ်အစား - အရှည်(အလျား) ၇ လက်မ၊ အနံ ၀.၂၅ လက်မ ။ အရှည် (အလျား) ၆ စင်တီမီတာ ( ပုံပါအတိုင်း) အနံ ၆.၂ စင်တီမီတာ( ပုံပါအတိုင်း) အထူ (ထူ) ၁.၁ စင်တီမီတာ( ပုံပါအတိုင်း)

လက်ရှိတည်နေရာ - ဗစ်တိုးရီးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်

ပြတိုက်ပစ္စည်း အမှတ် - M.39-1939

စကားချပ်။ ။၁၈၆၀ ခုနှစ် လောက်မှာ ပန်းချီဆရာ ဒိန်း ဂါဘရီရယ် ရိုဆက်စတီ ( Dante Gabriel Rossetti ) ဟာ ပန်းချီ ရေးဖို့ရာအတွက် အရောင်းသွေးစုံပြီး အသွင်စန်းတဲ့ နိုင်ငံရပ်ခြားဖြစ် ကျောက်မျက် ရတနာ နှင့် အခြား လိုတဲ့အပ်ပစ္စည်း တွေကို လစ်စစ်စတာ စကွဲရား (Leicester Square)၊ ဟမ်းမားစမစ် (Hammersmith) တဝိုက်ရှိ ထူးစန်းပစ္စည်း အရောင်းဆိုင် မှာ ဝယ်ယူခဲ့ပါတယ်။ ၁၈၆၅-၁၈၆၆ ခုနှစ် ပတ်ဝန်းကျင် လောက်က ရိုဆက်စတီ ရေးခဲ့တဲ့ ပန်းချီကားမှာ သူ့ချစ်သူ သတို့ သမီးကို ဒီနဂါးလက်ကောက် ဆင်မြန်းစေကာ ပုံတူကို ရေးခဲ့ပါတယ်။ ပန်းချီဆရာ ဒိန်း ဂါဘရီရယ် ရိုဆက်တီ (Dante Gabriel Rossetti) ဟာဂျိန်းမောရစ်(JaneMorris) ကိုလည်း မကြာခဏ အမျိုးသမီး ပုံတူ ကို

ရေးခဲ့ပါတယ်။ ပန်းချီဆရာ ဒိန်း ဂါဘရီရယ် ရိုဆက်တီ (Dante Gabriel Rossetti) ဟာ ဂျိန်းမောရစ် (Jane Morris) ကိုလည်း မကြာခဏ အမျိုးသမီး ပုံတူ ရေးလေ့ရှိတယ်။ နောက်ပိုင်းမှာ ရိုစစ်စတီ က ဒီလက်ကောက်အပါဝင် ပစ္စည်း အချို့ ဂျိန်းမောရစ် ကိုပေးခဲ့တယ်။ ဂျိန်းမောရစ် (Jane Morris) အဖြစ် လူသိများတဲ့ ဂျင်နီ (Janey) ဟာ ဆိုရှယ်လစ် ပန်းချီ၊ ပန်းပု နှင့် ဒီဇိုင်းပညာရှင် ဝီလျံ မောရစ် (William Morris) ရဲ့ ဇနီးပါ။ ၁၉၃၈ မေ၊ မှာ ဂျိန်းမောရစ် ရဲ့ သမီးဖြစ်သူဟာ ရတနာ ပစ္စည်း အချို့ကိုဗစ်တိုးရီးယား နှင့် အယ်ဘာတ်ပြတိုက် ကို သေတမ်းစာ နှင့်လှူဒါန်းခဲ့ပါတယ်။

သီပေါမင်းပါတော်မူ ပြီးနောက် ၅ နှစ် အကြာမှာ ဒီလို မြန်မာပြည်က နန်းတွင်းသုံး ရတနာ ပစ္စည်းဟာ အင်္ဂလန်နိုင်ငံ လစ်စစ်စတာ ကိုရောက်နေပါပြီ။ ဒီပစ္စည်းမူလ လာရာလမ်းကြောင်း ၂ ခုရှိတယ်။ မန္တလေး နှင့် ရတနာဂီရိ ။ ပါတော်မူတဲ့ နေ့မှာ ရတနာပစ္စည်း တွေပျောက်တယ်လို့ ဘုရင်ကရော၊ ဆင်ဖြူမရှင်က ပါ အင်္ဂလိပ်အစိုးရကို တိုင်းတန်းထားတာရှိပါတယ်။
ရတနာဂီရိ ကို ပါတော်မူတဲ့ သီပေါဘုရင် ကလည်း ပါလာတဲ့ ရတနာ ပစ္စည်းတွေကို မကြာခဏဆိုသလို ထုတ်ရောင်းလေ့ရှိပါတယ်။ ဒီပစ္စည်းတွေဟာ နန်းတွင်းသုံးပစ္စည်း ရယ်လို့ ကံသေကံမ ပြောလို့မရပါ။ မန္တလေးမှာ သိပ်ချမ်းသာ တဲ့ ကုလား၊ တရုတ် နှင့် မြန်မာ သူဌေးတွေ ဆီကလည်း ဖြစ်နိုင်ပါသေးတယ်။ အင်္ဂလန်နိုင်ငံကိုပညာတော်သင် နှင့် သံအမတ်တွေ အဖြစ်လာတဲ့ မြန်မာတွေက စရိတ်ပြတ်လို့ရောင်းခဲ့ တာမျိုး ရောမဖြစ်နိုင် ဘူးလား လို့ လူကပ် တွေက မေးလာရင် လည်းမဖြစ်နိုင်ပါလို့ ဘဲဖြေရပါမယ်။ ရတနာ ပစ္စည်းတွေက အမျိုးသမီးသုံး တွေဖြစ်ပြီး ပညာတော်သင်နှင့်သံအမတ်တွေ အားလုံး အမျိုးသား တွေကြီးပါ။ မြန်မာသံ အဖွဲ့တစ်ဖွဲ့ ကတော့ စရိတ်ပြတ်ပြီး ရက်အတော်ကြာ သောင်တင်နေဖူးပါတယ်။ ဒီလက်ကောက်ကို ပြတိုက်က နဂါးလက်ကောက်လို့ ပြောပါတယ်။ ကျွန်တော့်အမြင်က တော့ ပုံသိပ် မရှင်းပါ။ ခေါးတိုက်ပုံဖြစ်နေပါတယ်။ ရွှေသိပ်မကြိုက်ပေမယ့် လက်ရာဟာ သိပ်အနုစိတ်ပြီး အဆင့်မြင့် တယ်လို့ထင်တယ်။

ဝန်ကြီးအဆောင်ယောင်



အမျိုးအစား - ဝန်ကြီးအဆောင်ယောင်

အချိန်ကာလ - ၁၉ ရာစု တတိယ နှစ်အစိတ်၊ မန္တလေး၊ Gold relief work, formed by raising and finished with repoussé and incised work(Ear tube) Gold sheets and filigree work(Ear tube) Gold sheets and filigree work(Foil order) Engraved thin gold metal foil

တွေ့ရှိရာနေရာ - မန္တလေးမြို့ ၊ မြန်မာ

ပြုလုပ်ပုံနည်းပညာ - သစ်သားချောင်းငယ်လေးများကိုအသုံးပြုပြီး ယပ်တောင်ပုံအရင်ဖော်ယူပါတယ်၊ ပြီးနောက်အသင့်အနေတော် ပိုးထည်စကပ်ပါမယ်၊ ပိုးထည်စပေါ်မှာ ရိုးရာကြက်ဥအကာရေထားတဲ့ ရေဆေး၊ ရွှေ နဲ့ ငွေရောင် တွေကိုအသုံးပြုပြီး ရေးဆွဲတာမျိုးပါ။

အရွယ်အစား -(Shoulder belt) Length 61 cm(Shoulder belt) Width 13.4 cm (maximum)(Ear tube) Length 9.5 cm(Ear tube) Width 3.2 cm (maximum) (Ear tube) Length 9.5 cm (Ear tube) Width 3.2 cm (maximum)(Foil order) Length 28 cm(Foil order) Width 7 cm

လက်ရှိတည်နေရာ - ဗစ်တိုးရိုးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်

ပြတိုက်ပစ္စည်း အမှတ် - IS.15 to C-1947

စကားချပ်။ ။မန္တလေး၊ သီပေါမင်းက အမှုထမ်း အဆင့်မြင့်နန်းတွင်း အမတ်ကြီးတစ်ဦးအတွက်ချီးမြင့်တဲ့ ဘွဲ့တဆိပ်ပါရွှေပြား၊ ရွှေနားတောင်း၊ ၁၂ ကြိုးရွှေစလွယ် အဆောင်ယောင်တွေပါ။ ဒီလိုအဆောင်ယောင်မျိုးကို ဘုရင်ရှေ့တော် ညီလာခံဝင်တဲ့ အကာမှာဝတ်ဆင်တာပါ။

ရာထူးရာခန် ဘယ်လောက်အဆင့်မြင့်တယ်ဆိုတာကို ရွှေစလွယ်မှာပါတဲ့ ရွှေကြိုးအရေတွက်ကိုကြည့်ပြီး သိနိုင်ပါတယ်။ ရွှေစလွယ်ထိပ် ချိပ်မှာပါတဲ့ အရုပ်၃ခု မှာ ဒေါင်းပုံဟာ ကုန်းဘောင်မင်းဆက်ကို ကိုစားပြု ပါတယ်။ဝန်ကြီးရဲ့ ဘွဲ့နာမည်ကို ရွှေပြားပေါ်မှာရေးထိုးထားသလို အနီရောင် ဖဲကြိုးစကိုဖြင့် ခေါင်းပေါင်း ဒါမှမဟုတ် နဖူးမှာစီးပြီးမှသာ ဘုရင့်ရှေ့တော်ကိုအခစားဝင်မှာပါ။
(ပြတိုက်ရဲ့မှတ်ချက်ကဒီလောက်ဘဲရေးထားပါတယ်။)

အမှန်ကိုဝင်ခံရရင် မန္တလေးခေတ် မင်းတုန်း၊ သီပေါ ခေတ်အနုပညာ လက်ရာတွေကို သိပ်အကြိုက်ကြီး မဟုတ်လှပါ။ ဒေါင်းရုပ်ဘေးက အရုပ်က "ဗျာလ" ပါ။ပုဂံ ထီးလိုင်မင်းကျန်စစ်သားလက်ထက် ကတည်း က နန်းတွင်းအလှဆင်ရာမှာတွင်ကျယ်စွာအသုံးပြုပါတယ်။ ရခိုင်ဘုရင်တွေလည်းသုံးပါတယ်။ ယခုလည်းသုံးဆဲပါ။ သိန်းငှက်ပုံကို အောက်ဆုံးမှာတွေ့ရပါမယ်။ ရွှေပြားပေါ်မှာတော့ အများသိ ခြသေ့ ပါ။

ဒီဝန်ကြီး " သတိုးမင်းကြီးမဟာမင်းထင်စည်သူ" အကြောင်းသေသေချာချာ သိပ်မသိပါ။ သိသလောက် ပြောပါမယ်။ မန္တလေး ဒုတိယ ရွှေအင်ပင် ကျောင်းတကာ တရုတ်သူဌေး ဦးစက်ရှင် (၁၇ မတ် ၁၉၁၇ မှ ကွယ်လွန်) သချိုင်းစာ ၂၉-၃၅ မှာ (မူရင်းအတိုင်း) သတိုးမင်းကြီး မဟာ မင်းထင်စည်သူ ဟူသော အမတ်ကြီး သည် ကြံအား ဘန်အား ညဏ်အား လုံးလကို သိသဖြင့် သားနယ်တမျှ ထင်မှတ်၍ သီပေါ ရွှေနန်းလျှင်ဘုရားရှေ့တော် ဆက်သွင်းရာ၊အလွန်ဝမ်းမြောက်တော်မူ၍၊ ကျောက်စိမ်းအလုပ်အခွန်တော် ထမ်းဆောင်၊ကောင်းမွန်စွာကူးသန်းရောင်းဝယ်စေ၊ ဟူသောအမိန့်တော်မြတ် ခပ်အပ်တော်မူလိုက်သည် အတိုင်း၊ ကူးသန်းရောင်းဝယ်၍၊ ဥစ္စာအင်ခွင်တို့သည်များစွာ တင့်တယ်လေသည်။
သတိုးမင်းကြီးမဟာမင်းထင်စည်သူ ဟာ ဝင်ရှင်တော်တောင်ခွင်မြို့စားဖြစ်ပြီး ၁၂၅၄ နတ်တော် လပြည့် ကျော် ၂ ရက်(၁၅ ဒီဇင်ဘာ ၁၈၉၂) မှာကွယ်လွန်။

ရတနာပုံ ငွေဒင်္ဂါး



ရတနာပုံ ငွေဒင်္ဂါး(1)



ရတနာပုံ ငွေဒင်္ဂါး(2)

အမျိုးအစား - ငွေဒင်္ဂါး

အချိန်ကာလ - ၁၉ ရာစု

တွေ့ရှိရာနေရာ - မန္တလေးမြို့ ၊ မြန်မာ

ပြုလုပ်ပုံနည်းပညာ -

အရွယ်အစား -

လက်ရှိတည်နေရာ -

ပြတိုက်ပစ္စည်း အမှတ် -

မန္တလေးနန်းသုံးယပ်တောင်



အမျိုးအစား - ယပ်တောင်
အချိန်ကာလ - ၁၈၈၀
တွေ့ရှိရာနေရာ - မန္တလေးမြို့ ၊ မြန်မာ
ပြတိုက်ပစ္စည်း အမှတ် - IM.292-1921

ပြုလုပ်ပုံနည်းပညာ - -သစ်သားချောင်းငယ်လေးများကို အသုံးပြုပြီး ယပ်တောင်ပုံအရင်ဖော်ယူပါတယ်၊ ပြီးနောက် အသင့်အနေတော် ပိုးထည်စကပ်ပါမယ်၊ ပိုးထည်စပေါ်မှာ ရိုးရာကြက်ဥ အကာရောထားတဲ့ ရေဆေး၊ ရွှေ နဲ့ ငွေရောင် တွေကိုအသုံးပြုပြီး ရေးဆွဲတာမျိုးပါ။

အရွယ်အစား - အရှည် ၃၄ စင်တီမီတာ ၊အကျယ်(ပွင့်လျက်)၆၆.၆ စင်တီမီတာ

လက်ရှိတည်နေရာ - ဗစ်တိုးရီးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်

စကားချပ်။ ။သစ်သားချောင်းငယ်လေးများကို အသုံးပြုပြီး ယပ်တောင်ပုံအရင်ဖော်ယူပါတယ်၊ ပြီးနောက် အသင့်အနေတော် ပိုးထည်စကပ်ပါမယ်၊ ပိုးထည်စပေါ်မှာ ရိုးရာကြက်ဥ အကာရောထားတဲ့ ရေဆေး၊ရွှေ နဲ့ငွေရောင်တွေကို အသုံးပြုပြီး ရေးဆွဲတာမျိုးဟာ နန်းတော်ထဲမှာ အမှုထမ်းနေတဲ့တော်ဝင် ပန်းချီ ဆရာတွေရဲ့လက်ရာပါ။ မြန်မာပြည် နောက်ဆုံးဘုရင်ဖြစ်တဲ့ သီပေါကို နန်းချပြီးအစောင့်အရှောက် နဲ့ပြည်နှင်ဒဏ်ပေး တဲ့ ၁၈၈၅ ခုနှစ်မှာတွေ့ရှိပါသည်။ မန္တလေးနန်းတော် အတွင်းရှိဥယာဉ်တော်တွင်းမှာ ဂီတပညာရှင်၊ အကပညာရှင်တွေ ဖျော်ဖြေတဲ့ ဇာတ်ပွဲကို သီပေါမင်း၊ မိဖုခေါင်ကြီးဖြစ်တဲ့ စုဖုရားလတ်၊ မောင်းမ ချွေရံတွေ နန်းတွင်း အဝတ်တန်ဆာတွေအပြည့်နဲ့ ရှုစားပုံပါ။

ဒီယပ်တောင်လေးက စိတ်ဝင်စားစရာပါ။ မန္တလေးနန်းသုံး ယပ်တောင် အတော်များများကို တွေ့ဖူးပါသည်။ ဒီယပ်တောင်ဟာ လက်ရာအကောင်းဆုံးပါ။ Repair ပြန်ပြင်ထားတာမျိုး မဟုတ်ဘူးဆိုရင်တော့ အဆင့်တန်းမြင့်နေပြီဖြစ်တဲ့ မြန်မာပန်းချီအဆင့်တန်းမြင့်မားမှုကိုတွေ့ မြင်လေ့လာလို့ရမှာပါ။ တွေ့ဖူးသမျှ မန္တလေးခေတ် ယပ်တောင်တွေက ဆင်စွယ်ကို သုံးတာများပါသည်။ အဲဒီခေတ် အခါကို ထင်ဟပ် စေတဲ့ ပန်းချီတော်တော်များများကို ဆရာချုံရေးတာများပါသည်။ ဘယ်သူရေးသည် မသိရပါ။

၁၈၅၄ခုနှစ်က ပန်းချီကား



၁၈၅၄ခုနှစ်က ပန်းချီကားများ

အမျိုးအစား - ပန်းချီကား

အချိန်ကာလ - ၁၉ ရာစု

တွေ့ရှိရာနေရာ - ကာလကတ္တား

ပြုလုပ်ပုံနည်းပညာ - ရေဆေးပန်းချီ။

အရွယ်အစား - အမြင့် ၄၃.၅ စင်တီမီတာ ၊ အကျယ် ၃၅ စင်တီမီတာ။

လက်ရှိတည်နေရာ - ဗစ်တိုးရီးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်

ပြတိုက်ပစ္စည်း အမှတ် - IS.180-1950, IS.179-195, IS.181-1950

စကားချပ်။ ။ ၁၈၅၂ အင်္ဂလိပ် မြန်မာ ဒုတိယအကြိမ် စစ်ဖြစ်ပြီး မြန်နိုင်ငံ အောက်ပိုင်း နဲ့ ရခိုင် ကိုပါ အင်္ဂလိပ်က သိမ်းယူလိုက်ပါတယ်။ ၁၈၅၄ ကုန်ခါနီးမှာ မြန်မာဘုရင်မင်းတုန်းမင်း (၁၈၅၃-၁၈၇၈) ဟာ အရှေ့နန်းမတော် ဘုရားဝန်မင်းကြီး ဦးဆောင်တဲ့ သံအဖွဲ့ကို အိန္ဒိယ ဘုရင်ခံချုပ် လော့ဒလဟိုစီ နဲ့တွေ့ ဖို့ရာ ကာလကတ္တား ကိုသွားပါတယ်။ ဆာအာသာဖယ်ရာကဒီခရီးမှာ စကားပြန်အဖြစ်လိုက်ပါခဲ့တာပါ။ ဆာအာသာဖယ်ရာရဲ့ တူမက ပြတိုက်ကို လှူဒါန်းခဲ့တာပါ။ အတူပါလာတဲ့ နန်းတွင်း ပန်းချီပညာရှင် မှတ်တမ်းတင်ရေး ဆွဲထားတဲ့ ဒီရေဆေး ပန်းချီကား သုံးကားလုံးမှာ မြန်မာသံအမတ်များရဲ့ ခန့်နားထည်ဝါမှုကို လေ့လာခွင့်ရပါတယ်။

ဘုရားလောင်းဗောဓိသတ်လောကနာထ



ဘုရားလောင်းဗောဓိသတ်လောကနာထ
အမျိုးအစား - ရုပ်ထု/ ရုပ်ပွားတော်
အချိန်ကာလ - ၁၀ ရာစု
တွေ့ရှိရာနေရာ - ပုဂံ၊ မြန်မာ
ပြုလုပ်ပုံနည်းပညာ - ကြေးနီပုံသွင်း၊ ရွှေချ ရုပ်ထု/ ရုပ်ပွားတော်
အရွယ်အစား - အမြင့် ၇.၂၅ လက်မ ၊ အကျယ် ၄.၇၅ လက်မ။
လက်ရှိတည်နေရာ - ဗစ်တိုးရီးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်
ပြတိုက်ပစ္စည်း အမှတ် - IM.39-1922

စကားချပ်။ ။ဘုရားလောင်းဗောဓိသတ်လောကနာထ မင်းထိုင်ပုံ ဟာ ၁၀-၁၁ ရာစုနှောင်းပိုင်းဖြစ်ပြီး အတော်လေးကိုရှားရှားပါးပါးနဲ့ ၁၀ ရာစု သို့မဟုတ် ၁၁ရာစု နှောင်းလား ဆိုတာ ဝိရောဓိ ဖြစ်စေနိုင်တဲ့ လက်ရာမျိုးပါ။ သို့သော်လည်းဘဲ အစောပိုင်း ခေတ်ဦး သေသေသပ်သပ် အနုစိတ် ခြယ်မှုန်းတတ်တဲ့ လက်ရာမျိုး အဖြစ်တွေ့ရပါမယ်။ ဒီမင်းဝတ်တန်ဆာယောက်ျားပုံ ရုပ်ထု/ရုပ်ပွားတော်ကို ပုဂံဘုရားပုထိုး မှာလှူဒါန်းခဲ့တာပါ။

ပုဂံခေတ် လက်ရာတွေမှာ အိန္ဒိယ,ပါလ ( India, Pala ) ဟန်လွှမ်းမိုးမှုတွေကို အများအားဖြင့် ဘုရားဆင်းတုတော်တွေမှာတွေ့ရပြီး၊ မဟာယာနဟန် တွေကိုတော့မြေပုံဘုရား၊ နံရန်ဆေးရေး ပန်းချီတွေမှာ အတွေ့များပါတယ်။ အပယ်ရတနာ ဘုရားဟာ မဟာယာနဟန်ပါ။
ဟင်ဒူဘာသာ( Hindu ) အယူဝါဒကိုတော့ ဗေဒင် ၊အခါပေး နဲ့ နတ်ဘုရားရုပ်ထုအချို့ တွေမှာ တွေ့ရပါတယ်။ ဒါကြောင့် ပုဂံခေတ် ကိုးကွယ် ယုံကြည်မှု ဟာအများ ထင်သလို ဗုဒ္ဓဘာသာ တစ်ခုတည်း မဟုတ်ပါ။ နောက်ပြီး စိတ်ဝင်စားစရာအဖြစ် လူပြောများလှတဲ့ အရည်းကြီး ကိုးကွယ်မှုကိုဘယ်ကျောက်စာ၊ ဘယ်လိုအထောက် ထားမျိုးမှာမှရှာမရပါ။ အုပ်ချုပ်တဲ့မင်း တွေအနေဖြင့် ဘယ်ကိုးကွယ်ယုံကြည်မှုကိုမှ ဖိနှိပ်တာမျိုးကိုမရှိပါ။ အနိရုဒ္ဓ (အများခေါ် အနော်ရထာ) မင်းဟာ မဟာယာနဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုကိုပါ ချီးမြင့်တယ်ဆိုတာ သူကိုယ်တိုင်ပြုလုပ်လှူဒါန်းတဲ့ မြေပုံဘုရား နောက်ကျောစာမှာ

ဧသော လောကနထော မဟာရာ
ဇသိရီ အနိရုဒ္ဓဒေဝေနကတော
မိမုတ္တာ မုတ္တံ သဟတ္တေနေဇာတိ

(မြန်မာလိုပြန်ကတော့)
ဤလောကနာထ(ဘုရားလောင်း) ပုံတော်ကိုသိရီအနိရုဒ္ဓဒေဝ မင်းကြီးလည်းသံသရာမှ ထွက်မြောက်ရန် ကိုယ်တိုင်လုပ်သည်။
ဒီမြေပုံဘုရား(အုတ်ခွက်ဘုရား)ကို ခန့်မှန်း ၁၉၃၈လောက်က ပခုက္ကူရေစကြို ကားလမ်း၊ ပခုက္ကူက ၁၂ မိုင်ကွာ ကန်သစ်ရွာသူကြီး ဦးဘတင်က ကျောက်စာဝန်ဟောင်း ဦးမြဆီလာပေး / လာပြ (ပေးလား/ ပြလား မသေချာ) တယ်လို့ဆိုပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲမမြင်ဖူးပါ။

ခေါင်း၃လုံး ဗြဟ္မာနတ်မင်း



ခေါင်း၃လုံး ဗြဟ္မာနတ်မင်း

အမျိုးအစား - ခေါင်းသုံးလုံး ဗြဟ္မာနတ်မင်း

အချိန်ကာလ - ၁၁ ရာစု

တွေ့ရှိရာနေရာ - ပုဂံ၊ မြန်မာ (သိပ်မသေချာ၊ ဖြစ်နိုင်ချေရှိ)

ပြုလုပ်ပုံနည်းပညာ - ခဲညို့ရောင်(မီးခိုးရောင်)သဲကျောက်အမာတစ်မျိုးကို ကျောက်စစ်ပညာရှင်က ထွင်းထုထားသည်။

အရွယ်အစား - အမြင့် ၃၃.၅ စင်တီမီတာ ၊ အောက်ခြေအကျယ် ၂၂.၂ စင်တီမီတာ

လက်ရှိတည်နေရာ - ဗစ်တိုးရီးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်

ပြတိုက်ပစ္စည်း အမှတ် - IM.39-1917

စကားချပ်။ ။ခေါင်းသုံးလုံး ဖြဟ္မာနတ်မင်း ကျောက်စစ်ရုပ်ကြွသည် ဟိန္ဒူ (Hindu) နတ်ဘုရားတွေ ဖြစ်သည့် " ဗြဟ္မာ"ဆိုတဲ့ ဖန်ဆင်းရှင်၊ "ဗိဿနိုး"ဆိုတဲ့ စောင့်ရှောက်သူ၊ "သိဝ"ဆိုတဲ့ ဖျက်စီးသူ ဟု ဆိုသော နတ်ဘုရားတွေကိုကိုယ်စားပြုပါသည်။ ဟိန္ဒူ (Hindu) နတ်ဘုရားကျောင်းနံရံ ခပ်မြင့်မြင့်နေရာ မှာ ဒီကျောက်စစ်ရုပ်ကြွပုံပါ ကျောက်ပြားကို ကပ်ပြီး အလှဆင်မယ်။ နတ်မင်းဟာ ခြေတမလင်ခွေ ထိုင် လျှက် လက်အုပ်ချီထားပါသည်။ နမဿာရမုဒြာပါ။ ခေါင်းသုံးလုံးဟာ သက်ဆိုင်ရာ အရပ်တွေကို မျက်နှာ မူထားပါသည်။

ကျစ်ဆံမီးကျစ်ထားတဲ့ ဆံပင်တွေသည် အပေါ်ကို အဖျားရှူးချွန်တက်သွားပြီး ကြာပန်း ထိပ်ဖူးနဲ့အပေါ် မှာ အဆုံးသတ်ထားတဲ့ အသေးစိပ်လက်ရာပါသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းမှာ တော့အဝတ်မပါ။

အောက်ပိုင်းမှာ အဝတ်စည်းထားတယ်ဆိုတာသိသာစေဖို့အရေးကြောင်း(ကောက်ကြောင်း)အဖြစ်တွေ့ ရပါမည်။ ဗုဒ္ဓဘာသာရဲ့အငွေ့သက်တွေပြစ်တဲ့ လက်အုပ်ချီထားပုံ၊ ထိုင်နေပုံ ကိုယ်နေဟန်ထား၊ နားရွက် ရှည် စတာတွေကို ဒီကျောက်စစ် ရုပ်ကြွလေးမှာတွေ့ရမှာပါ။ ဒီကျောက်စစ်ပြားဟာ အရင်းမူလနေရာ ဘယ်နေရာကဆိုတာအတိအကျမသိနိုင်သေးပါ။ အရှေ့ဘင်္ဂလား ကလဲ ဖြစ်နိုင်ပါတယ်။

ဒေါက်တာ ဂျေ. အန်ဒါစင် (Dr J. Anderson) ရဲ့ ကိုယ်ပိုင်စု ဆောင်းမှုတွေထဲက တစ်ခုဖြစ်ပြီး သူ့ဇနီး သည် Mrs G.S. Anderson အတွက် ထားရစ်ခဲ့တာပါ။ ဒေါက်တာ ဂျေ. အန်ဒါစင်ဟာ ၁၈၉၆ ခုနှစ်၊ ဗြိတိသျှ အစိုးရရဲ့ ပထမဆုံး လေ့လာရေးခရီးစဉ်ဖြစ်တဲ့ မြန်မာနိုင်ငံအထက်ပိုင်း ကိုဖြတ်ပြီး တရုတ်ပြည် ယူနန်ဘက် လေ့လာရေး ခရီးသွားအဖွဲ့ဝင်တွေထဲက တစ်ဦးပါ။

၁၂ ရာစု ပုဂံ စဥ့်ထည် ကျောက်ပြား



အမျိုးအစား - စဥ့်ထည် ကျောက်ပြား
အချိန်ကာလ - ၁၂ ရာစု ( ပုဂံ )
တွေ့ရှိရာနေရာ - ပုဂံ
ပြုလုပ်ပုံနည်းပညာ - - ရွှံ့စေး ကိုအုတ်ရအောင်အရင်ဖုတ်၊ ပြီးရင်စဥ့်ရည်သုတ်လို့အလွယ်ရှင်းပါရစေ။
အရွယ်အစား -အမြင့် ၂၆.၅ စင်တီမီတာ ၊ ထု(အထူ) ၃.၅ စင်တီမီတာ ၊အကျယ် ၂၆.၅ စင်တီမီတာ၊
လက်ရှိတည်နေရာ - ဗစ်တိုးရီးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်
ပြတိုက်ပစ္စည်း အမှတ် - IS.127-1999
စကားချပ်။ ။ဒီအစိမ်းရောင် စဥ့်ထည်ကျောက်ပြား ဟာ ၁၂ ရာစုမှပြစ်ပြီး ယနေ့မြန်မာလို့ခေါ်တဲ့ ဘားမားကပါ။နံရံ ဒါမှမဟုတ် ကြမ်းခင်းအဖြစ် အသုံးပြုတာမျိုးပါ။ ဖြစ်နိုင်ခြေရှိတာကစေတီရဲ့အောက်ခြေရှိ နံရံမှာ အလှဆင် ကျောက်ပြား အဖြစ် အသုံးပြုတာ မျိုးပါ။ ဒီလို အလှဆင်ကျောက်ပြား တွေဟာ ဗုဒ္ဓဘုရားရှင်ရဲ့ ဘဝဟောင်း ဖြစ်စဥ်တွေဖြစ်တဲ့ ငါးရာငါးဆယ် ဇာတ်နိပါတ် တော်တွေကို ဖော်ပြတာပါ။ Alex Biancardi ကပြတိုက်ကိုလှူဒါန်း ခဲ့တာပါ။ စဥ့်ရည်သုတ်လိမ်းတဲ့ သဲအုတ်ဇာတ်တော် တွေ့နိုင်တဲ့ နေရာတွေကတော့

ရွှေစည်းခုံ - ၁၁ ရာစုနှစ်၊ အာနန္ဒာ- ၁၁ ရာစုနှစ်၊ စူဠာမုနိ - ၁၂ ရာစုနှစ်၊ စိုးမင်းကြီးစေတီ - ၁၃ ရာစုနှစ် ထီးလိုမင်းလို - ၁၃ ရာစုနှစ်၊ ဓမ္မရာဇက - ၁၃ ရာစုနှစ်၊ မင်္ဂလာစေတီ - ၁၃ရာစုနှစ်၊ မာန်အောင်စေတီ -၁၃ ရာစုနှစ်။

၁၈၉၁ ခုနှစ်လောက်က ဂျာမန်အမျိုးသား ဘူမိဗေဒပညာရှင် Dr. Fritz Von Noetling ခိုးယူစဥ်က စဥ့်ထည် ကျောက်ပြား ၅၀၀ ခန့်ပါသွားနိုင်ပါတယ်။ အခုမြင်နေရတဲ့ ဗစ်တိုးရီးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်က စဥ့်ထည် ကျောက်ပြားဟာ အဲဒီအခိုးခံရတဲ့ အထဲက တစ်ခုဖြစ်နိုင်ပါတယ်။

မာန်စစ်သည် မြွေခေါင်းထွက်



မာန်စစ်သည် မြွေခေါင်းထွက်

အမျိုးအစား - စဉ့်ထည် ကျောက်ပြား

အချိန်ကာလ - ၁၉ ရာစု အစောပိုင်း

တွေ့ရှိရာနေရာ - အင်းဝမြို့ဟောင်း၊

ပြုလုပ်ပုံနည်းပညာ - ရွှံ့စေး ကိုအုတ်ရအောင်အရင်ဖုတ်၊ ပြီးရင်စဉ့်ရည်သုတ်လို့အလွယ်ရှင်းပါရစေ။

အရွယ်အစား -အမြင့် ( ပတ်လည် ) ၂၂ ဒသမ ၅ စင်တီမီတာ

လက်ရှိတည်နေရာ - ဗစ်တိုးရီးယား နဲ့ အယ်ဘာတ် ပြတိုက်၊ လန်ဒန်

ပြတိုက်ပစ္စည်း အမှတ် - IM.134-1925

စကားချပ်။ ။မြတ်စွာဘုရားရှင် တရားအားထုတ်စဉ် သဗ္ဗညုတဉာဏ်(အရာအားလုံးကိုထိုးထွင်းသိမြင်တော်မူသောဉာဏ်) မရအောင် မာန်နတ်မင်းနဲ့ သူ့စစ်သည်တော်တွေက ဘုရားရှင်ကို ခြိမ်းခြောက်နှောင့်ယှက် ရာမှာပါတဲ့ မာန်စစ်သည် နှစ်ဦးပုံပါ။ စစ်သည်နှစ်ဦး၏ ဦးခေါင်းထက်တွင် မြွေဆိုးကိုလည်းကောင်း၊ လက်တွင်ဓားကိုင်စွဲထားသည်ကို လည်းကောင်းတွေ့ရပါမယ်။ အောက်ကစာ

" မာန်စစ်သည်မြွေခေါင်းထွတ်" ကိုတော့ ရှင်းပြရန် မလိုတော့ပါ။ ၁၉ရာစု အစောပိုင်းကာလ ဘိုးတော်ဘုရားလက်ထက် မင်းကွန်း ပုထိုးတော်ကြီး တည်ဆောက်စဉ် ဒီအလှဆင်ကျောက်ပြား (စဥ့်ပြား)တွေကို အသုံးပြီးပြုခဲ့တာပါ။ ၁၈၁၉ မှာ ဘိုးတော်ဘုရား နတ်ရွာလားတော့ ပုထိုးတော်ကြီးလဲ မပြီးဘဲ ကျန်ခဲ့ပါတယ်။

ဒီနေရာမှာ ပြောစရာတွေ အများကြီးရှိပါတယ်။ ဒီစဥ့်ကို စပြောမယ် ပြတိုက်က ဘာကြောင့်များ အောက်ခြေက ဂဏန်း၄၄၉ ကို မရှင်းလဲ မသိပါ။ ပုံကိုသေချာကြည့်ရင် မြင်နေရပါတယ်။ ပြစ်နိုင်ခြေရှိတာက ဒီစဥ့်ကွင်းရဲ့ အမှတ်စဉ် ဖြစ်မယ်လို့ ထင်ပါတယ်။ နောက်ပြီး ဘေးဘောင် အနားသတ်မှာ ပန်းပွင့်လိုလိုထင်ရပေမဲ့ အလှဆင်တဲ့ ပန်းပွင့်ရိုးရိုး မဟုတ်ပါဘူး။ ဓမ္မလှည်းဘီးလို့လူသိများတဲ့ The Wheel Of Dharma ပါ။ မာန်နတ်မင်းနဲ့အပေါင်းပါတွေကို တရားဓမ္မဖြင့် အောင်မြင်ခြင်းကို ဖော်ဆောင်ပါတယ်။ ဝတ်စားဆင်ယဉ်မှုမှာ အောက်ပိုင်း ကုန်းဘောင်ခေတ်အဝတ်စား နဲ့ အပေါ်ပိုင်းအဝတ်မပါ။ မျက်နှာတွင် အမွေးရှည်ရှည် မှတ်ဆိတ်တွေ့ရပါမယ်။ ထူးထူးခြားခြားလို့ ထင်မိပါတယ်၊ ၁ ၉ရာစုဦးလက်ရာ တွေမှာ ဒီလိုအမွေး ရှည်ရှည်အတွေ့ရနည်း လွန်းလို့ပါ။ ဒီလိုအလှဆင် စဥ့်ကွင်းတွေကို ၁၁ရာစု ခေတ်လယ် ပုဂံငကျွန်တောင်းဘုရားမှာစတွေ့ရ ပါတယ်။ ပုဂံခေတ် စဥ့်ဖိုဟောင်းကိုမြင်းကပါရွာမှာတွေ့ရတယ်။ ရခိုင်ဘက်မှာတော့ ၁၄၃၀တည်တဲ့ မြောက်ဦးမြို့ မှာတွေ့နေရပါပြီ။ အခုဒီ ၁၉ရာစုဘိုးတော် လက်ထက်စဥ့်ကွင်းကိုတော့ ၁၇ရာစုလယ်ကစပြီးအတွေ့ရများတဲ့ စစ်ကိုင်း ဝန်းကျင်က စဥ့်ဖိုတွေကဘဲဖြစ်မယ်။ စဥ့်ဖိုဟောင်းတော့ မတူးလို့ မတွေ့ရသေးပါ။ နောက်ဆုံးပြောချင်တာက ပုထိုးတော်ကြီးပါ။ ဘိုးတော်ဘုရားနောက် ဘယ်မြန်မာဘုရင်မှ ပြီးအောင်ဆက်မတည်ပါ။ " ဘုရားလဲပြီးပြည် ကြီးလဲပျက်" ဆိုတဲ့ တဘောင် ကြောက်လို့ဘဲဖြစ်မှာပါ။ ဒါလည်း ကောင်းပါတယ်။ ရှေးလက်ရာမပျက်လေ့လာလို့ရတာပေါ့။

နဝတ ပတ္တမြားကြီး



နဝတ ပတ္တမြားကြီး

THIS UNIQUE

FLAWLESS AND PRICELESS OF CRIMSON ROSE COLOURS

43 mm x 37mm x 33 mm

WEIGHED 504.5 CARTS. WHEN REFINED

THE WEIGHT IS 496.5 CARATS

IT WAS RECOVERED FROM MOGOK TREASURE LAND IN EARLY 1990.

ကမ္ဘာ့အကြီးဆုံး မွေးပုလဲ



မှတ်ချက်။ ။ ကမ္ဘာ့အကြီးဆုံး မွေးပုလဲ ကို မြန်မာနိုင်ငံမှ ထွက်ရှိခဲ့ပါတယ်။ အရွယ်အစားပမာဏ အတိအကျ ကို ထုတ်ဖော်ပေးထားခြင်းမရှိသေးပါ။

# ဂရိဒဏ္ဍာရီ

# မှ

# နတ်ဘုရားများနှင့် နတ်ဘုရားမများ

Michelle M. Houle

**မောင်သစ်စိမ်း**

ဆီလျော်အောင် ဘာသာပြန်ဆိုသည်



# မာတိကာ


ဘာသာပြန်ဆိုသူ၏ အမှာ

အမိကနတ်ဘုရားများနှင့် နတ်ဘုရားမတို့၏

ဆက်သွယ်မှုပြပုံ.......... i

ပဏာမ.......... ii

မြေပုံ.......... iv

1. ဖန်ဆင်းခြင်း.......... ၁

2. တိုက်တန်နတ်များနှင့်
   အလင်းပီအန်နတ်တို့၏ တိုက်ပွဲ.......... ၇

3. ပရပ်မီးသယပ်စ်နှင့် ကမ္ဘာမြေတွင်
   ပထမဆုံးအခြေချနေထိုင်ကြသူများ.......... ၁၆

4. ပန်ဒေါရာ.......... ၂၃

5. ဒမီတာနှင့် ပါဆက်ဖုန်း.......... ၂၉

6. ဒိုင်အန်နစ်ဆပ်စ်နှင့် သူ၏နောက်လိုက်များ.......... ၃၉

7. ဘောက်စစ်စ်နှင့် ဖီလီမန်.......... ၄၈

8. အက်ကိုးနှင့် နားစစ်ဆပ်စ်.......... ၅၅

9. ဟီးလယပ်စ်နှင့် ဖေးသွန်.......... ၆၂

   ခက်ဆစ်အဖွင့်.......... ၆၉

   စာညွှန်း.......... ၇၁

# ဘာသာပြန်ဆိုသူ၏ အမှာ

ကျွန်တော်တို့ငယ်စဉ်က အေသင်မြို့မှအပြေးသမား၊ အိုလံပစ်အားကစားပွဲတော်များ အစရှိသည်တို့အကြောင်းကို ကျောင်းစာများ၌သင်ကြားခဲ့ရဖူးသဖြင့် ဂရိဒဏ္ဍာရီတို့နှင့်မစိမ်းလှပေ။ နတ်ဘုရားများနှင့်ပတ်သက်လျှင်လည်းအကြမ်းအားဖြင့် နတ်ဘုရားဘုရင်ဇီးယုစ်၏အကြောင်းကို ကြားဖူးနားဝရှိခဲ့ကြဖူးမည်ထင်ပါသည်။ ယခု စာရေးဆရာ Michelle M. Houle ၏ Gods and Goddess in Greek Mythology အမည်ရှိစာအုပ်ကိုဖတ်ကြည့်မိရာ ဘာသာပြန်ရလျှင်သင့်တော်မည်ဟု သဘောရသဖြင့် မြန်မာစာဖတ်ပရိတ်သတ်များအတွက် ကြိုးစား၍ဆီလျော်အောင် ဘာသာပြန်လိုက်ပါသည်။ မူရင်းစာအုပ်ကို Enslow Publishers, Inc. မှ သက္ကရာဇ် ၂၀၀၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ပုံနှိပ်ထုတ်ဝေခဲ့၏။

ဤစာအုပ်ပါဒဏ္ဍာရီတို့သည် ရှေးဂရိလူမျိုးတို့၏စိတ်ကူးယဉ်အယူအဆများဟု ဆိုနိုင်သော်လည်း ပြင်ပလောကတွင် အမှန်တစ်ကယ်တည်ရှိနေသောအကြောင်းအရာတို့နှင့် ဆန်းကြယ်သောသဘာဝဖြစ်ရပ်များကို ၎င်းတို့၏အတွေးအခေါ်စိတ်ကူးများနှင့် စံနစ်တကျပေါင်းစပ်ကာ စိတ်ဝင်စားဖွယ်ကောင်းအောင် စီစဉ်တကျဖေါ်ပြသွားနိုင်ကြောင်းကို တွေ့မြင်ကြရမည်ဖြစ်၏။ သာဓကအားဖြင့် စကြဝဠာစတင်ဖြစ်ပေါ်လာပုံအကြောင်း၊ မြန်မာဗုဒ္ဓဘာသာအယူအဆရှိ မြင့်မိုရ်တောင်ကဲ့သို့ လူသူမရောက်ပေါက်နိုင်ပဲ နတ်ဘုရားများသာပျော်စံလေ့ရှိသော အလင်ပတ်စ်တောင်အကြောင်း၊ လူများသေဆုံးသည့်အခါ ကူးတို့ခထည့်လေ့ရှိရခြင်းအကြောင်း၊ ဆောင်းရာသီတွင်ကောက်ပဲသီးနှံများ မဖြစ်ထွန်းရခြင်းအကြောင်း၊ အက်ကိုးခေါ် ပဲ့တင်သံဖြစ်ပေါ်လာပုံအကြောင်း၊ နဂါးငွေ့တန်းဖြစ်ပေါ်လာပုံအကြောင်း အစရှိသဖြင့် စိတ်ဝင်စားဖွယ်ရာပုံပြင်များစွာကို ဖတ်ရှုကြရမည်ဖြစ်၏။

မူရင်းစာအုပ်၌ အခန်းတစ်ခု၏အဆုံးတွင် မေးခွန်းနှင့်အဖြေများကဏ္ဍနှင့် Expert Commentary ခေါ် ကျွမ်းကျင်သူတို့၏မှတ်ချက်များပါ ဖေါ်ပြပါရှိသော်လည်း ဒဏ္ဍာရီပုံပြင်များကိုသာ အသားပေးဖေါ်ပြလိုသဖြင့် ဤစာအုပ်တွင် ယင်းတို့ကိုချန်လှပ်ထားခဲ့ပါသည်။ အကယ်၍ ဤစာအုပ်ကိုဖတ်ရှုပြီး အကျိုးကျေးဇူး တစ်စုံတစ်ရာဖြစ်ထွန်းခဲ့သည်ဆိုပါက ဘာသာပြန်ရကျိုးနပ်သည်ဟုယူဆမိပြီး မူရင်းစာရေးဆရာ Houle အား ကျေးဇူးတင်အသိအမှတ်ပြုကြရန်နှင့်၊ စာအုပ်ကိုဖတ်ရှုရသည့်အတွက် အကျိုးမဲ့အချိန်ဖြုန်းသည်ဟုတွေးတောမိပါက ဘာသာပြန်သူကျွန်တော်၏ အားနည်းချက်ဟုသာ ယူဆစေလိုပါကြောင်း။ ။

မောင်သစ်စိမ်း

၃ မေ ၂၀၀၉

# အဓိကနတ်ဘုရားများနှင့် နတ်ဘုရားမတို့၏ ဆက်သွယ်မှုပြပုံ



# ပဏာမ

အင်္ဂလိပ်စကား *myth* ဆိုသည်မှာ ဂရိစကား *mythos* မှဆင်းသက်လာပြီး "ဒဏ္ဍာရီ" (သို့) "ပုံပြင်"ဟု အဓိပ္ပါယ်ရ၏။ Myth ဟူသည့်စကားလုံးကို ပန်းပွင့်များနှင့် တိရစ္ဆာန်များဖန်ဆင်းခြင်း၊ ကန္တာရများနှင့် သမုဒ္ဒရာတို့၏တည်နေရာ အစရှိသည်တို့နှင့် ရာသီစက်ဝန်းများဖြစ်ပေါ်ခြင်းနှင့် ၎င်းတို့၏ကနဦးအစ သမိုင်းကြောင်းများအစရှိသည့် သဘာဝအတွင်းဖြစ်ပေါ်နေသောအကြောင်းအရာတို့ကို ဖော်ပြရာတွင် မကြာခဏအသုံးပြုလေ့ရှိကြ၏။ Myth ဆိုသည်မှာ ယနေ့ကမ္ဘာပေါ်တွင်မြင်တွေ့နေရသော ထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှုတို့၏ မူလအစဟုဆိုလျှင်လည်းရနိုင်ပေ၏။

သို့သော် ဖော်ပြပါ myth ဟုခေါ်သည့် ဒဏ္ဍာရီပုံပြင်များထဲတွင်ပါရှိသော အဖြစ်အပျက်များနှင့် အကြောင်းအရာတို့သည် အပြင်လောကရှိ အဖြစ်အပျက်အစစ်အမှန်များနှင့် ထပ်တူကျကောင်းကျနိုင်မည်ဖြစ်သော်လည်း ယင်းတို့ကို "သမိုင်း" အဖြစ် ယူဆရန်မဖြစ်နိုင်ပေ။ ဒဏ္ဍာရီတို့တွင် ဖော်ပြလေ့ရှိသော အဖြစ်အပျက်အကြောင်းအရာတို့သည် ပြင်ပလောကရှိအဖြစ်အပျက်အစစ်အမှန်များနှင့် မည်မျှပင်ထပ်တူကျစေကာမူ အများအားဖြင့် အမှန်တစ်ကယ်မရှိသောနေရာများနှင့် မဖြစ်နိုင်သောအချိန်တို့တွင် ဖြစ်ပေါ်လေ့ရှိတတ်ကြ၏။

## *ဂရိတို့၏ နေထိုင်ရာဒေသ*

ဂရိလူမျိုးများနှင့် ဂရိဒဏ္ဍာရီများပေါက်ဖွားမှုတွင် ၎င်းတို့၏နေထိုင်ရာဒေသက များစွာလွှမ်းမိုးမှုရှိခဲ့၏။ ဂရိနိုင်ငံသည် ဥရောပတိုက်ရှိ အီတလီနိုင်ငံ၏အရှေ့ဘက် မြေထဲပင်လယ်ဒေသတွင်တည်ရှိပြီး ကရစ် (Crete) ကဲ့သို့သော ကြီးမားသည့်ကျွန်းများနှင့် ကျွန်းငယ်လေးများပိုင်းရံလျက်ရှိသော နိုင်ငံဖြစ်၏။ ပဲလပ်ပနီဆပ် (Peloponnesus) ဆိုသည်မှာ ဂရိနိုင်ငံ၏ တောင်ပိုင်းကျွန်းဆွယ်တစ်ခုဖြစ်ပြီး



သေးသွယ်သောမြေသားအချို့ဖြင့် ပြည်မကြီးနှင့်ဆက်သွယ်ထား၏။ ကျွန်းဆွယ်ဖက်တွင် ကောရင့် (Corinth) ခေါ်တောင်ပူစာမြို့ဟောင်းတည်ရှိ၏။ ပဲလပ်ပနီဆပ်တွင် စပါးတာ (Sparta)နှင့် အလင်ပီယာ (Olympia) တို့ကဲ့သို့သော အရေးပါသည့်မြို့များတည်ရှိပြီး ပြည်မကြီးဖက်ရှိ တောင်ပိုင်းကျသည့် အက်တစ်ကာ (Attica) ဒေသတွင် အက်သင် (Athens) မြို့တော်တည်ရှိ၏။

ဂရိနိုင်ငံတွင် တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများလှသည်ဖြစ်ရာ အချို့ဒေသတို့တွင် နှင်းများဖုံးပြီး ရေခဲတမျှအေးမြလျက်ရှိသော်လည်း အချို့နေရာများ၌ကား ပူပြင်းခြောက်သွေ့လျက်ရှိ၏။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဂရိနိုင်ငံသည် နွေးထွေးပြီးနေရောင်သာလျက် အတန်ငယ်အေးမြသော ဆောင်းဥတုရှိသည့် နိုင်ငံတစ်ခုပင်ဖြစ်၏။ တောင်ကုန်းများထူထပ်ပေါများမှုကြောင့် ကုန်းဆန်ပြီး ခြောက်သွေ့သောမြေဆီလွှာရှိသဖြင့် ထွန်ယက်စိုက်ပျိုးရာတွင် အတန်ငယ်ခက်ခဲ၏။ အများအားဖြင့် ဂျုံနှင့်ဘာလီတို့ကဲ့သို့သော အစေ့အဆန်များနှင့် သံလွင်နှင့်စပျစ်ကဲ့သို့သော အသီးအနှံများကိုသာ သမိုင်းတစ်လျှောက်စိုက်ပျိုးလာခဲ့ကြ၏။ ထိုသို့ စိုက်ပျိုးရေးတွင်အနည်းငယ်ခက်ခဲမှုရှိသဖြင့် ဤဒေသတွင်နေထိုင်သူအများစုသည် ပင်လယ်ပြင်ကိုအနည်းနှင့်အများအားထားလျက် အသက်မွေးမှုပြုကြကုန်၏။

ဂရိလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ရေကြောင်းခရီးသွားလာခဲ့ကြသူများဖြစ်ပြီး မြေထဲပင်လယ်တစ်ခွင်တွင် နှံ့စပ်အောင်ရွက်လွှင့်ခဲ့ကြသူများဖြစ်၏။ ထိုသို့ခြေဆန့်နိုင်မှုကြောင့် ဂရိတို့သည် အခြားလူမျိုးပေါင်းမြောက်များစွာနှင့် ထိတွေ့ဆက်ဆံခဲ့ဖူးကြ၏။ အေးရှားမိုင်နာ (Asia Minor) ခေါ် အနောက်အာရှနှင့် အာဖရိက၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသရှိလူများနှင့် ကုန်သွယ်မှုများပြုလုပ်ခဲ့ကြပြီး လူမျိုးခြားတို့နှင့်ကြုံတိုင်း ဒဏ္ဍာရီပုံပြင်များကိုနားထောင်လေ့ရှိကာ ၎င်းတို့၏ကိုယ်ပိုင်ဂရိဒဏ္ဍာရီများအတွင်းသို့ ထည့်သွင်းလိုက်တတ်ကြ၏။ အဆိုပါဂရိတို့၏ ခရီးသွားယဉ်ကျေးမှုကိုသိရှိထားပါမှ အဘယ့်ကြောင့် ဒဏ္ဍာရီတစ်ခုတွင်မူကွဲအမျိုးမျိုးရှိနေရသနည်း၊ အဘယ့်ကြောင့် ယဉ်ကျေးမှုမတူသော လူမျိုးတို့၏ဒဏ္ဍာရီများ တစ်ခုနှင့်တစ်ခုအသွင်တူနေရသနည်းဆိုသည်တို့ကို သဘောပေါက်နားလည်နိုင်လိမ့်မည်ဖြစ်၏။

## *သမိုင်းကြောင်း*

ယခုအခါ ဂရိနိုင်ငံဟုခေါ်ဆိုသောနေရာတွင် လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာက နေထိုင်ခဲ့ကြသူများအကြောင်းကို လူအများသိကြမည်ဖြစ်သော်လည်း အဆိုပါဒေသတွင် ပထမဦးဆုံးအခြေချနေထိုင်ကြသူများအကြောင်းကိုမူ သိရှိသူအတန်ငယ်ရှားပါးမည်ဖြစ်၏။ Archaeology ခေါ် ရှေးဟောင်းယဉ်ကျေးမှုများအကြောင်း လေ့လာလိုက်စားသူတို့အနေဖြင့် အဆိုပါဒေသတွင် ခရစ်တော်မပေါ်မီနှစ်ပေါင်း ၆၀၀၀ မှ ၃၀၀၀ အကြား အခြေချနေထိုင်ခဲ့ကြသူများအကြောင်းကို အနည်းငယ်မျှသာသိရှိထားကြ၏။ ထိုစဉ်အခါက ဂရိလူမျိုးတို့သည်လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြလျက် ဖနပုဒ်ရွာငယ်ကလေးများတည်၍ နေထိုင်ခဲ့ကြသည်ဟု ယုံကြည်လက်ခံထားကြ၏။


Italy
Macedonia
GREECE
Mount Olympus
Aegean Sea
Black Sea
Caucasus Mts.
ASIA MINOR
Troy
Persia
Phrygia
Delphi
Thebes
Ithaca
PELOPONNESUS
Olympia
Corinth
Mycenae
Sparta
ATTICA
Eleusis
ATHENS
Ionian Sea
Sea of Crete
CRETE
Mediterranean Sea
Ethiopia (in Africa)
N
W
E
S

ယေဘုယျအားဖြင့် ခရစ်တော်မပေါ်မီနှစ်ပေါင်း ၃၀၀၀ မှ ၁၆၀၀ ကြားရှိကာလများကို ဂရိနှင့် အနောက်တိုင်းလူမျိုးတို့၏ ယဉ်ကျေးမှုအစဟုယူဆထားကြ၏။ လေ့လာသူတို့အနေဖြင့် အဆိုပါကာလ များအတွင်း ဂရိပြည်မကြီးတွင်နေထိုင်ကြသူများ၏ နေ့စဉ်ဘဝနှင့်ယဉ်ကျေးမှုများအကြောင်းကို များစွာ သိရှိခြင်းမရှိကြပေ။ ၎င်းတို့၏ဘိုးဘေးများကဲ့သို့ပင် စိုက်ပျိုးခြင်းဖြင့် အသက်မွေးမှုပြုကြလိမ့်မည်ဟုသာ ခန့်မှန်းကြရ၏။ သို့သော် ဒဏ္ဍာရီပုံပြင်လာမင်နော့ဘုရင်မင်းမြတ် (King Minos) စိုးစံခဲ့သည်ဟုယူဆရ သော ကရစ်ကျွန်းတွင်နေထိုင်ကြသူများအကြောင်းကိုမူ အတော်အတန်သိရှိထားကြ၏။ ခရစ်တော် မပေါ်မီနှစ်ပေါင်း ၂၂၀၀ ခန့်က မင်နိုအန် (Minoan) ခေါ်ကရစ်ကျွန်းတွင် နေထိုင်ကြသူများသည် ခမ်းနား ထည်ဝါသော နန်းတော်များတည်ဆောက်လျက် ပင်လယ်ပြင်ကိုအုပ်စိုးခြယ်လှယ်ခဲ့ကြဖူး၏။

ဘီစီ ၁၆၅၀ ခန့်တွင် မိုင်စီးနီ (Mycenae) သည် ဂရိယဉ်ကျေးမှုအတွက် အချက်အခြာကျသော နေရာဖြစ်လာခဲ့၏။ မိုင်စီးနီဆိုသည်မှာ ပဲလပ်ပနီဆပ် ကျွန်းဆွယ်ပေါ်တွင်တည်ရှိသော ချမ်းသာကြွယ်ဝ ပြီး တန်ခိုးအရှိန်အဝါကြီးမားသည့် မြို့တစ်မြို့ဖြစ်၏။ မိုင်စီးနီတွင်နေထိုင်ကြသူများ အသုံးပြုသည့်ဘာသာ သည် ယခုခေတ်ဂရိလူမျိုးများအသုံးပြုသည့်ဘာသာနှင့် ခပ်ဆင်ဆင်ဖြစ်၏။ ထို့နောက် ပြည်မကြီးတွင် သီးဘ်စ် (Thebes)၊ စပါးတာနှင့် အက်သင်ကဲ့သို့သော မြို့ကြီးများပေါ်ထွန်းလာခဲ့ကြ၏။ ဘီစီ ၁၄၅၀ ခန့်တွင် မင်နိုအန်တို့တည်ဆောက်ခဲ့ကြသော နန်းတော်ကြီးများပြိုပျက်ခဲ့ရသော်လည်း အနုပညာ၊ ဘာသာတရားနှင့်ထုံးတမ်းအစဉ်အလာများ အစရှိသည့်မင်နိုအန်ယဉ်ကျေးမှုများသည် ပြည်မကြီးတွင် ရှိသောမြို့များကို များစွာလွှမ်းမိုး နေရာယူခဲ့၏။

ဤသို့ယဉ်ကျေးမှုပျံ့နှံ့ခဲ့သည်နှင့်အမျှ ဂရိလူမျိုးတို့သည် တစ်သီးတစ်ခြားစီ မြို့ငယ်၊ ရွာငယ်များ တည်ထောင်လျက် နေထိုင်ခဲ့ကြ၏။ ယခုအခါ ဂရိလူမျိုးဟုလူအများသိထားကြသော ယင်းဒေသတွင် နေထိုင်ကြသူများကို တစ်စုတစ်စည်းတည်းဖြစ်စေခဲ့သော အခြေခံအကြောင်းအရာနှစ်ရပ်မှာ ယေဘုယျ အားဖြင့် ၎င်းတို့အသုံးပြုသောဘာသာစကားတူညီခြင်းနှင့် ၎င်းတို့ကိုယ်၎င်းတို့ ဂရိနိုင်ငံကိုတည်ထောင် ခဲ့သော ဒဏ္ဍာရီပုံပြင်လာပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ဟဲလီးန် (Hellene) မှပေါက်ဖွားလာခဲ့ကြသူများဖြစ်သည် ဟု ယုံကြည်လက်ခံကြခြင်းပင်ဖြစ်၏။ (ယနေ့ခေတ် ဂရိလူမျိုးတို့သုံးစွဲသော ဂရိနိုင်ငံကိုရည်ညွှန်းသည့် စကားမှာ ဟဲလပ် *Hellas* ဖြစ်၏)။ ယခင်က ဘုရင်တစ်ပါးတည်းမှအုပ်ချုပ်နိုင်ခဲ့ခြင်းမရှိပဲ အုပ်စုတစ်ခုနှင့် တစ်ခု ရံဖန်ရံခါပဋိပက္ခဖြစ်ပွားမှုများရှိခဲ့၏။ အရေးကြီးသောအချက်မှာ မျက်မှောက်ခေတ်ဂရိလူမျိုးဟု သိရှိ ထားကြသူများသည် တစ်ခါက တစ်စုတစ်စည်းတည်းမရှိခဲ့ကြခြင်းပင်ဖြစ်၏။

ဘီစီဆယ့်တစ်ရာစုခန့်တွင် အာရှအနောက်ခြမ်း၏ အနောက်ဖက်တွင်တည်ရှိသော ရှေးဟောင်း မြို့တော်တစ်ခုဖြစ်သည့် ထွိုင် (Troy) ကို ရန်သူများကဖျက်ဆီးခဲ့၏။ ထိုစဉ်အခါက ဂရိလူမျိုးများသည် တကွဲတပြားစီဖြစ်နေသဖြင့် စပါးတာဘုရင်မင်နဲလုအပ် (Menelaus) ၏ ကြင်ရာတော်ဟဲလင် (Helen) မင်းသမီးအား အုပ်စုတစ်ခုတည်းဖြင့် ကယ်တင်ရန်မဖြစ်နိုင်ပေ။ ထိုအဖြစ်အပျက်ဖြစ်ပွားပြီး မရှေးမနှောင်း မှာပင် ဂရိပြည်မကြီးတွင်ရှိသော အဓိကမြို့ကြီးများအဖျက်ဆီးခံခဲ့ရ၏။ ထိုသို့မြို့ကြီးများပျက်စီးခဲ့ရခြင်း သည် ကျူးကျော်လာသည့် ဂရိဘာသာစကားသုံးစွဲသူများဖြစ်သော ဒေါရီယန် (Dorian) တို့ကြောင့်ဖြစ်ရ သည်ဟု ဂရိလူမျိုးများကစွပ်စွဲအပြစ်တင်ခဲ့ကြ၏။

ဘီစီ ၈၀၀ ခန့်တွင် ဖနစ်ရှင် (Phoenician) အက္ခရာကိုစံထားပြီး ဂရိအက္ခရာများစတင်တီထွင်

အသုံးပြုလာခဲ့၏။ ကျွန်းငယ်များခြံရံလျက်ရှိသော ဂရိပြည်မကြီး၏ နိုင်ငံရေးနှင့်စီးပွားရေးအဖွံ့ဖြိုးဆုံး အချိန်များတွင် ဂရိအက္ခရာတီထွင်မှုများပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ ထိုစဉ်အခါက ဂရိအုပ်စုများသည် နိုင်ငံရေးအရ မြို့တော်ပြည်နယ် City-states များစတင်တည်ထောင်လျက် သီးခြားနေထိုင်အုပ်ချုပ်ခဲ့ကြ၏။ ဂရိတို့က မြို့တော်ပြည်နယ်ကို ပေါလစ် *Polis* ဟုခေါ်ဆိုသုံးစွဲခဲ့ကြ၏။

ဘီစီ ၅၀၀ ခန့်တွင် အက်သင်မြို့တော်၌ အရွယ်ရောက်ပြီးသူမြို့တော်သားများကို မြို့တော်နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များတွင် မဲပေးခွင့်ပြုခဲ့ပြီး ကမ္ဘာ့ပထမဆုံးဒမော့ကရစ်စီ Democracy မြို့တော် ဖြစ်လာခဲ့၏။ ဒမော့ကရစ်စီ ဟူသောဝေါဟာရသည် ဂရိစကား ဒမာကရက်တီယာ (Democratia) မှ ဆင်းသက်လာခဲ့ခြင်းဖြစ်ပြီး "ဒမော့ *Demos* (သို့) ပြည်သူများမှ အုပ်ချုပ်ခြင်း"ဟု အဓိပ္ပါယ်ရ၏။ သို့သော် အရေးကြီးသောအချက်တစ်ခုမှာ ထိုစဉ်ကအက်သင်မြို့တွင်ကျင့်သုံးသော ဒမော့ကရစ်စီသည် အက်သင် "မြို့သား" များအတွက်သာအကျုံးဝင်ပြီး အက်သင်တွင်နေထိုင်ကြသူတိုင်းကို "မြို့သား" အဖြစ်သတ်မှတ်ခဲ့ခြင်းမရှိပေ။ ထိုစဉ်က အက်သင်မြို့နေအိမ်ထောင်စုများတွင် စစ်သုံ့ပန်းများကို ကျွန်များအဖြစ် ခိုင်းစေမှုများရှိနေခဲ့၏။ အဆိုပါကျွန်များကို မြို့သားများအဖြစ်သတ်မှတ်ခဲ့ခြင်းမရှိသဖြင့် မဲပေးပိုင်ခွင့် မရှိကြပဲ၊ အမျိုးသမီးမြို့သူများမှာလည်း မဲပေးပိုင်ခွင့်မရှိခဲ့ကြပေ။

အက်သင်ဒမော့ကရစ်စီစံနစ် ဖွံ့ဖြိုးထွန်းကားခဲ့သော ဘီစီ ၆ ရာစုနှင့် ၅ ရာစုကြား ကာလများတွင် အတွေးအခေါ်ပညာ၊ သမိုင်းပညာ၊ ဆေးပညာနှင့် အနုပညာ အစရှိသောနယ်ပယ်များတွင် ကြီးစွာသော ဖွံ့ဖြိုးမှုများဖြစ်ထွန်းခဲ့၏။ ဤကာလများတွင် အထူးသဖြင့်အက်သင်မြို့တော်၌ ကမ္ဘာ့တွေးခေါ်မှုသမိုင်း တွင် ဩဇာအလွှမ်းမိုးဆုံး ပုဂ္ဂိုလ်များပေါ်ထွန်းခဲ့၏။ ထိုကာလများကို "ဂရိတို့၏ ရွှေရောင်ခေတ်" (သို့) မြို့တော်ကိုစီမံအုပ်ချုပ်သူ ပါးရစ်ကလီးစ် (Pericles) အားအစွဲပြု၍ "ပါးရစ်ကလီးစ်၏ ရွှေရောင်ခေတ်" ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြ၏။

ဘီစီ ၃၃၈ တွင် ဂရိမြောက်ပိုင်းဒေသတစ်ခုဖြစ်သော မက်စီဒိုးနီးယား (Macedonia) ၏ဘုရင်ဖြစ်သူ ဖစ်လစ် ၂ (Philip II) သည် ဂရိပြည်မကြီး၏ဒေသအများစုကို အုပ်ချုပ်စိုးစံခဲ့၏။ ဖစ်လစ်ကွယ်လွန်သောအခါ သားတော်အလစ်ဇန္ဒား (Alexander) က ဖခင်၏အရိုက်အရာကိုဆက်ခံကာ တပ်မတော်ကို ဦးဆောင်လျက် တိုင်းပြည်ကိုဆက်လက်အုပ်ချုပ်ခဲ့၏။ အလစ်ဇန္ဒား၏ တန်ခိုးအာဏာအကြီးထွားဆုံး အချိန်တွင် တိုင်းပြည်၏နယ်နိမိတ်သည် အရှေ့ဖက်တွင်အိန္ဒိယ (India) ပြည်အထိကျယ်ဝန်းခဲ့၏။ သို့သော် ဘီစီ ၃ ရာစုနှောင်းပိုင်းခန့်တွင် ရိုမန်အင်ပါယာ (Roman empire) တန်ခိုးအာဏာကြီးထွားလာခဲ့ ပြီး ဘီစီနှစ်ရာစုအလယ်ခန့်တွင် ဂရိတစ်နိုင်ငံလုံး ရိုမန်တို့လက်အောက်သို့ကျရောက်ခဲ့ရ၏။ ရိုမန်တို့ဂရိ ကိုအောင်နိုင်ကြသောအခါ ဂရိထုံးတမ်းအစဉ်အလာများ၊ ရိုးရာဘာသာရေးယုံကြည်မှုများနှင့် ဒဏ္ဍာရီ ပုံပြင်များကို ရိုမန်ဒဏ္ဍာရီပုံပြင်များအတွင်းသို့ သွတ်သွင်းမွေးစားလာခဲ့ကြ၏။

*စာပေ*

ယနေ့ခေတ် ဂရိဒဏ္ဍာရီများဟု လူသိများသောဒဏ္ဍာရီတို့ကို ရှေးအစဉ်အဆက်မှ ပုံပြင်များအဖြစ် လက်ဆင့်ကမ်းလာခဲ့ကြခြင်းဖြစ်၏။ ဒဏ္ဍာရီအများစုသည် အခြားလူမျိုးများထံမှ ဂရိတို့စုဆောင်းခဲ့ကြ သော ပုံပြင်များမှဆင်းသက်လာခဲ့ကြ၏။ ဂရိအက္ခရာတီထွင်အသုံးပြုခဲ့သော ဘီစီ ၈၀၀ခန့် မတိုင်မီက

ဒဏ္ဍာရီများကို တစ်ယောက်စကားတစ်ယောက်နားသို့ ပုံပြောခြင်းဖြင့် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြ၏။ ထိုစဉ်က ဂရိဒေသတစ်ခုနှင့်တစ်ခုအကြား ပုံပြောခြင်းဖြင့် ဒဏ္ဍာရီများပျံ့ပွားနေသကဲ့သို့ ကမ္ဘာ့အခြားဒေသများတွင်လည်း ဤနည်းအတိုင်းပင် ပုံပြောခြင်းဖြင့်လက်ဆင့်ကမ်းခဲ့ကြ၏။ သို့သော် ဘီစီ ၈၀၀ နောက်ပိုင်းတွင် ယနေ့ခေတ်ဂရိဒဏ္ဍာရီများအဖြစ် လူသိများသောပုံပြင်တို့ကို အက္ခရာဖြင့်မှတ်တမ်းတင်လာခဲ့ကြ၏။

| ဂရိအက္ခရာနှင့် အင်္ဂလိပ်အက္ခရာတို့၏ တူညီမှု | | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Α | Β | Γ | Δ | Ε | Ζ | Η | Θ | Ι | Κ | Λ | Μ | Ν | Ξ | Ο | Π | Ρ | Σ | Τ | Υ | Φ | Ψ | Χ | Ω |
| A | B | G | D | E | Z | E | Th | I | K | L | M | N | Xs | O | P | R | S | T | Y/U | Ph | Ps | Ch | O |

ဂရိအက္ခရာတို့သည် ယနေ့ခေတ် အသုံးပြုနေကြသော အင်္ဂလိပ်အက္ခရာတို့နှင့် ကွဲပြားလျက်ရှိသဖြင့် လေ့လာသူများအနေဖြင့် ဂရိအက္ခရာနှင့်တူညီသောအင်္ဂလိပ်အက္ခရာတို့ကို ရွေးချယ်အသုံးပြုရာတွင် တစ်ဦးနှင့်တစ်ဦးကွဲပြားလျက်ရှိ၏။ ဥပမာအားဖြင့် မီးနတ်ဘုရားကိုစာလုံးပေါင်းရာ၌ ရေးသားသူကိုလိုက်၍ အချို့က ဟစ်ဖိုင်စတော့စ် (Hephaistos) ဟုဖေါ်ပြကြပြီး အချို့က ဟစ်ဖစ်စတပ်စ် (Hephaestus) ဟုဖေါ်ပြကြ၏။ ဤစာအုပ်တွင် ဂရိအသံထွက်နှင့်နီးစပ်ပြီး အသံထွက်ရန်လွယ်ကူသော အင်္ဂလိပ်စကားလုံးများကို အသုံးပြုထား၏။

ဘာသာပြန်သူ၏ မှတ်ချက်။ ။ မူရင်းစာအုပ်တွင် အသုံးပြုထားသော အင်္ဂလိပ်စာလုံးများကို မြန်မာအသံထွက်တို့နှင့် လဲလှယ်ရာ၌ The Learning Company မှထုတ်လုပ်သော Oxford Talking Dictionary [CD-ROM] တွင် ဖေါ်ပြပါရှိသော အသံထွက်များအတိုင်း ဖေါ်ပြထားပါသည်။ အသံထွက်တို့ကိုဖေါ်ပြရာတွင် မြန်မာတို့နှုတ်ကျိုးနေသော အသံထွက်များကိုမယူပဲ ဥပမာ - အိုလံပတ်ကို အလင်ပတ်စ်၊ ဒီမိုကရေစီကို ဒမော့ကရစ်စီ၊ အာဖရိကကို အက်ဖရစ်က အစရှိသဖြင့် အင်္ဂလိပ်တို့၏အသံထွက်နှင့် တတ်နိုင်သမျှနီးစပ်အောင် ယူထားပါသည်။

ဘီစီရှစ်ရာစု၏ တစ်ခုသောအချိန်ကာလ၌ ကဗျာဆရာဟိုးမား (Homer) က ဣလိအက် *Iliad* နှင့် အိုဒစ်ဆီ *Odyssey* ဟူသောကဗျာနှစ်ပုဒ်ကို ရေးသားခဲ့ဖူး၏။ အဆိုပါ ကဗျာရှည်ကြီးနှစ်ပုဒ်တွင် ဂရိသမိုင်း၌ထင်ရှားသော ဒဏ္ဍာရီများပါဝင်ခဲ့၏။ ဣလိအက်ကဗျာတွင် ဘီစီ ၁၂၅၀ ခန့်ကဖြစ်ပွားခဲ့ဖွယ်ရှိသော ထရိုဂျန်စစ်ပွဲ (Trojan War) ၏ ဆယ်နှစ်မြောက်ပုံပြင်များပါဝင်၏။ အိုဒစ်ဆီကဗျာ၌ ဂရိပြည်မကြီး၏ အနောက်ဖက်ကမ်းရိုးတန်းတွင် အမှန်တစ်ကယ်တည်ရှိသော အစ်သကာ (Ithaca) ကျွန်း၏ဘုရင် အိုဒစ်ဆီယပ်စ် (Odysseus) ၏ စွန့်စားခန်းများအကြောင်း ရေးသားထား၏။ ဟိုးမားအကြောင်းကိုမူ များစွာမသိလှချေ။ ဒဏ္ဍာရီပုံပြင်များအရသူသည် မျက်မမြင်ကဗျာဆရာတစ်ယောက်ဖြစ်ပြီး အေးရှားမိုင်းနား (သို့) ခိုင်းအော့ (Chios) ကျွန်းတွင်နေထိုင်သည်ဟုဆိုကြ၏။ ထိုစဉ်က စာပေအရေးအသားမပေါ်ပေါက်သေးပဲ ပါးစပ်ရာဇဝင်များသာခေတ်စားလျက်ရှိရာ ဟိုးမား၏ပုံပြင်များသည် မှတ်တမ်းတင်ရေးသားခြင်းမပြုနိုင်မီကပင် မျိုးဆက်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ပြီးဖြစ်ဖွယ်ရှိ၏။

ထိုစဉ်က ဟိုးမားကဲ့သို့အရေးပါသော အခြားကဗျာဆရာတစ်ဦးမှာ ဘီစီ ၇၀၀ ခန့်ကမွေးဖွားခဲ့သူ

ဟီးစီးအပ် (Hesiod) ဖြစ်၏။ သူ၏ထင်ရှားသောကဗျာနှစ်ပုဒ်မှာ ကမ္ဘာမြေဖန်ဆင်းခြင်းအကြောင်းဖွဲ့နွဲ့ထားသော သီဩဂနီ *Theogony* နှင့် အခြားအရေးပါသော ပုံပြင်များအကြောင်းဖွဲ့နွဲ့ထားသည့် *Works and Days* အမည်ရှိကဗျာတို့ဖြစ်၏။ ထိုစဉ်အချိန်က ဂရိဒဏ္ဍာရီပုံပြင်များတွင်ပါရှိသော နတ်ဘုရားများနှင့် နတ်ဘုရားမများအကြောင်းကို ယင်းကဗျာနှစ်ပုဒ်က များစွာထင်ဟပ်ဖော်ပြလျက်ရှိ၏။

အက်သင်မြို့တွင် ဒမော့ကရစ်စီထွန်းကားလာသောအချိန်၌ ဂရိစာပေနှင့်အနုပညာယဉ်ကျေးမှုတို့ပါ အခြေမြင့်လာခဲ့ကြ၏။ ကပွဲပြဇာတ်ရုံများသည် ထိုအနုပညာဖွံ့ဖြိုးမှုများတွင် တစ်ခုအပါအဝင်ဖြစ်၏။ အက်သင်မြို့၏ အကျော်ကြားဆုံးပြဇာတ်ရေးဆရာသုံးဦးမှာ အစ်စကစ်လပ်စ် (Aeschylus)၊ ဆော့ဖကလစ်စ် (Sophocles) နှင့် ယူရစ်ပစ်ဒီးစ် (Euripides) တို့ဖြစ်ကြပြီး ယနေ့ခေတ်လူသိများသော ဒဏ္ဍာရီပုံပြင်အများစုသည် ၎င်းတို့၏ပြဇာတ်များမှ ဆင်းသက်လာခဲ့ကြခြင်းဖြစ်၏။

ယနေ့ခေတ် လေ့လာသူများအတွက် ဂရိဒဏ္ဍာရီတို့၏ အခြားအရေးပါသောမြစ်ဖျားသည် ရိုမန်တို့၏ဒဏ္ဍာရီများဖြစ်၏။ ရိုမန်တို့ဂရိကိုအောင်နိုင်ကြသောအခါ ဂရိယဉ်ကျေးမှုအမြောက်အများကို မွေးစားခဲ့ကြ၏။ ဘီစီ ၄၃ မှ အေဒီ ၁၇ အတွင်းပေါ်ပေါက်ခဲ့သော ကဗျာဆရာဩဗစ် (Ovid) သည် ရောမတွင် ဩဇာလွှမ်းမိုးမှုအရှိဆုံးဖြစ်၏။ ၎င်းရေးသားခဲ့သော အတွဲ၁၅တွဲပါ *The Metamorphoses* အမည်ရှိကဗျာသည် မျက်မှောက်ခေတ်လေ့လာသူများအကြား အထူးထင်ရှားပြီး ရာစုနှစ်များစွာတိုင်အောင် အခြားအနုပညာရှင်များနှင့် ကဗျာဆရာများအပေါ်တွင် ဩဇာလွှမ်းမိုးခဲ့၏။

## *ကိုးကွယ်ယုံကြည်မှုနှင့် ထုံးတမ်းအစဉ်အလာများ*

ရှေးဂရိလူမျိုးတို့သည် *polytheistic* ခေါ် နတ်ဘုရားများနှင့်နတ်ဘုရားမများ တည်ရှိခြင်းကို ယုံကြည်လက်ခံကြသူများဖြစ်၏။ နတ်ဘုရားများနှင့် နတ်ဘုရားမများပါဝင်သော အုပ်စုတစ်စုကို ပန်သီအွန် (pantheon) ဟုခေါ်ပြီး ဂရိပန်သီအွန်၏ ခေါင်းဆောင်သည် မိုးကောင်းကင်ကိုအစိုးရသော နတ်ဘုရားဘုရင် ဇီးယုစ် (Zeus) ဖြစ်၏။ နတ်ဘုရားတို့သည် တန်ခိုးများစွာပိုင်ဆိုင်ကြပြီး ကမ္ဘာမြေပြင်နှင့်တကွ သဘာဝတရားတစ်ခုလုံးကို လွှမ်းမိုးခြယ်လှယ်ကြသည်ဟု ဂရိတို့ယုံကြည်ကြ၏။ နတ်ဘုရားများကို ကျောင်းဆောင်များဆောက်လုပ်၍ ပူဇော်ပသမှုများ မကြာခဏပြုလုပ်လေ့ရှိကြ၏။ မြို့အများစုတွင် အထူးစောင့်ရှောက်ကာကွယ်ပေးသော နတ်ဘုရား (သို့) နတ်ဘုရားမ တစ်ဦးဦးရှိတတ်ကြ၏။ ဥပမာအားဖြင့် အက်သင်မြို့တွင် နတ်ဘုရားမအသီနာ (Athena) နှင့် နတ်ဘုရားပဆိုင်ဒမ် (Poseidon) တို့ကို ကာကွယ်စောင့်ရှောက်သူများအဖြစ်နှင့် ကိုးကွယ်ကြ၏။

မြို့တော်များတွင် နတ်ဘုရားအသီးသီးကိုပူဇော်သည့်အနေဖြင့် တစ်နှစ်တွင်အကြိမ်များစွာ ဘုရားပွဲတော်များ ကျင်းပပြုလုပ်လေ့ရှိကြ၏။ ထိုဘုရားပွဲတော်များတွင် ကဗျာဆရာများသည် နတ်ဘုရားတို့၏ စွန့်စားခန်းပုံပြင်များကို ဖွဲ့နွဲ့ရေးစပ်လေ့ရှိကြ၏။ ရှေးဂရိလူမျိုးတို့၏ အကျော်ကြားဆုံးဘုရားပွဲတော်မှာ အက်သင်မြို့တွင်ကျင်းပသော ဝိုင်အရက်ကိုအစိုးရသည့် နတ်ဘုရားဒိုင်အန်နစ်ဆပ်စ်၏ ဘုရားပွဲဖြစ်၏။ ထိုပွဲတော်ရက်များတွင် ပြဇာတ်များအပြိုင်အဆိုင်ကပြကြပြီး မျက်မှောက်ခေတ်ရှိ ကပွဲဇာတ်ရုံများသည် အဆိုပါဘုရားပွဲတော်တို့မှ ဆင်းသက်လာခဲ့ခြင်းဖြစ်၏။

နတ်ဘုရားများကိုပူဇော်ပသရာတွင် ယစ်ပူဇော်မှုများလည်း မကြာခဏပြုလုပ်လေ့ရှိကြ၏။ အများ

အားဖြင့် ဆိတ်ကိုယစ်ပူဇော်လေ့ရှိကြ၏။ *oracle* (သို့) *prophet* ဟုခေါ်သည့် နတ်ဆရာများကိုလည်း ဂရိတို့လက်ခံယုံကြည်ကြ၏။ ငှက်တစ်ကောင်ကိုမြင်တွေ့ရခြင်း (သို့) ထူးဆန်းသောအချင်းအရာ ဖြစ်ပွားခြင်း အစရှိသည်တို့အတွက် နတ်ဆရာ၊ နတ်ဆရာမများက နတ်ဘုရားတို့၏ကျောင်းဆောင် အသီးသီးတွင် *omen* ဟုခေါ်သည့် နိမိတ်ဖတ်ခြင်းများပြုလုပ်လေ့ရှိကြ၏။ အရေးပါသော ဘုရားကျောင်းဆောင်များတည်ရှိရာ ဒယ်လ်ဖီ (Delphi) နယ်မြေတွင် အထင်ရှားဆုံးနတ်ဆရာတို့ နေထိုင်ကြ၏။

နတ်ဘုရားများနှင့် နတ်ဘုရားမများသည် ရှေးဂရိလူမျိုးတို့၏ နေ့စဉ်လူနေမှုဘဝတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး နတ်ဘုရားအသီးသီးတွင် သီးသန့်လုပ်ဆောင်မှုများရှိ၏။ ရံဖန်ရံခါ နတ်ဘုရားများတွင် အလုပ်များစွာရှိ၏။ ဥပမာအားဖြင့် မိုးကောင်းကင်ကိုအစိုးရသော နတ်ဘုရားဘုရင် ဇီးယုစ်သည် ဧည့်သည်များနှင့်ခရီးသွားများအား စောင့်ရှောက်သူလည်းဖြစ်၏။ ထို့အတူ ဇီးယုစ်၏ ကြင်ယာတော် ဟာရာ (Hera) သည် လက်ထပ်ထိမ်းမြားမှုနှင့် သားသမီးမွေးဖွားမှုကိုအစိုးရသော နတ်ဘုရားမဖြစ်၏။ အသီနာသည် အက်သင်မြို့သားတို့ကိုစောင့်ရှောက်သော နတ်ဘုရားမဖြစ်သည့်အပြင် ဉာဏ်ပညာနှင့်စစ်မက်ကိုလည်းအစိုးရ၏။ အက်သင်မြို့သားတို့ကိုစောင့်ရှောက်သည့် အခြားနတ်ဘုရားတစ်ပါးဖြစ်သော ပဆိုင်ဒမ်သည် ပင်လယ်သမုဒ္ဒရာကိုအစိုးရပြီး သင်္ဘောသားများနှင့် ပင်လယ်ရေကြောင်းသွားလာသူများအတွက် အရေးပါ၏။ မီးနတ်ဘုရား ဟစ်ဖစ်စတပ်သည်လည်း အခြားနတ်ဘုရားများ ကိုင်ဆောင်အသုံးပြုသည့် လက်နက်များကိုပြုလုပ်ပေးရသော ပန်းပဲနတ်ဘုရားအဖြစ် ဆောင်ရွက်ရသေး၏။

ဂရိအလယ်ပိုင်းရှိ သက်စလေ (Thessaly) အရပ်တွင် အမှန်တစ်ကယ်တည်ရှိသော အလင်ပတ်စ် (Olympus) တောင်ရှိပြီး ထိုတောင်မြတ်တွင် နတ်ဘုရားများနေထိုင်ကြသည်ဟု ဂရိတို့ယုံကြည်ကြ၏။ သို့သော် ဂရိတို့၏ထုံးတမ်းအစဉ်အလာများအရ နတ်ဘုရားတို့သည် အလင်ပတ်တောင်မှခွာ၍ လွတ်လပ်စွာ လှည့်လည်သွားလာနိုင်ကြ၏။ ဒဏ္ဍာပုံပြင်များတွင် နတ်ဘုရားများသည် လူ့အသွင်ကိုဆောင်လျက် လူသားများနှင့် ရောနှောသွားလာလေ့ရှိကြသည်ဟု မကြာခဏထည့်သွင်းဖော်ပြကြ၏။

ပန်သီအွန်တစ်ခုအတွင်းရှိ နတ်ဘုရားများနှင့် နတ်ဘုရားမတို့သည် တစ်ပါးနှင့်တစ်ပါး လက်ထပ်ထိမ်းမြားလေ့ရှိကြပြီး အချို့တွင်ကြင်ယာတော်တစ်ဦးထက်မက ရှိတတ်ကြ၏။ ထို့အပြင်အချို့သည် ရံဖန်ရံခါ မိမိတို့ဆွေမျိုးသားချင်းများနှင့်၎င်း၊ မိဘများနှင့်၎င်း၊ သားသမီးများနှင့်၎င်း လက်ထပ်ထိမ်းမြားကြသည်များလည်းရှိသေး၏။ ဥပမာအားဖြင့် နတ်ဘုရားဇီးယုစ်၏ ကြင်ယာတော်ဟာရာသည် ၎င်း၏နမအရင်းဖြစ်ပြီး ဟာရာအပြင် အခြားကြင်ယာတော်များလည်း များစွာရှိသေး၏။ အသီးသီးသောဒဏ္ဍာရီပုံပြင်များအရ ဇီးယုစ်တွင် ကြင်ယာတော်တစ်ရာ့ဆယ့်ငါးပါးရှိကြောင်း သိရ၏။ ဒဏ္ဍာရီပုံပြင်တို့သည် အဆင့်ဆင့် ပြန်လည်ပြောပြမှုတို့ကြောင့် အစဉ်ပြောင်းလဲနေတတ်သဖြင့် နတ်ဘုရားကြင်ယာစုံတွဲများသည် မကြာခဏပြောင်းလဲလျက်ရှိ၏။ နတ်ဘုရားတို့နှင့်ပတ်သက်၍ ယုံကြည်မှုများလည်း တစ်ဦးနှင့်တစ်ဦး ရံဖန်ရံခါကွဲလွဲလျက်ရှိတတ်၏။ တန်ခိုးအကြီးဆုံးနတ်ဘုရားဖြစ်သော ဇီးယုစ်သည် အခြားနတ်ဘုရားတို့၏ ဘဝတစ်စိတ်တစ်ဒေသပင်ဖြစ်၏။

နတ်ဘုရားတို့တွင် ကြင်ယာအမြောက်အများနှင့် သားသမီးများထွန်းကားနိုင်ကြသည်မှန်သော်လည်း ဂရိလူမျိုးတို့၏လက်ထပ်ထိမ်းမြားမှုတွင် ကန့်သတ်ချက်များရှိ၏။ အမျိုးသမီးများသည် အသက်

ငယ်ရွယ်စဉ်ကပင် မိမိတို့ထက်အသက်အရွယ်ကြီးသောအမျိုးသားများနှင့် လက်ထပ်လေ့ရှိတတ်ကြပြီး အများအားဖြင့် အက်သင်မြို့၏ လက်ထပ်ထိမ်းမြားမှုတို့သည် ချစ်ခြင်းမေတ္တာကိုအခြေခံခြင်းမဟုတ်ပဲ စီးပွားရေးနှင့်လူမှုရေးလိုအပ်ချက်များအရ မိဘအသိုင်းအဝိုင်းတို့၏စီမံမှုဖြင့် လက်ထပ်ထိမ်းမြားကြခြင်း ဖြစ်၏။ ဒဏ္ဍာရီများ၌ နတ်ဘုရားနှင့်နတ်ဘုရားမများ မည်သို့ချစ်ကြိုက်ကြသည်ဆိုစေ၊ အမျိုးသမီးတို့ အနေဖြင့် လက်ထပ်ထိမ်းမြားမှုမှအပ အခြားယောကျ်ားများနှင့် ရိုမန်တစ်ဆန်ဆန်ချစ်ကြိုက်မှုမျိုးကို လူနေမှုအသိုင်းအဝိုင်းက လက်မခံချင်ကြပေ။

နတ်ဘုရားများနှင့် နတ်ဘုရားမတို့၏ပုံပြင်များသည် ပြဇာတ်များနှင့်ကဗျာတို့၏ တစ်စိတ်တစ်ဒေသဖြစ်သည့်အပြင် ထိုပုံပြင်များကို အိမ်၌လည်းကောင်း၊ ကျောင်း၌လည်းကောင်း မကြာခဏပြောလေ့ရှိကြ၏။ သို့ဖြစ်ရာ အောက်တွင်ရေးသားဖော်ပြလတ္တံ့သော ဒဏ္ဍာရီပုံပြင်များသည် ရှေးဂရိလူမျိုးတို့၏ နေ့စဉ်လူနေမှုဘဝနှင့် ဘာသာရေးယုံကြည်မှုတို့အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပါကြောင်း။ ။

# ၁။

# ဖန်ဆင်းခြင်း



# မိတ်ဆက်

ယဉ်ကျေးမှုအများစုတွင် စကြဝဠာဖန်ဆင်းခြင်းနှင့် အချိန်၏ကနဦးအစအကြောင်းတို့ ဖေါ်ပြပါရှိသည့် ဒဏ္ဍာရီပုံပြင်များရှိတတ်ကြ၏။ စကြဝဠာ၏အစကိုသိရှိရန် များစွာခက်ခဲသည်ဖြစ်ရာ ဒဏ္ဍာရီများတွင် ပုံစံအမျိုးမျိုးဖြင့် အကောင်းဆုံးဖြစ်အောင် ဖေါ်ပြလေ့ရှိကြ၏။

ဟီးစီးအပ်၏ ကဗျာတစ်ပုဒ်ဖြစ်သော သီဩဂနီတွင် ဂရိတို့၏အရေးပါသော ဖန်ဆင်းခြင်းဝါဒအကြောင်း ဒဏ္ဍာရီပါရှိ၏။ သီဩဂနီသည် ကမ္ဘာမြေဖန်ဆင်းခြင်းနှင့် ဂရိပန်သီအွန်ရှိ နတ်ဘုရားများပေါ်ပေါက်လာမှုအကြောင်း ရေးသားထားသည့် အစောဆုံးသောကဗျာတစ်ပုဒ်ဖြစ်ဟန်ရှိ၏။ သီဩဂနီတွင် ဟီးစီးအပ်သည် အနုပညာကိုစောင့်ရှောက်သော မြူးဇက် (Muses) နတ်ဘုရားမက ဖန်ဆင်းခြင်းနှင့် နတ်ဘုရားတို့အကြောင်းကို ကူညီဖေးမပြောပြလေဟန်ဖြင့် ရေးသားထား၏။ ကဗျာဆရာတို့က မြူးဇက်အားတိုင်တည်ဟန်ဖြင့် ယင်းတို့၏ကဗျာများကို အောက်ပါအတိုင်း စတင်လေ့ရှိ၏။

> ပထမဆုံးနတ်ဘုရားများနှင့် ကမ္ဘာမြေဖြစ်ပေါ်လာပုံအကြောင်း၊ မြစ်ချောင်းများနှင့် အဆုံးမဲ့ပင်လယ်ပြင်များ၊ လင်းလက်ကြယ်များနှင့် ထက်အာကာကောင်းကင်ဘုံအကြောင်း၊ ကောင်းသောအရာတို့ကိုပေးတော်မူလေ့ရှိသောနတ်ဘုရားများ မည်သို့မွေးဖွားလာပုံ၊ စည်းစိမ်ဥစ္စာများနှင့်တန်ခိုးအရာများ မည်သို့ခွဲဝေခဲ့ကြပုံတို့ကို ပြောပြပါလော့အရှင်မ ... အလင်ပတ်စ်ဘုံနန်း၌စံမြန်းလျက်ရှိသော အိုအရှင်မမြူးဇက် ... မည်သည့်အရာများက စတင်ဖြစ်ပေါ်လာကြသနည်းဆိုသည်ကို အကျွန်ုပ်အား အဦးအဖျားပြောပြတော်မူပါလော့ ...

ထိုဖန်ဆင်းခြင်းဒဏ္ဍာရီ၌ ကမ္ဘာမြေဖြစ်ပေါ်လာပုံသည် အစိုးရသောနတ်ဘုရားတို့၏ တန်ခိုးအာဏာရရှိလာမှုနှင့် တစ်ထပ်တည်းဖြစ်၏။ စကြဝဠာကို ပထမဆုံးအုပ်စိုးသောအရာကို ခဲအော့ (Chaos) ဟုခေါ်၏။ ခဲအော့ဆိုသည်မှာ စာပေအရ အပြောကျယ်သောဟင်းလင်းပြင်ဟုအဓိပ္ပါယ်ရပြီး လိုဏ်ဂူ (သို့) တွင်းပေါက်ဟုလည်းအဓိပ္ပါယ်ရသေး၏။ ဂိုင်အာ (Gaia) နတ်ဘုရားမ၏အမည်သည် စာပေအရ "ကမ္ဘာ" (သို့) "မြေသား" ဟုအဓိပ္ပါယ်ရ၏။ ဂိုင်အာ၏သားလည်းဖြစ်၊ ခင်ပွန်းလည်းဖြစ်သူ ယူရေးနပ်စ် (Uranus) သည် "မိုးကောင်းကင်" (သို့) "ကောင်းကင်ဘုံ" ဟုအဓိပ္ပါယ်ရ၏။ အဆိုပါ နတ်ဘုရားအမည်များနှင့် ပြင်ပလောကရှိ လက်တွေ့အကြောင်းအရာတို့သည် နီးကပ်စွာတူညီလျက်ရှိကြရကား ဂိုင်အာဆိုသည်မှာ နတ်ဘုရားမလည်းဖြစ်၊ ကမ္ဘာမြေကိုယ်တိုင်လည်းဖြစ်ပြီး ယူရေးနပ်စ်ဆိုသည်မှာ နတ်ဘုရားလည်းဖြစ်၊ ကောင်းကင်ဘုံလည်းဖြစ်ကြောင်း နားလည်သဘောပေါက်ကြရမည်ဖြစ်၏။

# ဖန်ဆင်းခြင်း

မြေပြင်နှင့် သမုဒ္ဒရာ၊ နတ်ဘုရားများနှင့် လူသားများမတိုင်မီက ခဲအော့မှလွဲလျှင် မည်သည့်အရာမျှမရှိပေ။ ခဲအော့ဆိုသည်မှာ စီစဉ်တကျလည်းမဟုတ်၊ အစီအစဉ်မကျသည်လည်း မဟုတ်သော ဟင်းလင်းပြင်ကြီးပင်ဖြစ်၏။ ခဲအော့ကာလတစ်လျှောက်တွင် မည်သို့သောစကြဝဠာမျှ ဖြစ်ပေါ်ဖွဲ့စည်းခဲ့ခြင်း မရှိသေးပေ။ နေမရှိ၊ လမရှိ။ ကမ္ဘာမြေတွင် တောင်တန်းနှင့် သမုဒ္ဒရာနှင့်တူသောအရာများ မရှိကြသေး။ စင်စစ်အားဖြင့် ကမ္ဘာမြေကိုယ်တိုင်ပင် ဖြစ်ပေါ်ဖွဲ့စည်းခဲ့ခြင်းမရှိသေးပေ။ အချိန်လည်းမရှိသေးပဲ၊ ဘာမျှမရှိသော ဟာလာဟင်းလင်း သက်သက်ပင်ရှိသေး၏။ ထို့နောက် ခဲအော့သည် ၎င်းကိုယ်တိုင် မြေသား၊ မိုးကောင်းကင်နှင့် ပင်လယ်သမုဒ္ဒရာများအဖြစ် တဖြည်းဖြည်းချင်းဖြစ်ပေါ်ဖွဲ့စည်းလာခဲ့၏။ ဤသို့ ဖွဲ့စည်းဖြစ်တည်မှုများပြီးဆုံးသွားသောအခါ အရာရာသည်ငြိမ်းချမ်းသာယာလျက် ပြည့်စုံမှုအတိပြီးလျက်ရှိ၏။

ခဲအော့ကိုယ်တိုင် မြေသား၊ မိုးကောင်းကင်နှင့် ပင်လယ်သမုဒ္ဒရာများအဖြစ် အလိုအလျောက်ခွဲခြားဖြစ်တည်ပြီးသွားသောအခါ မိခင်ဖခင်မရှိပါပဲလျက် နတ်မဘုရားမတစ်ပါး အလိုအလျောက်ပေါက်ဖွားလာခဲ့၏။ သူမ၏အမည်သည် ကမ္ဘာမြေဟုအဓိပ္ပါယ်ရသော ဂိုင်အာဖြစ်ပြီး ကမ္ဘာမြေကိုရုပ်လုံးဖော်လျက်အုပ်စိုးခဲ့၏။ မြေပြန့်ဒေသများ၊ တောင်တန်းများ၊ မြစ်ချောင်းများနှင့် သမုဒ္ဒရာတို့ကိုဖန်ဆင်းခဲ့၏။ ပိတ်ကားပေါ်တွင် စုတ်တံဖြင့်ပန်းချီရေးဆွဲနေသည့်ပမာ ဂိုင်အာသည် ကမ္ဘာမြေကိုပုံဖော်ခြင်းဖြင့် အလုပ်များလျက်ရှိတော့၏။ သို့နှင့်ဂိုင်အာသည် များမကြာမီ၌ ကမ္ဘာမြေကိုထိန်းသိမ်းအုပ်ချုပ်နိုင်မည့် သားသမီးအလိုရှိလာတော့၏။

ဂိုင်အာသည် သားသမီးရလိုဇောပြင်းပြလွန်းသဖြင့် မကြာမီပင်သူမကိုယ်တိုင် အလိုအလျောက်ကိုယ်ဝန်ရှိလာတော့၏။ ပထမဆုံးမွေးဖွားလိုက်သော သားကလေး၏အမည်သည် ယူရေးနပ်စ်ဖြစ်ပြီး မိုးကောင်းကင်ကိုအစိုးရသော နတ်ဘုရားဖြစ်လာ၏။ ယူရေးနပ်စ်သည် ၎င်း၏မိခင်ဂိုင်အာနှင့် တန်ခိုးအာဏာထပ်တူရှိပြီး မကြာမီ၌ မိခင်ဖြစ်သူဂိုင်အာနှင့်လက်ဆက်ကာ သားသမီးများဆက်လက်ထွန်းကားလာခဲ့၏။

ဂိုင်အာ၏ ပထမဆုံးသားသုံးယောက်သည် လက်တစ်ရာရှိသော မကောင်းဆိုးဝါးလေးများဖြစ်ကြ၏။ ၎င်းတို့သည် ကိုယ်ခန္ဓာများစွာကြီးထွားလျက် တစ်ဦးစီတွင် ဦးခေါင်းငါးဆယ်နှင့် လက်တစ်ရာရှိ၏။ ဂိုင်အာက သူမ၏သားသမီးများကို ချစ်ခင်သော်လည်း ယူရေးနပ်စ်သည် တစ်နေ့တွင် သူ၏သားများက သူ့အားပိုင်းဝန်းရန်ပြုကြမည်ကိုတွေးတောကာ စိုးရိမ်ပူပန်လျက်ရှိ၏။ ထို့ကြောင့် ယူရေးနပ်စ်သည် သားသမီးများအပေါ်မလိုမုန်းထားလျက် မိခင်ဖြစ်သူဂိုင်အာ၏ဝမ်းဗိုက်တွင်းသို့ အတင်းအကြပ်ပြန်လည်သွတ်သွင်းလိုက်၏။

လက်တစ်ရာနတ်များ ဂိုင်အာ၏ဝမ်းဗိုက်တွင်းသို့ ပြန်လည်သွတ်သွင်းခြင်းခံရအပြီးတွင် မကောင်းဆိုးဝါးသုံးကောင် ထပ်မံမွေးဖွားလာပြန်၏။ ၎င်းတို့သည်လည်း ခန္ဓာကိုယ်ကြီးမားကြလျက် ဆိုက်ကလော့ (Cyclops) ဟုခေါ်၏။ တစ်ဦးစီတွင် မျက်လုံးတစ်လုံးစီသာရှိလျက် မျက်လုံးများသည် ၎င်းတို့၏

နဖူးအလည်တည့်တည့်တွင်တည်ရှိ၏။ အမြင်အားဖြင့်ရုပ်ဆိုးအကျည်းတန်ကြသော်လည်း များစွာခွန်အား သန်မာကြလျက် ၎င်းတို့၏မိခင်အသုံးပြုရန်အတွက် မိုးကြိုးလက်နက်ကို ဖန်ဆင်းပေးခဲ့ကြ၏။ သို့သော် ထိုသားသုံးယောက်ကိုလည်း ယူရေးနပ်စ်ကကြောက်ရွံ့နေပြန်၏။ ထို့ကြောင့်ယူရေးနပ်စ်သည် ၎င်းတို့သုံးဦးကို တားတာရပ် (Tartarus) ခေါ် ငရဲလိုဏ်ဂူအတွင်းသို့ပစ်သွင်းခဲ့၏။ တားတာရပ်သည် အလွန်ဝေးကွာလှသောနေရာဖြစ်သဖြင့် ၎င်းတို့သုံးဦးသည် ယူရေးနပ်စ်ကို ဒုက္ခမပေးနိုင်တော့ချေ။



လက်တစ်ရာသားသုံးယောက်နှင့် ဆိုက်ကလော့သားသုံးယောက်ကို ဆုံးရှုံးရသည့်အတွက် ဂိုင်အာသည် များစွာဝမ်းနည်းလျက်ရှိပြီး ရိုင်းစိုင်းသောယူရေးနပ်စ်အပေါ်တွင်လည်း မကျေမနပ်ဖြစ်လျက်ရှိ၏။ သို့နှင့်မကြာမီ ဂိုင်အာတွင်ကိုယ်ဝန်ရှိလာခဲ့ပြီး တတိယအသုတ်သားသမီးများကို မွေးဖွားလာခဲ့၏။ ၎င်းတို့ကို တိုက်တန် (Titans) ဟုခေါ်ပြီး နတ်ဘုရားခြောက်ယောက်နှင့် နတ်ဘုရားမခြောက်ယောက်၊ စုစုပေါင်းဆယ့်နှစ်ယောက်ဖြစ်၏။ တိုက်တန်နတ်ဘုရားများသည် လူ့အသွင်စရိုက်လက္ခဏာရှိကြပြီး မကောင်းဆိုးဝါးများမဟုတ်ကြပဲ၊ ၎င်းတို့၏နောင်တော်နတ်ဘုရားများနှင့် များစွာကွာခြားကြ၏။ နတ်ဘုရားမများ၏အမည်တို့မှာ တက်သစ်စ် (Tethys)၊ သိုင်အာ (Theia)၊ နန်မော့စိုင်း (Mnemosyne)၊ ရီးအာ (Rhea)၊ သမစ်စ် (Themis) နှင့် ဖီးဘီ (Phoebe) တို့ဖြစ်ကြပြီး နတ်ဘုရား

များ၏ အမည်တို့မှာ အိုးရှန်းနပ်စ် (Oceanus)၊ ဟိုက်ပါရီအန် (Hyperion)၊ အီအာပက်တပ်စ် (Iapetus)၊ ကရိုးနပ်စ် (Cronus)၊ ကရီးအပ်စ် (Crius) နှင့် ကိုအီးယပ်စ် (Coeus) တို့ဖြစ်ကြ၏။

ယူရေးနပ်စ်သည် ယခင်သားသမီးများအတိုင်းပင် တိုက်တန်နတ်ဘုရားတို့ကို ကြောက်မြဲကြောက်လျက်ရှိ၏။ ထို့ကြောင့် ၎င်းတို့၏နောင်တော်များနည်းတူ တိုက်တန်နတ်ဘုရားများကိုလည်း ဂိုင်အာ၏ ဝမ်းဗိုက်အတွင်းသို့ အတင်းအကြပ်ပြန်လည်သွတ်သွင်းခဲ့၏။ သို့သော်ယခုတစ်ကြိမ်တွင်မူ ဂိုင်အာသည် ယူရေးနပ်စ်၏အပြုအမူကို များစွာမကျေမနပ်ဖြစ်လျက်ရှိ၏။ သူမသည်သားသမီးများကို အချုပ်အခြယ် ကင်းမဲ့စွာဖြင့် ကမ္ဘာမြေတွင်ပျော်ပါးစေလိုသောဆန္ဒ ပြင်းပြလျက်ရှိ၏။ နောက်ဆုံးတွင် ဂိုင်အာသည် သားသမီးများကို ကမ္ဘာမြေပေါ်တွင်လွတ်လပ်စွာသွားလာနိုင်စေရန် အစီအစဉ်တစ်ခုကိုကြံစည်စိတ်ကူး နိုင်ခဲ့၏။

ဂိုင်အာသည် ဝမ်းဗိုက်အတွင်းမှသားသမီးများကို စကားပြောဆက်သွယ်နိုင်သဖြင့် သူမ၏အကြံ အစည်ကို အကောင်အထည်ဖော်ရန်စီမံခဲ့၏။ တိုက်တန်နတ်ဘုရား ဆယ့်နှစ်ယောက်အနက်မှ အထွေးဆုံး သားဖြစ်သူကရိုးနပ်စ်သည် မိခင်၏အကြံအစည်ကိုအကူအညီပေးရန် များစွာစိတ်အားထက်သန်လျက်ရှိ ၏။ ဤသို့ဖြင့် ဂိုင်အာနှင့်ကရိုးနပ်စ်တို့တိုင်ပင်လျက် တိုက်တန်နတ်ဘုရားများနှင့် လက်တစ်ရာနောင် တော်သုံးယောက်ကို အကျဉ်းထောင်နှင့်တူသော မိခင်၏ဝမ်းဗိုက်အတွင်းမှလွတ်မြောက်စေရန် ကြိုးပမ်း



အားထုတ်ခဲ့ကြ၏။

ကရိုးနပ်စ်နှင့် ဂိုင်အာသည် ၎င်းတို့၏အကြံအစည်ကို အကောင်အထည်ဖော်ရန် အခွင့်အရေးကို စောင့်စားခဲ့ကြ၏။ တစ်ညတွင် ဂိုင်အာ၏စက်ရာသို့ ယူရေးနပ်စ် လာရောက်အိပ်စက်သောအခါ ကရိုးနပ်စ်သည် မိခင်ဂိုင်အာ၏ဝမ်းတွင်းမှ တိတ်တဆိတ်ဖြည်းညင်းစွာထွက်လျက် *sickle* ဟုခေါ်သည့် ကောက်ရိတ်ရာတွင် အသုံးပြုလေ့ရှိသောတံဇဉ်ဖြင့် ဖခင်ယူရေးနပ်စ်အားထိုးလိုက်၏။ နောက်ဆုံးတွင် ယူရေးနပ်စ် အစဉ်တွေးတော ပူပန်ခဲ့သည့်အတိုင်းလက်တွေ့ဖြစ်လာခဲ့ပြီး သေအံ့မူးမူးအချိန်တွင် "ကရိုးနပ်စ်"ဟု ယူရေးနပ်စ်ကလဲကျနေရာမှခေါ်လိုက်၏။ "ငါ့အားပြုခဲ့သည့်အတိုင်း သင့်သားသမီးများကလည်း သင့်အား ပြုကြပါစေ" ဟုကျိန်စာတိုက်ပြီး ဒေါသနှင့် လက်စားချေလိုသောမျက်လုံးများဖြင့်ကြည့်လျက် ယူရေးနပ်စ် သေဆုံးသွားခဲ့၏။

ယူရေးနပ်စ်ကွယ်လွန်သွားသောအခါ ဂိုင်အာနှင့်သူမ၏သားသမီးများသည် ပထမဆုံးအကြိမ်အဖြစ် လွတ်လပ်မှု၏အရသာကိုခံစားခဲ့ကြရ၏။ တိုက်တန်နတ်များနှင့် လက်တစ်ရာနတ်များသည် မိခင်၏ဝမ်းပိုက်အတွင်းမှ ပြန်လည်မွေးဖွားလာကြပြီး၊ ဆိုက်ကလော့နတ်ဘုရားများမှာလည်း တားတာရပ်မှ လွတ်မြောက်လာကြ၏။ ဂိုင်အာ၏သားသမီးအားလုံးကပင် ကရိုးနပ်စ်ကိုနတ်ဘုရားဘုရင်အဖြစ် သဘောတူတင်မြှောက်ကြ၏။ ထို့နောက်ကရိုးနပ်စ်သည် တိုက်တန်နတ်ဘုရားမများထဲမှ ၎င်း၏နမတော်ရီးအာနှင့် အကြောင်းဆက်ပေါင်းဖက်ကြလျက် စကြဝဠာတစ်ခုလုံးကို အချိန်ကာလများစွာကြာညောင်းသည်အထိ ငြိမ်းချမ်းစွာအုပ်ချုပ်စိုးစံခဲ့၏။

# ၂။

# တိုက်တန်နတ်များနှင့် အလင်းပီအန်နတ်တို့၏ တိုက်ပွဲ



# မိတ်ဆက်

တစ်ခါတစ်ရံ၌ ပြင်ပလောကတွင်အမှန်တစ်ကယ်ရှိသော နေရာဒေသတို့၏အမည်များကို ဒဏ္ဍာရီတို့တွင်တွေ့ရလေ့ရှိ၏။ ဥပမာအားဖြင့် အလင်ပတ်တောင်သည် ဂရိနိုင်ငံအလယ်ပိုင်းတွင် အမှန်တစ်ကယ်တည်ရှိပြီး အီဂျီအန်ပင်လယ် (Aegean Sea) နှင့်များစွာမဝေးလှချေ။ သို့သော် အလင်ပတ်တောင်ကို ဒဏ္ဍာရီများတွင်ဖေါ်ပြကြသည့်အခါ သာမန်နေရာဒေသတစ်ခုအဖြစ်သာမက တိုက်တန်နတ်ဘုရားတို့ကိုအောင်နိုင်သော အလင်းပီအန်နတ်ဘုရား (Olympian Gods) တို့၏စံပျော်ရာနေရာအဖြစ်ပါ ဖေါ်ပြကြ၏။ ထိုနတ်ဘုရားမျိုးဆက်နှစ်ခုသည် စကြာဝဠာကိုလွှမ်းမိုးခြယ်လှယ်ရန် တန်ခိုးအာဏာလုကြရင်းဖြင့် စစ်မက်ဖြစ်ပွားခဲ့ကြပြီး အောင်နိုင်သောနတ်ဘုရားများက အလင်ပတ်တောင်ကို မွေ့ပျော်ရာစံအိမ်အဖြစ်သိမ်းပိုက်ခဲ့၏။ အလင်ပတ်တောင်သည် အပြင်လောက၌ အမှန်တစ်ကယ်တည်ရှိသည်မှန်သော်လည်း ဒဏ္ဍာရီများတွင် လူသူမရောက်နိုင်သော နေရာတစ်ခုအဖြစ်ဖေါ်ပြကြပြီး အချိန်နှင့်အာကာသ ဟင်းလင်းပြင်တို့မှ လွတ်ကင်းသောနေရာတစ်ခုအဖြစ် ယူဆကြ၏။

အလင်ပတ်တောင်သည် ပဲလပ်ပနီဆပ်ကျွန်းဆွယ်၏ အနောက်ဘက်ခြမ်းတွင် တည်ရှိသော အလင်ပီအာမြို့ (Olympia) နှင့်မတူချေ။ အလင်ပတ်တောင်ကဲ့သို့ပင် အလင်ပီအာမြို့သည်လည်း အလင်းပီအန်နတ်တို့ကိုအစွဲပြု၍ အမည်မှည့်ခေါ်ထားခြင်းဖြစ်၏။ အလင်ပီအာမြို့တွင် ဘီစီ ၃ ရာစုခန့်ကတည်းက ပေါ်ပေါက်ခဲ့ဖွယ်ရှိသော ဝတ်ပြုနယ်မြေနှစ်ခုရှိ၏။ ယခင်ထုံးတမ်းအစဉ်အလာများမှ ဆင်းသက်လာခဲ့ဟန်ရှိသော်လည်း အလင်ပစ် အားကစားပွဲတော်များကို ဘီစီရှစ်ရာစုခန့်ကတည်းက ထိုနေရာတွင် စတင်ကျင်းပခဲ့ကြဖွယ်ရှိ၏။ ထိုအားကစားပွဲသည် တိုက်တန်နတ်များနှင့် အလင်းပီအန်နတ်တို့၏တိုက်ပွဲကို ပြန်လည်အသက်သွင်းခြင်းတစ်မျိုးဖြစ်ပြီး အဓိကရည်ရွယ်ချက်မှာ အလင်းပီအန်နတ်တို့၏အောင်ပွဲကို ပြန်ပြောင်းအမှတ်ရစေရန်ဖြစ်၏။

နတ်ဘုရားများက မိမိတို့၏ဘဝကို အစဉ်တစိုက်စောင့်ရှောက်ကြလိမ့်မည်ဟု လူအများမယုံကြည်ကြသော်လည်း အခက်အခဲများနှင့်ကြုံတွေ့လာရသည့်အခါ ဘုရားကျောင်းများတွင် ဝတ်ပြုဆုတောင်းမှုများပြုလုပ်လေ့ရှိကြ၏။ ထိုသို့သောဝတ်ပြုဆုတောင်းမှုများအတွက် အလင်ပီအာမြို့သည် များစွာအရေးပါသောနေရာဖြစ်၏။ ဂရိဒဏ္ဍာရီပါမောက္ခများဖြစ်ကြသော Mark P. O၊ Morford နှင့် Robert J. Lenardon တို့၏အဆိုအရ နတ်ဘုရားများသည် သဘာဝသင်္ကေတတစ်ခုခု (သို့) နိမိတ်ပုံတစ်ခုခုပြလျက် လူသားတို့နှင့်အဆက်အသွယ်ပြုလုပ်လေ့ရှိသည်ဟု ယုံကြည်ကြကြောင်းသိရ၏။ အဆိုပါနိမိတ်များကို နတ်ဘုရားအသီးသီးတို့၏ဝတ်ကျောင်းဆောင်များ၌ နတ်ဆရာများကဘာသာပြန် ဖေါ်ညွှန်းပေးလေ့ရှိကြ၏။

> နတ်ဘုရားဇီးယုစ်၏မိန့်မှာချက်များကို ရိုးရာနည်းများအတိုင်း နိမိတ်ဖတ်ဘာသာပြန်ကြရာ၌ ဥပမာအားဖြင့် ကျန်ရှိသောသစ်ရွက်များကိုရေတွက်ခြင်း၊ ၎င်းတို့အားပူဇော်ထားသော ဝက်သစ်ချပင်သစ်ကိုင်းများ၏ လေတိုးသံကိုနားထောင်ခြင်း၊ ချိုးကူသံနားထောင်ခြင်းနှင့် ပူဇော်ထားသောအမွှေးတိုင်များ၏ အခြေအနေကိုလေ့လာခြင်း အစရှိသည်တို့ကိုပြုလုပ်လေ့ရှိကြ၏။ အလင်ပစ်ကစားပွဲများတွင် ပြိုင်ဖက်တို့အပေါ်နိုင်ခြေရှိ

မရှိကို အလင်ပီအာတွင် အဆိုပါနည်းများအတိုင်း နိမိတ်ဖတ်လေ့ရှိကြ၏။

တိုက်တန်နတ်များနှင့် အလင်းပီအန်နတ်တို့၏ တိုက်ပွဲအကြောင်းသည် ဂရိဒဏ္ဍာရီတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိ၏။ ဤဒဏ္ဍာရီတွင် တန်ခိုးရှိသောနတ်ဘုရားများပင်လျှင် ခိုက်ရန်ဖြစ်ပွားလေ့ရှိကြောင်းသိရှိကြရ၏။ အလင်းပီအန်နတ်တို့အတွက် တိုက်ပွဲသည်များစွာခက်ခဲ၏။ သို့သော် အနိုင်မခံအရှုံးမပေးပဲ ကြံ့ကြံ့ခံတိုက်ခိုက်ခဲ့ကြသဖြင့် နောက်ဆုံးတွင်အောင်မြင်ခဲ့ကြခြင်းဖြစ်၏။ ထိုသို့ဇွဲဖြင့်လုပ်ကိုင်ရသောစိတ်ဓါတ်သည် ဂရိလူမျိုးတို့၏နေ့စဉ်ဘဝတွင် များစွာအရေးပါလျက်ရှိပြီး ၎င်းတို့၏ ဒဏ္ဍာရီများနှင့် ဘာသာရေးယုံကြည်မှုများ၏ ကျောရိုးဟုဆိုကလည်း မှားအံ့မထင်ပေ။

# တိုက်တန်နတ်များနှင့် အလင်းပီအန်နတ်တို့၏ တိုက်ပွဲ

ယူရေးနပ်စ်ကွယ်လွန်သွားသောအခါ ကမ္ဘာမြေတွင်ငြိမ်းချမ်းမှုအတိပြီးခဲ့၏။ တိုက်တန်နတ်တို့၏ ဘုရင်ကရိုးနပ်စ်နှင့် ၎င်း၏နမတော်လည်းဖြစ်၊ ကြင်ယာတော်လည်းဖြစ်သော ရီးအာတို့သည် ကမ္ဘာမြေကို ငြိမ်းချမ်းစွာအုပ်ချုပ်ခဲ့ကြ၏။ သို့သော်ကရိုးနပ်စ်သည် ဖခင်ယူရေးနပ်စ်၏ကျိန်စာကို တွေးတောလျက် သူသည်လည်းတစ်နေ့သောအခါ သားသမီးတို့၏နှိပ်စက်ရန်ပြုခြင်းကို ခံရလေမည်လောဟု နေ့ရောညပါ ပူပန်လျက်ရှိ၏။

တစ်နေ့တွင်ရီးအာသည် သူမဦကိုယ်ဝန်ရှိနေကြောင်းအသိပေးလာခဲ့၏။ သို့သော်ကရိုးနပ်စ်သည် မပျော်ပိုက်နိုင်ပေ။ သမိုင်းတစ်ပတ် ပြန်လည်လာဦးမည်လားဟု စိုးရိမ်ပူပန်လျက်ရှိ၏။ သူ့ဖခင်အတိုင်းပင် ကလေးများကို အရွယ်ရောက်သည်အထိ ကြီးပြင်းခွင့်မပေးလျှင် သူ့ကိုရန်ပြုနိုင်လိမ့်မည်မဟုတ်ဟု တွေးတောမိ၏။ ထို့ကြောင့် ရီးအာပထမကလေးမွေးဖွားသောအချိန်၌ ကရိုးနပ်စ်သည်ကလေးကို လျှင်မြန်စွာ ကောက်ယူလျက်မြိုချလိုက်၏။ ပထမဆုံးကလေးဆုံးရှုံးမှုကြောင့် ရီးအာသည်စိုးရွံ့ထိတ်လန့်ပြီး များစွာ ဝမ်းနည်းခဲ့ရ၏။ ကရိုးနပ်စ်သည် နောက်ထပ်မွေးဖွားလာသော ကလေး ၄ ယောက်ကိုလည်း ယခင် အကြိမ်များအတိုင်းပင် မြိုချပစ်ခဲ့၏။

ရီးအာတွင် ခြောက်ကြိမ်မြောက်ကိုယ်ဝန်ရှိလာသောအခါ ခင်ပွန်းသည်အားလှည့်စားပြီး ကလေး ကို မြိုချခြင်းမပြုနိုင်အောင်ကြံစည်ခဲ့၏။ ကလေးမွေးဖွားခါနီးအချိန်တွင် ရီးအာသည် ကလေးမွေးဖွားပြီး ပြီဟုဆိုလျက် ကျောက်တုံးတစ်တုံးကို အနီးဖြင့်ပတ်ကာကိုင်ဆောင်ထား၏။ ကရိုးနပ်စ် ကလေးကြည့်ရန် လာသောအခါ အနီးဖြင့်ပတ်ထားသော ကျောက်တုံးကိုပေးလိုက်၏။ ကရိုးနပ်စ်လည်း ရှေးနည်းတူပင် လျှင်မြန်စွာမြိုချပစ်လိုက်၏။ ကရိုးနပ်စ်သည် ကလေးကိုမြိုချရန်စိတ်အားထက်သန်နေသဖြင့် အလှည့်စား ခံလိုက်ရကြောင်း မသိရှိလိုက်ပေ။

ထို့နောက် အမှန်တစ်ကယ်မီးဖွားရန် အချိန်ကျရောက်လာသောအခါ ၎င်း၏ခင်ပွန်းသည်လာ ရောက်လေ့မရှိသော ကရစ်ကျွန်းသို့အပြေးသွား၍ ကလေးငယ်ကိုတိတ်တဆိတ်မွေးဖွားပြီး ဇီးယုစ်ဟု အမည်ပေးခဲ့၏။ ဇီးယုစ်သည် ချစ်စဖွယ်ကောင်းပြီး သန်မာသောကလေးငယ်ဖြစ်သဖြင့် အရွယ်ရောက် လာလျှင် တန်ခိုးကြီးမားသောနတ်ဘုရားဖြစ်လိမ့်မည်ဟု ရီးအာယုံကြည်ထား၏။ သို့သော် ကလေးငယ် နှင့်အတူ ခင်ပွန်းသည်နေထိုင်ရာအရပ်သို့ပြန်ရန် မဖြစ်နိုင်ပေ။ ကရိုးနပ်စ်သိရှိလျှင် နောင်တော်များ နည်းတူ မြိုချခံရမည်သာဖြစ်၏။ ထို့ကြောင့် ရီးအာသည် ကလေးငယ်ကို ကရစ်ကျွန်း၌ပင်ထားရစ်ခဲ့ရ၏။ ဇီးယုစ်ကို ဆိတ်တစ်ကောင်ကနို့တိုက်ပေးပြီး မထင်ရှားသောနတ်အချို့က စောင့်ရှောက်မွေးမြူခဲ့ကြ၏။ ဇီးယုစ် ကလေးသာသာအရွယ်ရောက်ရှိလာချိန်အထိ ကရိုးနပ်စ်သည် မိမိဝမ်းဗိုက်ထဲတွင်ရှိနေသော အရာမှာ ကျောက်တုံးတစ်တုံးဖြစ်နေမှန်း မရိပ်မိခဲ့ပေ။



ဇီးယုစ် အနည်းငယ်အရွယ်ရောက်လာသောအခါ မိခင်နှင့်တွေ့ဆုံရန် ကရစ်ကျွန်းမှထွက်ခွါခဲ့၏။ ရီးအာကဇီးယုစ်ကို ဖခင်ဖြစ်သူကရိုးနပ်စ်၏အစေခံအဖြစ် ကြံဖန်နေရာပေးခဲ့၏။ သို့သော်ကရိုးနပ်စ်က အစေခံအသစ်သည် မိမိ၏သားဖြစ်ကြောင်းမသိရှိခဲ့ပေ။ တစ်နေ့တွင်ဇီးယုစ်သည် ဖခင်အားဝိုင်တစ်ခွက် ဆက်သသောအခါ ကရိုးနပ်စ်သည် လျှင်မြန်စွာသောက်သုံးလိုက်၏။ ထိုဝိုင်သည် ကရိုးနပ်စ်အား ပျို့အန်စေသော ဝိုင်ဖြစ်ပြီး အနီးပတ်ထားသောကျောက်တုံးကို အန်ထုတ်လိုက်၏။ ထို့နောက် ယခင်ကမြိုချထားခဲ့သော ကလေးများအားလုံးကိုလည်း အန်ထုတ်လိုက်၏။ ကလေးများသည် အရွယ်ရောက်ပြီးသူများအဖြစ် ဖခင်၏ဝမ်းဗိုက်တွင်းမှထွက်ပေါ်လာကြ၏။ ၎င်းတို့၏အမည်များမှာ ပဆိုင်ဒန် (Poseidon)၊ ဟေးဒီးစ် (Hades)၊ ဒမီတာ (Demeter) နှင့် ဟက်စတီအာ (Hestia) တို့ဖြစ်ကြ၏။ ၎င်းတို့သည် ဇီးယုစ်၏ နောင်တော်နှင့်အစ်မတော်များဖြစ်ကြပြီး ပြန်လည်ဆုံဆည်းခွင့်ရသည့်အတွက် များစွာဝမ်းသာလျက်ရှိကြ၏။ ဤသို့လွတ်မြောက်လာကြသည့်အတွက် မောင်နှမခြောက်ယောက်စလုံး ပျော်ရွှင်လျက်ရှိကြသော်လည်း ထပ်မံမြိုချခြင်းမခံရနိုင်စေရန်အတွက် ၎င်းတို့၏ဖခင်သည် ဝမ်းဗိုက်ကိုနှိပ်လျက် ပျို့အန်နေစဉ်မှာပင် အလျင်မြန်ထွက်ပြေးခဲ့ကြ၏။

နတ်ဘုရားငယ်များသည် ၎င်းတို့ဖခင်၏ရန်မှလွတ်မြောက်နိုင်ရန် အလင်ပတ်တောင်သို့ ထွက်ပြေးလာခဲ့ကြပြီး ထိုတောင်ကို ၎င်းတို့ပျော်စံရာဗိမာန်အဖြစ်သဘောထားကြသဖြင့် အလင်ပတ်စ်တောင်ကိုအစွဲပြု၍ အလင်းပီအန်နတ်ဘုရားများဟုခေါ်ဆိုခဲ့ကြ၏။ ထိုသို့ချမ်းသာရာရပြီးသော် အလင်းပီအန်နတ်ဘုရားတို့သည် အစီအစဉ်တစ်ခုကိုအလျင်အမြန်ရေးဆွဲလျက် ကရိုးနပ်စ်နှင့်တကွ အခြားသောတိုက်တန်နတ်ဘုရားများတို့ကို စစ်ကြေငြာလိုက်၏။ နတ်ဘုရားငယ်များသည် ၎င်းတို့ဖခင်၏ အရိုက်အရာကိုယူလျက် ကမ္ဘာမြေကိုအုပ်စိုးနိုင်ရန်ကြံစည်ကြ၏။ ၎င်းတို့၏ကြိုးပမ်းမှုတွင် ကမ္ဘာမြေကိုအုပ်စိုးရန်နှင့်အကယ်၍ ကရိုးနပ်စ်တို့အနိုင်ရလျှင် ထပ်မံမြိုချခြင်းခံရဦးမည်ဖြစ်ရာ မိမိတို့၏အသက်ကိုကာကွယ်ရန်ဟူသော ရည်ရွယ်ချက်နှစ်ခုရှိ၏။

ဤသို့ဖြင့် နတ်စစ်ပွဲကြီးစတင်ခဲ့တော့၏။ အစပထမတွင် တိုက်တန်နတ်များဘက်မှ အသာစီးရနေပြီး ကမ္ဘာမြေကိုအုပ်စိုးနိုင်တော့မည်ကဲ့သို့ရှိ၏။ အလင်းပီအန်နတ်များသည် အရေအတွက်အားဖြင့်နည်းပါးပြီး တန်ခိုးစွမ်းအားလည်းသေးငယ်၏။ သို့သော် ဇီးယုစ်နှင့်မောင်နှမများဘက်သို့ တိုက်တန်နတ်အချို့ ဝင်ရောက်ပူးပေါင်းလာသောအခါ တိုက်ပွဲသည်တစ်မျိုးတစ်မည်ဖြစ်သွား၏။ တိုက်တန်နတ်များဘက်မှ သမစ်စ်နှင့်အီအာပက်တပ်စ်တို့၏သားတော် ပရပ်မီးသယပ်စ် (Prometheus) သည် ဇီးယုစ်တို့နှင့်လာရောက်ပူးပေါင်းခဲ့၏။ ပရပ်မီးသယပ်စ်၏အမည်သည် "ကြိုတင်တွေးခေါ်သူ" ဟုအဓိပ္ပါယ်ရပြီး ၎င်းတွင်အနာဂတ်ကို ကြိုတင်သိမြင်နိုင်သော အစွမ်းရှိသည့်အတိုင်း နောက်ဆုံးတွင် တိုက်တန်နတ်များရှုံးနိမ့်မည့်အကြောင်းကိုသိမြင်ခဲ့၏။ ပရပ်မီးသယပ်စ်နှင့်၎င်း၏ညီတော် အပီမီးသယပ်စ် (Epimetheus) တို့သည် ထိုသို့အနာဂတ်ကိုကြိုတင်သိမြင်ခဲ့မှုကြောင့် ၎င်းတို့၏မိဘများပါဝင်သော တိုက်တန်နတ်များဘက်မှ တိုက်ပွဲဝင်ရန်ငြင်းဆန်ခဲ့ကြ၏။

ဆိုက်ကလော့နှင့် လက်တစ်ရာနတ်များလည်း အလင်းပီအန်နတ်များနှင့် လာရောက်ပူးပေါင်းလျက် တိုက်တန်နတ်တို့ကို ပြန်လည်တိုက်ခိုက်ခဲ့၏။ ၎င်းတို့သည် တိုက်တန်နတ်များနှင့် အစေးမကပ်ကြပဲ အလင်းပီအန်နတ်များသာ ကမ္ဘာမြေကိုအုပ်စိုးလျှင် ပိုမိုငြိမ်းချမ်းလိမ့်မည်ဟုယူဆခဲ့ကြ၏။ ဇီးယုစ်က မျက်လုံးတစ်လုံးသာပါသော ဆိုက်ကလော့နတ်များကို လက်နက်များဖန်ဆင်းပေးရန်အမိန့်ပေးခဲ့ပြီး နတ်ဘုရားများအတွက် ထူးထွေဆန်းပြားသောလက်နက်များကို ဖန်ဆင်းပေးခဲ့၏။ ခေါင်းဆောင်ဖြစ်သူဇီးယုစ်အတွက် အလွန်ဝေးကွာသောနေရာများသို့ ပြင်းထန်စွာပစ်ခတ်နိုင်သည့် အထူးမိုးကြိုးလက်နက်ကို ဆိုက်ကလော့များက ဖန်ဆင်းပေးခဲ့၏။ ပဆိုင်ဒန်နတ်ဘုရားအတွက် ရန်သူများအားနှိမ်နင်းနိုင်မည့် *trident* ခေါ် သုံးခွလှံချွန်ကို ဖန်ဆင်းပေးခဲ့၏။ နောက်ဆုံးတွင် ဟေးဒီးစ်နတ်ဘုရားအတွက် ကရိုးနပ်စ်နှင့် အခြားတိုက်တန်နတ်များပင် မြင်ရန်မစွမ်းသာသော ကိုယ်ပျောက်ဦးထုပ်ကို ဖန်ဆင်းပေးခဲ့ကြ၏။



တိုက်တန်နတ်များနှင့် အလင်းပီအန်နတ်တို့၏တိုက်ပွဲကား ကြောက်မက်ဖွယ်ရာကောင်းလှ၏။ တစ်ရံတစ်ဆစ်မျှမောမန်းခြင်းမရှိသော လက်တစ်ရာနတ်များ၏အကူအညီဖြင့် အလင်းပီအန်နတ်များ တိုက်ခိုက်ခဲ့ရာ တိုက်တန်နတ်များအညံ့ခံကုန်ကြတော့၏။ နောက်ဆုံး၌ တိုက်တန်နတ်တို့အရှုံးပေးလိုက်ကြရပြီး ဇီးယုစ်က ၎င်း၏ဖခင်ကရိုးနပ်စ်ကို လက်လှဲအားစမ်းရန် စိမ်ခေါ်လိုက်၏။ အောင်နိုင်သူ၏ဘက်မှ အလင်းပတ်တောင်ကို အပိုင်စားရမည်ဖြစ်၏။ ဇီးယုစ်ကကရိုးနပ်စ်အပေါ် သုံးကြိမ်သုံးခါအောင်နိုင်ပြီးသောအခါ အလင်းပီအန်နတ်များကို အောင်နိုင်သူများအဖြစ်ကြေငြာခဲ့၏။

နတ်စစ်ပွဲကြီးပြီးဆုံးသွားသောအခါ အလင်းပီအန်နတ်များက တိုက်တန်နတ်အများစုကို တားတာရပ်ငရဲလိုဏ်ဂူထဲသို့ ထည့်သွင်းလိုက်ကြပြီး လိုဏ်ဂူဝတွင်ကြေးဝါတံခါးကြီးဖြင့်ပိတ်လျက် လက်တစ်ရာနတ်များကို စောင့်ကြပ်စေခဲ့၏။ သမစ်စ်နှင့် အီအာပက်တပ်စ်တို့၏ အခြားသားတော်တစ်ပါး ဖြစ်ပြီး တိုက်တန်နတ်များဖက်မှဦးဆောင်တိုက်ပွဲဝင်ခဲ့သူ အက်လပ်စ် (Atlas) ကိုမူ ကမ္ဘာကြီးတစ်ခုလုံး အား ၎င်း၏ကျောပေါ်တွင်ထမ်းဆောင်စေလျက် အထူးအပြစ်ပေးခဲ့ကြ၏။ ယင်းသည် တားတာရပ်ငရဲ လိုဏ်ဂူတွင် ပိတ်လှောင်ခံရခြင်းထက် ပိုမိုကြီးလေးသောအပြစ်ဒဏ်ဖြစ်၏။

ကရိုးနပ်စ်ကို အခြားမောင်နမများကဲ့သို့ တားတာရပ်ငရဲလိုဏ်ဂူတွင် ပိတ်လှောင်ခြင်းမပြုခဲ့ကြပေ။ ဇီးယုစ်နှင့် အခြားအလင်းပီအန်နတ်များသည် ၎င်းတို့အားမြိုချခြင်းခံခဲ့ရသော်လည်း ကရိုးနပ်စ်ကို ဖျောက်ဖျက်လက်စားချေလိုစိတ်မရှိကြသည်နှင့် မရဏကျွန်း (Island of the Dead) သို့ အစဉ်အမြဲနေထိုင်ရန် ပို့ဆောင်လိုက်ကြ၏။ ကရိုးနပ်စ်သည်မူလက အလင်းပီအန်နတ်တို့ကိုချေမှုန်းပစ်ရန် ဆန္ဒရှိသော်လည်း အရှုံးနှင့်ရင်ဆိုင်ရသောအခါ စိတ်ဓါတ်ပျော့ပြောင်းသွားပြီး ၎င်း၏သားတော်လည်းဖြစ်သော အလင်းပီအန်နတ်တို့၏ဘုရင်ဇီးယုစ်ကို အဝေးမှနေ၍အိပ်မက်များပေးပို့လျက် အချို့ကိစ္စရပ်များတွင် လမ်းပြပေးခဲ့၏။

အပြစ်ဒဏ်ခတ်မှုများပြီးဆုံးသွားသောအခါ ဇီးယုစ်၊ ပဆိုင်ဒန်နှင့်ဟေးဒီးစ် နတ်ဘုရားသုံးပါးတို့သည် ကမ္ဘာမြေကိုကဏ္ဍများခွဲလျက် အုပ်ချုပ်ခဲ့ကြ၏။ ဟေးဒီးစ်သည် ယမမင်းဖြစ်လာပြီး သေမင်းနိုင်ငံကို အစိုးရ၏။ ပဆိုင်ဒန်သည် ပင်လယ်သမုဒ္ဒရာတို့ကိုအုပ်ချုပ်လျက် ကမ္ဘာပေါ်တွင်ရှိသမျှရေတို့ကိုအစိုးရ၏။ ဇီးယုစ်သည် မိုးကောင်းကင်ကိုအစိုးရပြီး၊ မိုးကောင်းကင်သည် ကမ္ဘာမြေရှိအရာအားလုံးကို လွှမ်းခြုံထား သဖြင့် နတ်ဘုရားအားလုံး၏ဘုရင် (သို့) ဖခင်ဖြစ်လာခဲ့တော့၏။

ထိုသို့ အရေးကြီးသောအာဏာခွဲဝေမှုများ ပြီးဆုံးသွားသောအခါ အခြားအလင်းပီအန်နတ်တို့သည်လည်း အလုပ်များရရှိလာခဲ့ကြ၏။ ဒမီတာသည် လယ်ယာစိုက်ပျိုးခြင်းနှင့် အခြားကမ္ဘာပေါ်၌ရှိသမျှ ဖွံ့ဖြိုးမှုအရာအားလုံး၏ နတ်ဘုရားမဖြစ်လာခဲ့၏။ ဟက်စတီအာသည် နေအိမ်နှင့်မီးဖိုချောင်တို့၏ နတ်ဘုရားမဖြစ်လာ၏။ ဟာရာသည်လည်း နေအိမ်ကိုစောင့်ရှောက်ပေးပြီး ၎င်း၏အစ်ကိုတော် ဇီးယုစ်နှင့် လက်ဆက်ပြီးသောအခါ ထိမ်းမြားမှုနှင့် သားသမီးမွေးဖွားမှုတို့၏ နတ်ဘုရားမဖြစ်လာ၏။

တိုက်တန်နတ်များကို အောင်နိုင်ပြီးသောအခါ အလင်းပီအန်နတ်ဘုရားများတွင်လည်း သားသမီး များ ထွန်းကားလာခဲ့ကြ၏။ သို့သော် အချို့နတ်ဘုရားတို့၏ မွေးဖွားလာပုံမှာဆန်းကြယ်၏။ ဥပမာအားဖြင့် အသီနာသည် ဇီးယုစ်၏ဦးခေါင်းမှပေါက်ဖွားခဲ့၏။ သူမသည် ဉာဏ်ပညာနတ်ဘုရားမဖြစ်ပြီး အက်သင်မြို့

သားတို့ကို စောင့်ရှောက်သူလည်းဖြစ်၏။ ဟာရာသည် ဇီးယုစ်နှင့်ပေါင်းဖေါ်ခြင်းကြောင့်မဟုတ်ပဲ သူမကိုယ်တိုင် အလိုအလျောက်ကိုယ်ဝန်ရလျက် ဟစ်ဖစ်စတပ်စ်ကိုမွေးဖွားခဲ့၏။ သူသည် မီးနတ်ဘုရားဖြစ်လာပြီး နတ်ဘုရားတို့အတွက် ပန်းပဲနတ်လည်းဖြစ်၏။ အေးရီးစ် (Ares) သည် ဇီးယုစ်နှင့် ဟာရာတို့၏သားတော်ဖြစ်ပြီး စစ်မက်ကိုအစိုးရသော နတ်ဘုရားဖြစ်၏။

တိုက်တန်နတ်များဖြစ်သော နတ်ဘုရား ကိုအီးယပ်စ်နှင့် နတ်ဘုရားမ ဖီးဘီတို့မှ လက်တို (Leto) အမည်ရှိ နတ်ဘုရားမတစ်ပါးထွန်းကားခဲ့ပြီး ၎င်းလက်တိုတွင် အလင်းရောင်နှင့်ဂီတတို့၏နတ်ဘုရား အပိုလို (Apollo) နှင့် အမဲလိုက်ခြင်းကိုအစိုးရသော အပျိုစင်နတ်ဘုရားမ အားတီးမစ်စ် (Artemis) တို့ထွန်းကားခဲ့၏။ ချစ်ခြင်းမေတ္တာနှင့် အလှအပတရားတို့၏နတ်ဘုရားမ အက်ဖရာဒိုက်တီး (Aphrodite) သည် မိခင်ဖခင်မရှိပါပဲလျက် ပင်လယ်ရေလှိုင်းများမှ ထူးဆန်းစွာမွေးဖွားခဲ့၏။

ဇီးယုစ်၏ အခြားသားတော်တစ်ပါးဖြစ်သူမှာ ဟားမီးစ် (Hermes) ဖြစ်၏။ ၎င်း၏မိခင်သည် အက်လပ်စ်၏ သမီးတော်တစ်ပါးဖြစ်သူ မိုင်အာ (Maia) ဖြစ်၏။ ဟားမီးစ်သည် ငယ်ရွယ်သူပင်ဖြစ်လင့်ကစား သူမတူအောင်လျင်မြန်စွာသွားလာနိုင်ဖြစ်ပြီး အရွယ်ရောက်လာသောအခါ သူ၏လျင်မြန်မှုကြောင့် နတ်ဘုရားတို့၏တမန်တော်ဖြစ်လာခဲ့၏။ ဟားမီးစ်၏ဦးထုပ်နှင့်ခြေနင်းတို့တွင် အတောင်ပံတပ်၍ဖေါ်ပြတတ်ကြပြီး အမြဲတစေလှည့်လည်သွားလာနေတတ်သူဖြစ်ရာ ခရီးသွားတို့ကိုစောင့်ရှောက်သူလည်းဖြစ်လာ၏။

အထက်ဖေါ်ပြပါနတ်ဘုရားများနှင့် အခြားနတ်ဘုရားတို့သည် တိုက်တန်နတ်တို့ကို အောင်နိုင်ပြီး ချိန်မှစ၍ အလင်ပတ်စ်တောင်ဌစံပျော်နေထိုင်ကြပြီး ထိုတောင်မြတ်ပေါ်မှနေ၍ ဂရိပြည်နှင့်တကွကမ္ဘာလောကတစ်ခုလုံးကို အုပ်ချုပ်စိုးစံလျက်ရှိကြတော့၏။

# ၃။

# ပရုပ်မီးသယ်ယပ်စ်နှင့် ကမ္ဘာမြေတွင် ပထမဆုံး အခြေချနေထိုင်ကြသူများ



# မိတ်ဆက်

လူသားတို့၏ အပြုအမူ၊ အပြောအဆိုနှင့်ပတ်သက်၍ နတ်ဘုရားတို့၏တုန့်ပြန်မှုများကို ဒဏ္ဍာရီများ၌ မကြာခဏတွေ့ကြရ၏။ သို့သော် ဂရိတို့၏နေ့စဉ်လူနေမှုဘဝနှင့် ဘာသာရေးယုံကြည်မှုတို့၌ လူသားနှင့်နတ်ဘုရားတို့သည် များစွားခြားနားလျက်ရှိ၏။ စင်စစ်အားဖြင့် နတ်ဘုရားတို့သည် လူသားတို့ကို ချစ်ခင်တော်မူကြသည်ဟု မယုံကြည်ကြပေ။ ထို့အတူ လူသားများကလည်း နတ်ဘုရားတို့ကို များစွာ ချစ်ခင်နှစ်သက်ခြင်းမရှိကြပေ။ နတ်ဘုရားတို့သည် တန်ခိုးစွမ်းအားတို့နှင့်ပြည့်စုံတော်မူကြပြီးလျှင် ၎င်းတို့၏တန်ခိုးတော်များနှင့်ပတ်သက်၍ တစ်စုံတစ်ရာသံသယဖြစ်ဖွယ်မရှိဟုသာ နားလည်လက်ခံထားကြ၏။ လူသားတို့ကိုဖန်ဆင်းခဲ့သည်ဆိုသော ဒဏ္ဍာရီအချို့ကိုကြည့်လျှင် လူသားနှင့်ကောင်းကင်ဘုံတို့ အကြားရှိဆက်သွယ်ချက်ကို တွေ့မြင်နိုင်လိမ့်မည်ဖြစ်၏။

ထိုဒဏ္ဍာရီများထဲမှတစ်ခုမှာ ပရပ်မီးသယပ်စ်နှင့်၎င်း၏ညီတော် အပီမီးသယပ်စ်တို့အကြောင်း ဖြစ်၏။ ထိုနတ်ဘုရားညီနောင်သည် အလင်းပီအန်နတ်ဘုရားတို့နှင့် တိုက်ပွဲဆင်နွှဲခဲ့သော တိုက်တန်နတ်ဘုရားများမှ ပေါက်ဖွားလာခဲ့သူများဖြစ်၏။ ပရပ်မီးသယပ်စ်၏အမည်သည် "ကြိုတင်တွေးခေါ်သူ" (the one who thinks ahead) ဟုအဓိပ္ပါယ်ရပြီး ၎င်း၏အမည်အတိုင်းပင် လိမ္မာပါးနပ်သောအတွေးအခေါ်များ ကို ကြိုတင်တွေးခေါ်တတ်သူ ဖြစ်၏။ အပီမီးသယပ်စ်၏အမည်မှာမူ "နောက်မှစဉ်းစားတတ်သူ" (the one who thinks afterwards) ဟုအဓိပ္ပါယ်ရပြီး ၎င်းသည်လည်းသူ၏အမည်အတိုင်းပင် ပြုကျင့်တတ်သူ ဖြစ်၏။

ပရပ်မီးသယပ်စ်သည် ကမ္ဘာမြေဖွံ့ဖြိုးမှုနှင့်လူသားများဖန်ဆင်းမှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်၏။ ပရပ်မီးသယပ်စ်က ကမ္ဘာမြေပေါ်တွင် မည်သို့မည်ပုံအသက်ရှင်နေထိုင်ရမည့် အကြောင်းတို့ကို လူသားတို့အားသင်ကြားပေးခဲ့သည်ဟု ဂရိလူမျိုးများယုံကြည်ကြ၏။ သို့သော် ထိုသို့လူသားတို့အားကူညီ ခဲ့မှုများကြောင့် ပရပ်သမီးယပ်စ်ကို အခြားနတ်ဘုရားများကမကြည်ဖြူကြချေ။ နောက်ဆုံးတွင် ပရပ်မီးသယပ်စ်သည် ကျောက်တောင်ထိပ်တစ်ခုပေါ်တွင် ချည်နှောင်လျက် နတ်ဘုရားတို့၏အပြစ်ဒဏ် ခတ်ခြင်းကိုခံခဲ့ရ၏။ ထိုဒဏ္ဍာရီပုံပြင်များတွင်ဖော်ပြပါရှိသော ကော့ကဆပ်တောင်တန်းများ (Caucasus Mountains) သည် ဂရိပြည်မကြီးနှင့်လွန်စွာဝေးကွာသော ပင်လယ်နက် (Black Sea) ၏အရှေ့ဘက် တွင် အမှန်တစ်ကယ်တည်ရှိနေသည့် တောင်များဖြစ်ကြ၏။

# ပရုပ်မီးသယပ်စ်နှင့် ကမ္ဘာမြေတွင် ပထမဆုံး အခြေချနေထိုင်ကြသူများ

ပထမဆုံးနတ်ဘုရားမဖြစ်သူ ဂိုင်အာသည် ကမ္ဘာမြေကိုဖန်ဆင်းပြီးသောအခါ အခြေချနေထိုင်မည့်သူများကိုအလိုရှိခဲ့သော်လည်း နတ်စစ်ပွဲကြီးပြီးဆုံးသွားချိန်အထိ အလင်ပတ်တောင်ခြေတွင် နေထိုင်မည့်သူတစ်စုံတစ်ယောက်မျှ မရှိသေးပေ။ နောက်ဆုံးတွင်ဇီးယုစ်က အချိန်ကျပြီဖြစ်ကြောင်း ဆုံးဖြတ်ချက်ချလိုက်၏။

စင်စစ်အားဖြင့်လည်း ထိုအချိန်သည် တစ်ကယ့်အချိန်ကောင်းဖြစ်၏။ ကမ္ဘာမြေတွင် မကောင်းမှုများမရှိသေးပဲ ငြိမ်းချမ်းသာယာလျက်ရှိ၏။ ဇီးယုစ်က ထိုလှပသောကမ္ဘာမြေတွင် သက်ရှိများစတင်ဖန်ဆင်းခဲ့၏။ သို့သော်ဖန်ဆင်းမှုစတင်သည်နှင့် အခြားအလင်းပီအန်နတ်ဘုရားများကို အကူအညီတောင်းခဲ့၏။ ဇီးယုစ်သည် ပရုပ်မီးသယပ်စ်နှင့်အပီမီးသယပ်စ် ညီအစ်ကိုနှစ်ယောက်ကို သူ့အားကူညီစေခဲ့ပြီး ကမ္ဘာမြေတွင်အခြေချနေထိုင်သူများကို ဆက်လက်ဖန်ဆင်းစေခဲ့၏။

ညီအစ်ကိုနှစ်ယောက်အနက် ပရုပ်မီးသယပ်စ်သည် ကြိုတင်ကြံဆတတ်သူဖြစ်သဖြင့် ထက်ထက်မြက်မြက်ရှိ၏။ အပီမီးသယပ်စ်သည် ဉာဏ်ထက်မြက်သူဖြစ်သော်လည်း ပရုပ်မီးသယပ်စ်ကဲ့သို့ ကြိုတင်ကြံဆတတ်သူမဟုတ်သဖြင့် အလုပ်တစ်ခုကိုမပြီးစီးမချင်း ဖြစ်ပေါ်လာမည့်အကျိုးဆက်တို့ကို မည်သည့်အခါမျှ တွေးတောတတ်သူမဟုတ်ချေ။

ပရုပ်မီးသယပ်စ်သည် အိုးဖုတ်ခြင်းနှင့်ပန်းပုထုခြင်းအတတ်တို့၌လည်း သူမတူအောင်ထူးချွန်သူဖြစ်ရာ ဇီးယုစ်က ၎င်းတို့ညီအစ်ကိုနှစ်ယောက်အား ကမ္ဘာမြေ၏ပထမဆုံးလူသားများနှင့် တိရစ္ဆာန်များကိုဖန်ဆင်းရန် စေခိုင်းခဲ့ခြင်းဖြစ်၏။ အပီမီးသယပ်စ်သည် အစ်ကိုဖြစ်သူ၏စိတ်ကူးဉာဏ်နှင့် ဖန်ဆင်းမှုများကို အကူအညီပေးခဲ့၏။

ဖန်ဆင်းမှုများကို ဇီးယုစ်က စတင်ခဲ့သည်ဆိုရုံမျှသာပြုလုပ်ခဲ့သဖြင့် ညီအစ်နှစ်ယောက်သည် ဇီးယုစ်စတင်ခဲ့သည့်ဇာတ်လမ်းကို အကောင်အထည်ပေါ်ရန် အလုပ်ရှုပ်လျက်ရှိ၏။ သတ္တဝါပုံစံများကို ရွှံ့နှစ်များနှင့် ပုံသွန်းပြီးသောအခါ ပရုပ်မီးသယပ်စ်သည် ရွှံ့ရုပ်များကို မည်သို့မည်ပုံ အသက်သွင်းရပါမည့်အကြောင်းမေးမြန်းရန် ဉာဏ်ပညာနတ်ဘုရားမ အသီနာထံသို့သွားရောက်ခဲ့၏။ အပီမီးသယပ်စ်သည် ရွှံ့ရုပ်များကို အချောကိုင်ရန်နေရစ်ခဲ့၏။

အသီနာ၏အဖြေမှာ ရိုးရှင်း၏။ သတ္တဝါရုပ်များကို ရွှံ့ဖြင့်ပြုလုပ်ထားခြင်းဖြစ်ရာ မြေဓါတ်နှင့်ရေဓါတ်တို့ပါဝင်ပြီးဖြစ်သဖြင့် အသက်ရှင်ရန်နောက်ထပ်လိုအပ်သောအရာမှာ လေဓါတ်ဖြစ်၏။ ထို့ကြောင့် သတ္တဝါရုပ်များကို မိုးကောင်းကင်သို့လက်ဖြင့်မြှောက်ကိုင်ထားရန် ပရုပ်မီးသယပ်စ်ကိုအကြံပေးခဲ့ပြီး ရွှံ့ရုပ်များအပေါ် လေတိုက်ခတ်သောအခါတွင် အသက်ဝင်လာလိမ့်မည်ဟု အသီနာကကတိပေးခဲ့၏။

ထိုအချိန်တွင် အပီမီးသယပ်စ်သည်လည်း အလုပ်ရှုပ်လျက်ရှိ၏။ အစ်ကိုတော်ပြန်လာလျှင်

သူမည်မျှတော်ကြောင်း၊ တတ်ကြောင်း ကြွားလုံးထုတ်နိုင်ရန် ကြိုးစားလုပ်ဆောင်နေ၏။ အပီမီးသယပ်စ်သည် အချို့ရွံ့ရုပ်များကို သဘာဝဘေးရန်မှကာကွယ်နိုင်ရန် အမွေးအမှင်များတပ်ပေးခြင်း၊ အချို့ကို ကိုက်ဖြတ်စားသောက်ရာတွင်လွယ်ကူစေရန် သွားနှင့်အစွယ်များတပ်ပေးခြင်း အစရှိသည်တို့ကိုပြုလုပ်လျက်ရှိ၏။ အချို့ရွံ့ရုပ်များတွင် ခွန်အားနှင့်လျှင်မြန်မှုတို့ကိုပါ ထည့်သွင်းပေးခဲ့သေး၏။

ပရပ်မီးသယပ်စ်သည် အသီနာနတ်ဘုရားမနှင့် တိုင်ပင်ပြီးပြန်လာသောအခါတွင် ညီလုပ်သူ၏ ရှေ့နောက်မဆင်ခြင်ပဲ လုပ်ဆောင်ခဲ့မှုကိုတွေ့ရှိလိုက်ရ၏။ အပီမီးသယပ်စ်သည် မျက်နှာရလိုဇောဖြင့် တိရစ္ဆာန်ရွံ့ရုပ်များတွင် ၎င်းစိတ်ကြိုက်စွမ်းဆောင်ရည်များ ထည့်သွင်းပေးပြီးဖြစ်ရာ လူသားရွံ့ရုပ်တွင် ထည့်သွင်းပေးရန် အထူးစွမ်းဆောင်ရည် မကျန်တော့ပဲဖြစ်သွား၏။ လူသားရွံ့ရုပ်နားသို့ ပရပ်မီးသယပ်စ် ရောက်ရှိသွားသောအခါ မည်သည့်စွမ်းဆောင်ရည်ကို ထည့်သွင်းပေးရမည်မသိပဲ အကြံအိုက်သွားတော့၏။ လူသားများသည် ခွန်အားဗလသေးငယ်သည့်အပြင် ခုခံနိုင်စွမ်းလည်းနည်းပါးကြသည်ဖြစ်ရာ အကယ်၍ ပရပ်မီးသယပ်စ်သာမတွေ့ရှိခဲ့ပါက ကမ္ဘာမြေတွင်ကြာရှည်စွာအသက်ရှင်နေနိုင်ရန် ခဲယဉ်းလိမ့်မည်ဖြစ်၏။ ဤသို့လူသား၏အားနည်းချက်ကို တွေ့ရှိခဲ့သည်နှင့် ပရပ်မီးသယပ်စ်သည် လူသားကို ကမ္ဘာမြေတွင် အခြေချနေထိုင်ကြမည့် အခြားသတ္တဝါများနည်းတူ ခွန်အားဗလနှင့်ပြည့်စုံပြီး ကြာရှည်စွာ အသက်ရှင်နေထိုင်နိုင်ရန်အတွက် အကူညီများပေးခဲ့၏။

ပထမဆုံးအနေဖြင့် ပရပ်မီးသယပ်စ်သည် လူသားကိုနတ်ဘုရားများနည်းတူ မတ်တပ်ရပ်နေထိုင်နိုင်စေရန်အကူအညီပေးခဲ့၏။ လူသားတို့၏ဦးခေါင်းကို မိုးကောင်းကင်နှင့် မျက်နှာမူလျက်ထားရှိစေ၏။ ဤသို့ဖြင့် လူသားတို့တွင် ကျိုးကြောင်းဆက်စပ်တတ်မှုစွမ်းဆောင်ရည် ရရှိလာကြ၏။ ထို့နောက် ပရပ်မီးသယပ်စ်သည် ကောင်းကင်ဘုံသို့သွားရောက်ကာ ယခင်က နေ၏မီးလျှံကိုအသုံးပြုလျက် ထွန်းညှိခဲ့ဖူးသော မီးတုတ်၏အလင်းရောင်ဖြင့် လူသားတို့အား တွေးတောခြင်းနှင့်စကားပြောခြင်း စွမ်းဆောင်ရည်တို့ကိုပေးခဲ့၏။ ဤအထူးစွမ်းဆောင်ရည်တို့က လူသားတို့ကို အခြားသတ္တဝါများနှင့်ခြားနားစေခဲ့၏။

အစပထမတွင် နတ်ဘုရားများသည် ပရပ်မီးသယပ်၏ကူညီမှုတို့ကို သဘောတူခဲ့ကြ၏။ ကမ္ဘာမြေပေါ်တွင် စဉ်းစားတွေးခေါ်တတ်ပြီး စကားလည်းပြောတတ်သော သက်ရှိများကိုတွေ့မြင်ကြရသဖြင့် များစွာ ဝမ်းမြောက်ခဲ့ကြ၏။ သို့သော် ပရပ်မီးသယပ်စ်သည် ထိုသို့ကူညီရုံမျှနှင့် အားမရနိုင်သေးပဲရှိ၏။ အပီမီးသယပ်စ်၏ စီစဉ်မှုညံ့ဖျင်းခြင်းကြောင့် လူသားတို့သည် အခြားသက်ရှိများနှင့်နှိုင်းစာလျှင် ခွန်အားနည်းပါးလျက်ပင်ရှိသေး၏။ လူသားတို့သည် ဆာလောင်ခြင်း၊ ဝမ်းနည်းခြင်းနှင့်ကြောက်ရွံ့ခြင်း အစရှိသည်တို့နှင့် ရင်ဆိုင်နေရ၏။ နောက်ဆုံး၌ ပရပ်မီးသယပ်စ်သည် လူသားတို့အား ကမ္ဘာမြေတွင် အသက်ရှင်နေထိုင်နည်းများကို သင်ကြားပြသရန်အတွက် လူသားများနှင့်အတူ ရောနှောနေထိုင်ရန် အလင်ပတ်တောင်မှ ထွက်ခွာလာခဲ့တော့၏။

ပထမဦးစွာ ပရပ်မီးသယပ်စ်က လူသားများကို ဂူတွင်း၌နေထိုင်ခြင်းမပြုစေရန် အိမ်ဆောက်နည်းများ သင်ကြားပေးခဲ့၏။ ထို့နောက် အက္ခရာနှင့်ကိန်းဂဏန်း ရေးဖတ်နည်းများကို သင်ကြားပေးခဲ့၏။ တိရစ္ဆာန်များကို ယဉ်ပါးအောင်မွေးမြူနည်းနှင့် ပင်လယ်ပြင်တွင်ရွက်လွှင့်ခြင်း အတတ်များကို သင်ကြားပေးခဲ့၏။ ထို့အပြင်နာမကျန်းဖြစ်လာသည့်အခါ မိမိတို့ကိုယ်တိုင်ကုသနိုင်ရန် ဆေးအတတ်ကိုလည်း သင်ကြားပေးခဲ့သေး၏။ ငှက်ပျံသန်းမှုအတိတ်နိမိတ်တို့ကိုကြည့်ခြင်းနှင့် ဗေဒင်အတတ်ပညာကိုသင်ကြား

ပေးပြီးသောအခါ အခြားနတ်ဘုရားအချို့ကလည်း လူသားတို့ကိုကူညီချင်လာကြ၏။ အလင်ပီယာမြေ နတ်ဘုရားမတစ်ပါးဖြစ်သူဒမီတာက လူသားတို့အား ကမ္ဘာမြေရှိစားကောင်းသော အသီးအနှံပင်တို့ကို ညွှန်ကြားပြသပေးခဲ့၏။ ၎င်း၏ကူညီမှုကြောင့် လူသားတို့သည် ကောင်းမွန်သောစားဖွယ်တို့ကိုစား သောက်နိုင်လာပြီး ပျော်ရွှင်မှုချမ်းသာသုခကို ပထမဆုံးအကြိမ်အဖြစ်ခံစားခဲ့ကြရ၏။

လူသားတို့၏ တိုးတက်လာမှုအတွက် နတ်ဘုရားအချို့က သဘောကျလျက်ရှိသော်လည်း အချို့မှာ လူသားတို့တွင် တန်ခိုးစွမ်းအားများပိုင်ဆိုင်လာကြမည်ကို ကြောက်ရွံ့နေကြ၏။ သို့သော် ပရပ်မီးသယပ်စ်သည် နတ်ဘုရားအချို့၏ စိုးရိမ်ပူပန်မှုတို့ကိုအမှတ်မထားပဲ လူသားတို့ကိုဆက်လက် ကူညီပေးခဲ့၏။ ထိုအချိန်အထိ လူသားတို့အား ယစ်ပူဇော်ရန်အတွက်သာ တိရစ္ဆာန်များကိုသတ်ဖြတ်ခွင့် ပြုထားပြီး ဒမီတာညွှန်ကြားသော အသီးနှံများကိုသာစားသုံးစေခဲ့၏။ လူသားတို့၏ အသက်ရှင်သန်ရေး အတွက် တိရစ္ဆာန်တို့၏အသားကို စားသုံးရန်လိုအပ်လိမ့်မည်ဟု ပရပ်မီးသယပ်စ် သိမြင်ခဲ့၏။

ထို့ကြောင့် ပရပ်မီးသယပ်စ်က အစီအစဉ်တစ်ခုရေးဆွဲခဲ့၏။ ပထမဦးစွာ နွားနောက်တစ်ကောင် ကို ယစ်ပူဇော်ရန်အလို့ငှာ သတ်လိုက်၏။ ထို့နောက် အရိုးအသားတို့ကို ဝေစုနှစ်ခုခွဲ၍ပုံလိုက်၏။ ဝေစု တစ်ပုံတွင် အပေါ်ယံအဆီပြင်များအောက်၌ အရိုးများကိုဝှက်လျက် ယစ်ပူဇော်မှုတွင် အကောင်းဆုံးဟု ထင်ရအောင်ပြင်ဆင်လိုက်၏။ ထို့နောက်အခြားဝေစုတွင် အပေါ်ယံကလီစာများအောက်၌ အသားများနှင့် စားကောင်းသော အခြားအစိတ်အပိုင်းတို့ကိုဝှက်လျက် နစ်မြို့ဖွယ်မရှိအောင် ပြင်ဆင်လိုက်၏။

ဤသို့ ပြင်ဆင်ပြီးသွားသောအခါ ပရပ်မီးသယပ်စ်က ဇီးယုစ်အား မည်သည့်ဝေစုကို သုံးဆောင် ပါမည်နည်းဟု မေးမြန်းလျှောက်ထားလိုက်၏။ ဇီးယုစ် အလိုမရှိသောဝေစုကို လူသားတို့သုံးဆောင်ခွင့် ရမည်ဖြစ်၏။ ကလီစာများအောက်တွင် အသားများဝှက်ထားသည်ကို မရိပ်မိသဖြင့် အဆီပေါသောဝေစု ကို ဇီးယုစ် ရွေးချယ်လိုက်၏။ ရွေးချယ်ပြီးလျှင် ပြန်လည်ပြင်ဆင်ခွင့်မရှိသဖြင့် အဆီပြင်များအောက်တွင် စားသောက်သုံးဆောင်နိုင်သော အသားများမရှိသည်ကို သိရှိပြီးသည့်နောက်တိုင်အောင် ဇီးယုစ်အနေဖြင့် ပြန်လည်ပြင်ဆင်ရန် အခွင့်မသာတော့ချေ။ ထိုအချိန်မှစတင်လျက် လူသားတို့သည် ယစ်ပူဇော်မှုပြုကြ သည့်အခါတိုင်း အဆီများနှင့်အရိုးများကိုသာ နတ်ဘုရားများအား ပူဇော်ပသကြပြီးလျှင် အသားများနှင့် အခြားစားကောင်းသော အစိတ်အပိုင်းတို့ကို မိမိတို့အတွက် ချန်ထားတတ်ကြလေ၏။ ဇီးယုစ်သည် ပရပ်မီးသယပ်စ်၏လှည့်စားမှုအတွက် များစွာမကျေနပ်လျက်ရှိသော်လည်း နောင်အခွင့်သင့်လျှင်လက် စားချေရန် တေးမှတ်ထားလိုက်၏။



ပရပ်မီးသယပ်စ်သည် လူသားတို့၏အကျိုးအတွက် အခြားလှည့်ဖျားမှုများကိုလည်း ပြုလုပ်ခဲ့သေး၏။ လူသားတို့တွင် အမွေးအမှင်နည်းပါးကြရကား မကြာခဏအအေးမိတတ်ကြပြီး၊ အသားများကို ချက်ပြုတ်စားသောက်ရန် အခွင့်ရပြီးဖြစ်သော်လည်း ချက်ပြုတ်ရန်နည်းလမ်းမသိကြသေးပေ။ ထိုအချိန်အထိ မီးဆိုသည်မှာ နတ်ဘုရားတို့သာအသုံးပြုနိုင်သည့် အရာဖြစ်ပြီး လူသားတို့သည် မီးအကြောင်းနှင့် မည်သို့ထိန်းသိမ်းရမည်တို့ကို မသိရှိကြသေးပေ။ ပရပ်မီးသယပ်စ်က အခြေအနေကိုပြောင်းလဲပစ်ရန် ဆုံးဖြတ်လိုက်၏။ ကောင်းကင်ဘုံသို့တက်သွားပြီး နတ်ဘုရားများမသိအောင် မီးကိုတိတ်တဆိတ်ခိုးယူခဲ့ပြီး ဖဲန်နယ်ပင် (fennel plant) ၏ရိုးတံများထဲတွင်ထည့်လျက် ကမ္ဘာမြေသို့ယူဆောင်လာခဲ့၏။ ထို့နောက် ပရပ်မီးသယပ်စ်က လူသားတို့ကို အသီးအနှံနှင့်အသားချက်ပြုတ်နည်းနှင့် မီးမငြိမ်းအောင်ထိန်းသိမ်းနည်းများကိုသင်ကြားပေးခဲ့၏။ ၎င်းအပြင်အလင်ပတ်တောင်တွင် မီးနတ်ဘုရား ဟစ်ဖစ်စတပ်စ် ပန်းပဲလုပ်သကဲ့သို့ မီးကိုအသုံးပြု၍ သတ္တုများနှင့် ပန်းပဲလုပ်ခြင်းအတတ်ကိုလည်း သင်ကြားပေးခဲ့၏။

ပရပ်မီးသယပ်စ်အနေဖြင့် ထိုကိစ္စရပ်များအားလုံးကို ၎င်းဖန်ဆင်းခဲ့သော လူသားတို့အတွက် ကမ္ဘာမြေတွင် ကြာရှည်စွာအသက်ရှင်နေထိုင်နိုင်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်၏။ သို့သော် ပရပ်မီးသယပ်စ်၏လုပ်ရပ်တို့ကို အခြားနတ်ဘုရားအချို့ကမနှစ်မြို့ကြပေ။ ယခုအခါလူသားများသည် စွမ်းအားရှိပြီး အတော်အတန်ပင်စမတ်ကျလျက်ရှိရာ မိမိတို့ကိုယ်မိမိတို့ မဟာစွမ်းအားရှင်များအဖြစ်မှတ်ယူလျက် နတ်ဘုရားတို့၏ တန်ခိုးအာဏာကိုပစ်ပယ်ခြင်းမပြုကြမီ ရပ်တန့်းကရပ်ကြရန် ဇီးယုစ်ကဆုံးဖြတ်လိုက်၏။ ထို့အပြင် ပရပ်မီးသယပ်စ်၏ လှည့်စားမှုများအပေါ်တွင်လည်း အခဲမကျေဖြစ်နေခဲ့၏။

ဇီးယုစ်က ပရပ်မီးသယပ်စ်ကို ဖမ်းဆီး၍ နတ်ဘုရားများကိုလှည့်စားမှုနှင့် လူသားများကို စွမ်းအားရှိအောင် လုပ်ဆောင်ခဲ့မှုတို့အတွက် ကော့ကဆပ်တောင်တန်းများရှိ တောင်ထိပ်တစ်ခုတွင် သံကြိုးဖြင့်ချည်နှောင်လျက် အပြစ်ဒဏ်ခတ်ခဲ့၏။ ပရပ်မီးသယပ်စ်ကို ချည်နှောင်ထားရာသို့ သိန်းစွန်ကြီး တစ်ကောင်နေ့စဉ်လာလေ့ရှိ၏။ သိန်းစွန်ကြီးသည် လွန်စွာရိုင်းစိုင်းကြမ်းတမ်းပြီး ပရပ်မီးသယပ်စ်၏ အသည်းကို နေ့စဉ်ထိုးဖေါက်သုတ်ယူလျက် စားပစ်တတ်လေ၏။ ပရပ်မီးသယပ်စ်သည် နတ်ဘုရားဖြစ်သဖြင့်မသေပဲ ညအခါတွင် အသည်းတစ်ခုပြန်လည်ရောက်ရှိနေတတ်၏။ လူသန်ကြီးဟာကျူလီ (Hercules) လာရောက်ကယ်တင်ခြင်းမပြုမီအထိ ပရပ်မီးသယပ်စ်သည်နာကျင်မှုဝေဒနာကို နှစ်ပေါင်းသုံးဆယ်မျှ နေ့စဉ်ခံစားခဲ့ရ၏။

ပရပ်မီးသယပ်စ်ကို လက်စားချေပြစ်ဒဏ်ပေးယုံမျှနှင့် ဇီးယုစ်၏စိတ်တွင်မကြေနပ်နိုင်သေးပေ။ နတ်ဘုရားတကာတို့၏ဘုရင်သည် လူသားမျိုးနွယ်တစ်ခုလုံးအား အကျိုးသက်ရောက်စေမည့် ပြစ်ဒဏ်ခတ်မှု အစီအစဉ်တစ်ခုကိုရေးဆွဲခဲ့သေး၏။ ထိုအပြစ်ဒဏ်ကား ယခုတိုင်အောင်ပင် လူသားတို့အပေါ်၌ကျရောက်လျက်ရှိနေချေတော့၏။

# ၄။

# ပန်ဒေါရာ



# မိတ်ဆက်

ရှေးယခင်က အက်သင်မြို့တော်၌ အမျိုးသမီးများသည် ခဲယဉ်းစွာအသက်မွေးကြရ၏။ စီးပွားရေးနှင့် အခြားသောအရေးကိစ္စတို့၌ ပါဝင်ခွင့်မရကြရပဲ အမျိုးသားများထက် အဆင့်အတန်းနိမ့်ကျသည်ဟု ယူဆလျက် မိမိတို့အိမ်တွင်နေထိုင်ရာ၌ပင် ၎င်းတို့အတွက်သီးသန့်ပေးထားသော နေရာများတွင်သာ နေထိုင်ကြရ၏။ မိန်းကလေးငယ်များသည် ၎င်းတို့၏အစ်ကိုမောင်များကဲ့သို့ ပညာသင်ကြားခွင့် မရှိကြပေ။ အိမ်ထောင်မပြုမီအထိ ၎င်းတို့၏ဖခင်များအိမ်၌သာနေကြရပြီး အိမ်ထောင်ကျပြီးသည်နှင့် ခင်ပွန်းသည်၏ အိမ်သို့ပြောင်းရွှေ့နေထိုင်ကြရ၏။ မိမိ၏မိသားစုဝင်များမှလွဲ၍ အခြားယောကျ်ားလေးများကို စကားပြောဆိုခြင်းမရှိကြပေ။ ဘီစီငါးရာစုအစောပိုင်းတွင် အက်သင်မြို့၌ ဒမော့ကရစ်စီရရှိလာသောအခါတွင်လည်း အမျိုးသမီးများ မဲပေးခွင့်မရရှိကြပေ။

အက်သင်မြို့မှ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး မရရှိကြသော်လည်း ဂရိဒဏ္ဍာရီများတွင် အမျိုးသမီးများမှာ များစွာအရေးပါပြီး ရံဖန်ရံခါ ထိတ်လန့်ဖွယ်ကောင်းသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ၏။ ဒဏ္ဍာရီအတွင်း၌ရော ပြင်ပလောက၌မှာပါ အမျိုးသမီးများသည် တစ်ဖက်တွင် ရဲရင့်ပြီးနစ်လိုဖွယ်ကောင်းလျက်၊ အခြားတစ်ဖက်တွင် ၎င်းတို့၏နစ်လိုဖွယ်များနောက်ကွယ်၌ လှည့်ဖျားမှုနှင့် ကောက်ကျစ်စဉ်းလဲမှုများ ရှိနေတတ်၏။

ဒဏ္ဍာရီ၌ ပန်ဒေါရာ (Pandora) သည် ပထမဦးဆုံးလူသားအမျိုးသမီးဖြစ်ပြီး သူမ၏ဒဏ္ဍာရီကို ကြည့်ခြင်းအားဖြင့် အဘယ့်ကြောင့်ဂရိတို့သည် အမျိုးသမီးများအပေါ် ဆန့်ကျင်မှုများပြုခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်၏။ ဇီးယုစ်၏အမိန့်ဖြင့် ပန်းပဲနှင့်မီးနတ်ဘုရား ဟစ်ဖစ်စတပ်က ပန်ဒေါရာကို ဖန်ဆင်းခဲ့၏။ ဇီးယုစ်၏အကြံအစည်သည် လူသားအမျိုးသားများအပေါ်တွင် အပြစ်ဒဏ်ခတ်ရန်ဖြစ်၏။ ဇီးယုစ်နှင့် အခြားနတ်ဘုရားများက ပရပ်မီးသယပ်စ် ဖန်ဆင်းခဲ့သောလူသားများကို စွမ်းရည်များ ယုတ်လျော့စေလျက် အားနည်းစေလိုကြ၏။ ယင်းအကြံအစည် ထမြောက်အောင်မြင်စေရန်အတွက် နတ်ဘုရားများက ပန်ဒေါရာအား လှပမှုနှင့်နစ်လိုဖွယ်ကောင်းမှုတို့ကို လက်ဆောင်အဖြစ် ပေးလိုက်ကြ၏။ ထို့အပြင် ကမ္ဘာမြေတွင် မကောင်းမှုများပေါ်ပေါက်လာစေရန်အတွက် လှပစွာစီခြယ်ထားသောသေတ္တာ (သို့) ကရားလေးတစ်လုံးကိုလည်း သူမနှင့်အတူထည့်ပေးလိုက်၏။ သူမသည် ကောင်းမွန်သောစိတ်ထားရှိသော်ငြားလည်း ထိုပထမဆုံးလူသားအမျိုးသမီးကြောင့် လူသားမျိုးနွယ်တစ်ရပ်လုံးတွင် ကြီးမားသော နာကျင်မှုကို ဖြစ်ပေါ်စေခဲ့၏။

ပန်ဒေါရာနှင့် သူမ၏သေတ္တာလေးအကြောင်းသည် ဟီးစီးအပ်၏ *သီဩဂနီ* ကဗျာတွင် စတင်မြစ်ဖျားခံခဲ့၏။ သီဩဂနီတွင် ပန်ဒေါရာကို နိမိတ်ပြပုံအမျိုးမျိုးဖြင့်ရေးဖွဲ့ထား၏။ ဒဏ္ဍာရီပုံပြင်လာ ပန်ဒေါရာ၏ အငြင်းပွားဖွယ်စရိုက်လက္ခဏာအများစုသည် ဟီးစီးအပ်၏ "ပန်ဒေါရာ" ဟူသောအမည်အပေါ်၌ ၎င်း၏ကိုယ်ပိုင် နားလည်သဘောပေါက်မှုကြောင့်ဖြစ်ပြီး ဟီးစီးအပ်၏ နားလည်မှုလွဲမှားခဲ့ခြင်းလည်း ဖြစ်ကောင်းဖြစ်တန်ရာ၏။ ဒဏ္ဍာရီပုံပြင်များကိုလေ့လာနေသူ Richmond Y. Hathorn က "*ပန်ဒေါရာ*ဟူသောအမည်သည် (ဟီးစီးအပ် နားလည်သဘောပေါက်သကဲ့သို့) "လက်ဆောင်များအားလုံး

နှင့်ပြည့်စုံသူ” (she who was endowed with all gifts) ဟု အဓိပ္ပါယ်ကောက်ရမည့်အစား ကမ္ဘာမြေနတ်ဘုရားမ(အမည်)၏ အဓိပ္ပါယ်အတိုင်း “အလုံးစုံကို ပေးစွမ်းသူ” (she who is giver of all) ဟုသာ ယူဆသင့်သည်” ဟု ဆိုခဲ့၏။

# ပန်ဒေါရာ

ဇီးယုစ်သည် ဒေါသအမျက်ချောင်းချောင်းထွက်လျက်ရှိ၏။ ပရပ်မီးသယပ်စ်က သူ့ကိုလှည့်စား သွားသဖြင့် နတ်ဘုရားတို့၏ဘုရင်သည် လက်စားချေလိုစိတ်ပြင်းပြနေသည့်အပြင် လူသားတို့သည် မည်သည့်အခါမျှ နတ်ဘုရားများကဲ့သို့တန်ခိုးစွမ်းအားများ ရှိနိုင်လိမ့်မည်မဟုတ်ကြောင်းကိုလည်း သတိ ပေးလိုသေး၏။

ယခုအချိန်အထိ ဖန်ဆင်းခဲ့ပြီးသောလူသားတို့သည် အမျိုးသားများသာဖြစ်ကြ၏။ အမျိုးသမီး နတ်ဘုရား (သို့) နတ်ဘုရားမများ ရှိနှင့်ပြီးဖြစ်သော်လည်း လူသားအနေဖြင့် အမျိုးသမီးမရှိသေးပေ။ လူအမျိုးသားတို့ကို လူအမျိုးသမီးများနှင့် မိတ်ဆက်ပေးရန်ကြံစည်မှုသည် ဇီးယုစ်၏လက်စားချေမှု တစ်စိတ်တစ်ဒေသဖြစ်၏။ ဇီးယုစ်သည်ပထမဦးစွာ ဟစ်ဖစ်စတပ်စ်၏ ပန်းပဲဖိုသို့သွားရောက်ကာ လူသား အမျိုးသမီးတစ်ဦးဖန်ဆင်းပေးရန် ခိုင်းစေခဲ့၏။ ထိုအမျိုးသမီးသည် ကမ္ဘာမြေရှိလူအမျိုးသားများနှင့် အချို့ အစိတ် အပိုင်းတို့မှလွဲ၍ တူညီစေရမည်ဖြစ်ကြောင်း ဇီးယုစ်က သေချာစွာရှင်းပြခဲ့၏။

ဟစ်ဖစ်စတပ်စ်သည် ဇီးယုစ်၏အမိန့်ကို ဝမ်းမြောက်စွာခံယူလျက် လုပ်ငန်းစတင်တော့၏။ မီးနှင့် ပန်းပဲနတ်ဘုရားသည် အမှန်တစ်ကယ်ပင် ပုံသွင်းကောင်းသူဖြစ်၏။ ၎င်းဖန်ဆင်းထားသော အမျိုးသမီး သည်လှပ်စွာလှပပြီး ဇီးယုစ်၏ညွှန်ကြားချက်များနှင့် ထပ်တူထပ်မျှပင်ဖြစ်၏။ ဖန်ဆင်းမှုပြီးဆုံးသွားပြီး ဇီးယုစ်အားပြသကြည့်ရာ များစွာကျေနပ်သွားပြီး ထိုအမျိုးသမီးကို ပန်ဒေါရာဟု အမည်ပေးလိုက်ကြ၏။ ပန်ဒေါရာသည် ရှည်လျားသောဆံပင်၊ အပြစ်အနာအဆာကင်းသောခန္ဓာကိုယ်နှင့် တောက်ပသော မျက်လုံးတို့ပိုင်ဆိုင်လျက် နတ်သမီးတမျှလှပ်စွာလှပ၏။ သူမသည် လေပြည်ညင်းကဲ့သို့ နူးညံ့သိမ်မွေ့ကာ နှစ်လိုဖွယ်ရှိသောအပြုံးများဖြင့် တင့်တယ်လျက်ရှိ၏။ သူမ၏အလှအပတရားကြောင့် လူအမျိုးသားများက သူမကိုလက်ခံကြပြီး ယုံကြည်ကြလိမ့်မည်ဟု ဇီးယုစ်က မျှော်လင့်ထား၏။

ပထမဆုံးလူသားအမျိုးသမီးကို ဟစ်ဖစ်စတပ်စ်က အချောကိုင်ပြီးစီးသောအခါ နတ်ဘုရားများက ရွှေချည်ထိုးအဝတ်အထည်များဝတ်ဆင်ပေးခြင်း၊ တောက်ပသောလက်ဝတ်ရတနာများ ဝတ်ဆင်ပေးခြင်း၊ မွှေးကြိုင်သောပန်းနံ့သာများဆင်ယင်ပေးခြင်း အစရှိသဖြင့် လက်ဆောင်အမျိုးမျိုးကိုပေးခဲ့ကြ၏။ အဆိုပါ လက်ဆောင်များထဲတွင် ကျောက်မျက်ရတနာတို့ဖြင့် လှပစွာစီခြယ်ထားသော သေတ္တာလေးတစ်လုံး လည်းပါဝင်၏။ ထိုသေတ္တာကလေးသည်လှပ်စွာလှပသဖြင့် သေတ္တာထဲတွင် အလွန်အဖိုး ထိုက်တန်သော အရာများရှိလိမ့်မည်ဟု ပန်ဒေါရာမှတ်ထင်ထားခဲ့၏။ သို့သော်နတ်ဘုရားများက ထိုသေတ္တာကလေးကို မည်သည့်အခါမျှဖွင့်လှစ်ခြင်းမပြုရဟူသော ခြွင်းချက်တစ်ခု သတ်မှတ်ပေးထား၏။ အဘယ့်ကြောင့် သေတ္တာလေးအား အဖွင့်မခိုင်းရသနည်းဆိုသည်ကို ပန်ဒေါရာနားမလည်သော်လည်း သေတ္တာကလေး၏ လှပမှုကြောင့် နတ်ဘုရားများ၏သတိပေးချက်ကို လိုက်နာရန်သဘောတူလိုက်၏။



များမကြာမီ၌ အခြားလူသားများနှင့်အတူနေထိုင်ရန် ကမ္ဘာမြေသို့ ပန်ဒေါရာရောက်ရှိလာခဲ့၏။ ကမ္ဘာမြေသို့ရောက်ရှိပြီးနောက် ပထမဆုံးစတင်တွေ့မိသောပုဂ္ဂိုလ်သည် အစ်ကိုတော် ပရုမီးသယပ်စ်နှင့်အတူ လူသားများနှင့်ရောနှောနေထိုင်လျက်ရှိသော အပီမီးသယပ်စ်ဖြစ်၏။ အပီမီးသယပ်စ်သည် ပန်ဒေါရာ၏အလှကြောင့် မြင်မြင်ချင်းပင် ချစ်ကြိုက်သွားမိတော့၏။ ၎င်း၏အစ်ကို ပရုမီးသယပ်စ်သည် ပါးနပ်သူဖြစ်သဖြင့် အပီမီးသယပ်စ်နှင့် ပန်ဒေါရာတို့၏အဖြစ်ကိုသတိပြုမိခဲ့ပြီး ဇီးယုစ်နှင့်အလင်းပီအန် နတ်ဘုရားတို့၏ လက်ချက်ပင်ဖြစ်လိမ့်မည်ဟုသံသယဖြစ်ခဲ့၏။ သို့နှင့် ညီတော်အပီမီးသယပ်စ်အား အလင်းပီအန် နတ်ဘုရားတို့၏လက်ဆောင်ကို မည်သည့်အခါမျှလက်ခံခြင်းမပြုမိရန် သတိပေးခဲ့၏။ သို့သော် ထုံးစံအတိုင်းပင် အပီမီးသယပ်စ်က အရူးအမူးချစ်ကြိုက်နေမိပြီဖြစ်ရာ အစ်ကို၏စကားကိုနားမထောင်ပဲ ပန်ဒေါရာကိုလက်ထပ်လိုက်ပြီး အိမ်သို့ခေါ်လာခဲ့၏။ ပန်ဒေါရာသွားလေရာ သယ်ဆောင်သွားတတ်သည့် လှပသောသေတ္တာလေးအကြောင်းကိုမူ မည်သည့်အခါကမျှ အပီမီးသယပ်စ်မစဉ်းစားမိခဲ့ချေ။

အပီမီးသယပ်စ်တို့စုံတွဲသည် လက်ထပ်ပြီးသည်မှစ၍ ပျော်ရွှင်စွာနေထိုင်လာခဲ့ကြ၏။ ပန်ဒေါရာသည် လှပသောသေတ္တာကလေးကို နေ့စဉ်နှင့်အမျှ အရိပ်တကြည့်ကြည့်နှင့်သာရှိပြီး နတ်ဘုရားများ သတိပေးခဲ့သည့်အတိုင်းပင် ဖွင့်ကြည့်ရန်မကြိုးစားခဲ့ပေ။ သို့သော် အချိန်ကြာညောင်းလာသည်နှင့်အမျှ သေတ္တာကလေးကိုကြည့်ရှုရုံဖြင့် အားမရနိုင်တော့ချေ။ ဖွင့်ကြည့်လိုစိတ်သည် တစ်စထက်တစ်စ ပြင်းထန်လာခဲ့ပြီး အဆုံးတစ်နေ့၌ တားဆီးထိန်းချုပ်ခြင်းငှာ မစွမ်းသာတော့ပဲ ဖွင့်ကြည့်လိုက်မိတော့၏။

သေတ္တာကလေးကို ဖွင့်လှစ်လိုက်စဉ်မှာပင် လှပသောစီခြယ်မှုများ၏နောက်ကွယ်မှ ဇီးယုစ်၏ လက်စားချေမှုကို ပန်ဒေါရာ သဘောပေါက်နားလည်လိုက်၏။ သေတ္တာတွင်း၌ကား နတ်ဘုရားတို့သိရှိသမျှ မကောင်းဆိုးဝါး စိတ်ဓါတ်များကို ထည့်သွင်းထား၏။ သေတ္တာဖုံးကို ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် အပြင်သို့လျင်မြန်စွာ ထွက်ကျကုန်၏။ ပန်ဒေါရာ၏ အခန်းတွင်း၌ ဝမ်းနည်းခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ ဒေါသထွက်ခြင်း၊ ရောဂါစွဲကပ်ခြင်း၊ ရူးသွပ်ခြင်းနှင့် အခြားရာပေါင်းများစွာသော မကောင်းသည့်စိတ်ဓါတ်များဖြင့် ဖုံးလွှမ်းသွားခဲ့ပြီး မီးခိုးငွေ့များအတိုင်း ပြင်ပသို့လွင့်ထွက်ကုန်ကြလျက် လူသားမျိုးနွယ်တစ်ခုလုံးကို ထာဝရနှိပ်စက်ဒုက္ခပေးကြတော့၏။ သေတ္တာတွင်းမှ ထိုသို့မကောင်းသည့်စိတ်ဓါတ်များ ထွက်ကုန်သဖြင့် ပန်ဒေါရာကြောက်လန့်သွားခဲ့ပြီး သေတ္တာဖုံးကို အမြန်ဆုံးပြန်ပိတ်လိုက်၏။ သို့သော်များစွာနောက်ကျခဲ့ပြီဖြစ်သဖြင့် နတ်ဘုရားတို့၏သတိပေးမှုကို နားမထောင်မိခဲ့သည့်အတွက် ပန်ဒေါရာ နောင်တရမိ၏။ နတ်ဘုရားများ၏လက်စားချေမှု အောင်မြင်ခဲ့ပြီဖြစ်၏။ သို့သော် သေတ္တာတွင်း၌ စိတ်ဓါတ်တစ်ခု ကျန်ရှိနေသေးကြောင်း ပန်ဒေါရာသိရှိခဲ့၏။ ယင်းစိတ်ဓါတ်ကား "မျှော်လင့်ခြင်း" (hope) ပင်ဖြစ်၏။

မကြာမီ ပန်ဒေါရာ၏ သေတ္တာလေးထဲမှ မကောင်းဆိုးရွားစိတ်ဓါတ်များ၏နှိပ်စက်မှုကြောင့် ကမ္ဘာမြေရှိလူသားများအကြားတွင် ငြိမ်းချမ်းမှုပျောက်ဆုံးသွားခဲ့၏။ နတ်ဘုရားများ၏လက်စားချေမှုကို လူသားများ နားလည်သဘောပေါက်ခဲ့ကြပြီး မိမိတို့၏စွမ်းရည်များတွင် ကန့်သတ်မှုများရှိကြောင်း လက်ခံလာကြ၏။ ထို့အပြင် ပန်ဒေါရာ၏သေတ္တာတွင်း၌ "မျှော်လင့်ခြင်း" ရှိနေသေးကြောင်းသိရှိရသဖြင့် စိတ်သက်သာရာရခဲ့ကြပြီး နတ်ဘုရားများအပေါ်တွင်ဒေါသထွက်မှုများ အတန်ငယ်ပြေပျောက်သွားကြ၏။ "မျှော်လင့်ခြင်း" မပျက်စီးသရွေ့ တစ်နေ့တွင်ကမ္ဘာမြေ၌ ငြိမ်းချမ်းမှုပြန်လည်ရရှိနိုင်လိမ့်မည်ဟု လူအများယုံကြည်ထားခဲ့ကြ၏။

# ၅။

# ဒမီတာနှင့် ပါဆက်ဖုန်း



# မိတ်ဆက်

တိုက်တန်နတ်ဘုရားများဖြစ်သော ကရိုးနပ်စ်နှင့် ရီးအာတို့၏သမီးတော် ဒမီတာ (Demeter) သည် ပထဆုံးပေါ်ပေါက်ခဲ့သော အလင်းပီအန်နတ်ဘုရားများထဲတွင် တစ်ပါးအပါအဝင်ဖြစ်၏။ တိုက်တန်နတ်များနှင့် အလင်းပီအန်နတ်တို့၏ တိုက်ပွဲပြီးဆုံးသွားသောအခါ ဒမီတာသည်အရေးပါသော စိုက်ပျိုးရေးနတ်ဘုရားမဖြစ်လာခဲ့၏။ သူမ၏အမည်သည် "မိခင်ကမ္ဘာမြေ" (earth mother) (သို့) "မိခင်အသီးအနှံ" (grain mother) ဟုအဓိပ္ပါယ်ရ၏။ မောင်တော်ဇီးယုစ်နှင့် ပေါင်းဖက်လျက် ဒမီတာတွင် ပါဆက်ဖုန်း (Persephone) (သို့) အပျိုစင်ဟုလည်းအဓိပ္ပါယ်ရသည့် ကောရီ (Kore) ဟုခေါ်တွင်သော သမီးတော်တစ်ပါးထွန်းကားခဲ့၏။ ရှေးဂရိလူမျိုးတို့သည် ကောက်ပဲသီးနှံများဖြစ်ထွန်းအောင်မြင်စေရန် ဒမီတာနတ်ဘုရားမကိုပူဇော်ပသခဲ့ကြ၏။ သူမသည် ကောက်ရိတ်သိမ်းချိန်များတွင် ပူဇော်ပသလေ့ရှိသော ဝိုင်အရက်နတ်ဘုရား ဒိုင်အန်နစ်ဆပ်စ် (Dionysus) နှင့်လည်း တစ်နည်းတစ်ဖုံ ပတ်သက်လျက်ရှိ၏။

ဒမီတာသည် ကောက်ပဲသီးနှံများကို နွေဦးရာသီ၊ နွေရာသီနှင့် ဆောင်းဦးပေါက်ကာလတစ်ချို့တွင်ရှင်သန်ဖွံ့ဖြိုးစေပြီး ဆောင်းရာသီတွင်သေဆုံးစေသည်ဟု လူအများလက်ခံယုံကြည်ထားကြ၏။ ကောက်ပဲသီးနှံများစိမ်းလန်းစိုပြည်နေလျှင် ဒမီတာသည် ပျော်ရွှင်လျက်ကြင်နာတတ်ပြီး၊ ခြောက်သွေ့သော ဆောင်းရာသီသို့ရောက်ရှိလာလျှင် စိတ်မာန်ဆိုးလျက်ဝမ်းနည်းနေတတ်သည်ဟု လူအများတွေးထင်လျက်ရှိကြ၏။ ဒမီတာကိုကိုးကွယ်ကြသူများက သူမအမြဲတမ်းပျော်ရွှင်နိုင်ပါစေမည့်အကြောင်းနှင့် ကမ္ဘာမြေကိုကြင်နာပါစေမည့်အကြောင်းများကို ဆုတောင်းလေ့ရှိကြ၏။

ဒမီတာ၏အကြောင်းနှင့်ပတ်သက်၍ အရေးပါသောဒဏ္ဍာရီတစ်ခုမှာ သမီးတော်ပါဆက်ဖုန်းကို ယမမင်းဟေးဒီးစ်က အတင်းအဓမ္မခိုးပြေးခြင်းပင်ဖြစ်၏။ သေဆုံးသူများနှင့် မမြင်ရသောဝိညာဉ်များကို အစိုးရသူ အလင်းပီအန်နတ်ဘုရားတစ်ပါးဖြစ်သော ဟေးဒီးစ်သည် ဂရိဒဏ္ဍာရီများတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိ၏။ တိုက်တန်နတ်များနှင့် စစ်မက်ဖြစ်ပွားစဉ်က ဆိုက်ကလော့နတ်များက ဟေးဒီးစ်အတွက် ကိုယ်ပျောက်ဦးထုပ်ဖန်ဆင်းပေးခဲ့ဖူးပြီး ၎င်း၏အမည်ကိုယ်၌ကပင် ဂရိဘာသာအရ "မမြင်နိုင်သော" (the unseen) ဟုအဓိပ္ပါယ်ရ၏။ ဂရိဘာသာရေးယုံကြည်မှုများတွင် ဟေးဒီးစ်သည် အလွန်အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသော်လည်း သူ့ကို ကံမကောင်းစေသောနတ်ဘုရားအဖြစ် သတ်မှတ်ထားကြ၏။ ထို့ကြောင့် ဟေးဒီးစ်အတွက် ရည်ရွယ်ကျင်းပသောဘုရားပွဲဟူ၍ လွန်စွာရှားပါးပြီး ကိုးကွယ်သူလည်း နည်းပါး၏။

ဟေးဒီးစ်သည် ကမ္ဘာမြေ၏အောက်တွင်ရှိသော သေမင်းနိုင်ငံကိုအစိုးရသည့်ဘုရင်ဖြစ်သဖြင့် ကမ္ဘာပေါ်ရှိ ကောက်ပဲသီးနှံတို့ကို ပေါများကြွယ်ဝစေရန်အကူအညီပေးတတ်ပြီး တစ်ချိန်တည်း၌ သေခြင်းကိုအစိုးရသည့်ယမမင်းအဖြစ် လူအများ၏ကြောက်ရွံ့လေးစားမှုကိုခံရ၏။ သူနှင့်ကမ္ဘာမြေ၏ ဆက်သွယ်ချက်ကြောင့် မြေဩဇာကောင်းမွန်မှုနှင့် ကောက်ပဲသီးနှံဖြစ်ထွန်းမှုတို့ကိုအစိုးရသော နတ်ဘုရားမနစ်ပါးဖြစ်သည့် ဒမီတာနှင့် ပါဆက်ဖုန်းတို့နှင့်လည်း အကြောင်းသင့်စွာပတ်သက်လျက်ရှိနေတော့၏။

ဒမီတာ၏ဝတ်ပြုကျောင်းဆောင်များကို အက်သင်နှင့်များစွာမဝေးလှသော အလျူစစ် (Eleusis)

မြို့တွင် အေဒီ ၄ ရာစုခန့်အထိ တွေ့မြင်နိုင်သေး၏။ ဆောင်းဦးပေါက်လာလျှင် အလျူစစ်မြို့၌ ဒမီတာကို ပူဇော်ပသသော ဘုရားပွဲတော်များကျင်းပလေ့ရှိကြပြီး ရှေးအခါကအကျော်ကြားဆုံး ဘုရားပွဲတော်များ ဖြစ်ခဲ့ဖူး၏။ သို့သော် မည်သည့်အကြောင်းကြောင့်မှန်းမသိရပဲ ထိုပွဲတော်များငုပ်လျှိုး ပျောက်ကွယ်ကုန် ကြ၏။ ယခုအခါထိုပွဲတော်များကို အလျူစစ်ဒဏ္ဍာရီများ *Eleusinian Mysteries* ဟုခေါ်ကြ၏။ “ယုံကြည်မှုစတင်သူများ” *Initiates* ဟုခေါ်သော အဆိုပါပွဲတော်များတွင်ပါဝင်သူများသည် ဘာသာရေး ထုံးတမ်းအစဉ်အလာများအတိုင်း နတ်ဘုရားမကိုပူဇော်ပသမှုများ ပြုလုပ်ကြကုန်၏။ အလျူစစ်ဒဏ္ဍာရီ များ၏အဓိကရည်ရွယ်ချက်မှာ ကောက်ပဲသီးနှံများဖြစ်ထွန်းအောင်မြင်မှုအတွက် နတ်ဘုရားမဒမီတာ၏ ကျေးဇူးတော်ကိုဖေါ်ကျူးရန်နှင့် သူမ၏စဉ်ဆက်မပြတ်ကြင်နာမှုကိုရရှိရန်ဖြစ်သည်ဟု လေ့လာသူများက ယုံကြည်ကြ၏။

ရှေးဂရိလူမျိုးတို့အတွက် ဆောင်းရာသီတွင် ကောက်ပဲသီးနှံများဖြစ်ထွန်းမှုမရှိခြင်းသည် ထူးဆန်း သော ပဟေဠိတစ်ပုဒ်ဖြစ်ခဲ့၏။ ဒမီတာနှင့် သမီးတော်ပါဆက်ဖုန်းတို့၏အကြောင်းသည် ထိုပြဿနာကို အဖြေရှာနိုင်မည့် ဒဏ္ဍာရီတစ်ပုဒ်ပင်ဖြစ်၏။

# ဒမီတာနှင့် ပါဆက်ဖုန်း

ဒမီတာနှင့်ဇီးယုစ်တို့တွင် ပါဆက်ဖုန်းခေါ် သမီးတော်တစ်ပါးရှိ၏။ မိဘနှစ်ပါးသည် တန်ခိုးကြီးသော နတ်ဘုရားများဖြစ်ကြသည့်အတိုင်း ဒမီတာမှာလည်း လွန်စွာလှပသော နတ်ဘုရားမလေးအဖြစ် ကြီးပြင်းလာခဲ့ရ၏။ ဒမီတာသည် သမီးတော်လေးကို ကမ္ဘာပေါ်ရှိအရာအားလုံးထက် ချစ်မြတ်နိုးလျက် တခဏမျှပင် မခွဲရက်နိုင်အောင်ရှိ၏။

ပါဆက်ဖုန်းအရွယ်ရောက်လာသောအခါ သူမ၏လှပမှုကြောင့် ယမမင်း ဟေးဒီးစ်က ချစ်ခင်စုံမက်လျက်ရှိ၏။ ဟေးဒီးစ်သည်ပါဆက်ဖုန်းကို မြင်မြင်ချင်းပင်မေတ္တာသက်ဝင်ချစ်ခင်မိသဖြင့် ပါဆက်ဖုန်းမှလွဲလျှင် မည်သူ့ကိုမျှလက်မထပ်နိုင်တော့ဟု ဆုံးဖြတ်ထား၏။ ဟေးဒီးစ်သည် အချစ်ဝေဒနာကို ကြာရှည်မခံစားနိုင်သည်နှင့် ညီဖြစ်သူဇီးယုစ်ထံသို့သွားရောက်ကာ "ညီတော် ... ညီတော်၏သမီး ပါဆက်ဖုန်းကို အစ်ကိုတော်မေတ္တာသက်ဝင်ချစ်ခင်နေသဖြင့် လက်ထပ်ထိမ်းမြားခွင့်ပြုပါလော့ ... ပါဆက်ဖုန်းကို အစ်ကိုတော်၏ မြေအောက်ကမ္ဘာတွင် ဘုရင်မအဖြစ်တင်မြှောက်ပါမည်" ဟုပြောကြားခဲ့၏။

ဟေးဒီးစ်သည် သမီးတော်ပါဆက်ဖုန်းအတွက် ခင်ပွန်းကောင်းတစ်ယောက်ဖြစ်နိုင်လိမ့်မည်ဟု ဇီးယုစ်ယူဆထား၏။ စင်စစ်အားဖြင့်လည်း ဟေးဒီးစ်သည် တရားမျှတပြီးတန်ခိုးကြီးသောနတ်ဘုရားတစ်ပါးဖြစ်၏။ သို့သော်ဒမီတာသည် သမီးတော်ပါဆက်ဖုန်းကို ဤမျှဝေးကွာသောအရပ်သို့ ထည့်လိုက်နိုင်မည်မဟုတ်သဖြင့် ဟေးဒီးစ်၏ ခွင့်ပန်ချက်ကို သဘောတူလိမ့်မည်မဟုတ်မှန်း ဇီးယုစ်နားလည်ထား၏။ ထို့အပြင် အကယ်၍ပါဆက်ဖုန်းသာ ဟေးဒီးစ်နှင့်လက်ထပ်ထိမ်းမြားခဲ့လျှင် အမေနှင့်သမီး ကွဲကွာသွားတော့မည်ဖြစ်ပြီး ဒမီတာအနေဖြင့် သမီးတော်ကို မည်သည့်အရာမျှရှင်သန်ခြင်းမရှိပဲ လူသေများနှင့်သာ ပြည့်နှက်လျက်ရှိသော မြေအောက်ကမ္ဘာတွင် မည်သည့်နည်းနှင့်မျှ နေထိုင်စေလိုမည်မဟုတ်ကြောင်း ဇီးယုစ်ကရိပ်မိသိရှိထား၏။ ဇီးယုစ်သည် နတ်ဘုရားအားလုံး၏ဘုရင်ဖြစ်သော်လည်း ဒမီတာ၏ ကမ္ဘာမြေအပေါ်လွှမ်းခြုံထားသော တန်ခိုးသြဇာကိုစိုးရွံ့မိ၏။ သူမကို ဝမ်းနည်းအောင်မပြုလုပ်လိုပေ။

ဇီးယုစ်သည် ထိုပြဿနာကို အချိန်အတော်ကြာအောင်စဉ်းစားခဲ့ရ၏။ လက်ထပ်ခွင့်ပြုလိုက်ခြင်းဖြင့် အစ်ကိုတော်အားဝမ်းမြောက်စေလိုသကဲ့သို့ ဒမီတာနှင့်လည်းပဋိပက္ခမဖြစ်လိုပေ။ နောက်ဆုံးတွင် အစ်ကိုတော်၏ ထိမ်းမြားရန်ခွင့်ပန်ချက်ကို ခွင့်ပြုပါသည်ဟုပြောရန်မလိုပဲ ဖြေရှင်းနိုင်မည့်နည်းလမ်းတစ်ခုကို ဇီးယုစ်စဉ်းစားမိ၏။ သို့နှင့်ဇီးယုစ်က "အစ်ကိုတော် ... ပါဆက်ဖုန်းနှင့် အစ်ကိုတော်တို့၏ လက်ထပ်ထိမ်းမြားမှုကို ညီတော့်အနေဖြင့် တရားဝင်ခွင့်မပြုနိုင်ပါ" ဟုအစ်ကိုဖြစ်သူ ဟေးဒီးစ်ကို အဖြေပေးခဲ့၏။

ဇီးယုစ်က ဟေးဒီးစ်အား လက်ထပ်ထိမ်းမြားခြင်းကို တရားဝင်ခွင့်မပြုနိုင်ဟုသာ ပြောကြားထားရာ ဟေးဒီးစ်ကလည်း ဇီးယုစ်၏ဆိုလိုချက်ကိုသဘောပေါက်၏။ ဇီးယုစ်၏ဆိုလိုချက်သည် ဒမီတာ၏ခွင့်ပြုချက်ကိုမစောင့်ပဲ ပါဆက်ဖုန်းကိုခိုးပြေးရန်ဖြစ်ပြီး ထိုသို့ခိုးပြေးပါကလည်း ညီတော်ဇီးယုစ် စိတ်ဆိုးလိမ့်မည်မဟုတ်မှန်း ဟေးဒီးစ်သိထား၏။ ပြဿနာမဖြစ်စေလိုသဖြင့် ထိုသို့ပြောခြင်းဖြစ်ကြောင်းကို ဟေးဒီးစ်ရိပ်မိ၏။ သို့နှင့်ဟေးဒီးစ်သည် မြေအောက်ကမ္ဘာသို့ ပျော်ရွှင်စွာပြန်သွားပြီးလျှင် ပါဆက်ဖုန်းအား မည်သို့

မည်ပုံ ခိုးပြေးရမည့်အကြောင်းများကို စဉ်းစားတွေးတောလျက်ရှိတော့၏။

များမကြာမီတစ်ခုသောနေ့၌ ပေးဒီးစ်သည် ဇီးယုစ်နှင့်တွေ့ဆုံရာမှအပြန် အလျူစစ်မြို့အနီးတွင် သူငယ်ချင်းများနှင့်ပန်းခူးနေသော ပါဆက်ဖုန်းကိုတွေ့ခဲ့ရ၏။ အမျိုးသမီးတို့သည် စိတ်အေးလက်အေးဖြင့် ပန်းခူးလျက်ရှိကြပြီး အတန်ကြာသောအခါ ပါဆက်ဖုန်းသည် ဟိုမှသည်မှလှရာရာပန်းများကို ခြင်းတောင်းထဲသို့ခူးထည့်ရင်း သူငယ်ချင်းများနှင့် အတန်ငယ်အလှမ်းဝေးသွား၏။



သစ်ပင်တို့ဖြင့်အုပ်ဆိုင်းလျက်ရှိသော တောင်ကြားလေးတစ်ခုတွင် နားစစ်ဆပ်စ် *narcissus* ပန်းများ လှပစွာပေါက်ရောက်နေကြပြီး မိခင်ဒမီတာအတွက် ပန်းစည်းလက်ဆောင်ပေးရန် ပါဆက်ဖုန်း စိတ်ကူးမိ၏။ ထိုနေရာသည် သူငယ်ချင်းများနှင့် အတော်ပင်အလှမ်းကွာဝေးလျက်ရှိရာ အော်ခေါ်လျှင်ပင် ကြားနိုင်လိမ့်မည်မဟုတ်ပေ။ ပါဆက်ဖုန်းသည် ဒူးကိုညွတ်၍ပန်းခူးလိုက်ရာ ပန်းပင်အမြစ်သည် မြေထဲ၌ မြဲမြံစွာစိုက်ဝင်နေသဖြင့် အလွယ်တကူ ခူးဆွတ်၍မရနိုင်ပဲရှိ၏။ ပန်းပင်ကိုအားစိုက်၍ ဆွဲနှုတ်လိုက်စဉ် တောင်ကြား၏ အလယ်တည့်တည့်တွင် အပေါက်ကြီးတစ်ပေါက်ဖြစ်သွားကြောင်း အံ့အားသင့်စွာတွေ့လိုက်ရ၏။ သေမင်းနိုင်ငံ၏အရှင်သခင်သည် ထိုအပေါက်မှထွက်ပေါ်လာခဲ့ပြီး နတ်မြင်းရထားသံသည် လေထုအတွင်း၌ ဆူညံစွာထွက်ပေါ်လာတော့၏။ ပေးဒီးစ်သည် ထိတ်လန့်ကြောက်ရွံ့လျက်ရှိသော အပျိုမလေးကို လက်ကောက်ဝတ်မှကိုင်လျက် နတ်ရထားပေါ်သို့ လျင်မြန်စွာဆွဲတင်လိုက်ပြီး ၎င်းစိုးစံရာ မြေအောက်ကမ္ဘာသို့ လေ၏အလျင်ဖြင့် မောင်းနှင်ထွက်ခွာသွားတော့၏။ ပါဆက်ဖုန်းသည် မိခင်နှင့်

သူငယ်ချင်းတို့၏အမည်ကို အော်ခေါ်ရင်းဖြင့် ပါသွားရာ၏။

ဒီမီတာသည် အလင်ပတ်တောင်ပေါ်မှနေ၍ သမီးဖြစ်သူ၏ ကြောက်လန့်တကြားအော်ခေါ်သံကို ကြားလိုက်မိသဖြင့် ပါဆက်ဖုန်းနှင့်သူငယ်ချင်းများ ဆော့ကစားလေ့ရှိသော ပင်လယ်ရှိရာသို့ အပြေးအလွှား ရောက်ရှိလာ၏။ သူငယ်ချင်းများသည် ပါဆက်ဖုန်းပြန်ရောက်လာခြင်းမရှိသဖြင့် စိုးရိမ်ထိတ်လန့်လျက်ရှိကြပြီး မည်သည့်အရပ်သို့ရောက်ရှိနေကြောင်း မည်သူမျှပြောပြနိုင်ခြင်းမရှိကြပေ။ ဒမီတာသည် သမီးတော်ပျောက်ဆုံးမှုကြောင့် ရူးမတတ်ခံစားခဲ့ရပြီး ကိုးနေ့နှင့်ကိုးည လှည့်ပတ်ရှာဖွေခဲ့၏။



ဆယ်ရက်မြောက်သောနေ့တွင် ပါဆက်ဖုန်းနှင့်သူငယ်ချင်းများ ကစားလေ့ရှိသောနေရာအနီးရှိ လိုဏ်ဂူတွင်နေထိုင်သော နတ်ဘုရားမဟက်ကတီ (Hecate) နှင့် ဒမီတာတွေ့ဆုံခဲ့၏။ ဟက်ကတီသည် ပါဆက်ဖုန်း၏ အော်သံကိုကြားခဲ့မိသော်လည်း မည်သို့ဖြစ်သွားကြောင်းမမြင်လိုက်ရပေ။ သူမသည် ပါဆက်ဖုန်းပျောက်ဆုံးမှုနှင့်ပတ်သက်၍ သတင်းမပေးနိုင်သော်လည်း ဒမီတာကိုကူညီရန် ဆုံးဖြတ်လိုက်ပြီး နတ်ဘုရားမနှစ်ပါးသည် ပါဆက်ဖုန်းကို အတူတကွဆက်လက်ရှာဖွေကြတော့၏။

နောက်တစ်နေ့နံနက်တွင် နတ်ဘုရားမနှစ်ပါးသည် နေနတ်ဘုရားဟီးလယပ်စ် (Helius) ကိုသွားရောက်တွေ့ဆုံကြ၏။ ဟီးလယပ်စ်သည် ကောင်းကင်ပြင်မှနေ၍ ကမ္ဘာမြေ၏ဖြစ်ပျက်သမျှအလုံးစုံကို သိမြင်သူဖြစ်ရာ ပါဆက်ဖုန်းပျောက်ဆုံးမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ သတင်းစကားပြောကြားပါရန်

ဒမီတာကတောင်းပန်လိုက်၏။ ဟီးလယပ်စ်က ဒမီတာကိုသနားသဖြင့် ပါဆက်ဖုန်းကို ဟေးဒီးစ်ခိုးယူသွားသည့်အကြောင်း သူမြင်ခဲ့ရသည့်အတိုင်းပင်ပြောပြလိုက်၏။ ဟီးလယပ်စ်သည် ဒမီတာ၏ သမီးတော်ပျောက်ဆုံးမှုကြောင့် ဝမ်းနည်းလျက်ရှိသော်လည်း ကမ္ဘာမြေ၏သုံးပုံတစ်ပုံခန့်မှာ ဟေးဒီးစ်၏ဩဇာအာဏာ လွှမ်းမိုးလျက်ရှိကြောင်းထောက်ပြပြီး "အရှင်မသည် သမီးတော်နှင့်ခွဲခွာရသဖြင့် ပူဆွေးသောကရောက်နေကြောင်း ကျွန်ုပ်သိရှိပါ၏။ သို့သော် တန်ခိုးကြီးသောဟေးဒီးစ်သည် ပါဆက်ဖုန်းအတွက် လျော်ကန်သင့်မြတ်သော ကြင်ဖက်ဖြစ်ပါလိမ့်မည်" ဟုဖြောင်းဖျပြောဆိုခဲ့၏။

သို့သော် ဒမီတာကား နှစ်သိမ့်နိုင်ခဲ့ခြင်းမရှိပေ။ "သမီးတော်ရေ ... ဘာကြောင့်များ သမီးတော်ကို ဝေးလံသီခေါင်လွန်းတဲ့ မရဏကျွန်းကိုခေါ်ဆောင်သွားရတာပါလိမ့်" အစရှိသဖြင့် မကြာခဏငိုကြွေးမြည်တမ်းလျက်ရှိ၏။ ဒမီတာသည် သမီးတော်၏အကြောင်းကိုတွေးမိတိုင်း ဝမ်းနည်းလှသည်နှင့် ဟက်ကတီ၊ ဟီးလယပ်စ်နှင့် အခြားသောနတ်ဘုရားတို့နှင့်ဝေးရာသို့သွားလျက် တစ်ပါးတည်းနေထိုင်လျက်ရှိတော့၏။

ဒမီတာသည် မကြာမီ၌ လူမိန်းမကြီးအသွင်ကိုဆောင်လျက် ကမ္ဘာပေါ်တွင် လှည့်လည်သွားလာခဲ့၏။ ကောက်ပဲသီးနှံများကို မအောင်မမြင်ဖြစ်စေပြီး လယ်ကွင်းများကိုသွေ့ခြောက်စေခဲ့၏။ သူမ၏ဝမ်းနည်းမှုကြောင့် ရုပ်အသွင်မှာလည်း မည်သူမျှမမှတ်မိနိုင်တော့လောက်အောင် ပြောင်းလဲသွားခဲ့၏။ သူမသည် ကမ္ဘာမြေရှိညှိုးနွမ်းသွေ့ခြောက်နေသည့် ကောက်ပဲသီးနှံများအတိုင်း ဝမ်းနည်းညှိုးနွမ်းလျက်ရှိသော မိန်းမကြီးအသွင်ကိုဆောင်လျက်ရှိတော့၏။

ဒမီတာသည် လပေါင်းများစွာကြာအောင် လှည့်လည်သွားလာနေပြီးနောက် အလျူစစ်မြို့အနီးသို့ ပြန်လည်ရောက်ရှိလာကာ ရေတွင်းတစ်ခု၏အနီးတွင် နားနေရန်ရပ်တန့်လိုက်၏။ သံလွင်ပင်တစ်ပင်၏အရိပ်အောက်တွင်ထိုင်နေစဉ် မင်းသမီးလေးပါး ရေခပ်လာကြသည်ကိုတွေ့လိုက်ရ၏။ ၎င်းတို့သည် အလျူစစ်ဘုရင် ဆဲလယပ်စ် (Celeus) ၏သမီးတော်များဖြစ်ကြပြီး လေးပါးစလုံးပင် ကြင်နာတတ်ပြီး ယဉ်ကျေးသိမ်မွေ့သူများဖြစ်ကြ၏။ မင်းသမီးလေးပါးသည် ဒမီတာကိုတွေ့ရှိသွားကြပြီး သူမ၏ဝမ်းနည်းပူဆွေးနေသည့်ရုပ်လက္ခဏာကြောင့် များစွာသနားသွားကြ၏။ သို့သော်ဒမီတာကို နတ်ဘုရားမဖြစ်ကြောင်းမသိရှိကြပေ။ ထို့နောက်အမျိုးသမီးကြီးကို ကူညီရန်စိတ်အားထက်သန်ကြသဖြင့် ကလေးအရွယ်ဖြစ်သော ၎င်းတို့၏မောင်တော် ဒမော့ဖွန်း (Demophoon) ကိုထိန်းကျောင်းရန် ၎င်းတို့နှင့်အတူနေထိုင်လိုပါမည်လောဟု မေးမြန်းကြ၏။ ဒမီတာလည်း ဝမ်းမြောက်စွာပင် လက်ခံသဘောတူလိုက်၏။

နန်းတော်ကြီးအတွင်းသို့ ဒမီတာဝင်ရောက်သွားသောအခါ သူမ၏ရွှေရောင်ဆံပင်များကို အနက်ရောင်သို့ပြောင်းလဲခြင်း၊ အရေများတွန့်လျက် အဖွားအိုရုပ်အသွင်ပြုလုပ်ခြင်း၊ အနက်ရောင်ခြုံထည်ကို ဝတ်ဆင်လျက် ကိုယ်ရောင်ကိုယ်ဝါတို့ကိုကာကွယ်ခြင်း အစရှိသဖြင့် နတ်ဘုရားတို့၏အသွင်သဏ္ဌာန်တို့ကို တတ်နိုင်သမျှဖျောက်ဖျက်ပစ်လိုက်၏။ သို့သော်မင်းသမီးများ၏မိခင် ဘုရင်မမက်တန်နီရာ (Queen Metanira) က အသစ်ရောက်ရှိလာသောကလေးထိန်းသည် သာမန်အမျိုးသမီးမဟုတ်ကြောင်း ရိပ်မိခဲ့၏။ ဒမီတာတွင် အနက်ရောင်ခြုံထည်နှင့် ဝမ်းနည်းသောမျက်နှာထားရှိသော်လည်း သူမ၏ကိုယ်အရှိန်အဝါကို ဘုရင်မကခံစားမိ၏။ သို့ဖြစ်၍မက်တန်နီရာက ဒမီတာကိုတွေ့သည်နှင့် သူမ၏အကောင်းဆုံးထိုင်ခုံကိုပေးပြီး အစေခံများကိုလည်း ချိုမြိန်သောဝိုင်အရက်ကို ယူဆောင်လာစေ၏။ သို့သော်ဒမီတာသည်

ဝမ်းနည်းသည့်လက္ခဏာနှင့် ထိုင်ခုံနှင့်ဝိုင်အရက်တို့ကိုလက်မခံပဲ ခွေးခြေပုကလေးပေါ်တွင်ထိုင်လျက် မှယောဝိုင်တွင် ရေအနည်းငယ်ရောစပ်ပြီး သောက်သုံးခဲ့၏။ ထို့နောက် သူမထိန်းကျောင်းရမည့်ကလေး ကို ကြည့်လိုသည်ဟုဆိုကာ ကလေးငယ်ဒမော့ဖွန်းကိုပွေ့ပိုက်ထားရာ ဒမီတာ၏လက်ပေါ်တွင် ပျော်မြူး လျက်ရှိ၏။ ဘုရင်မမက်တန်နီရာလည်း သူမ၏သားငယ်သည် အသစ်ရောက်ရှိလာသော ကလေးထိန်း နှင့် ပျော်မြူးလျက်ရှိသည်ကိုတွေ့ရသဖြင့် များစွာကျေနပ်လျက်ရှိ၏။

ဒမီတာသည် မင်းသားငယ်ကလေးကို ထိန်းကျောင်းရသည့်အလုပ်တွင် ပျော်ရွှင်လျက်ရှိ၏။ ကလေးငယ်ကို လွန်စွာချစ်ခင်လှသည်ဖြစ်ရာ တဖြည်းဖြည်းနှင့် မင်းသားငယ်အား နတ်သားဖြစ်အောင် ပြုလုပ်ပေးလိုစိတ် ဖြစ်ပေါ်လာတော့၏။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ဘုရင့်မိသားစုက သူမကိုကျေးဇူးတင် မဆုံးရှိကြမည်ဖြစ်သကဲ့သို့ သမီးတော်ဆုံးရှုံးရသည့်အတွက် ခံစားရသည့်ဝေဒနာလည်း သက်သာစေ လိမ့်မည်ဟုမျှော်လင့်ထား၏။ ထို့ကြောင့်ဒမီတာသည် ညစဉ်ညတိုင်း ဘုရင့်မိသားစုများအိပ်ပျော်သွား သည်နှင့်တပြိုင်နက် မင်းသားငယ်အား *ambrosia* ခေါ်နတ်ဆေးများလိမ်းကျံလျက် လူ့သွင်ပြင်စရိုက် လက္ခဏာများ လောင်ကျွမ်းပျက်စီးသွားစေရန် မီးဖိုထဲသို့ပစ်ချလေ့ရှိ၏။ ကလေးငယ်သည် မီးဖိုတွင်းသို့ ရောက်ရှိနေသော်လည်း ဒမီတာနှင့် နတ်ဆေးတို့၏တန်ခိုးကြောင့် အနည်းငယ်မျှပူလောင်ခြင်းမခံရပေ။

ကလေးငယ်သည် နတ်ဆေးတန်ခိုးကြောင့် တစ်နေ့တစ်ခြားကျန်းမာသန်စွမ်းလာ၏။ တော်ဝင် မိသားစုသည် ကလေးငယ်၏ရုတ်ခြည်းတိုးတက်လာမှုကြောင့် အံ့အားသင့်လျက်ရှိကြပြီး ဒမော့ဖွန်းသည် သာမန်ကလေးများထက် များစွာသာလွန်တိုးတက်လျက်ရှိ၏။ သို့သော်မကြာမီတွင် ဘုရင်မမက်တန်နီရာ သည် သားငယ်၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ သံသယရှိလာတော့၏။ တစ်ညတွင် မက်တန်နီရာ သည် သားငယ်ကိုကလေးထိန်း မည်သို့ပြုလုပ်သနည်းဟုသိရှိလိုသဖြင့် အိပ်ယာမဝင်ပဲ ပုန်းအောင်းနေ ခဲ့၏။ ထို့နောက် ဒမီတာ၏အခန်းတွင်းသို့ ချောင်းကြည့်လိုက်သောအခါ သားငယ်ကိုဝက်ကင်သကဲ့သို့ မီးကင်နေသည်ကိုတွေ့လိုက်ရသဖြင့် များစွာထိတ်လန့်သွားခဲ့၏။

မက်တန်နီရာသည် ထိုမြင်ကွင်းကိုမြင်ရသည်နှင့် ထိန့်လန့်လွန်းသဖြင့်အော်လိုက်မိ၏။ နတ်ဘုရား မသည် သူမ၏အလုပ်တွင်အနှောင့်အယှက်ဖြစ်သွားသဖြင့် စိတ်ဆိုးမာန်ဆိုးဖြင့် ကလေးငယ်ကို မီးပုံတွင်း မှယူလျက် မြေပြင်ပေါ်သို့ပစ်ချလိုက်၏။ ကလေးငယ်သည် ဒဏ်ရာအနာတရမဖြစ်သော်လည်း ကြောက် လန့်လျက်ရှိ၏။ ဘုရင်ဆဲလယပ်စ်သည် မိဖုရား၏ကြောက်လန့်တကြား အော်သံကြောင့် အခန်းတွင်းသို့ ပြေးဝင်လာရာ ကလေးထိန်းအမျိုးသမီးကြီးသည် လုပသောနတ်ဘုရားမအသွင်သို့ ကူးပြောင်းလိုက်၏။ ထိုသို့အသွင်ပြောင်းသွားသည်နှင့် ဘုရင့်နန်းတော်တစ်ခုလုံးမှာ နတ်ဘုရားမ၏ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ထွန်းလင်းတောက်ပလျက်ရှိတော့၏။

ဒမီတာသည် မက်တန်နီရာ၏ အနှောင့်အယှက်ကြောင့် စိတ်ဆိုးသွားခဲ့သော်လည်း မကြာမီပင် ဒေါသတို့သည် ဝမ်းနည်းမှုအဖြစ်သို့ လျင်မြန်စွာကူးပြောင်းသွားခဲ့၏။ သူမသည် ဘုရင့်မိသားစုကို ၎င်းတို့၏ အပြုအမူများအတွက် ပြစ်ဒဏ်ခတ်ခြင်းမပြုရန် ဆုံးဖြတ်လိုက်၏။ သူမသည် မင်းသားငယ်ကို များစွာချစ်ခင်နေပြီး နတ်ဆေးနောက်ထပ်လိမ်းကျံခြင်းမပြုလျှင် နတ်သားဖြစ်နိုင်လိမ့်မည်မဟုတ်သော် လည်း အနည်းဆုံးအားဖြင့် နတ်ဘုရားမထိန်းကျောင်းခဲ့သူအဖြစ် မင်းသားငယ်ကိုလူအများက လေးစား ကြမည်ဖြစ်၏။

ဒမီတာသည် ဘုရင်နှင့်မိဖုရားတို့ကို အလျူစစ်ရှိလူများက သူမအတွက်နတ်ဘုရားကျောင်း တစ်ဆောင် ဆောက်လုပ်ပေးရန်ပြောကြားခဲ့၏။ ဘုရားကျောင်းဆောက်လုပ်နေစဉ်တွင် ဒမီတာသည် မြို့နေပြည်သူများအား ကောက်ပဲသီးနှံစိုက်ပျိုးနည်းနှင့် ဘုရားကျောင်းဆောင်တွင်သူမအတွက် အထူး ဝတ်ပြုနည်းများကို သင်ကြားပေးခဲ့၏။ ဤနည်းအားဖြင့် မြို့နေလူထုသည် တစ်ခါကသမီးတော်ဆုံးရှုံးခဲ့ ရသဖြင့် ဝမ်းနည်းနေသောနတ်ဘုရားမကို နှစ်သိမ့်ခွင့်ရခဲ့ကြ၏။

အလျူစစ်တွင် ဘုရားကျောင်းဆောင် ဆောက်လုပ်ပြီးစီးသွားသောအခါ ဒမီတာသည် အလင်ပတ် တောင်နှင့် အခြားနတ်ဘုရားများနှင့် ဝေးကွာလှသောထိုနေရာသို့ နေထိုင်ရန်သွားရောက်ခဲ့၏။ သို့သော် သူမသည် ဘုရားကျောင်းဆောင်ထဲတွင် တစ်နှစ်ပတ်လုံး ဆိတ်ငြိမ်စွာထိုင်နေလေ့ရှိ၏။ ထို့ကြောင့် ကောက်ပဲသီးနှံများရှင်သန်ဖြစ်ထွန်းခြင်းမရှိပဲ လူသားတို့သည်နေ့စဉ်နှင့်အမျှ ဆာလောင်မွတ်သိပ်လျက် ရှိကြ၏။ မကြာမီ၌ ကမ္ဘာပေါ်ရှိသက်ရှိသတ္တဝါအားလုံးသည် ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ကြုံတွေ့လာရ ဖွယ်ရှိနေ၏။

ဇီးယုစ်သည် ဒမီတာ၏ဝမ်းနည်းမှုကြောင့် ကမ္ဘာမြေပျက်စီးမည့်အရေးကို စိုးရွံ့လျက်ရှိ၏။ ဒမီတာ ကို အမျိုးမျိုးအဖုံဖုံတောင်းပန်နားချသော်လည်း အထပ်ထပ်အခါခါငြင်းဆန်ခဲ့ပြီး သူမနှင့်အလွန်ဝေး ကွာသော မြေအောက်ကမ္ဘာတွင် ပါဆက်ဖုန်းရှိနေသ၍ ဘယ်သောအခါမျှ ကောက်ပဲသီးနှံတို့ကို ရှင်သန် ကြီးထွားအောင် ပြုလုပ်ပေးလိမ့်မည်မဟုတ်ဟုဆိုခဲ့၏။ နောက်ဆုံး၌ ကမ္ဘာမြေပြန်လည်စိမ်းလန်းစိုပြည် ရန်အတွက် ဟေးဒီးစ်ထံမှ ပါဆက်ဖုန်းကိုပြန်ခေါ်ပေးရန် ဇီးယုစ်ဆုံးဖြတ်လိုက်၏။ သို့နှင့် ဇီးယုစ်သည် ဟေးဒီးစ်ထံ သတင်းစကားပြောကြားရန်အတွက် လေးလံသောစိတ်တို့ဖြင့် တမန်တော်ဟားမီးစ်ကို မြေအောက်ကမ္ဘာသို့ စေလွှတ်လိုက်၏။

မြေအောက်ကမ္ဘာသို့ ဟားမီးစ်ရောက်ရှိသွားသောအခါ ဟေးဒီးစ်နှင့် ပါဆက်ဖုန်းသည် သရဖူများ ဆောင်းလျက် တစ်ဦးနှင့်တစ်ဦး ယှဉ်ထိုင်နေကြသည်ကိုတွေ့လိုက်ရ၏။ ပါဆက်ဖုန်းသည် မိခင်ဖြစ်သူ ဒမီတာနှင့် ကမ္ဘာမြေကိုလွမ်းဆွတ်သဖြင့်ငိုကြွေးလျက်ရှိ၏။ သူမသည် ဟားမီးစ်ထံမှ ဇီးယုစ်၏သတင်း စကားကိုကြားရသောအခါ လွန်စွာပျော်ရွှင်သွား၏။ ဟေးဒီးစ်သည် ဇီးယုစ်၏အမိန့်ကို နာခံပြီး ပါဆက်ဖုန်း ကို မိခင်ရှိရာအိမ်သို့ ပြန်ထည့်လိုက်ရုံမှလွဲ၍ ရွေးချယ်စရာမရှိမှန်းသိလိုက်၏။ သို့ဖြစ်၍ ဇနီးသည်အား သူ့ကိုရက်စက်သည်ဟု အထင်မလွဲစေရန်တောင်းပန်ပြီး "ချစ်ဇနီး ... ဤအရပ်၌ သင်သည်ဘုရင်မ ဖြစ်ကြောင်းမမေ့ပါနှင့် ... အမျိုးသမီးအားလုံးတွင် တန်ခိုးအာဏာအရှိဆုံးဖြစ်၏။ သေမင်းနိုင်ငံ၏ ဘုရင်မ ဖြစ်သဖြင့် အသက်ရှိသူမှန်သမျှသေဆုံးပြီးလျှင် သင့်လက်အောက်သို့ကျရောက်ရမည်ဖြစ်ရာ ... အသက် ရှင်သူများကလည်း သင့်ကိုလေးစားကြရမည်သာဖြစ်၏။ ထို့ကြောင့်သင့်၌ လက်ဆောင်အားလုံးတွင် အမြင့်မြတ်ဆုံးဖြစ်သော ... ဝိဉာဏ်ထောက်ထားမှု တန်ခိုးအာဏာရှိ၏။ ငါနှင့်ဝေးကွာသောအရပ်၌ရှိစဉ် ... ငါ့အကြောင်းကိုလည်းကောင်း၊ ဤသေမင်းနိုင်ငံအကြောင်းကိုလည်းကောင်း မကောင်းသည့်အကြံ အစည်များ တွေးတောခြင်းမပြုပါလင့်" ဟုပြောကြားခဲ့၏။

ဟေးဒီးစ်သည် ပါဆက်ဖုန်းပြန်ရန် စိတ်မသက်မသာနှင့်ပြင်ဆင်ပေးခဲ့ရပြီး သူမမပြန်ခင် သလဲသီး မှ သလဲစေ့လေးစေ့အား စားသုံးရန်ပေးခဲ့၏။ အကယ်၍ သေမင်းနိုင်ငံမှ တစ်စုံတစ်ရာစားသုံးထားလျှင် တစ်နေ့နေ့တွင် သေမင်းနိုင်ငံသို့ ပြန်လာရမည်ဖြစ်ကြောင်း ဟေးဒီးစ် သိရှိထားခဲ့၏။

ပါဆက်ဖုန်းသည် သလဲစေ့များကိုစားသုံးပြီးသည်နှင့် ဟားမီးစ်နှင့်အတူ မြေအောက်ကမ္ဘာမှ ပျော်ရွှင်စွာထွက်ခွာခဲ့တော့၏။ အလျှုစစ်သို့ ၎င်းတို့၏နတ်ရထားဆိုက်ရောက်သောအခါ ပါဆက်ဖုန်းနှင့် မိခင်ဒမီတာတို့သည် တစ်ဦးနှင့်တစ်ဦးထွေးပွေ့လျက် သည်းထန်စွာငိုကြွေးကြ၏။ ထို့နောက်ယခင်က အတိုင်းပင် ပျော်ရွှင်စွာစကားပြောလျက်ရှိကြ၏။ နောက်ဆုံး၌ ဒမီတာကသမီးတော်အား မြေအောက် ကမ္ဘာတွင်နေထိုင်ခဲ့စဉ်က တစ်စုံတစ်ရာများစားမိခဲ့လေသလားဟု မေးမြန်းလိုက်၏။ ပါဆက်ဖုန်းက "မိခင် ... အဘယ့်ကြောင့် ထူးဆန်းသောမေးခွန်းကို မေးဘိသနည်း ... သလဲစေ့လေးစေ့မျှကိုသာ သမီးတော် စားသုံးခဲ့ဖူးပါသည် ... ထို့ကြောင့် အဘယ်အရေးများ ဖြစ်နိုင်အံ့နည်း" ဟုပြန်ဖြေခဲ့၏။

ဒမီတာသည် ထိုအဖြေကိုကြားရသောအခါ များစွာဝမ်းနည်းသွားပြီး သမီးတော်ကိုဇီးယုစ်ထံသို့ ခေါ်ဆောင်သွားလျက် မည်သို့မည်ပုံပြုလုပ်ရမည့်အကြောင်း မေးမြန်းဆွေးနွေးခဲ့၏။ အလင်ပတ်တောင် သို့သွားရာလမ်းခရီး၌ ဒမီတာက မြေအောက်ကမ္ဘာမှ တစ်စုံတစ်ရာစားသုံးထားသူသည် တစ်နေ့တွင် မြေအောက်ကမ္ဘာသို့ ပြန်သွားရမည်ဖြစ်ကြောင်း ပါဆက်ဖုန်းအားရှင်းပြခဲ့၏။ ထိုဥပဒေကို မည်သူမျှမချိုး ဖေါက်နိုင်ချေ။

ဇီးယုစ်သည် မိခင်နှင့်သမီး ပြန်လည်ပေါင်းစည်းခွင့်ရသဖြင့် ပျော်ရွှင်နေကြသည်ကို ကိုယ်တိုင် တွေ့မြင်ခဲ့ရပြီး ယခုအခါ ပြန်လည်ခွဲခွာကြရဦးမည်ဖြစ်ရာ ဝမ်းနည်းမှု၏အရိပ်အယောင်များကို ၎င်းတို့၏ မျက်လုံးများတွင် အထင်းသားတွေ့မြင်နေရ၏။ မည်သို့ပင်ဆိုစေ ဇီးယုစ်သည် စကြဝဠာ၏ဥပဒေများကို လေးစားရမည်ဖြစ်၏။ ထို့ကြောင့် ဥပဒေကိုလေးစားသည့်အနေဖြင့် ပါဆက်ဖုန်းကို မြေအောက်ကမ္ဘာသို့ ပြန်သွားရန် အမိန့်တော်ချခဲ့၏။ သို့သော် ပါဆက်ဖုန်းသည် မြေအောက်ကမ္ဘာတွင် ရာသက်ပန်နေထိုင်ရန် မလိုအပ်ပဲ သူမစားသုံးခဲ့သော သလဲစေ့တစ်စေ့လျှင်တစ်လနှုန်းဖြင့် တစ်နှစ်လျှင်လေးလကြာမျှနေထိုင် ရန် နှစ်ဖက်မျှ၍အမိန့်ချခဲ့၏။ ဇီးယုစ်၏မျှတသည့်ဆုံးဖြတ်ချက်ကြောင့် ဒမီတာသည် ကောက်ပဲသီးနှံများ ရှင်သန်ကြီးထွားရန် ပြန်လည်ခွင့်ပြုလိုက်တော့၏။

ထိုအချိန်မှစ၍ မိခင်နှင့်သမီးတို့သည် နှစ်တစ်နှစ်၏သုံးပုံနှစ်ပုံခန့်မျှ အတူဆုံတွေ့ခွင့်ရကြ၏။ မိခင် နှင့်သမီး အတူရှိနေသောအချိန်များတွင် ကမ္ဘာမြေ၌ကောက်ပဲသီးနှံများ ပေါများကြွယ်ဝလျက်ရှိပြီး ပါဆက်ဖုန်းနှင့် ဟေးဒီးစ်တို့ မြေအောက်ကမ္ဘာတွင် အတူရှိနေသောအခါ၌ ဒမီတာ၏ ဝမ်းနည်းလွမ်းဆွတ် မှုကြောင့် ကမ္ဘာမြေသည်ရေခဲတမျှအေးမြလျက်ရှိ၏။ ထို့နောက်နွေဦးပေါက်ကာလ မိခင်ထံ ပါဆက်ဖုန်း ပြန်လာသောအခါ၌ ကမ္ဘာမြေတွင် စိမ်းလန်းစိုပြည်မှုများ ပြန်လည်မြင်တွေ့ကြရမည်ဖြစ်၏။

# ၆။

# ဒိုင်အန်နစ်ဆပ်စ်နှင့် သူ၏နောက်လိုက်များ



# မိတ်ဆက်

ရှေးဂရိလူမျိုးတို့အတွက် အက်သင်မြို့သည် အရေးအပါဆုံးမြို့တစ်မြို့ဖြစ်သော်လည်း ယဉ်ကျေးမှုနှင့် ဘာသာရေးထွန်းကားမှုအတွက် အခြားအရေးပါသောမြို့များလည်းရှိသေး၏။ ဥပမာအားဖြင့် အက်သင်မြို့၏ အနောက်မြောက်ဘက် ဂရိပြည်မကြီးပေါ်ရှိ ဘီအိုးရှား (Boeotia) ဒေသ၏ ယဉ်ကျေးမှုနှင့်စစ်မက်ထွန်းကားရာ အချက်အခြာဖြစ်သော သိဘ်စ် (Thebes) မြို့တော်ဖြစ်သည်။ ဒဏ္ဍာရီပုံပြင်များတွင်ပါရှိသော သူရဲကောင်း ကက်ဒမတ်စ် (Cadmus) သည် နွားတစ်ကောင်နောက်သို့လိုက်ရင်းဖြင့် ဘီအိုးရှားဒေသသို့ ရောက်ရှိလာခဲ့ဖူး၏ (ဘီအိုးရှား *Boeotia* ဟူသောစကားသည် ဂရိဘာသာအားဖြင့် "နွား" ဟုအဓိပ္ပါယ်ရ၏)။ ကက်ဒမတ်စ်သည် နဂါးတစ်ကောင်၏သွားများကို သစ်ပင်စိုက်သကဲ့သို့ မြေပေါ်တွင်စိုက်လျက် ထိုသွားများမှထွက်ပေါ်လာသူများကို တိုက်ခိုက်အောင်နိုင်ပြီး ယင်းနေရာတွင် သိဘ်စ်ဟူသော မြို့တော်တည်ထောင်ခဲ့၏။ ကက်ဒမတ်စ်နှင့် သူ၏ဇနီးဖြစ်သူ (စစ်မက်နတ်ဘုရား အေးရီးစ်နှင့် အလှနတ်ဘုရားမ အက်ဖရာဒိုက်တီးတို့၏သမီးတော်) ဟာမနီ (Harmony) တို့တွင် အော်တိုနိုး (Autonoe)၊ အင်နိ (Ino)၊ အဂေ့ဗီ (Agave) နှင့် ဆီမီလီ (Semele) ဟူသော သမီးတော်လေးပါးရှိ၏။ ကက်ဒမတ်စ်၏ဒဏ္ဍာရီသည် အရှေ့ပိုင်းဒေသများမှမြစ်ဖျားခံခဲ့ဖွယ်ရှိပြီး သီးဘ်စ်မြို့တော်တည်ထောင်သည့် ဇာတ်လမ်းမှာ ယင်းဒေသရှိလူမျိုးခြားအုပ်စုတို့၏ စရိုက်လက္ခဏာများရောပြွမ်းလျက်ရှိ၏။

သီးဘ်စ်မြို့တော်ကို ဂရိပန်သီအွန်၏ အရေးပါသော မွေးဖွားရာနေရာတစ်ခုအဖြစ် မှတ်ယူနိုင်၏။ ဒိုင်အန်နစ်ဆပ်စ် (Dionysus)သည် အလင်းပီအန်နတ်ဘုရားတို့၏ဘုရင်ဇီးယုစ်နှင့် ကက်ဒမတ်စ်၏ သမီးတော် ဆီမီလီတို့၏သားတော်ဖြစ်၏။ ဝိုင်အရက်နတ်ဘုရား ဒိုင်အန်နစ်ဆပ်စ်ကို ဘက်ခပ်စ် (Bacchus) ဟုလည်းခေါ်၏။ သူသည် လယ်ယာစိုက်ပျိုးရေးတွင် အရေးပါသောနတ်ဘုရားတစ်ပါးဖြစ်သည့်အပြင် ဒမီတာကဲ့သို့သော အခြားကမ္ဘာမြေနတ်ဘုရားများနှင့်လည်း များစွာဆက်စပ်မှုရှိ၏။ ဒိုင်အန်နစ်ဆပ်စ်သည် စပျစ်သီးနှင့်ဝိုင်တို့ကိုအစိုးရသဖြင့် အရက်ကဲ့သို့ပင် လူတို့၏စိတ်အခြေအနေကို ထိန်းချုပ်နိုင်စွမ်းရှိပြီး အရက်မူးလျှင်ရဲစိတ်ဝင်လာတတ်ခြင်းကဲ့သို့ လူတို့၏ရိုင်းစိုင်းသော စိတ်အခြေအနေနှင့်လည်း များစွာဆက်သွယ်မှုရှိသည်ဟု ဂရိတို့ယုံကြည်ကြ၏။

ဘီစီ ငါးရာစုနှင့်ခြောက်ရာစုများအကြား အက်သင်တွင်ကျင်းပလေ့ရှိသော ဘုရားပွဲတော်များတွင် ဒိုင်အန်နစ်ဆပ်စ်အတွက်လည်း ပြဇာတ်များဖြင့်ဖျော်ဖြေကပြခဲ့ကြ၏။ ယင်းပွဲတော်များတွင် ယနေ့ခေတ်ပွဲတော်များအတိုင်း ကဗျာစပ်ခြင်း၊ ဟာသနှင့် တစ်ခန်းရပ်ပြဇာတ်များတင်ဆက်ခြင်း အစရှိသည်တို့ကို ပြုလုပ်လေ့ရှိ၏။ ထိုစဉ်က အကျော်ကြားဆုံးပြဇာတ်ရေးဆရာများမှာ အက်စကစ်လပ်စ်၊ စောဖကလစ်စ်နှင့် ယူရစ်ပစ်ဒီးစ်တို့ဖြစ်ကြပြီး ထင်ရှားသော ဒဏ္ဍာရီများနှင့်သမိုင်းဖြစ်ရပ်များကို ပြဇာတ်ရေးလေ့ရှိ၏။ ဒိုင်အန်နစ်ဆပ်စ်နှင့် သူ၏အရေးပါမှုသည် ယူရစ်ပစ်ဒီးစ်၏ ဘက်ခေး *The Bacchae* အမည်ရှိပြဇာတ်မှ ဆင်းသက်ပေါက်ဖွားလာခြင်း ဖြစ်၏။

ထိုပုံပြင်၌ ဇီးယုစ်၏ မရဏမြစ်စတစ် (River Styx) ကိုသက်သေထား၍ တိုင်တည်သောကတိစကားတစ်ခွန်းပါဝင်၏။ သေမင်းနိုင်ငံသို့သွားရန် စတစ်မြစ်ကိုဖြတ်ကူးကြရ၏။ ထိုမြစ်ကို တိုင်တည်ထား

သောကတိသစ္စာစကားသည် ထာဝရတည်တံ့ခိုင်မြဲပြီး နတ်ဘုရားများပင်ချိုးဖေါက်ခြင်းငှာ မစွမ်းသာချေ။

ဘာသာပြန်သူ၏ မှတ်ချက်။ ။ မြန်မာအယူအဆရှိ လူတစ်ယောက်သေဆုံးလျှင် ကူးတို့ခထည့်တတ်သော အလေ့အကျင့်သည် အဆိုပါမရဏာမြစ်ဒဏ္ဍာရီမှ ဆင်းသက်လာဖွယ်ရှိ၏။ မရဏာမြစ်၏ တစ်ဖက်ကမ်း၌ သေမင်းနိုင်ငံရှိပြီး သေဆုံးသူ၏ဝိညာဉ်များသည် သေမင်းနိုင်ငံသို့ရောက်ရှိရန် ထိုမြစ်ကိုဖြတ်ကူးကြရ၏။ မရဏာမြစ်တွင် ကူးတို့သမား ကယ်ရန် (Charon) ရှိပြီး မြစ်ကိုဖြတ်ကူးရန်အတွက် ကူးတို့ခပေးဆောင်ကြရ၏။

# ဒိုင်အန်နစ်ဆပ်စ်နှင့် သူ၏နောက်လိုက်များ

ဆီမီလီ၏ဖခင်သည် သိဘ်စ်မြို့တော်၏ဘုရင် ကက်ဒမတ်စ်ဖြစ်၏။ သူမသည် အော်တိုနီး၊ အင်နိနှင့် အဂေ့ဗီဟူသောညီအစ်မများနှင့် နန်းတော်တွင်ပျော်ရွှင်စွာနေထိုင်လျက်ရှိ၏။ မင်းသမီးများအရွယ်ရောက်လာကြသောအခါ ၎င်းတို့၏ထူးခြားစွာလှပမှုကြောင့် လူတိုင်းကပင်ချစ်ခင်ကြ၏။ ရုပ်ရည်ချောမောသန့်ပြန့်သော သူစိမ်းအမျိုးသားတစ်ယောက်ကို ဆီမီလီမချစ်ကြိုက်မီခင်အထိ ရွှေနန်းတော်တွင်း၌ ငြိမ်းချမ်းပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ခဲ့ကြ၏။

ဆီမီလီသည် ချောမောသောအမျိုးသားတစ်ဦးကို နောက်ကြောင်းရာဇဝင် လေ့လာခြင်းမပြုပဲ မြင်မြင်ချင်းပင် ချစ်ကြိုက်မိခဲ့၏။ မိသားစုဝင်များနှင့် သူငယ်ချင်းများမသိအောင် ထိုအမျိုးသားနှင့် တိတ်တခိုးချစ်ကြိုးသွယ်ခဲ့၏။ ညီအစ်မများက ရိပ်မိတန်သလောက်ရိပ်မိကြသော်လည်း သူမမကြာခဏ ပျောက်ဆုံးနေမှုကိုမူ မည်သူမျှမသိရှိကြပေ။

ဆီမီလီ၏ တိတ်တိတ်ပုန်းချစ်သူကား နတ်ဘုရားအားလုံး၏ဘုရင် ဇီးယုစ်ပင်ဖြစ်ပြီး ထိုစဉ်က ဇီးယုစ်သည် လူသားအသွင်ဖန်ဆင်းလျက် လှည့်လည်သွားလာနေချိန်ဖြစ်၏။ ဇီးယုစ်သည် ဆီမီလီကို နစ်နစ်ကာကာ ချစ်မိနေပြီဖြစ်သော်လည်း သူမထံသို့နတ်ဘုရားအသွင်ဖြင့် သွားရောက်ခြင်းမပြုခဲ့ပေ။ အကယ်၍ လူ့အသွင်မှ၎င်း၏အစစ်အမှန် နတ်ဘုရားအသွင်သို့ပြောင်းလိုက်ပါက ဆီမီလီသေဆုံးလိမ့်မည်ဖြစ်၏။ သာမန်လူသားတို့သည် နတ်ဘုရားများကို ပကတိမျက်စိဖြင့်ကြည့်ရှုခြင်းမပြုနိုင်ပဲ အကယ်၍ ထိုသို့ကြည့်ရှုမိပါက လူသား၏စွမ်းအားများကုန်ခန်းပြီး သေဆုံးသွားနိုင်၏။ ထို့ကြောင့်ဇီးယုစ်က ၎င်း၏နောက်ကြောင်းအစစ်အမှန်ကို လျှို့ဝှက်ထားခဲ့ခြင်းဖြစ်၏။ သို့သော် ဆီမီလီနှင့်ချစ်ကြိုက်ပြီး အချိန်ကြာညောင်းလာသည်နှင့်အမျှ ဇီးယုစ်သည် ဆီမီလီကို နတ်ဘုရားဖြစ်ကြောင်းဖွင့်ပြောလိုက်၏။ ဆီမီလီသည် အစပိုင်းတွင် အံ့အားသင့်သွားသော်လည်း ချစ်သူကိုမြတ်နိုးလှသဖြင့် မည်သို့မျှစောဒကမတက်ပဲ ဆက်လက်ချစ်ခင်လာခဲ့၏။

ဇီးယုစ်သည် ဆီမီလီနှင့်ချစ်ကြိုက်နေသည်မှန်သော်လည်း နတ်ဘုရားတို့၏ဘုရင်မ ဟာရာနှင့် လက်ထပ်ခဲ့ပြီးဖြစ်၏။ ဟာရာသည် သူမ၏ခင်ပွန်းသည်နှင့် ဆီမီလီတို့၏ဇာတ်လမ်းကို သိရှိသွားသောအခါ မနာလိုဝန်တိုစိတ်များဝင်လာ၏။ ဇီးယုစ်သည် နတ်ဘုရားမများနှင့်ရော လူအမျိုးသမီးများနှင့်ပါ ဇာတ်လမ်းများ ရှုပ်ပွေခဲ့ဖူးသည်နှင့်အမျှ ဟာရာသည် ဤသို့ပင်သဝန်တိုမြဲဖြစ်၏။ ခင်ပွန်းသည်နှင့် ပတ်သက်မိသော အမျိုးသမီးများကိုလည်း မကြာခဏ လက်တုန့်ပြန်အနိုင်ယူလေ့ရှိ၏။

ယခုတစ်ကြိမ်တွင်မူ ဟာရာသည် အစေခံမတစ်ဦးအသွင်ဖန်ဆင်းလျက် ဆီမီလီ၏နန်းတော်တွင်းသို့ဝင်ရောက်ခဲ့၏။ ထို့နောက် ဆီမီလီအား သူမနှင့်သူမ၏ချစ်သူအကြောင်းကို အလုံးစုံသိရှိပြီးဖြစ်သည်ဟုပြောလျက် အကယ်၍ မေတ္တာစစ်ဖြင့်သာတစ်ကယ်ချစ်ပါက သူမချစ်သူ၏အသွင်သဏ္ဍာန်အစစ်အမှန်ကိုပြသရန် တိုက်တွန်းသင့်ကြောင်းအကြံပြုခဲ့၏။ ထိုအချိန်၌ ဆီမီလီတွင်ကိုယ်ဝန်ရှိနေပြီဖြစ်ပြီး ချစ်သူကိုယုံကြည်ပြီးဖြစ်သော်လည်း ဗိုက်အတွင်းမှကလေးငယ်ဖခင်၏ အသွင်သဏ္ဍာန်အစစ်အမှန်ကို ကြည့်ရှုရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ဆီမီလီသည် အခန်းတွင်းမှအစေခံများကို အပြင်သို့ထွက်ရန်စေခိုင်းလိုက်ပြီး ချစ်သူ၏ အလာကိုစောင့်မျှော်လျက်ရှိ၏။ ပန်းခြံကိုဖြတ်လျက်အခန်းတွင်းသို့ ဇီးယုစ်ဝင်လာသောအခါ ချစ်သူ၏ လည်ပင်းကို ပျော်ရွှင်စွာသိုင်းဖက်လိုက်၏။ ထို့နောက်ဆီမီလီက "မောင် ... ကျွန်မတို့အကြောင်းကို အစေခံတွေတောင် သိကုန်ကြပြီ ... ကျွန်မတို့နှစ်ယောက် အနေအထိုင်ဆင်ခြင်ဖို့လိုလာပြီ ... ကြာရင် ခမည်းတော်သိသွားလိမ့်မယ် ... ဒါနဲ့မောင် ... မောင့်ကိုပြောစရာတစ်ခု ရှိသေးတယ် ... ကျွန်မမှာမောင် နဲ့ကိုယ်ဝန်ရှိနေပြီ ... ကျွန်မမောင့်ကို တစ်ခုခုတောင်းဆိုမယ်ဆိုရင် လိုက်လျောဖို့ကတိပြုနိုင်ပဲ့မလားဟင် ..."။

ဇီးယုစ်သည် ဆီမီလီ၏ထူးခြားသောအပြုအမူအတွက် အံ့အားသင့်သွားသော်လည်း သူမကို များစွာချစ်ခင်သဖြင့် "အချစ်တောင်းဆိုသမျှကိုလိုက်လျောဖို့ ... မရဏမြစ်ကိုတိုင်တည်ပြီး ကတိပြုပါတယ်" ဟုသဘောတူလိုက်၏။

ဆီမီလီက ချစ်သူ၏လက်ကိုဆွဲလျက် စက်ရာပေါ်သို့ခေါ်သွား၏။ ထို့နောက် ချစ်သူ၏ဘေးတွင် ထိုင်လျက် အသွင်သဏ္ဍာန်အစစ်အမှန်ကို ပြသရန်တောင်းဆိုလိုက်၏။ ဆီမီလီ၏စကားကြောင့် ဇီးယုစ်သည် များစွာအကြပ်ရိုက်သွားတော့၏။ ပုံသဏ္ဍာန်အစစ်အမှန်ကိုပြလိုက်လျှင် ဆီမီလီ သေဆုံးလိမ့်မည်ဖြစ်ကြောင်းသိထားပြီး သူမကိုထိခိုက်အောင်မပြုလုပ်လိုပေ။ သို့သော် မရဏမြစ်ကိုတိုင်တည်ပြီး ကတိပြုထားပြီးဖြစ်သဖြင့် ချိုးဖေါက်ရန်လည်းမဖြစ်နိုင်ပေ။ ဇီးယုစ်ကဆီမီလီကို အမျိုးမျိုးအဖုံဖုံရှင်းပြပြီး နားချသော်လည်း မမွေးဖွားရသေးသော ကလေးငယ်၏အကျိုးအတွက် ဖခင်ဖြစ်သူ၏အသွင်သဏ္ဍာန် အစစ်အမှန်ကို သိမြင်ရန်လိုအပ်သည်ဟုဆိုကာ ကတိစကားအတိုင်း ပြသရန်သာတောင်းဆိုခဲ့၏။

ထို့ကြောင့်ဇီးယုစ်သည် မတတ်သာတော့ပဲ ကတိစကားအတိုင်း ၎င်း၏အသွင်သဏ္ဍာန်အစစ် အမှန်ကိုပြသရတော့၏။ နတ်ဘုရားအသွင်သို့ စတင်ပြောင်းလဲသည်နှင့် အခန်းတစ်ခုလုံး အလင်းရောင် တို့ဖြင့်ပြည့်လျှံသွားပြီး ဇီးယုစ်၏လူ့အသွင်ခန္ဓာမှ မီးတောက်မီးလျှံများထွက်ပေါ်လာ၏။ ဆီမီလီသည် ချစ်သူ၏ ခန္ဓာကိုယ်မီးလောင်ကျွမ်းသည်ကိုတွေ့မြင်လိုက်ရသဖြင့် ကြောက်ရွံ့ပြီးအော်ဟစ်လိုက်၏။ ထို့နောက် နတ်ဘုရား၏ကိုယ်အရှိန်အဝါတို့ကြောင့် သူမ၏ခန္ဓာကိုယ်လည်း မီးလောင်ပျက်စီးသွားတော့ ၏။ ဆီမီလီမသေဆုံးမီ ဇီးယုစ်က ကလေးငယ်ကို မိခင်၏ဝမ်းတွင်းမှယူလျက် မိမိ၏ပေါင်အတွင်းသို့ လျင်မြန်စွာထည့်လိုက်သဖြင့် အသက်ချမ်းသာရာရခဲ့၏။ ထို့နောက်ဇီးယုစ်သည် ၎င်းလာစဉ်ကအတိုင်း ပင် သိဘ်စ်နန်းတော်မှ လျှို့ဝှက်စွာထွက်ခွာလာခဲ့တော့၏။

ကိုးလလွန်မြောက်ပြီးသော် ဆီမီလီ၏ကလေးငယ်သည် ဇီးယုစ်၏ပေါင်အတွင်းမှ မွေးဖွားလာခဲ့၏။ နတ်ဘုရားဘုရင်ဇီးယုစ်သည် ကလေးငယ်ကိုဒိုင်အန်နစ်ဆပ်စ်ဟုအမည်ပေးခဲ့ပြီး ဟာရာ၏ရန်မှကင်းဝေး စေရန် အလွန်ဝေးကွာသောအရပ်သို့သွားလျက် တောစောင့်နတ်အချို့အား ကလေးငယ်ကိုစောင့်ရှောက် မွေးမြူစေခဲ့၏။



နစ်ပေါင်းများစွာကြာပြီးနောက် ဒိုင်အန်နစ်ဆပ်စ် အရွယ်ရောက်ရှိလာသောအခါ ၎င်းအားကျွေးမွေးပြုစုခဲ့သော တောစောင့်နတ်အပေါင်းကို ဝမ်းနည်းစွာနှုတ်ဆက်လျက် ကမ္ဘာပေါ်တွင်လှည့်လည်သွားလာနေခဲ့ပြီး တဖြည်းဖြည်းနှင့် သီဘ်စ်မြို့တော်ဖက်သို့ ရောက်ရှိလာခဲ့တော့၏။ သူ၏ရှည်လျားသောဆံပင်တို့သည် ပခုံးပေါ်သို့ဝဲကျလျက် အတော်အတန်ပင်ရုပ်ရည်သန့်ပြန့်သော နတ်ဘုရားတစ်ပါးဖြစ်၏။ သူသည် တိရစ္ဆာန်အရေခွံတို့ကိုချုပ်လုပ်ဝတ်ဆင်ခဲ့ပြီး မြို့တော်၏သွင်ပြင်စရိုက်တို့နှင့်နှိုင်းစာလျှင် ကြမ်းတမ်းသော တော၏စရိုက်လက္ခဏာတို့နှင့်သာ ပို၍ပနံရ၏။ နတ်ဘုရားငယ်သည် သူရောက်ရှိခဲ့ရာဒေသတစ်လျှောက်ရှိလူများကို စပျစ်သီးစိုက်ပျိုးနည်းနှင့် စပျစ်ဝိုင်ပြုလုပ်နည်းများကို သင်ကြားပြသပေးခဲ့၏။ သူ့ကို ဘက်ခေး *Bacchae* (သို့) ဘက်ခန့် *bacchantes* ဟုခေါ်သည့် ရိုင်းစိုင်းသောသွင်ပြင်လက္ခဏာရှိသည့် အမျိုးသမီးအုပ်စုများက မကြာခဏပူဇော်ပသလေ့ရှိကြ၏။ အဆိုပါအမျိုးသမီးတို့သည် တိရစ္ဆာန်အရေခွံတို့ကိုဝတ်ဆင်လျက် ပန်းပွင့်နှင့်သစ်ရွက်တို့ကို ဦးခေါင်းတွင်ပန်ဆင်ထားလေ့ရှိကြပြီး နတ်ဘုရားတို့ကိုယစ်ပူဇော်လေ့ရှိသော တိရစ္ဆာန်ရိုင်းများကဲ့သို့ပင် ဆူညံစွာအော်ဟစ်ကခုန်လေ့ရှိကြ၏။

နှစ်ပေါင်းများစွာလှည့်လည်သွားလာခဲ့ပြီး နောက်ဆုံးတွင် ဒိုင်အန်နစ်ဆပ်စ်သည် မိခင်ဖြစ်သူနေထိုင်ခဲ့ရာမြို့တော်သို့ ရောက်ရှိလာခဲ့၏။ သီဘ်စ်မြို့သူမြို့သားတို့သည် ဒိုင်အန်နစ်ဆပ်စ်ကို နတ်ဘုရားဖြစ်ကြောင်းမယုံကြည်ကြသည့်အပြင် ဆီမီလီ၏သားတော်ဖြစ်ကြောင်းကိုလည်း ယုံကြည်မှုမရှိကြပေ။ ထို့အပြင် သီဘ်စ်မြို့နေလူထုသည် ၎င်း၏မိခင်ကိုပါ မလေးမစား ပြောဆိုနေကြသည်ကိုတွေ့ရှိခဲ့ရ၏။ သီဘ်စ်မြို့သူမြို့သားတို့သည် ဆီမီလီကို မလိမ္မာသောသမီးတော်တစ်ယောက်အဖြစ် ရှုမြင်ကြပြီး သူမ၏သေဆုံးမှုမှာလည်း ထိုက်သင့်သောအပြစ်ဒဏ်ကိုခံရခြင်းဖြစ်သည် ဟုသာယူဆကြ၏။ ဒိုင်အန်နစ်ဆပ်စ်သည် ၎င်းကိုနတ်ဘုရားဖြစ်ကြောင်း မယုံကြည်ကြသည့် အတွက်လည်းကောင်း၊ ၎င်း၏မိခင်ကို မလေးမစားရှုမြင်ကြသည့်အတွက်လည်းကောင်း သီဘ်စ်မြို့နေလူထုအပေါ် မကျေမနပ် ဖြစ်လျက်ရှိ၏။

ထိုအချိန်က သီဘ်စ်မြို့တော်၏ဘုရင်သည် ဒိုင်အန်နစ်ဆပ်စ်၏ ဝမ်းကွဲညီတော်စပ်သူ ဆီမီလီ၏ညီမ အင်္ဂေဗီ၏သားတော် ပန်သီယပ်စ် (Pentheus) ဖြစ်၏။ ပန်သီယပ်စ်သည်လည်း အခြားသောသီဘ်စ်မြို့သားများနည်းတူ ဒိုင်အန်နစ်ဆပ်စ်ကို နတ်ဘုရားအဖြစ်ယုံကြည်မှုမရှိပဲ၊ ဝမ်းကွဲအစ်ကိုတော်စပ်သည်ဟုလည်း အသိအမှတ်မပြုပေ။ ပန်သီယပ်စ်သည် ဒိုင်အန်နစ်ဆပ်စ်နှင့် ၎င်း၏ရိုင်းစိုင်းသောနောက်လိုက်များကို သူ၏ငြိမ်းချမ်းသောမြို့တော်အား ဒုက္ခပေးမည့်သူများအဖြစ်သာ သတ်မှတ်ထား၏။ ထို့ကြောင့် ပန်သီယပ်စ်ကအစောင့်များအား ဒိုင်အန်နစ်ဆပ်စ်နှင့် သူ၏နောက်လိုက်များကိုဖမ်းဆီးစေခဲ့၏။

ဒိုင်အန်နစ်ဆပ်စ်သည် ပန်သီယပ်စ်၏အပြုအမူကို စိတ်ဆိုးမိသည်မှန်သော်လည်း အချုပ်ခန်းအတွင်းသို့ ငြိမ်းချမ်းစွာပင်လိုက်ပါသွားခဲ့၏။ သို့နှင့် နန်းတော်၏အကျဉ်းဆောင်တွင် ထူးဆန်းသောအခြင်းအရာများစတင်ဖြစ်ပွားခဲ့တော့၏။ အစောင့်များသည် ဒိုင်အန်နစ်ဆပ်စ်ကို မည်သည့်နည်းနှင့်မျှ သော့ခတ်ပိတ်လှောင်ရန် မဖြစ်နိုင်မှန်းတွေ့ရှိကြရ၏။ မည်မျှပင်သော့ခတ်စေကာမူ သော့များသည်မြေပြင်ပေါ်သို့အမြဲတစေလျှောကျတတ်ပြီး အချုပ်ခန်းတံခါးများကိုလည်း မည်သည့်နည်းနှင့်မျှပိတ်၍မရပဲရှိ၏။ ထို့နောက်သီဘ်စ်မြို့တွင် ပြင်းထန်သောလျှောင်လှုပ်မှုကြီး ရုတ်တရက်ဖြစ်ပွားခဲ့ပြီး နန်းတော်နှင့်အချုပ်ခန်းတို့သည် ငလျင်ဒဏ်ကြောင့်လဲပြိုသွားကြ၏။ ထိုအခြင်းအရာသည် နတ်ဘုရားတစ်ပါး၏ဒေါသ

ကြောင့်ဖြစ်ရသည်ဟု သိဘ်စ်မြို့သားအများစုယုံကြည်လာကြ၏။ ဒိုင်အန်နစ်ဆပ်စ်သည် တစ်စုံတစ်ရာ ဒဏ်ရာမရပဲ အကျဉ်းထောင်အပြင်သို့ ထွက်သွားသည့်တိုင်အောင် သူ့တွင်စွမ်းအားများရှိကြောင်း ပန်သီယပ်စ်က ယုံကြည်ခြင်းမရှိသေးပေ။

သို့သော် ငလျင်ကြီးလှုပ်ပြီးနောက် သိဘ်စ်မြို့နေအမျိုးသမီးအများစုသည် ဒိုင်အန်နစ်ဆပ်စ်၏ နောက်လိုက်များဖြစ်လာကြ၏။ ထိုအမျိုးသမီးများသည် ဒိုင်အန်နစ်ဆပ်စ်ကို နတ်ဘုရားအဖြစ်လက်ခံ ယုံကြည်ကြပြီးဖြစ်ရာ ၎င်းအားပူဇော်သည့်အနေဖြင့် တိရစ္ဆာန်အရေခွံများကိုဝတ်ဆင်ကြပြီး သိဘ်စ်မြို့တော်အပြင်ဘက်ရှိ တောင်ကုန်းများပေါ်တွင် တိရစ္ဆာန်ရိုင်းများကဲ့သို့ပင် ကခုန်လျက်ရှိကြ၏။

မကြာမီ၌ ပန်သီယပ်စ်ထံသို့ သတင်းပို့သူဆက်သားတစ်ယောက်ရောက်ရှိလာပြီး ၎င်း၏မိခင် အဂေ့ဗီနှင့်အဒေါ်ဖြစ်သူတို့သည် ဘက်ခေးအုပ်စုနှင့်ပူးပေါင်းသွားပြီး တောင်ကုန်းများပေါ်တွင်ကခုန် လျက်ရှိကြောင်းသတင်းပို့လာ၏။ ဆက်သားကဆက်လက်၍ အစောင့်များကအဂေ့ဗီနှင့် အခြားအမျိုး သမီးများကိုစကားပြောရန် ကြိုးစားခဲ့သော်လည်း ၎င်းတို့ကအစောင့်များကို မောင်းထုတ်ခဲ့ကြောင်းပြော ကြားခဲ့၏။ ထို့အပြင်အမျိုးသမီးများသည် သစ်ပင်သစ်တုံးများကို လက်သည်းများဖြင့်ထိုးခွာလျက်ရှိကြပြီး ၎င်းတို့ဖြတ်သန်းရာ ရွာငယ်များကိုလည်း ဖျက်ဆီးသွားကြောင်းသိရှိရ၏။

ထိုသတင်းနှင့်ပတ်သက်၍ ပန်သီယပ်စ်သည် များစွာအမျက်ထွက်လျက် "မယ်တော်က အဲဒီ ရူးသွပ်နေတဲ့ ဘက်ခေးတွေလိုပြုကျင့်နေတယ် ... ဟုတ်လား ... နောက်ထပ်ဘာတွေများ ဆက်လုပ်ဦးမှာပါလိမ့်" ဟုနန်းတော်တွင်း၌ ဆူညံစွာအော်ဟစ်လျက်ရှိ၏။

ပန်သီယပ်စ်သည်တဖြည်းဖြည်းနှင့် ဝမ်းနည်းသည်ထက်ဝမ်းနည်းလျက်ရှိရာ ဒိုင်အန်နစ်ဆပ်စ်က ၎င်း၏အစီအစဉ်အတိုင်း ပန်သီယပ်စ်ကိုလက်စားချေရန် ချဉ်းကပ်လာခဲ့၏။ ပန်သီယပ်စ်သည် ဒိုင်အန်နစ်ဆပ်စ်ကို နတ်ဘုရားအဖြစ်မယုံကြည်သေးပေ။ သို့သော်နောက်ဆုံး၌ ဒိုင်အန်နစ်ဆပ်စ်၏ ပြုစားခြင်းခံရပြီး ဒိုင်အန်နစ်ဆပ်စ်ခိုင်းသမျှလိုက်နာရန် သဘောတူလေ၏။

ပထမဆုံးအနေဖြင့် ဒိုင်အန်နစ်ဆပ်စ်က ပန်သီယပ်စ်ကို တောင်ကုန်းပေါ်သို့တက်ပြီး အမျိုးသမီး များ မည်သို့ပြုလုပ်နေကြောင်း ကြည့်ရှုရန်အကြံပေး၏။ သို့မှသာ ပန်သီယပ်စ်အနေဖြင့် ထိုအမျိုးသမီးများ ကို ရန်တန့်စေရန် မည်သို့ပြုလုပ်သင့်ကြောင်း စဉ်းစားနိုင်မည်ဖြစ်၏။

ဒိုင်အန်နစ်ဆပ်၏ပြုစားခြင်းခံထားရသည်ဖြစ်ရာ ပန်သီယပ်စ်က ၎င်းကိုတောင်ကုန်းပေါ်မှအမျိုး သမီးများမှတ်မိခြင်းမရှိအောင် အသွင်ပြောင်းလဲပေးရန်တောင်းဆိုခဲ့၏။ ဒိုင်အန်နစ်ဆပ်ကသူ့ကို ရှည်လျား ပြီးအမွေးဖါးသော ဝတ်စုံတစ်ခုဆင်မြန်းပေးခဲ့၏။ ဒိုင်အန်နစ်ဆပ်စ်၏ပြုစားချက်ကြောင့် ပန်သီယပ်စ်က သူ့ကိုယ်သူလှပသည်ဟုအထင်ရှိသော်လည်း စင်စစ်အားဖြင့် ကြောက်မက်ဖွယ်ရုပ်အသွင်ပေါက်လျက် ရှိ၏။

နောက်ဆုံးတွင် ဒိုင်အန်နစ်ဆပ်စ်ကသူ့ကို ဘက်ခေးများပျော်ပါးရာ တောင်ကုန်းဆီသို့ ခေါ်ဆောင် သွားခဲ့၏။ တောင်ကုန်းထိပ်သို့ရောက်သည်နှင့် ဒိုင်အန်နစ်ဆပ်စ်က မြင်ကွင်းကောင်းတွေ့မြင်ရန်အတွက် သစ်ပင်ပေါ်မှတက်ကြည့်ရန်အကြံပေး၏။ ပန်သီယပ်စ်သစ်ပင်ပေါ်ရောက်သည်နှင့် ဒိုင်အန်နစ်ဆပ်ပျောက် ကွယ်သွားတော့၏။ ဒိုင်အန်နစ်ဆပ်စ် လျင်မြန်စွာပျောက်ကွယ်သွားသည့်အတွက် အံ့အားသင့်သွားသော်

လည်း သူ့ကိုအမျိုးသမီးများက တွေ့မြင်နိုင်လိမ့်မည်မဟုတ်ဟုတွေးမိသဖြင့် ပန်သီယပ်စ်သည် သစ်ပင်ပေါ်သို့ ဆက်တက်သွား၏။

သို့သော် အမျိုးသမီးများသည်လည်း ဒိုင်အန်နစ်ဆပ်စ်၏ပြုစားမှုကို ခံထားကြရ၏။ ထို့ကြောင့် သစ်ပင်ပေါ်သို့မော့ကြည့်မိကြသည့်အခါ ပန်သီယပ်စ်ကို ၎င်းတို့၏ဘုရင်အဖြစ်မမြင်ကြရတော့ပဲ မာန်ဖီနေသည့် တောင်ခြင်္သေ့ကြီးတစ်ကောင်အဖြစ် မှတ်ထင်လျက်ရှိကြတော့၏။ အင်္ဂေဗီသည် လူသားစားသတ္တဝါကြီးအား တွေ့မြင်မိသည်နှင့်တပြိုင်နက် "ခြင်္သေ့ကြီးကို သတ်ကြပေ့" ဟုဆူညံစွာအော်ဟစ်လိုက်၏။

တောရိုင်းတိရစ္ဆာန်များကို နတ်ဘုရားများအားယစ်ပူဇော်လေ့ရှိသဖြင့် အမျိုးသမီးများသည် ပန်သီယပ်စ်ကိုတိုက်ခိုက်ပြီး သစ်ပင်ပေါ်မှဆွဲချကြ၏။ ပန်သီယပ်စ်သည် အမျိုးသမီးများကိုအမျိုးမျိုးတောင်းပန်ရှင်းပြသော်လည်း ၎င်း၏ပါးစပ်မှထွက်သော တောင်းပန်စကားများသည် ခြင်္သေ့တစ်ကောင်၏ မာန်ဖီသံများသဖွယ် သူတို့၏နား၌ကြားကြရ၏။

ဒိုင်အန်နစ်ဆပ်စ်သည် အမျိုးသမီးများ၏ခန္ဓာကိုယ်တွင် စွမ်းအားများလည်း ထည့်သွင်းပေးထားသည်ဖြစ်ရာ ယခုအခါပန်သီယပ်စ်၏ခန္ဓာကိုယ်သည် အမျိုးသမီးတို့၏လက်ချက်ဖြင့် အပိုင်းပိုင်းပြတ်လျက်ရှိတော့၏။ ထို့နောက် ဒိုင်အန်နစ်ဆပ်စ်၏ပြုစားချက်အတိုင်း အမျိုးသမီးများသည် သိဘ်စ်မြို့တော်ဆီသို့ ချီတက်သွားကြ၏။ အင်္ဂေဗီသည် ပန်သီယပ်စ်၏ ဦးခေါင်းကိုဆုပ်ကိုင်လျက် အောင်နိုင်သူအဖြစ်ရှေ့ဆုံးမှ ချီတက်သွား၏။ မြို့တွင်းသို့ဝင်ရောက်သွားကြသောအခါ မြို့သူမြို့သားတို့သည် မြင်ရသောမြင်ကွင်းကြောင့် ကြက်သေသေလျက်ရှိကြ၏။

ချီတက်သူများ နန်းရင်ပြင်သို့ရောက်ရှိသွားကြသောအခါ အင်္ဂေဗီသည် အောင်နိုင်မှုကိုပြသရန် သူမ၏ခမည်းတော် ကက်ဒမတ်စ်ကိုအော်ခေါ်လိုက်၏။ ကက်ဒမတ်စ်သည် အင်္ဂေဗီ၏လက်ထဲတွင် ကိုင်ဆောင်ထားသောအရာကို မြင်လိုက်ရသောအခါ မျက်နာပျက်လျက်ငိုကြွေးလိုက်၏။ အင်္ဂေဗီက ဦးခေါင်းပြတ်ကိုမြှောက်ကိုင်ပြလျက် "ဖခင် ... အဘယ့်ကြောင့်ငိုကြွေးရသနည်း။ တောင်ခြင်္သေ့တစ်ကောင်အား သမီးတော်သတ်ခဲ့သည်ကို ကြည့်ပါဦးလော့။ ဖခင်၏သမီးတော် မည်မျှရဲရင့်ပုံကို ကြည့်ပါလော့။ အဘယ့်ကြောင့် ဂုဏ်မယူနိုင်ပဲရှိနေရသနည်း" ဟုပြောလိုက်၏။

ကက်ဒမတ်စ်သည် မြေးတော်၏ခေါင်းပြတ်ကိုကြည့်လျက် သည်းထန်စွာငိုကြွေးနေရာမှ "ချစ်သမီး အင်္ဂေဗီ ... သင်ရရှိခဲ့သောဆုလာဘ်ကို တစ်ဖန်ပြန်၍ကြည့်ပါဦးလော့ ... ဖခင်အဘယ့်ကြောင့်ငိုကြွေးနေသည်ကို ချစ်သမီးသဘောပေါက်လာပါလိမ့်မည်" ဟုဆိုလိုက်၏။

ကက်ဒမတ်စ်၏ ဝမ်းနည်းစကားများသည် ဒိုင်အန်နစ်ဆပ်စ်၏ပြုစားချက်ကိုပျက်ပြယ်စေ၏။ သို့နှင့် လက်အတွင်းမှဦးခေါင်းပြတ်ကို တစ်ဖန်ပြန်၍ကြည့်လိုက်မိသောအချိန်၌ သူမ၏ဂုဏ်ယူသောအပြုံးများသည် ပြင်းထန်သောဝမ်းနည်းမှုအဖြစ်သို့ ရုတ်ခြည်းပြောင်းလဲသွားတော့၏။ မိမိ၏သားအရင်းကို သတ်မိကြောင်းသိရသည်နှင့် အင်္ဂေဗီသည်မြေပေါ်သို့လဲကျလျက် သည်းထန်စွာငိုကြွေးတော့၏။ ဒိုင်အန်နစ်ဆပ်စ်အားမယုံကြည်မှုကြောင့် ၎င်းတို့မိသားစုအတွက်ပြစ်ဒဏ်အဖြစ် နောက်ဆုံးတွင်သဘောပေါက်လိုက်ကြ၏။

# ၇။

# ဘောက်စစ်စ်နှင့် ဖိလီမန်



# မိတ်ဆက်

ဂရိနိုင်ငံသည် အရှေ့ပိုင်းအိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်မှုများအဆက်မပြတ်ရှိခဲ့၏။ ရှေးခေတ်က အာရှအနောက်ပိုင်း၏ယဉ်ကျေးမှုများသည် ဂရိတို့၏ယဉ်ကျေးမှုနှင့် ဘာသာရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိ၏။ အနောက်အာရှတွင် နေထိုင်ကြသူအုပ်စုများမှ ကြီးမားသောအစိတ်အပိုင်းသည် ယခုအခါ တားကီ (Turkey) နိုင်ငံဖြစ်လာပြီး ဂရိလူမျိုးတို့နှင့်ဆက်ဆံမှုများစွာရှိခဲ့၏။ ကုန်သွယ်ခြင်းနှင့်ခရီးသွားခြင်းတို့ကြောင့် ၎င်းတို့အကြားတွင် ဒဏ္ဍာရီများနှင့်ဘာသာရေးယုံကြည်မှုများ တစ်ဖက်နှင့်တစ်ဖက် ပျံ့နှံ့လာခဲ့၏။

ဘောက်စစ်စ် (Baucis) နှင့် ဖီလီမန် (Philemon) ပုံပြင်သည် ၎င်းတို့၏ထုံးတမ်းစဉ်လာယဉ်ကျေးမှုများမှ ဆင်းသက်လာခဲ့ဟန်ရှိ၏။ ထိုဒဏ္ဍာရီကို ရိုမန်ကဗျာဆရာသြဗစ်က ရေးသားခဲ့ခြင်းဖြစ်၏။ ဘောက်စစ်စ်နှင့်ဖီလီမန်တို့ နေထိုင်ရာဒေသဖြစ်သော ဖရစ်ဂျီယာ (Phrygia) သည် စင်စစ်အားဖြင့် အာရှအနောက်ပိုင်းတွင်တည်ရှိသော်လည်း ဒဏ္ဍာရီ၌ ဂရိနတ်ဘုရားများဖြစ်သော ဇီးယုစ်နှင့် ဟားမီးစ်တို့သည် အဆိုပါဒေသသို့ ဂရိနိုင်ငံ၏နေရာတစ်ခုအသွင်ဖြင့် လာရောက်လည်ပတ်ကြသည်ဟု ဖော်ပြထား၏။

ရှေးဂရိလူမျိုးတို့အတွက် ခရီးသွားလာခြင်းသည် အဓိကကျသော နေ့စဉ်လူနေမှုဘဝပင်ဖြစ်ရာ ဧည့်သည်များနှင့် ခရီးသွားတို့ကိုဆက်ဆံရာ၌ ထုံးတမ်းယဉ်ကျေးမှုများစွာရှိ၏။ ဥပမာအားဖြင့် အိမ်တစ်အိမ်တွင် ဧည့်သည်များအား အထူးအရေးပေး၍ဆက်ဆံလေ့ရှိ၏။ ဧည့်သည်များသည် သူစိမ်းများပင်ဖြစ်လင့်ကစား ၎င်းတို့ကိုယဉ်ကျေးပျူငှာစွာဖြင့် အရိုအသေပေး၍ဆက်ဆံလေ့ရှိ၏။ ဇီးယုစ်သည် ဧည့်သည်များကိုစောင့်ရှောက်သော နတ်ဘုရားတစ်ပါးဖြစ်ပြီး တမန်တော်ဟားမီးစ်ကိုလည်း ခရီးဝေးသွားဧည့်သည်များကို စောင့်ရှောက်သူအဖြစ်ယူဆကြ၏။

ယဉ်ကျေးမှုအမြောက်အများရှိ ဒဏ္ဍာရီများနှင့်ကျေးလက်ရိုးရာပုံပြင်များတွင် နတ်ဘုရား (သို့) ဘုရင်တို့သည် သာမန်လူသားအသွင်ဖြင့် လူတို့နေထိုင်ရာနေရာသို့ သွားရောက်လည်ပတ်လေ့ရှိကြောင်း ဖော်ပြချက်များကို မကြာခဏတွေ့ရှိနိုင်၏။ ထိုပုံပြင်များသည် ဧည့်သည်၏နောက်ကြောင်းရာဇဝင်ကို မသိရှိရသော်လည်း ၎င်းတို့ကိုယဉ်ကျေးပျူငှာစွာ ဆက်ဆံကြရန်သတိပေးသကဲ့သို့ရှိ၏။ ယခုဖော်ပြမည့် ဘောက်စစ်စ်နှင့်ဖီလီမန်ပုံပြင်မှာလည်း ထိုသို့ဧည့်သည်တို့ကို ယဉ်ကျေးစွာဆက်ဆံကြရန် သရုပ်ပြမှုတစ်ခုပင်ဖြစ်၏။

# ဘောက်စစ်စ်နှင့် ဖီလီမန်

ဘောက်စစ်စ်နှင့်ဖီလီမန်တို့သည် အာရှအနောက်ပိုင်းရှိ ဒေသတစ်ခုဖြစ်သော ဖရစ်ဂျီယာတွင် နေထိုင်ကြ၏။ ၎င်းတို့လင်မယား လက်ထပ်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ပြီး ဆင်းရဲကြသော်လည်း တစ်ဦးနှင့်တစ်ဦးလွန်စွာကြင်နာကြလျက် ပျော်ရွှင်စွာနေထိုင်ကြ၏။ ၎င်းတို့ပိုင်ဆိုင်သော လယ်ကွင်းသည် သေးငယ်လှသဖြင့် လင်မယားစားလောက်ရုံသာ စိုက်ပျိုးနိုင်ကြ၏။ ကောက်ပဲသီးနှံ ပြတ်လတ်သောအခါများ၌ အိမ်တွင်မွေးမြူထားသော ငန်းတစ်ကောင်၏ဥများနှင့်သာ ဝမ်းရေးအတွက် ဖြေရှင်းကြရရှာ၏။ ငန်းသည် ဥများဥပေးရုံမျှသာမက အိမ်၏လုံခြုံရေးကိုပါ စောင့်ရှောက်ပေးသေး၏။

တစ်နေ့သ၌ ဇီးယုစ်နှင့်ဟားမီးစ်သည် ဖရစ်ဂျီယာသို့အလည်သွားကြ၏။ ဧည့်သည်တို့ကိုစောင့်ရှောက်တတ်သောဇီးယုစ်သည် ဖရစ်ဂျီယာတွင်နေထိုင်သူများသည် ဧည့်သည်တို့ကို မည်သို့ဆက်ဆံကြကြောင်းစုံစမ်းလို၏။ ဇီးယုစ်နှင့်ဟားမီးစ်တို့သည် ညစ်နွမ်းသောအဝတ်အထည်တို့ကို ဝတ်ဆင်လျက် မည်သူမျှမမှတ်မိအောင် ရုပ်ဖျက်ထားကြ၏။ နတ်ဘုရားများအသွင်ဖြင့်သွားလျှင် ဧကန်မုချအရေးပေး ဆက်ဆံကြမည်ကို သိရှိပြီးဖြစ်သဖြင့် သာမန်ခရီးသွားများအသွင် ဟန်ဆောင်ထားကြခြင်းဖြစ်၏။

ဤသို့ဖြင့် နတ်ဘုရားနှစ်ပါးသည် တစ်အိမ်ဝင်တစ်အိမ်ထွက်ဖြင့် ဖရစ်ဂျီယာသို့ရောက်ရှိလာခဲ့ကြ၏။ နွမ်းပါးဟန်ရှိသောသူစိမ်းနှစ်ဦးသည် အိမ်တိုင်းရှိတံခါးဝတို့တွင်ရပ်လျက် ခေတ္တမျှနားနေရန်နှင့် အစားအစာအချို့နှင့်သောက်သုံးရေတို့ သုံးဆောင်နိုင်ပါမည့်အကြောင်း မေးမြန်းစကားဆိုကြ၏။ သို့သော် အိမ်တိုင်းကပင် ၎င်းတို့နှစ်ဦးကို ရင့်သီးစွာမောင်းထုတ်ပစ်ကြ၏။ ကြိမ်ဖန်များစွာ ထိုသို့ကြုံတွေ့လာကြရသောအခါ ဇီးယုစ်သည်စိတ်ပူစပြုလာ၏။ ဟားမီးဖက်သို့လှည့်၍ "ဒီလောက် ရိုင်းစိုင်းတဲ့ဒေသမှာ ဘယ်လိုလူများ ခရီးသွားကြပါလိမ့်။ လူတွေကလည်း ပျူငှာမှုမရှိတဲ့အပြင် အတော်အရိုအသေတန်ကြပါကလား။ ဖရစ်ဂျီယာမှာ သူစိမ်းတစ်ဦးအပေါ်ကြင်နာတတ်တဲ့လူ မရှိတော့ဘူးလား။ ခရီးသွားတစ်ယောက်အနေနဲ့ ကိုယ့်အိမ်နဲ့ဝေးကွာနေတာကြောင့် တစ်ခါတစ်ရံဆာလောင်မိမှာ အမှန်ပဲ။ ဒီရိုင်းစိုင်းတဲ့ပုဂ္ဂိုလ်တွေသာ ခရီးသွားတဲ့အခါ ငါတို့လိုအဆက်ဆံခံရရင်၊ ဘယ့်နှယ်များနေကြမှာပါလိမ့်" ဟုပြောလိုက်၏။

ဟားမီးစ်သည် ပြန်လည်ဖြေဆိုခြင်းမပြုနိုင်ပဲ နေးကွေးလေးလံစွာဖြင့် နှစ်ယောက်သား ခရီးဆက်လာခဲ့ကြ၏။ နောက်ဆုံး၌ တံခါးရာပေါင်းများစွာတို့ကိုဖြတ်ကျော်ပြီးသောအခါ ၎င်းတို့တွေ့ရှိခဲ့ဖူးသော အိမ်များထက်ပိုမိုသေးငယ်ပြီး နံချာလှသောတဲငယ်လေးတစ်လုံးကို တွေ့လိုက်ကြရ၏။ ထိုတဲငယ်လေးသည် မတ်စောက်သောတောင်ကုန်းတစ်ခု၏ အခြေအနီးတွင်တည်ရှိပြီး တဲနှင့်ကပ်လျက်ရှိသော လယ်ကွက်မှာ သေးငယ်သော်လည်း ကောင်းစွာမြေညှိထားကြောင်းတွေ့ကြရ၏။ သူစိမ်းနှစ်ယောက်က တံခါးခေါက်လိုက်သောအခါ ဆင်းရဲနွမ်းပါးသောလင်မယားကို တံခါးဝတွင်တွေ့လိုက်ကြရ၏။ နွမ်းပါးသောလင်မယားသည် သူစိမ်းနှစ်ယောက်ကို အိမ်အတွင်းသို့ဝင်ရောက်ရန် ချက်ခြင်းပင်ဖိတ်ခေါ်လိုက်၏။ နွမ်းပါးဟန်ဆောင်ထားသော နတ်ဘုရားနှစ်ပါးလည်း တံခါးဝမှခေါင်းငုံ့ဝင်လိုက်ကြပြီး ကျဉ်းမြောင်းသော အခန်းငယ်ထဲတွင် နေရာယူလိုက်ကြ၏။

လင်မယားနှစ်ယောက်၏အမည်များမှာ ဘောက်စစ်စ်နှင့်ဖီလီမန်ဟူ၍ဖြစ်၏။ ဘောက်စစ်စ်ဆိုသူ

သည် ပျူငှာသောအပြုံးနှင့် ချိုသာသောမျက်နှာထားရှိလျက် ဖျော့တော့သောဆံပင်များရှိသည့် အမျိုးသမီးငယ်ဖြစ်ပြီး ၎င်း၏ခင်ပွန်းဖြစ်သူ ဖီလီမန်မှာ အတန်ငယ်အသက်အရွယ်ရဟန်ရှိသော်လည်း အလုပ်ကြိုးစားသူတစ်ဦးဖြစ်၏။ ၎င်းတို့နှစ်ဦးသည် ဧည့်သည်များသုံးဆောင်ရန်အတွက် အစားသောက်ပြင်ဆင်ခြင်းဖြင့် အလုပ်များလျက်ရှိကြ၏။

ဘောက်စစ်စ်နှင့်ဖီလီမန်တို့သည် ဧည့်သည်နှစ်ယောက်၏အမည်များနှင့် နောက်ကြောင်းရာဇဝင်တို့ကို မေးမြန်းခြင်းမပြုကြပေ။ ထိုအကြောင်းအရာတို့သည် ဧည့်သည်များအလိုရှိမှသာ ၎င်းတို့ကိုယ်တိုင်ပြောကြလိမ့်မည်ဖြစ်ကြောင်း နားလည်ထားကြ၍ဖြစ်၏။ လင်မယားနှစ်ယောက်သည် ဧည့်သည်များကိုနွေးထွေးသော နေရာအနီး၌ထိုင်စေပြီး ဘောက်စစ်စ်က တစ်ခုတည်းသာရှိသော ခုံတန်းရှည်ပေါ်တွင် သေးငယ်သော ခေါင်းအုံးကလေးကိုတင်လိုက်၏။ ထို့နောက်ဘောက်စစ်စ်က မီးဖိုတွင်းသို့ ထင်းများထပ်ထည့်လိုက်ပြီး ရေနွေးအိုးတည်လိုက်၏။ ဘောက်စစ်စ်က ညနေစာချက်ပြုတ်နေရင်းဖြင့် ဧည့်သည်နှစ်ဦးကို "အခုလို ကျွန်မတို့နဲ့အတူနေထိုင်ကြတဲ့အတွက် ဝမ်းသာပါရဲ့ရှင်" ဟုချိုသာစွာပြောလိုက်၏။ "ကျွန်မတို့မှာ ကျွန်မခင်ပွန်းဖီလီမန်ရယ် ကျွန်မရယ်ကလွဲရင် ဘာမှများများစားစားမရှိပါဘူး။ ဒါပေမယ့် ကျွန်မတို့မှာ ရှိသမျှလေးနဲ့မိတ်ဆွေများကိုပြုစုခွင့်ရတာ ဝမ်းမြောက်မိပါတယ်"။ သူမထိုသို့ပြောဆိုလျက်ရှိစဉ် ခင်ပွန်းသည်ကလည်း ခေါင်းတညိတ်ညိတ်ဖြင့်ထောက်ခံလျက်ရှိ၏။

နောက်ဆုံး၌ နွမ်းပါးလှသောညစာသည် သုံးဆောင်ရန်အသင့်ဖြစ်လာတော့၏။ ဘောက်စစ်စ်က အက်ကြောင်းများဖြင့်ပြည့်နေသော စားပွဲခုံကလေးခင်းလျက် အနားသားတို့ပွဲ့နေသောပန်းကန်များဖြင့် ညစာကိုတည်ခင်းလိုက်၏။ ဖီလီမန်က ဧည့်သည်တို့လိုအပ်မည်ထင်သောအရာတို့ကို ယူဆောင်ပေးလျက်ရှိ၏။ လင်မယားနှစ်ယောက်သည် ဧည့်သည်နှစ်ဦးရောက်ရှိလာသော်လည်း ထူးခြားဟန်လက္ခဏာမရှိပဲ ခါတိုင်းလိုပင်လှုပ်ရှားလုပ်ကိုင်လျက်ရှိကြ၏။ သို့သော်ဧည့်သည်များကို ၎င်းတို့၏ဝိုင်အရက်အနည်းငယ်တိုက်သည့်အချိန်တွင် ဝိုင်ကရားသည် ကြိမ်ဖန်များစွာငှဲ့ပြီးသည့်တိုင်အောင် ဝိုင်လျော့သွားသည်မရှိပဲ မူလအတိုင်းပင်ရှိနေကြောင်း လင်မယားနှစ်ယောက် သတိထားမိလိုက်ကြ၏။ ထိုသို့သောအခြင်းအရာသည် နတ်ဘုရားတို့၏တန်ခိုးကြောင့်သာဖြစ်တန်ရာ၏။ လင်မယားနှစ်ယောက်သည် လျင်မြန်စွာဒူးထောက်လျက် နွမ်းပါးသည့်ညစာနှင့် ထည်ဝါမှုမရှိသောနေရာထိုင်ခင်းတို့ဖြင့် ဧည့်ခံမိသည့်အတွက် ခွင့်လွှတ်ပါမည့်အကြောင်း နတ်ဘုရားနှစ်ပါးကို တောင်းပန်ကြ၏။

ဆင်းရဲလွန်းသဖြင့် နတ်ဘုရားတို့ကိုကောင်းမွန်စွာ ဧည့်မခံနိုင်သည့်အတွက်စိတ်မကောင်းဖြစ်လျက်ရှိရာ ဖီလီမန်သည် ၎င်းတို့မွေးမြူထားသောငန်းကိုဖမ်း၍ ပိုမိုကောင်းမွန်သောအစားအသောက်စီစဉ်ရန် တဲအပြင်သို့ပြေးထွက်သွား၏။ သို့သော်ငန်းသည် ဖီလီမန်၏အကြံကိုရိပ်မိဟန်ဖြင့် အဝေးသို့ပြေးထွက်သွားတော့၏။ နောက်ဆုံးတွင် ငန်းသည်အိမ်တွင်းသို့ပြေးဝင်လျက် အတန်ငယ် ချမ်းသာရာရလိုရငြား ဇီးယုစ်၏လက်ပေါ်သို့တက်ပြီးဝပ်နေ၏။ ဇီးယုစ်ကရယ်မောလျက် ဖီလီမွန်အားငန်းကိုဖမ်းဆီးခြင်းမပြုရန် တားမြစ်လိုက်၏။ နတ်ဘုရားသည် ၎င်းတို့၏တစ်ကောင်တည်းသောငန်းကိုစားသောက်ရန်ဆန္ဒမရှိကြောင်း ပြောကြားလိုက်၏။



ဇီးယုစ်နှင့်ဟားမီးစ်တို့ကပြုံးလျက် "ဘောက်စစ်နှင့်ဖီလီမန် ... ကျွန်ုပ်တို့နှင့်အတူလိုက်ခဲ့ကြလော့။ သင်တို့သည် အံ့ဩဖွယ်ကောင်းသောအိမ်ရှင်နှစ်ယောက်ဖြစ်ပြီး ထို့အတွက်ဆုလာဘ်များရရှိစေရမည်။ သို့သော် ဤဒေသရှိအခြားသူများအဖို့မူကား ၎င်းတို့၏ရိုင်းပြမှုအတွက် ထိုက်သင့်သောအပြစ်ဒဏ်ကို ခံစားကြရပေလိမ့်မည်" ဟုပြောကြားလိုက်၏။

ဘောက်စစ်စ်နှင့်ဖီလီမန်တို့နှစ်ဦးသည် နတ်ဘုရားများနောက်သို့ စိတ်လှုပ်ရှားစွာဖြင့် လိုက်ပါသွားခဲ့ကြပြီး နတ်ဘုရားများက ၎င်းတို့အိမ်၏အနောက်ဖက်ရှိ မြင့်မားသောတောင်ကုန်းထိပ်သို့ ခေါ်ဆောင်သွားကြ၏။ တောင်အောက်သို့ လင်မယားနှစ်ယောက်ငုံ့ကြည့်လိုက်ကြသောအခါ ၎င်းတို့၏တဲအိမ်မှလွဲ၍ ကျန်ရှိသောအိမ်များအားလုံးသည် ကြီးမားသောရေလှိုင်းများအောက်သို့ ရောက်ရှိကုန်ကြောင်းတွေ့ လိုက်ကြရ၏။ အမြင့်မားဆုံးသောအိမ်တို့၏ခေါင်မိုးများကိုသာ ရေလှိုင်းများကြားတွင်ဝိုးတဝါးတွေ့မြင်ကြရတော့၏။ ရေလှိုင်းများသည် ဒေသတစ်ခုလုံးအား တိတ်ဆိတ်လျှင်မြန်စွာတိုက်စားသွားပြီး ၎င်းတို့၏တဲငယ်လေးသာလျှင် ကျန်ရှိတော့၏။

ဘောက်စစ်စ်နှင့်ဖီလီမန်တို့သည် မြင့်မားသောတောင်ကုန်းထက်မှနေ၍ ၎င်းတို့၏လယ်ကွက်ကို ကြည့်လိုက်မိသောအခါ များစွာအံ့အားသင့်သွားကြ၏။ ၎င်းတို့၏တဲငယ်ကလေးသည် ရွှေနှင့်ကျောက်သံပတ္တမြားတို့ဖြင့်အတိပြီးသော ကျောင်းဆောင်ကြီးအဖြစ်သို့ပြောင်းလဲသွား၏။ အဘယ့်ကြောင့်ထိုသို့ ပြောင်းလဲသွားကြောင်းကိုသိလိုသည်နှင့် နတ်ဘုရားများအားကြည့်လိုက်ရာ ဇီးယုစ်ကကြင်နာစွာပြုံးလျက် "သင်တို့အတွက် ဆုလာဘ်ပင်ဖြစ်၏။ သင်တို့အလိုရှိသောဆန္ဒကိုပြောပါ။ ကျွန်ုပ်ဖြည့်ဆည်းပေးပါမည်" ဟုပြောလိုက်၏။

ဘောက်စစ်စ်နှင့်ဖီလီမန်တို့သည် ခေတ္တမျှကြာအောင်တိုင်ပင်လိုက်ကြပြီးနောက် ၎င်းတို့၏ဆန္ဒကို ပြောကြားလိုက်၏။ ပထမဦးစွာ ၎င်းတို့၏တဲငယ်နေရာတွင်ပေါ်ပေါက်လာသော ရွှေကျောင်းဆောင်ကြီးအတွင်း၌ နတ်ဆရာများအဖြစ်နှင့်နေထိုင်သွားလိုကြောင်း နတ်ဘုရားများထံတောင်းဆိုကြ၏။ ထို့နောက် တစ်ဦးနှင့်တစ်ဦး များစွာကြင်နာကြသည်ဖြစ်ရာ သေဆုံးပြီးသည့်တိုင်အောင် တစ်ဦးတည်းအသက်ရှင်နေထိုင်ရန်အလိုမရှိကြသည်နှင့် သေဆုံးသည့်အခါ၌လည်း နှစ်ဦးစလုံးတစ်ပြိုင်နက်တည်း သေဆုံးလိုကြောင်းတောင်းဆိုကြ၏။

ဇီးယုစ်က ၎င်းတို့လင်မယား၏ ပထမဆုံးဆန္ဒကို ချက်ခြင်းဖြည့်ဆည်းပေးလိုက်၏။ ဟားမီးစ်နှင့်အတူ အလင်ပတ်စ်တောင်သို့မပြန်မီ ဇီးယုစ်သည် ဘောက်စစ်စ်နှင့်ဖီလီမန်တို့ကို ရွှေကျောင်းဆောင်ကြီးထဲတွင် ကိုယ်တိုင်နေရာချထားပေးခဲ့၏။ လင်မယားနှစ်ယောက်သည် နှစ်ပေါင်းများစွာကြာပြီး အိုမင်းသည့်တိုင်အောင် ပျော်ရွှင်စွာနေထိုင်ခဲ့ကြပြီး နတ်ဘုရားများအပေါ်၌လည်း များစွာယုံကြည်သက်ဝင်ခဲ့ကြ၏။

တစ်နေ့သ၌ ကျောင်းဆောင်၏အပြင်ဖက်တွင် မတ်တပ်ရပ်လျက်ရှိစဉ် ဘောက်စစ်စ်သည် ခင်ပွန်းသည်၏ခန္ဓာကိုယ် တောင့်တင်းသွားကြောင်း သတိပြုမိလိုက်၏။ မျက်စိရှေ့၌ပင် ဖီလီမန်၏ ခြေထောက်သည် မြေကြီးအတွင်းသို့ဝင်သွားပြီး လက်များမှ သစ်ရွက်များထွက်ပေါ်လာကြောင်း တွေ့မြင်လိုက်၏။ ဘောက်စစ်စ်အံ့ဩသွားပြီး သူမ၏ခန္ဓာကိုယ်မှလည်း အမြစ်များနှင့်သစ်ရွက်များ ထွက်ပေါ်နေ

ကြောင်းသိလိုက်ရ၏။ လင်မယားနှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး နောက်ဆုံးအနေဖြင့်နှုတ်ဆက်လိုက်ကြပြီး ၎င်းတို့၏ခန္ဓာကိုယ်များသည် သစ်ပင်များအဖြစ်ပြောင်းလဲသွားကာ ပင်စည်တို့မှာ တစ်ပင်နှင့်တစ်ပင်လိမ်ယှက်လျက်ရှိကြ၏။ ဤနည်းအားဖြင့် ဘောက်စစ်စ်နှင့်ဖီလီမန်တို့၏ မကွဲမကွာပဲသေဆုံးလိုမှုဆန္ဒကို နတ်ဘုရားများကဖြည့်ဆည်းပေးခဲ့ကြ၏။

ထိုအဖြစ်အပျက်ဖြစ်ပွားပြီးနောက် ဖရစ်ဂျီယာသို့ထပ်မံလာရောက် နေထိုင်သူများသည် ဘောက်စစ်စ်နှင့်ဖီလီမန်တို့၏ပုံပြင်ကို အမြဲပြောလေ့ရှိကြပြီး ပင်စည်ချင်းယှက်လျက်ရှိသော သစ်ပင်များကိုတွေ့သည့်အခါတိုင်း ပန်းခွေများစွပ်ပေးလျက် ကြင်နာသောလင်မယားအား ဂုဏ်ပြုလေ့ရှိကြ၏။



# ၈။

# အက်ကိုးနှင့် နားစစ်ဆပ်စ်



# မိတ်ဆက်

ဒဏ္ဍာရီတို့၌ အချို့သောတိရစ္ဆာန်များ၊ အပင်များ၊ ထူးခြားသောမြေပြင်သဏ္ဌာန်များ၏တည်ရှိမှုနှင့် ကမ္ဘာပေါ်တွင်ဖြစ်ပွားလေ့ရှိသော ထူးဆန်းသောအဖြစ်အပျက်များအကြောင်းကို *metamorphosis* ခေါ် အသွင်သဏ္ဌာန်ပြောင်းလဲမှုအများအဖြစ်နှင့် မကြာခဏဖော်ပြလေ့ရှိကြ၏။

ဂရိဒဏ္ဍာရီများတွင်လည်း ထိုသို့သောအသွင်သဏ္ဌာန်ပြောင်းလဲမှုတို့ကို မကြာခဏတွေ့မြင်နိုင်၏။ ဒဏ္ဍာရီအမြောက်အများတွင် ဇာတ်လမ်း၏ *climax* ခေါ် အထွဋ်အထိပ်သို့ ရောက်ရှိလာသောအခါ အဓိကဇာတ်ကောင်သည် လူ့အသွင်သဏ္ဌာန်မှ အခြားအသွင်တစ်ခုခုသို့ ပြောင်းလဲသွားလေ့ရှိ၏။ အများအားဖြင့် နတ်ဘုရားတစ်ပါးပါး၏တန်ခိုးဖြင့် ဤသို့ပြောင်းလဲလေ့ရှိ၏။ ယခုဖော်ပြမည့် အက်ကိုးနှင့် နားစစ်ဆပ်စ်၏ပုံပြင်သည် ထိုသို့သောအမျိုးအစားတစ်ခုဖြစ်၏။ အောဒီရှစ်ရာစု၏ တစ်ခုသောအချိန်တွင် ရှိမန်ကဗျာဆရာ ဩဗစ်က အတွဲဆယ့်ငါးတွဲရှိသောသူ၏ *The Metamorphoses* ခေါ်ကဗျာရှည်ကြီးတွင် ဤပုံပြင်အပါဝင် ပုံပြင်ပေါင်းနှစ်ရာကျော်ကို ရေးသားစပ်ဆိုခဲ့ဖူး၏။ အဆိုပါကဗျာကို ယနေ့ခေတ် ဂရိပုံပြင်များအတွက် အထောက်အကူအပြုဆုံးစာပေအဖြစ် လက်ခံထားကြ၏။

အက်ကိုးနှင့်နားစစ်ဆပ်စ်တို့၏ပုံပြင်တွင် *nymph* ခေါ်နတ်သမီးလေးတစ်ပါး၏ လူငယ်တစ်ဦးအပေါ်ထားရှိသော ချစ်ခြင်းမေတ္တာကိုသရုပ်ဖော်ထား၏။ *Nymph* ဆိုသည်မှာ တောများ၊ တောင်များ၊ သစ်ပင်များနှင့် ရေအိုင်ငယ်များတွင်ကျက်စားလေ့ရှိသော လှပသည့်နတ်သမီးလေးများအဖြစ် ဒဏ္ဍာရီတို့တွင်ဖော်ပြလေ့ရှိကြ၏။ အက်ကိုး (Echo) ဆိုသည်မှာ အလွန်စကားများသော တောင်တန်းပျော်နတ်သမီးလေးတစ်ပါးဖြစ်ပြီး မြစ်နတ်ဘုရား စီးဖစ်ဆပ်စ် (Cephisus) ၏သားဖြစ်သူ နားစစ်ဆပ်စ် (Narcissus) ဆိုသော လုလင်ငယ်ကို ချစ်ကြိုက်မိခဲ့၏။ အက်ကိုးရော နားစစ်ဆပ်စ်ကိုပါ ရှေးဂရိလူမျိုးတို့ ကိုးကွယ်ပူဇော်ခြင်းမရှိခဲ့ကြသော်လည်း ၎င်းတို့၏ပုံပြင်သည် ဆန်းကြယ်သော သဘာဝတရား၏ဖြစ်အင်တို့ကိုရှင်းလင်းရန် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိ၏။

# အက်ကိုးနှင့် နားစစ်ဆပ်စ်

အက်ကိုးသည် မိန်းမပျိုများကိုစောင့်ရှောက်ပေးပြီး အမဲလိုက်ခြင်းကိုအစိုးရသော နတ်ဘုရားမ အားတီးမစ်စ်၏ အရင်းနှီးဆုံးမိတ်ဆွေဖြစ်ပြီး တောင်တန်းများတွင်နေထိုင်သော နတ်သမီးလေးတစ်ပါး ဖြစ်၏။ ခင်မင်ဖွယ်ကောင်းသောအက်ကိုးသည် သူမ၏ညီအစ်မများနှင့်မိတ်ဆွေများကို စကားပြောဆိုရန် များစွာနှစ်သက်သူဖြစ်၏။ အက်ကိုးသည် အလွန်ပျော်ရွှင်တတ်သူဖြစ်သည့်အတိုင်း သူမ၏မိတ်ဆွေ သူငယ်ချင်းများကသူမအား စကားပေါလှသည်ဟုစောဒကမတက်ကြပဲ အားလုံးကပင်ချစ်ခင်ကြ၏။

အခါတစ်ပါး၌ နတ်သမီးတစ်ပါးနှင့် နတ်ဘုရားတို့၏ဘုရင်ဇီးယုစ်တို့ ချစ်ကြိုက်မိကြ၏။ ၎င်းတို့စုံတွဲ သည် ဇီးယုစ်၏ကြင်ယာတော် ဟာရာနှင့်ဝေးကွာသော *glade* ဟုခေါ်သည့် တောနက်ထဲတွင် မကြာခဏ ချိန်းတွေ့တတ်ကြ၏။ အက်ကိုးသည် ဇီးယုစ်နှင့်အဆိုပါနတ်သမီးတို့၏ မေတ္တာဇာတ်လမ်းကို နားမလည် သော်လည်း သူငယ်ချင်းများနှင့် ညီမများကခိုင်းစေသဖြင့် ၎င်းတို့ချိန်းဆိုတွေ့ဆုံရာနေရာတစ်ဝိုက်တွင် စောင့်ကြပ်ပေးရ၏။ အက်ကိုးသည် မည်သည့်အတွက်ကြောင့် ထိုသို့စောင့်ကြပ် ပေးရသည်ဆိုသည် ကိုပင်မသိရှာပေ။ အက်ကိုးနားလည်ထားသည်မှာ သူငယ်ချင်းများနှင့်ညီမများက မှာကြားထားသည့် အတိုင်း ထိုနေရာတစ်ဝိုက်သို့ ဟာရာလာရောက်ခြင်းရှိမရှိကို စောင့်ကြပ်ပေးရန်ပင်ဖြစ်၏။

များမကြာမီဟာရာသည် နတ်သမီးတစ်ပါးနှင့်သူမ၏ခင်ပွန်းသည် အချစ်ဇာတ်လမ်းခင်းနေ ကြောင်း ကောလဟာလသတင်းများကြားမိသဖြင့် အဖြစ်အပျက်အလုံးစုံကိုဖေါ်ထုတ်ရန် ဆုံးဖြတ်လိုက် ၏။ သို့နှင့်ဟာရာသည် တောနက်ထဲသို့ဝင်ရောက်သွားပြီး ခင်ပွန်းသည်နှင့်နတ်သမီးတို့ချိန်းဆိုရာ မနီးမဝေးသို့ရောက်ရှိလာသောအခါ သစ်ပင်တို့၏အရိပ်အောက်တွင် လမ်းလျှောက်နေသော အက်ကိုးကို တွေ့လိုက်ရ၏။ အက်ကိုးသည် ထိုနေရာသို့ ဟာရာဝင်ရောက်လာသည်ကို တွေ့မြင်သည်နှင့်တစ်ပြိုင် နက် ညီအစ်မများ၏ မှာကြားချက်ကိုသတိရလာပြီး ဟာရာနှင့်စကားစမြည်ပြောလျက် အချိန်နှောင့်နှေး စေရန်ပြုလုပ်၏။ ဟာရာသည် အက်ကိုးနှင့်စကားစမြည်ပြောဆိုနေခိုက် ဇီးယုစ်နှင့်ချစ်သူနတ်သမီး တို့သည် ဟာရာ၏အသံကိုကြားသည်နှင့် ၎င်းတို့ကိုဟာရာမတွေ့ရှိမီ လျင်မြန်စွာ ထွက်ပြေးပျောက်ကွယ် သွားကြတော့၏။

ဟာရာသည် သူမ၏ခင်ပွန်းသည်ပျောက်ကွယ်သွားသည်ကို သတိထားမိလိုက်ပြီး အက်ကိုးက သူမအား စကားများဖေါင်ဖွဲ့နေရသည့် အကြောင်းရင်းကိုရိပ်မိသွားသဖြင့် စိတ်ဆိုးလျက် အက်ကိုးကို အပြစ်ပေးရန်ဆုံးဖြတ်လိုက်၏။ နတ်ဘုရားတို့၏ဘုရင်မဟာရာသည် အသံကိုမြှင့်လျက် "နတ်သမီးလေး … သင်သည် လွန်စွာစကားပေါသူဖြစ်သည့်အတွက် သင့်ကိုအပြစ်ဒဏ်ပေးရပေမည် … ယခုအချိန်မှစ၍ သင်ပြောဆိုသောစကားများသည် အခြားသူများကသင့်ကို စတင်ပြောဆိုသောစကားလုံးများနှင့် တစ်ထပ် တည်းဖြစ်နေပါစေ" ဟုပြောဆိုလိုက်၏။

အက်ကိုးသည် များစွာဝမ်းနည်းသွားမိ၏။ သူမသည် ညီအစ်မများနှင့်သူငယ်ချင်းများကို ကူညီ ခြင်းမျှသာဖြစ်ပြီး ဟာရာကိုထိခိုက်စေလိုခြင်းမရှိပေ။ ယခုအခါ အလွန်စကားပြောလိုသောသူမအတွက် မတန်မရာသော အပြစ်ဒဏ်ပေးခြင်းကိုခံခဲ့ရ၏။ သူမအတွက်နှုတ်ဆိတ်နေရန် (သို့) အခြားသူများ

ပြောဆိုသောစကားလုံးများကိုသာ ထပ်တလဲလဲပြောဆိုရန်ဟူသည့်အပြစ်ဒဏ်ထက် ဆိုးရွားသောအပြစ်ဒဏ်ဟူ၍ မရှိနိုင်တော့ပေ။

ဤသို့ဖြင့်အက်ကိုးသည် ညီအစ်အစ်မများနှင့်သူငယ်ချင်းများကို တိတ်ဆိတ်ကြေကွဲစွာနှုတ်ဆက်လျက် တောနက်တွင်းမှထွက်ခွာလာခဲ့တော့၏။ မိမိတစ်ကိုယ်တည်း တွေးမိတွေးရာ တွေးတောရင်းဖြင့် လှပသောရေကန်ငယ်တစ်ခုအနီးသို့ အက်ကိုးရောက်ရှိလာခဲ့၏။ သူမတွေ့ခဲ့ဖူးသမျှ လုလင်များထဲတွင် အချောမောဆုံးဟုထင်ရသော လုလင်ပျိုတစ်ယောက်ကို ရေစပ်အနီးတွင်ထိုင်လျက်တွေ့လိုက်ရ၏။ အက်ကိုးသည် အဆိုပါနားစစ်ဆပ်စ်ဟုအမည်ရသောလုလင်ပျိုနှင့် စကားများပြောလိုလှသော်လည်း သူမကစတင်၍ စကားပြောဆိုနိုင်စွမ်းမရှိသဖြင့် သစ်ပင်တစ်ပင်၏နောက်တွင်ပုန်းကွယ်လျက် လုလင်ပျို၏အရိပ်အခြေကို အကဲခပ်လျက်ရှိ၏။

နားစစ်ဆပ်စ်ဆိုသူမှာ ချောမောလှပသောလုလင်ပျိုတစ်ယောက်ဖြစ်ပြီး သူ့ကိုတွေ့မြင်ဖူးသူတိုင်းက မြင်မြင်ချင်းပင် မေတ္တာသက်ဝင်ချစ်ခင်ကြလေ့ရှိ၏။ သူသည် ပင်ကိုယ်သဘာဝအတိုင်းပင် ကြံ့ခိုင်သူဖြစ်ပြီး အရပ်ရှည်လျက် ကောက်ကွေ့သောရွှေရောင်ဆံပင်များက သူ၏ခန္ဓာကိုယ်နှင့်လိုက်ဖက်ညီစွာကိုက်ဖြတ်ထားသည့်အလား ပန်ရလျက်ရှိ၏။ နားစစ်ဆပ်စ်သည် မိမိကိုယ်ကို တစ်ခါမျှပြန်ကြည့်ဖူးသူမဟုတ်သဖြင့် သူ့ကိုယ်သူမည်မျှချောမောသူဖြစ်ကြောင်း သိရှိခြင်းမရှိသည့်အပြင် အခြားသူများကအဘယ့်ကြောင့်သူ့ကို ချစ်ကြိုက်နေကြကြောင်းကိုလည်း နားမလည်ချေ။ စင်စစ်အားဖြင့်သူ့ကို အက်ကိုးစတင်တွေ့ရှိမိသောအချိန်သည် သူ့အားချစ်ကြိုက်နေသူများကိုငြီးငွေ့လှသဖြင့် သက်သာမှုရလိုရငြားထိုနေရာသို့ ပြေးထွက်လာခဲ့ချိန်ဖြစ်၏။

နားစစ်ဆပ်စ်သည် မရပ်မနားလမ်းလျှောက်နေရာမှ ရေငတ်လှသဖြင့် ရေသောက်ရန်အတွက်ထိုရေကန်အနီးသို့ရောက်ရှိလာခဲ့ခြင်းဖြစ်၏။ ဒူးကိုညွှတ်လျက် ရေငုံ့သောက်လိုက်စဉ်တွင် တည်ငြိမ်သောရေမျက်နှာပြင်၌ အလွန်ချောမောလှပသောမျက်နှာတစ်ခုက သူ့ကိုကြည့်နေကြောင်းတွေ့လိုက်ရ၏။ သို့သော် ရေထဲမှထိုချောမောသောမျက်နှာကို ထိမိရန်ကြိုးစားကြည့်သောအခါ ရေမျက်နှာပြင်တွင်လှိုင်းဂယက်များထသွားပြီး ဝိုးတဝါးဖြင့်ပျောက်ကွယ်သွား၏။ နားစစ်ဆပ်စ်သည် ရေထဲမှချောမောသောမျက်နှာပျောက်ဆုံးသွားသဖြင့် ဝမ်းနည်းသွားပြီး ကမ်းစပ်တွင်ထိုင်လျက်ငိုနေမိ၏။ အတန်ငယ်ကြာသောအခါ ရေကန်တွင်းသို့ငုံ့ကြည့်လိုက်ပြန်၏။ ချောမောသောမျက်နှာသည် သူ့အားပြန်ကြည့်နေကြောင်းတွေ့ရ၏။ နားစစ်ဆပ်စ်သည် ရေထဲမှချောမောသောမျက်နှာအတွက် ဝမ်းနည်းသွားမိ၏။ ထိုမျက်နှာကိုထိမိရန်ကြိုးစားလိုက်သောအခါ ပျောက်ကွယ်သွားပြန်၏။

နားစစ်ဆပ်စ်သည် နောက်ကျောဖက်မှ သစ်ရွက်များလှုပ်ရှားသံကို ရုတ်တရက်သတိပြုမိလိုက်၏။ အက်ကိုးက သူ့ကိုစကားစမြည်ပြောရန်ကြိုးစားနေကြောင်း သူမသိချေ။ ရေထဲမှချောမောသောမျက်နှာပျောက်ကွယ်သွားမှုကြောင့် ဝမ်းနည်းလျက်ရှိရာ နားစစ်ဆပ်စ်က "ဘယ်သူလဲဟေ့" ဟုအော်ခေါ်လိုက်၏။ အက်ကိုးကလည်း "ဘယ်သူလဲဟေ့" ဟုပြန်ပြောလိုက်၏။ အက်ကိုးသည် ဟာရာ၏အပြစ်ဒဏ်ကြောင့် လုလင်ပျို၏စကားများကို ပြန်ပြောခြင်းဖြင့်သာစကားပြောနိုင်ရှာ၏။ ထို့အပြင်အက်ကိုးသည် နားစစ်ဆပ်စ်၏ချောမောလှပမှုကြောင့် သူ့ကိုမေတ္တာသက်ဝင်ချစ်ခင်မိပြီဖြစ်၏။ သို့သော် သူမကစတင်၍ စကားပြောဆိုနိုင်ခြင်းမရှိသည်ကိုရှက်လှသဖြင့် အတွေ့မခံရဲပဲ ပုန်းကွယ်လျက်သာရှိ၏။ နားစစ်ဆပ်စ်သည် သူ၏

စကားများကို တစ်စုံတစ်ယောက်ကပြန်ပြောနေသဖြင့် အံ့အားသင့်လျက် အနည်းငယ်လည်းစိတ် အနှောင့်အယှက်ဖြစ်သွားမိ၏။ အဘယ့်ကြောင့်တစ်စုံတစ်ယောက်က သူ့စကားများကိုပြန်ပြောရလောက် အောင်ရိုင်းစိုင်းရသနည်းဟု တွေးတောမိ၏။ သို့နှင့် အနည်းငယ်စိတ်ရှုပ်ထွေးသွားပြီး နားစစ်ဆပ်စ်သည် ရေထဲမှချောမောသောမျက်နှာကို အာရုံရောက်သွားပြန်၏။

ရေမျက်နှာပြင်မှ ချောမောသောမျက်နှာသည် ထိတွေ့ရန်ကြိုးစားလိုက်တိုင်း ပျောက်ကွယ်သွား လေ့ရှိ၏။ ရေကန်တွင်း၌မည်သူမျှမရှိပဲ ရေမျက်နှာပြင်ပေါ်မှ ချောမောသောမျက်နှာပိုင်ရှင်သည် ၎င်းကိုယ် တိုင်၏ အရိပ်ထင်ဟပ်နေမှုဖြစ်ကြောင်း နားစစ်ဆပ်မသိရှိချေ။ နားစစ်ဆပ်စ်တစ်ယောက်တည်းသာ ရေကန်စပ်တွင်ထိုင်လျက် ကန်အတွင်းသို့ကြည့်နေခြင်းဖြစ်၏။ တဖြည်းဖြည်းနှင့် သစ်ပင်များနောက်သို့ နေဝင်သွားသောအခါ နားစစ်ဆပ်သည်သူ၏အရိပ်ကို ရေကန်တွင်း၌မတွေ့ရတော့ချေ။ နားစစ်ဆပ်စ် သည် ရေကန်တွင်း၌တစ်စုံတစ်ဦးရှိနေသည်ဟုယုံကြည်လျက် "ခဏလောက်စောင့်ပါဦး ... မင်းက သိပ်လှတာပဲနော် ... မင်းကိုငါချစ်မိနေပြီ" ဟုအော်ဟစ်နေမိ၏။ သူပြန်ကြားရသောအသံများကား သစ်ပင်များ၏နောက်ကွယ်မှ အက်ကိုး၏ပဲ့တင်သံများပင် ဖြစ်နေတော့၏။



နားစစ်ဆပ်စ်သည်လည်း အက်ကိုးကသူ့ကိုချစ်နေသကဲ့သို့ ရေကန်တွင်း၌ရှိနေသည်ဟု သူယုံကြည်ထားသော လှပသောမျက်နှာပိုင်ရှင်ကို ချစ်နေမိပြီဖြစ်၏။ လုလင်ပျိုက ရေမျက်နှာပြင်ထက်မှ သူ၏အရိပ်ကိုကြည့်လျက်၊ နတ်သမီးလေးကလုလင်ပျိုကိုကြည့်လျက် နေ့ရက်တို့သည်တစ်ရက်ပြီး တစ်ရက် လျင်မြန်စွာကုန်လွန်သွားကြ၏။ နားစစ်ဆပ်စ်က ပေါ်လိုက်ပျောက်လိုက်ဖြစ်နေသော သူ၏ ချစ်သူကိုတမ်းတလျက်၊ အက်ကိုးကနားစစ်ဆပ်စ်ကို စကားစမြည်ပြောရန်ကြိုးစားလျက် ရှိနေကြတော့ ၏။

အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးလျက်ရှိရာ ရေကန်စပ်မှချစ်သူတို့သည် အိပ်စက်ရန်ကို သော်လည်းကောင်း၊ အစားအစာစားသောက်ရန်ကိုသော်လည်းကောင်း မေ့လျော့လျက် အလိုမပြည့်သောစိတ်တို့ဖြင့် ဝမ်းနည်းလျက်ရှိကြကုန်၏။ အချိန်ကြာညောင်းလာသည်နှင့်အမျှ ရေကန်အတွင်းမှ ချောမောသောမျက်နှာပိုင်ရှင်သည် တဖြည်းဖြည်းပိန်ချုံးလာကြောင်း နားစစ်ဆပ်စ် သတိပြုမိလိုက်၏။ ထိုမျက်နှာပိုင်ရှင်သည် ၎င်းကိုယ်တိုင်ပင်ဖြစ်ကြောင်း နားစစ်ဆပ်စ် မရိပ်မိသေးပေ။ သစ်ပင်များ၏နောက်တွင် ပုန်းအောင်းနေသောအက်ကိုးသည် နားစစ်ဆပ်စ်၏အဖြစ်ကိုမြင်မိသော်လည်း သူမကိုယ်တိုင် နားစစ်ဆပ်စ်ကဲ့သို့ တစ်ဖြည်းဖြည်းပိန်ချုံးလာနေကြောင်း သတိမပြုမိပေ။



နားစစ်ဆပ်စ်သည် နေ့စဉ်ရက်ဆက် ရေကန်အတွင်းမှအရိပ်ကိုသာကြည့်နေရာ အစာအဟာရ ပြတ်လပ်မှုကြောင့် တစ်နေ့တစ်ခြားပိန်ချုံးလာတော့၏။ တစ်နေ့တွင်နားစစ်ဆပ်စ်သည် စိတ်ပျက်အားလျော့စွာဖြင့် "အချစ်ရေ ... ဘာကြောင့်ကိုယ့်ကို လျစ်လျူပြုထားရတာလဲကွယ် ... မင်းအတွက် သေမတတ်ခံစားနေရတာကို မြင်လှည့်စမ်းပါဦး" ဟုပြောလိုက်၏။ ဝမ်းနည်းမှုတို့ကြီးစိုးနေသဖြင့် နတ်သမီးလေး၏ ပဲ့တင်စကားပြောသံတို့ကို နားစစ်ဆပ်စ်မကြားနိုင်တော့ချေ။ ရေမျက်နှာပြင်ကို စိုက်ကြည့်လျက် ရေကန်နံဘေးတွင်လဲပြိုသွားခဲ့၏။ ထူးဆန်းသောချစ်သူနှင့် ဆုံတွေ့နိုင်ရန်ကြိုးစားရင်း ရေကံနံဘေးတွင် နားစစ်ဆပ်လဲကျသေဆုံးခဲ့ပြီဖြစ်၏။

သူသေဆုံးသွားသောအခါ ဦးတည်ချက်လွဲမှားနေသောချစ်ခြင်းမေတ္တာနှင့် လုလင်ပျိုလေးကို သနားလှသဖြင့် နတ်ဘုရားများကသူ့ကို နားစစ်ဆပ်စ် *narcissus* ဟုခေါ်သော ပန်းပွင့်ကလေးအဖြစ် အသွင်ပြောင်းလဲပေးလိုက်ကြ၏။ အက်ကိုးသည်လည်း နားစစ်ဆပ်စ် ပန်းပွင့်ကလေးအသွင်ပြောင်းလဲ သွားသည်ကို တွေ့မြင်လိုက်ရပြီးနောက် သူမ၏ပဲ့တင်တတ်သော အသံကလေးကိုသာချန်ရစ်လျက် သနားစဖွယ် လဲပြိုသေဆုံးသွားခဲ့ရှာတော့၏။

# ၉။

# ဟီးလယပ်စ်နှင့် ဖေးသွန်



# မိတ်ဆက်

လူသားတို့၏တည်ရှိမှုနှင့်ပတ်သက်၍ အမှားကျူးလွန်မှုများအကြောင်းကို ဂရိဒဏ္ဍာရီအမြောက်အများတွင်တွေ့ရှိနိုင်၏။ အများအားဖြင့် မိမိတို့၏စွမ်းရည်အတိုင်းအဆကိုမသိရှိကြသဖြင့် အပြစ်ဒဏ်ခံရမှုများအကြောင်းဖြစ်၏။ ဂရိစကားဖြစ်သော ဟရူးဘရစ်စ် *hubris* ဆိုသည်မှာ ထိုသို့မိမိတို့၏စွမ်းရည်အတိုင်းအဆကိုမသိပဲ ဘောင်ကျော်တတ်ကြသူများကို ညွှန်းဆိုသောစကားဖြစ်၏။ ဒဏ္ဍာရီများတွင် ဘုရင် (သို့) နတ်ဘုရားများကို စိန်ခေါ်အံတုကြခြင်းဖြင့် *hubris* ကိုမကြာခဏသရုပ်ပြလေ့ရှိကြ၏။ *Hubris* ကို မာန်မာနထောင်လွှားမှု၏ရလာဒ်အဖြစ်လည်း ဖေါ်ပြတတ်ကြ၏။ ၎င်း၏ရလာဒ်သည်ကား အများအားဖြင့် ဝမ်းနည်းမှုနှင့်နောင်တတရားတို့ဖြင့် အဆုံးသတ်လေ့ရှိ၏။ ယခုဖေါ်ပြမည့် ဟီးလယပ်စ်နှင့်ဖေးသွန်ဇာတ်လမ်းတွင် *hubris* နှင့် ယင်းသို့ဖြစ်ပေါ်လာအောင်လှုံ့ဆော်တတ်သော သဘောတရားများအကြောင်းကို တွေ့ရှိရမည်ဖြစ်၏။

နေနတ်ဘုရား ဟီးလယပ်စ် (Helius) (ဂရိစကား *helios* ဆိုသည်မှာ "နေ" ဟုအဓိပ္ပါယ်ရ၏) သည် တိုက်တန်နတ်ဘုရားများဖြစ်ကြသော နတ်ဘုရားဟိုက်ပါရီအန်နှင့် နတ်ဘုရားမသိုင်အာတို့၏ သားတော်ဖြစ်၏။ ဟီးလယပ်စ်သည် နေ၏အရေးပါမှုကြောင့် ထင်ရှားသောနတ်ဘုရားဖြစ်သော်လည်း ရှေးဂရိလူမျိုးတို့က သူ့ကိုကိုးကွယ်ခြင်းမပြုကြပေ။ ဟီးလယပ်စ်ကို အလင်းရောင်နတ်ဘုရား အပိုလိုနှင့် မကြာခဏ မှားယွင်းလေ့ရှိတတ်ကြ၏။ ဟီးလယပ်စ်တွင် ကြင်ယာတော်အမြောက်အများရှိပြီး သားသမီးလည်း အမြောက်အများထွန်းကားခဲ့၏။ တိုက်တန်နတ်ဘုရားများဖြစ်ကြသော နတ်ဘုရားအိုးရှန်းနပ်စ်နှင့် နတ်ဘုရားမတက်သစ်စ်တို့၏ သမီးတော်ဖြစ်ပြီး *oceanid* ဟုခေါ်သည့် ပင်လယ်သမုဒ္ဒရာတို့၏ဝိညာဉ်ဖြစ်သော ကလင်မနီ (Clymene) ဆိုသူသည် ဟီးလယပ်စ်၏ ကြင်ယာတော်များထဲမှတစ်ပါးဖြစ်၏။ ဟီးလယပ်စ်နှင့်ကလင်မနီတွင် "တောက်ပခြင်း" (shining) ဟုအဓိပ္ပါယ်ရသော ဖေးသွန် (Phaethon) အမည်ရှိသားတော်တစ်ပါးရှိ၏။

ဟီးလယပ်စ်နှင့်ဖေးသွန်တို့၏ဇာတ်လမ်းသည် ဩဗစ်၏ *The Metamorphoses* အမည်ရှိကဗျာတွင်ပါရှိ၏။ ဤပုံပြင်တွင်လည်း သဘာဝ၏အံ့သြဖွယ်ကောင်းသောအခြင်းအရာအချို့ကို တွေ့မြင်ရမည်ဖြစ်၏။ ပုံပြင်ထဲ၌ နဂါးငွေ့တန်း ဂဲလပ်ဇီ (Milky Way galaxy) နှင့် အက်ဖရစ်ကတွင်ရှိသော သဲကန္တာရ (deserts of Africa) တို့ ဖြစ်ပေါ်လာပုံအကြောင်းများကို ရှင်းပြထား၏။ အက်ဖရစ်ကရှိ အီသီအိုးပီးယား (Ethiopia) နှင့် ယနေ့ခေတ်အီတလီနိုင်ငံတွင် ပိုးမြစ် (Po River) ဖြစ်လာမည့် အရစ်ဒန်နပ်စ်မြစ် (Eridanus River) အစရှိသော ပြင်ပလောကတွင်အမှန်တစ်ကယ်တည်ရှိနေသည့် နေရာများအကြောင်းကိုလည်းဖေါ်ပြထား၏။

# ဟီးလီးယပ်စ်နှင့် ဖေးသွန်

ဟီးလယပ်စ်ဆိုသည်မှာ နေနတ်ဘုရားဖြစ်၏။ ဇီးယုစ်က နတ်ဘုရားများကို အလုပ်တာဝန်များ ခွဲဝေပေးချိန်တွင် ဟီးလယပ်စ်မရှိသေးသဖြင့် သူ့တွင် ကမ္ဘာမြေ၌ပိုင်ဆိုင်သောနေရာမရှိပေ။ သူ၏အဓိက လုပ်ငန်းဆောင်တာသည် နတ်မြင်းရထားကိုကောင်းကင်ပြင်၌ နေ့စဉ်ဖြတ်သန်းမောင်းနှင်ရန်ဖြစ်၏။ စင်စစ်အားဖြင့် နေဆိုသည်မှာ အဆိုပါနတ်မြင်းရထားပင်ဖြစ်သဖြင့် လွန်စွာအရေးပါ၏။ နေသည် ကမ္ဘာမြေအတွက် အလင်းရောင်နှင့်နွေးထွေးမှုကိုပေးပြီး ၎င်း၏ဖြတ်သန်းသွားလာမှုကြောင့် နေ့နှင့်ညတို့ ဖြစ်ပေါ်လျက်ရှိ၏။ ဟီးလယပ်စ်သည် နေထွက်ခြင်းနှင့်နေဝင်ခြင်းတို့ အချိန်မှန်မှန်ဖြစ်ပေါ်စေရန် အထူး ဂရုပြု၍မောင်းနှင်ပေး၏။

ဟီးလယပ်စ်သည် အလွန်အလုပ်များသူဖြစ်သော်လည်း ကလင်မနီဆိုသူ အမျိုးသမီးတစ်ဦးနှင့် မေတ္တာမျှခဲ့၏။ ကလင်မနီသည် ယခုအခါ အီသီအိုးပီးယားဟုခေါ်ဆိုသောအရပ်တွင် နေထိုင်သူဖြစ်၏။ ၎င်းတို့စုံတွဲတွင် ဖေးသွန်အမည်ရှိ သားတစ်ယောက်ထွန်းကားခဲ့၏။ ဖေးသွန်မွေးဖွားပြီးသည့်နောက်တွင် ကလင်မနီသည် ဟီးလယပ်စ်နှင့်ကွဲကွာသွားခဲ့ပြီး သူမ၏ကလေးငယ်ကို သားအရင်းကဲ့သို့စောင့်ရှောက် သော မင်းသားတစ်ပါးနှင့်လက်ဆက်ခဲ့၏။ ကလင်မီနီသည် မင်းသားနှင့်လည်း သားသမီးများထွန်းကားခဲ့ ပြီး နှစ်ပေါင်းများစွာကြာအောင် ပျော်ရွှင်စွာနေထိုင်ခဲ့ကြ၏။

သို့သော် ကလင်မနီကဖေးသွန်ကို ၎င်း၏ဖခင်သည် မင်းသားမဟုတ်ကြောင်းပြောပြလိုက်သည့် အခါ တော်ဝင်မိသားစု၏ ငြိမ်းချမ်းသောဘဝမှာပျက်စီးခဲ့ရ၏။ ကလင်မီနီကဖေးသွန်ကို ၎င်း၏ဖခင်သည် နေနတ်ဘုရား ဟီးလယပ်စ်ဖြစ်ကြောင်းပြောပြခဲ့၏။ ဖေးသွန်သည် မိခင်၏စကားကိုကြားလိုက်ရသည့် အခါ များစွာအံ့အားသင့်သွားခဲ့၏။

ဖေးသွန်သည် ထိုအကြောင်းများကို ကျောင်းရှိ အတန်းဖော်သူငယ်ချင်းများအား ပြောပြခဲ့၏။ သူငယ်ချင်းများသည် ထိုအကြောင်းကိုမယုံကြည်ကြပဲ ဖေးသွန်ကိုလှောင်ပြောင်ကြ၏။ ဖေးသွန်ကို နေနတ်ဘုရား၏သားဖြစ်ကြောင်း မယုံကြည်ကြပဲ ပုံပြင်အဖြစ်သာသဘောထားကြ၏။ သူငယ်ချင်းများ ထဲမှတစ်ယောက်သည် ဖေးသွန်ကို "ဟီးလယပ်စ်ကမင်းအဖေဆိုရင် ငါတို့ကိုယုံကြည်အောင် သက်သေ ပြပါလား" ဟုစိန်ခေါ်လိုက်၏။

ဖေးသွန်လည်း သူငယ်ချင်းများကိုသက်သေပြရန် စိတ်အားထက်သန်လှသဖြင့် အိမ်ရောက်သော် ဟီးလယပ်စ်သည် သူ၏ဖခင် အစစ်အမှန်ဖြစ်ကြောင်းသက်သေပြရန် မိခင်ထံအကူအညီတောင်း၏။ ကလင်မနီအနေဖြင့် နတ်ဘုရားသည် သားဖြစ်သူ၏ဖခင်အစစ်ဖြစ်သည်ဟုပြောရန် ခိုင်မာသောသက်သေ မရှိပေ။ သို့ရာတွင် ကလင်မနီသည်ဖေးသွန်ကို နတ်ဘုရားထံသို့သွားရောက်ပြီး သက်သေတောင်းဆိုနိုင် ရန်အတွက် ဟီးလယပ်စ်၏ နန်းတော်သို့သွားရာလမ်းကိုညွှန်ပြရန် ကတိပြုလိုက်၏။

ဖေးသွန်သည် မိခင်၏လမ်းညွှန်မှုကြောင့် နတ်ဘုရား၏နန်းတော်ကို အလွယ်တကူပင် ရှာဖွေတွေ့ ရှိခဲ့၏။ ဖခင်၏နန်းတော်ကိုတွေ့မြင်လိုက်ရသောအခါ မိမိမျက်စိကိုပင်မိမိမယုံနိုင်အောင် အံ့ဩသွားခဲ့၏။ သူမြင်တွေ့ဖူးခဲ့သမျှသော အဆောက်အဦးများထဲတွင် အကောင်းဆုံးဖြစ်ပြီး နန်းတော်အားလုံးတွင်

အကောင်းဆုံးနန်းတော်ဖြစ်၏။ ဖေးသွန်သည် ဟီးလယပ်စ်စံမြန်းရာ *dais* ခေါ်ရာဇပလ္လင်အနီးသို့ စိတ်လှုပ်ရှားစွာဖြင့် တိုးကပ်သွားခဲ့၏။ ထို့နောက် ပတ်ဝန်းကျင်ကိုအံ့သြစွာဖြင့် ငေးမောကြည့်ရှုလျက်ရှိ၏။ ရွှေဖြင့်အတိပြီးသော ကြီးမားလှသည့်နန်းတော်တိုင်ကြီးများသည် အခန်းတွင်း၌အရောင်များ တောက်ပလျက်ရှိ၏။ နတ်ဘုရားစံပယ်နေသောရာဇပလ္လင်ကို ကျောက်စိမ်းဖြင့်ထွင်းထုထား၏။ အခန်းတွင်း၌ နတ်ဘုရားငယ်အချို့သည် ဟီးလယပ်စ်၏ထံပါးတွင်အခစားဝင်နေကြ၏။ အဆိုပါ နတ်ဘုရားတို့၏ အမည်များမှာ နေ့ (Day)၊ လ (Month)၊ နှစ် (Year) တို့ဖြစ်ကြပြီး အခြားသော နတ်ဘုရားများဖြစ်ကြသည့် ရာစုနှစ်များ (Centuries)၊ နာရီများ (Hours) နှင့် ရာသီများ (Seasons) လည်းရှိကြ၏။

ဖေးသွန်သည် လှပသောရင်း၏မိခင်နှင့် ကိုယ်နေဟန်ထားရော မျက်လုံးများပါဆင်တူသဖြင့် ဟီးလယပ်စ်က မြင်မြင်ချင်းပင်သူ့သားဖြစ်ကြောင်းသိလိုက်၏။ နတ်ဘုရားသည်လည်း သူ့မိခင်ပြောပြခဲ့သည့်အတိုင်းပင် သူ၏ဖခင်အစစ်အမှန်ဖြစ်ကြောင်း ဖေးသွန်အားဝန်ခံလိုက်၏။ ဖေးသွန်က သူငယ်ချင်းများကို သက်သေပြလိုသည်ဟုတောင်းဆိုလိုက်သောအခါ ဟီးလယပ်စ် အံ့အားသင့်သွားသော်လည်း သားဖြစ်သူ၏ခံစားချက်ကိုနားလည်မိ၏။ သို့နှင့်ဖေးသွန်ကို "ငါ့သားတောင်းဆိုသမျှ သက်သေပြချက်ကို ပေးဖို့ မရဏမြစ်ကိုတိုင်တည်ပြီးအဖေကတိပေးပါတယ်" ဟုပြောလိုက်၏။ မရဏမြစ်ကိုတိုင်တည်ထားသော ကတိစကားသည် နတ်ဘုရားများပင်ဖေါက်ဖျက်ခြင်းမပြုနိုင်ကြောင်း ဖေးသွန် နားလည်ထား၏။

ထို့ကြောင့်ဖေးသွန်က ဟီးလယပ်စ်ဖက်သို့လှည့်ကာ "အဖေ ... ကျွန်တော်ဟာ အဖေ့သား ဖြစ်တယ်ဆိုတာကို ကျွန်တော်ယုံကြည်ပါတယ်။ ဒါပေမယ့် သားကိုပြောင်လှောင်ကြတဲ့ သူငယ်ချင်းတွေ ကိုသက်သေပြချင်ပါတယ်။ အဖေဟာ နတ်မြင်းရထားကိုမောင်းနှင်ရာမှာ နေ့စဉ်ဂရုတစ်စိုက်နဲ့ မောင်းနှင် လေ့ရှိမှန်း သားသိထားပါတယ်။ ကျွန်တော်ဟာ အဖေ့သားဖြစ်တဲ့အကြောင်းသက်သေပြနိုင်ဖို့ မနက်ဖြန် ကျရင် အဖေ့နတ်မြင်းရထားကိုမောင်းနှင်ခွင့်ပြုပါ။ ဒါမှ ကမ္ဘာပေါ်ကရှိနေတဲ့လူတွေအားလုံး အဖေ့နေရာ မှာ သားမောင်းနှင်နေမှန်းမြင်နိုင်ကြမှာဖြစ်ပါတယ်။ သူတို့အနေနဲ့သားကို နတ်ဘုရားတစ်ပါးလို ရဲရင့်တဲ့လူ အဖြစ် မြင်တွေ့စေချင်ပါတယ်။ အဖေကတိတည်တဲ့အနေနဲ့ သားကို နတ်မြင်းရထားမောင်းနှင်ခွင့်ပေးပါ" ဟုတောင်းဆိုလိုက်၏။

ဟီးလယပ်စ်သည် သားဖြစ်သူ၏တောင်းဆိုချက်ကို ကြားမိသည်နှင့်တစ်ပြိုင်နက် မရဏမြစ်ကို တိုင်တည်၍ ကတိထားမိသည့်အတွက် များစွာနောင်တရမိလိုက်၏။ နတ်မြင်းရထားသည် မောင်းနှင်ရန် လွန်စွာခဲယဉ်းလှသဖြင့် သည်မည်သည့်အခါကမျှ အခြားသူတစ်ဦးတစ်ယောက်အား မောင်းနှင်ခွင့်မပြုခဲ့ ဖူးချေ။ နတ်မြင်းများသည်လွန်စွာရိုင်းစိုင်းကြမ်းတမ်းပြီး ဟီးလယပ်စ်၏အမိန့်မှတစ်ပါး မည်သူ၏အမိန့် ကိုမျှနာခံခြင်းမရှိပေ။ နတ်ဘုရားအားလုံး၏ဘုရင်ဖြစ်သော ဇီးယုစ်ပင်လျှင် ဟီးလယပ်စ်၏ နတ်မြင်းရထား ကိုထိန်းသိမ်းမောင်းနှင်နိုင်စွမ်းမရှိချေ။ ထို့ကြောင့်ဟီးလယပ်စ်သည် သားဖြစ်သူကိုအခြားသက်သေတစ်ခု ပြောင်းလဲတောင်းဆိုပေးရန်တောင်းပန်ခဲ့၏။ နတ်မြင်းရထားသည် ထိန်းသိမ်းမောင်းနှင်ရန်လွန်စွာခက်ခဲ ကြောင်းနှင့် ဖြစ်ပေါ်လာမည့်အန္တရာယ်နှင့်အကျိုးဆက်တို့ကိုဖေးသွန်အား ဖျောင်းဖျပြောကြားခဲ့၏။ ဇီးယုစ် ကိုယ်တိုင်မောင်းနှင်ပါမည်ဆိုလျှင်ပင် ဟီးလယပ်စ်အနေဖြင့် စိတ်ချနိုင်လိမ့်မည်မဟုတ်ပဲ ဖေးသွန်သာ မောင်းနှင်ပါက ကောင်းကင်ပြင်တွင် အလွယ်တကူသေဆုံးသွားလိမ့်မည်ဖြစ်ကြောင်း သိရှိထား၏။

သို့သော် မည်မျှပင်ဖျောင်းဖျပြောဆိုသော်လည်း ဖေးသွန်သည် နတ်မြင်းရထားမောင်းနှင်ရန်သာ ပူဆာလျက်ရှိ၏။ သူကနတ်ဘုရားအား မရဏမြစ်ကိုတိုင်တည်ထားသောကတိစကားနှင့် အကျပ်ကိုင်၏။ သို့နှင့်နောက်ဆုံးတွင် ဟီးလယပ်စ်သည်မတတ်သာတော့ပဲ သား၏ဆန္ဒအတိုင်း နတ်မြင်းရထားကို မောင်းနှင်ခွင့်ပြုလိုက်ပြီး သူ၏အစေခံများဖြစ်သော နာရီများ (Hours) ကို နတ်ရထားအတွက်မြင်းများ ပြင်ဆင်ထားရန် အမိန့်ပေးလိုက်၏။

ဖေးသွန်သည် စိတ်လှုပ်ရှားလွန်းသဖြင့်အူမြူးလျက်ရှိ၏။ နာရီများက နတ်မြင်းများကိုပြင်ဆင်နေချိန်တွင် ပျော်ရွှင်လွန်းသဖြင့်အော်ဟစ်ခုန်ပေါက်နေခဲ့၏။ အစေခံများက နတ်မြင်းတို့ကိုတည်ငြိမ်အောင် ထိန်းပေးပြီးသောအခါ ဖေးသွန်ကနတ်ရထားပေါ်တက်လိုက်ပြီး ဖခင်အားလှမ်းကြည့်လိုက်၏။ "အဖေ" ဖေးသွန်က ဂုဏ်ယူဝင့်ကြွားစွာဖြင့်ပြောလိုက်၏ "စိတ်မပူပါနဲ့အဖေ … သားဘယ်လောက်တော်တယ် ဆိုတာ အဖေဂုဏ်ယူနိုင်အောင်မောင်းနှင်ပြပါ့မယ်"။ ထို့နောက်အစေခံများကို လက်ပြနှုတ်ဆက်လိုက်ပြီး ရွှေရောင်နှင်တံကိုမြှောက်လျက် နတ်မြင်းရထားဖြင့်ကောင်းကင်ပြင်သို့ မောင်းနှင်ထွက်ခွာသွားတော့၏။

ကမ္ဘာမြေပြင်သည် နံနက်ခင်း၏နေရောင်ခြည်တို့ဖြင့် တစ်ခဏမျှကြာအောင်ဖုံးလွှမ်းသွားခဲ့၏။ ဟီးလယပ်စ်သည် နတ်မြင်းရထားကို ဖေးသွန်မောင်းနှင်ကောင်းမောင်းနှင်နိုင်လိမ့်မည်ဟု မရဲတရဲယူဆ လျက် သက်ပြင်းတစ်ချက်ချလိုက်၏။ သို့သော် သူ၏ယူဆချက်မှားယွင်းနေကြောင်း တခဏမျှအကြာတွင် သိလိုက်ရ၏။

ဖေးသွန်သည် ဖခင်၏နန်းတော်မှထွက်ခွာပြီးမကြာမီ၌ နတ်မြင်းများကိုထိန်းသိမ်းနိုင်စွမ်းမရှိ တော့ပေ။ နတ်မြင်းရထားကို လမ်းကြောင်းမှန်အတိုင်းသွားရန်မတတ်နိုင်ပဲရှိ၏။ နတ်မြင်းများသည် သွားနေကျလမ်းကြောင်းအတိုင်းမဟုတ်ပဲ အခြားတစ်ပါးသောအရပ်တို့သို့ ဦးတည်လျက်ရှိကြ၏။ ဖေးသွန် သည် နေ့နှင့်ညကိုအစိုးရသော နတ်ဘုရားဟီးလယပ်စ်၏သားတော်နှင့်မတူတော့ပဲ နတ်ရထားပေါ်မှ လိမ့်မကျနိုင်စေရန်သာ ကြောက်ရွံ့စွာကြိုးစားနေရ၏။ ဟီးလယပ်စ်သည် ဖေးသွန်၏ကမောက်ကမဖြစ် နေမှုကို နန်းတော်ထက်မှကြည့်နေရုံမှလွဲ၍ နတ်မြင်းရထားကိုရပ်တန့်သွားအောင် မစွမ်းဆောင်နိုင်ပေ။

ပထမဦးစွာ နတ်မြင်းရထားသည်ဖေးသွန်ကို ညကောင်းကင်ပြင်သို့သယ်ဆောင်သွားပြီး ၎င်းနှင့် ထိမိသောအရာတိုင်းကို လောင်ကျွမ်းစေ၏။ ညကောင်းကင်ပြင်တွင်ရှိသော အဆိုပါအမာရွတ်ကြီးကို နဂါးငွေ့တန်း (the Milky Way) ဟုခေါ်ကြပြီး ယခုတိုင်အောင်ပင် ဖေးသွန်၏နတ်မြင်းရထား ဖြတ်သန်း ခဲ့သောလမ်းကြောင်းကြီးကို ညအခါတွင်တွေ့မြင်နိုင်ကြ၏။ ညကောင်းကင်ပြင်ကို ကျော်လွန်လာသော အခါ နတ်မြင်းရထားသည် ကြောက်ရွံ့နေသော ရထားမောင်းသူကိုသယ်ဆောင်လျက် ကမ္ဘာမြေဆီသို့ ဦးတည်လာတော့၏။ နတ်မြင်းများသည် ကမ္ဘာမြေ၏အီကွေတာ (equator) အနီးသို့ ချဉ်းကပ်သွားကြ ပြီး နတ်မြင်းရထားနှင့်ထိမိသောမြေပြင်တွင် မီးတောက်မီးလျှံများကိုဖြစ်ပေါ်စေ၏။ ထိုသို့လောင်ကျွမ်းခြင်း ခံရသောဒေသများသည် ယခုအခါအက်ဖရစ်ကရှိ သဲကန္တာရများဖြစ်ပေါ်လာခဲ့၏။



ဖေးသွန်၏ နတ်မြင်းရထားသတင်းသည် မကြာမီတွင် အလင်ပတ်တောင်သို့ရောက်ရှိသွား၏။ နတ်ဘုရားအားလုံး၏ပထမဆုံးမိခင်ဖြစ်သော ဂိုင်အာနတ်ဘုရားမသည် ကမ္ဘာမြေပျက်စီးခြင်းမှကယ်တင်ကြပါရန် အခြားသောနတ်ဘုရားတို့အားတောင်းပန်လိုက်၏။ အကယ်၍နတ်မြင်းရထားကို ရပ်တန့်နိုင်ခြင်းမရှိပါက ကမ္ဘာမြေတစ်ခုလုံးလောင်ကျွမ်းပျက်စီးတော့မည်ကို နတ်ဘုရားများသိရှိလိုက်၏။ နတ်ဘုရားတို့၏ဘုရင်ဇီးယုစ်သည် ဖေးသွန်ကိုသေစေလိုသောဆန္ဒမရှိသော်လည်း ရွေးချယ်စရာနည်းလမ်းမရှိတော့ပေ။ သို့နှင့်ဇီးယုစ်သည် ဖေးသွန်ကိုချိန်ရွယ်လျက် မိုးကြိုးလက်နက်ကိုပစ်လွှတ်လိုက်၏။ ဇီးယုစ်၏မိုးကြိုးသွားသည် ဖေးသွန်ကိုထိမှန်သွားသဖြင့် နတ်မြင်းရထားပေါ်မှ အရစ်ဒန်နပ်စ်မြစ်အတွင်းသို့လိမ့်ကျပြီး သေဆုံးသွားတော့၏။ နတ်မြင်းများနှင့် အလျှံတညီးညီးတောက်လောင်နေသော နတ်ရထားမှာလည်း မြစ်အတွင်းသို့ကျဆင်းသွားတော့၏။

နတ်ဘုရားများသည် ဖေးသွန်သေဆုံးရသည့်အတွက် စိတ်မကောင်းဖြစ်မိကြသော်လည်း ကမ္ဘာမြေကို ကယ်တင်နိုင်လိုက်သည့်အတွက် စိတ်ချမ်းသာရရကြ၏။ ပန်းပဲဆရာဖြစ်သော မီးနတ်ဘုရားဟစ်ဖစ်စတပ်စ်က ဟီးလယပ်စ်အတွက် နတ်မြင်းရထားအသစ်ပြုလုပ်ပေးခဲ့ပြီး ကမ္ဘာမြေတွင်နေ့နှင့်ညတို့ဆက်လက်ဖြစ်ပေါ်စေခဲ့၏။ နတ်မြင်းရထားအသစ်သည် နတ်ဘုရား၏သားဖြစ်သော ဖေးသွန်သေဆုံးမှုအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ကျောက်မျက်ရတနာတို့နှင့်စီခြယ်ထားရာ ပို၍ပင်လှပလျက်ရှိတော့၏။

ဟီးလယပ်စ်၏ သမီးတော်များဖြစ်ကြသော ဟီးလီအက်ဒီ (Heliades) တို့သည် ၎င်းတို့၏မောင်သေဆုံးခဲ့ရသည့်အတွက် အရစ်ဒန်နပ်စ်မြစ်ဘေးတွင်စုဝေးကာ ငိုကြွေးလျက်ရှိကြကုန်၏။ ၎င်းတို့သည် နှစ်ပေါင်းများစွာကြာအောင်ပင် ငိုကြွေးလျက်ရှိကြရာ နတ်ဘုရားများကသနားလှသဖြင့် ၎င်းတို့ကိုပေါ့ပလာပင် (poplar tree) များအဖြစ် အသွင်ပြောင်းပေးလိုက်ကြပြီး မြစ်ကမ်းနဘေးတွင် ပေါက်ရောက်ရှင်သန်လျက်ရှိကြကုန်၏။ ၎င်းတို့ငိုကြွေးခဲ့သောမျက်ရည်များသည် အဝါရောင်ရေစက်များအသွင်ပြောင်းလဲသွားကြပြီး အဆိုပါပေါ့ပလာပင်တို့မှနေ၍ မြစ်အတွင်းသို့ စီးဆင်းလျက်ရှိကြတော့၏။

# ခက်ဆစ်အဖွင့်

**ambrosia** နတ်ဘုရားတို့အသုံးပြုလေ့ရှိသော သောက်သုံးစရာ၊ လိမ်းကျံစရာ (သို့) အမွှေးနံ့သာတစ်မျိုး။ ဒမီတာသည် အလျူစစ်၏မင်းသားငယ်ဖြစ်သော ဒမော့ဖွန်းကို အဆိုပါနတ်ဆေးများ လိမ်းကျံပေးခဲ့ဖူး၏။

**Archaeology** ရှေးဟောင်းယဉ်ကျေးမှုများအကြောင်း လေ့လာသောပညာရပ်။

**bacchantes** ဒိုင်အန်နစ်ဆပ်စ်နတ်ဘုရား၏ နောက်လိုက်အမျိုးသမီးများ။ ထိုအမျိုးသမီးတို့သည် တိရစ္ဆာန်ရိုင်းများကဲ့သို့ပြုမူလေ့ရှိကြပြီး အထူးခွန်အားများလည်းရှိတတ်ကြ၏။

**chaos** အချိန်မပေါ်ပေါက်မီကရှိနှင့်သော အစီအစဉ်မကျသည်လည်းမဟုတ်၊ ကျသည်လည်းမဟုတ်သော စကြဝဠာ။ ထို့နောက် ကမ္ဘာသစ်၏ပထမဆုံးနတ်ဘုရားမဖြစ်သော ဂိုင်အာက ကမ္ဘာမြေ၊ မိုးကောင်းကင်နှင့် ပင်လယ်သမုဒ္ဒရာတို့အဖြစ် တစ်ဖြည်းဖြည်းနှင့်ခွဲခြားပေးခဲ့၏။ ဂရိတို့၏အလိုအရ ကျယ်ပြောသောအာကာသဟင်းလင်းပြင် (သို့) နက်ရှိုင်းသောလိုဏ်ဂူဟုလည်း အဓိပ္ပါယ်ရ၏။

**Cyclopes** ဂိုင်အာနှင့် ယူရေးနပ်စ်တို့၏သားသမီးများဖြစ်ကြပြီး ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးကြလျက် တစ်ဦးစီတွင် နဖူးအလယ်တည့်တည့်၌ မျက်လုံးတစ်လုံးစီသာပါရှိကြ၏။ ၎င်းတို့သည် ကျွမ်းကျင်သော လက်မှုပညာရှင်များဖြစ်ကြပြီး အလင်းပီအန်နတ်ဘုရားများအတွက် တိုက်တန်နတ်ဘုရားတို့ကိုတိုက်ခိုက်ရန် လက်နက်များပြုလုပ်ပေးခဲ့ကြ၏။

**dais** ရာဇပလ္လင်တည်ရှိရာ မြင့်မားသော နေရာ။

**echo** သဘာဝအရဖြစ်ပေါ်လာသော ပဲ့တင်သံ။ အဆိုပါစကားရပ်မှာ အခြားသူများ ပြောကြားသည်တို့ကိုသာ ပြန်လည်ပြောကြားနိုင်သော နတ်သမီးတစ်ပါး၏အမည်မှ ဆင်းသက်လာခဲ့၏။

**Eleusinian Mysteries** နတ်ဘုရားမဒမီတာကို ဂုဏ်ပြုကျင်းပလေ့ရှိသော ဘာသာရေးပွဲတော်များ။ သမီးတော်ကို ယမမင်းဟေးဒီးစ်ကခိုးယူပြေးမှုကြောင့် ဝမ်းနည်းလျက်ရှိစဉ် ဒမီတာနေထိုင်ခဲ့သည်ဟုယူဆကြသော အလျူးစစ်မြို့တော်တွင် အဆိုပါပွဲတော်များကို ကျင်းပလေ့ရှိကြ၏။

**glade** တောနက်ရာ နေရာ။

**hubris** မိမိကိုယ်ကို လွန်ကဲစွာအထင်ကြီးမှု။ လူတို့သည် မိမိတို့ပြုလုပ်နိုင်စွမ်းရှိသော စွမ်းဆောင်နိုင်မှု နယ်နိမိတ်ကိုကျော်လွန်လျက် စိတ်ကြီးဝင်တတ်ကြ၏။ အဆိုပါအပြုအမူတို့သည် ဝမ်းနည်းနောင်တရမှုတို့ဖြင့် အဆုံးသတ်လေ့ရှိ၏။

**metamorphosis** အသွင်သဏ္ဍာန် ပြောင်းလဲခြင်း။ ဂရိဒဏ္ဍာရီတို့တွင် လူတစ်ယောက်မှ အခြားအရာတစ်ခုသို့ အသွင်ပြောင်းသွားသည့်သာဓကများကို မကြာခဏတွေ့ရလေ့ရှိ၏။ ဥပမာအားဖြင့် နားစစ်ဆပ်စ်သည် ပန်းပွင့်တစ်ပွင့်အဖြစ် အသွင်ပြောင်းလဲသွားခြင်း။

**narcissism** မိမိကိုယ်ကို ပြန်လည်ချစ်ခင်မှု။

**nymph** မထင်ရှားသော နတ်ဘုရားမ (သို့) သဘာဝ၏စွမ်းရည်လက္ခဏာ။ ၎င်းတို့ကို တောင်တန်းများ၊ တောအုပ်များ၊ သစ်ပင်များနှင့် ရေအိုင်များတွင် ကျက်စားလေ့ရှိသည့် လှပသော နတ်သမီးများအဖြစ် သရုပ်ဖော်လေ့ရှိကြ၏။

**oceanid** ပင်လယ်သမုဒ္ဒရာ၏ ဝိညာဉ်။

**Olympia** အလင်းပီအန်နတ်ဘုရားများ၏ အဓိကဘုရားကျောင်းဆောင်များ တည်ရှိရာ Peloponnesus ၏ အနောက်ဖက်အပိုင်းတွင်ရှိသောမြို့တော်။ ပျက်စီးနေသောဘုရားကျောင်းဆောင်များကို ယခုတိုင်သွားရောက်လည်ပတ်နိုင်ဆဲဖြစ်၏။

**Olympians** တိုက်တန်နတ်ဘုရားများမှ ဆင်းသက်လာသော ဇီးယုစ်ပါဝင်သည့်နတ်ဘုရားများနှင့် နတ်ဘုရားမများအုပ်စု။

**omen** အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်နိုင်မည့် သဘာဝ၏ ဆန်းကြယ်သောဖြစ်ရပ် (သို့) နိမိတ်လက္ခဏာတစ်ခု။

**oracle** နိမိတ်လက္ခဏာတို့ကို ဘာသာပြန်နိမိတ်ဖတ်ပေးသည့် နတ်ဆရာ။

**pantheon** နတ်ဘုရားများနှင့် နတ်ဘုရားမများပါဝင်သော နတ်ဘုရားအုပ်စုတစ်ခု။

**polytheistic** နတ်ဘုရား (သို့) နတ်ဘုရားမတစ်ဦးထက်ပို၍ ယုံကြည်သက်ဝင်မှု။

**River Styx** သေမင်းနိုင်ငံ၏ အရေးပါသောမြစ်တစ်စင်း။ ထိုမြစ်အား တိုင်တည်ထားရှိသော ကတိသစ္စာကို နတ်ဘုရားများပင် ချိုးဖေါက်နိုင်ခြင်းမရှိပေ။

**sickle** ကောက်ရိတ်ရာတွင်အသုံးပြုလေ့ရှိသော တံဇဉ်။ ကရိုးနပ်စ်သည် ဖခင်ယူရေးနပ်စ်ကို ထိုးသတ်ရာတွင်အသုံးပြုခဲ့ဖူး၏။

**Tartarus** တိုက်တန်နတ်ဘုရားများနှင့် အလင်းပီအန်နတ်ဘုရားတို့၏ တိုက်ပွဲပြီးဆုံးသွားသောအခါ တိုက်တန်နတ်ဘုရားအများအပြားကို ပိတ်လှောင်ထားခဲ့ရာ နက်ရှိုင်းသည့်လိုဏ်ဂူ။

**Titans** ယူရေးနပ်စ်နှင့်ဂိုင်အာတို့၏ သားသမီးများဖြစ်ကြသော နတ်ဘုရားနှင့်နတ်ဘုရားမများ။ ၎င်းတို့၏ခေါင်းဆောင်မှာ အလင်းပီအန်နတ်ဘုရားတို့၏ဖခင်ဖြစ်သော ကရိုးနပ်စ်ဖြစ်၏။

**trident** အသွားသုံးခုပါရှိသော လှံချွန်။ ဆိုက်ကလော့နတ်များက တိုက်တန်နတ်များနှင့် အလင်းပီအန်နတ်တို့၏တိုက်ပွဲတွင် ပင်လယ်သမုဒ္ဒရာနတ်ဘုရားပဆိုင်ဒန်အတွက် ပြုလုပ်ပေးခဲ့ဖူး၏။

# စာညွှန်း


ကက်ဒမတ်စ်......40, 47
ကရီးအပ်စ်......5
ကလင်မနီ......63p.
ကိုအီးယပ်စ်......5, 15
ကရိုးနပ်စ်......5p., 10, 12pp., 30, 70
ခဲအော့......2p.
ဂိုင်အာ......2pp., 18, 68pp.
ဆိုက်ကလော့......3p., 6, 13, 30, 70
ဆီမီလီ......40, 42p., 45
ဆဲလယပ်စ်......35p.
ဇီးယုစ်.8pp., 10, 12pp., 18, 20, 22, 24, 26, 28, 30, 32p., 37p., 40, 42p., 49pp., 53, 57, 64p., 65, 68, 70
တက်သစ်စ်......4, 63
တားကီ......49
တားတာရပ်......4, 6, 14
တိုက်တန် 2, 4pp., 8pp., 12pp., 17, 30, 63, 69p.
ဒမီတာ......12, 14, 20, 30pp., 37, 40, 69
ဒိုင်အန်နစ်ဆပ်စ်......2, 8, 30, 40, 43, 45pp., 69
ဒမော့ဖွန်း......35p., 69
နဂါးငွေ့တန်း......63, 66
နတ်ဆေး......36
နတ်မြင်းရထား......33, 64pp., 65, 68
နန်မော့စိုင်း......4
နားစစ်ဆပ်စ်......2, 33, 56, 58pp., 70
ပဆိုင်ဒန်......12pp., 70
ပန်သီယပ်စ်......45pp.
ပန်သီအွန်......2, 8p., 40
ပန်ဒေါရာ......2, 24, 26, 28
ပရပ်မီးသယပ်စ်......2, 12, 17pp., 22, 24, 26
ပိုးမြစ်......63
ပဲလပ်ပနီဆပ်......2pp., 8
ပါဆက်ဖုန်း......2, 30pp., 37p.
ဖရစ်ဂျီယာ......49p., 54
ဖီးဘီ......5, 15
ဖီလီမန်......2, 49pp., 53p.
ဖဲန်နယ်ပင်......22
ဘက်ခန့်......45
ဘက်ခပ်စ်......40
ဘက်ခေး......40, 45p.
မက်တန်နီရာ......35p., 36
မရဏမြစ်......40p., 43, 65p.
မိုင်အာ......15
ယူရစ်ပစ်ဒီးစ်......7, 40
ယူရေးနပ်စ်......3, 70, 2pp., 10, 69p.
ရီးအာ......5p., 10, 12, 30
လက်တစ်ရာနတ်......6, 13p.
လက်တို......15
သမစ်စ်......5, 12, 14
သလဲစေ့......37p.
သိန်းစွန်......22
သိဘ်စ်......40, 42p., 45pp.
သိုင်အာ......4, 63
သီသြဂနီ......2, 7, 24
သဲကန္တာရ......63, 66
ဟက်ကတီ......34p.
ဟက်စတီအာ......12, 14
ဟစ်ဖစ်စတပ်စ်......15, 22, 26, 68
ဟာကျူလီ......22
ဟားမီးစ်......15, 37p., 49p., 53
ဟာရာ......8p., 14p., 42p., 57p.
ဟိုက်ပါရီအန်......5, 63
ဟီးစီးအပ်......2, 7, 24
ဟီးလယပ်စ်......2, 34p., 63pp., 68
အက်ကိုး......2, 56pp., 58
အက်စကစ်လပ်စ်......40
အက်ဖရာဒိုက်တီး......15, 40
အက်လပ်စ်......14p.
အင်နို......40, 42
အပိုလို......15, 63
အပီမီးသယပ်စ်......12, 17pp., 19, 28
အရစ်ဒန်နပ်စ်မြစ်......63, 68
အလင်ပစ်......8
အလင်ပတ်တောင်......8p., 18p., 22, 34
အလင်းပီအန်......2, 8p., 12pp., 17p., 28, 30, 40, 69p.
အလင်ပီအာ......8p.
အလျူစစ်......30p., 37, 69
အသီနာ......8, 14, 18p.
အားတီးမစ်စ်......15, 57
အိုးရှန်းနပ်စ်......5, 63
အီဂျီအန်ပင်လယ်......8
အီအာပက်တပ်စ်......5, 12, 14
အဂေ့ဗီ......42, 45pp.
ဩဗစ်......56, 63
ကော့ကဆပ်......17, 22
စောဖကလစ်စ်......40
ပေါ့ပလာပင်......68
ဖေးသွန်......2, 63pp., 68
ဘောက်စစ်စ်......2, 49pp., 53p.
မျှော်လင့်ခြင်း......28
သေတ္တာ......24, 26, 28
သေမင်းနိုင်ငံ......14, 30, 33, 37, 41, 70
ဟေးဒီးစ်......12pp., 30, 32p., 35, 37p., 69
အေးရီးစ်......15, 40
အော်တိုနီး......42
မြေအောက်ကမ္ဘာ......32p., 37p.
မျိုးဇက်......2

# ကံကိုပြင်လိုက်ပါ

ရဂေန္တယ်( အင်းမ)

၁။ "ဂသဘာ ၏ သာမန်ဘဝ"

သီဟိုဠ်ရာဇဝင်မှာ ဂသဘာမင်း ဆိုတာ ရှိခဲ့ဖူးပါတယ်။ မင်းမဖြစ်ခင် သာမန်လူတစ်ယောက် ဘဝတုန်းက ဦးရီးတော် စစ်သူကြီးဆီမှာ နေရပါတယ်။ ဒီလိုနဲ့ တစ်နေ့မှာ ဟူးရားပညာရှိတွေက ဂသဘာ အမည်ရှိတဲ့သူဟာ မင်းဖြစ်လိမ့်မယ်လို့ ဟောပြောလာ ကြပါတယ်။ ဒီစကားကြားတော့ လက်ရှိမင်းလုပ်နေတဲ့ ယသဋ္ဌာလကမင်းက သီဟိုဠ်ကျွန်းမှာ ဂသဘာ အမည်ရတဲ့သူအားလုံးကို သတ်စေလို့ မိန့်ပါတော့တယ်။

၂။ အသက်ဘေးက လွတ်ပြီ။

ဒီတော့ စစ်သူကြီးက သူ့ဆီမှာနေနေတဲ့ ဂသဘာ ကို မင်းဆီအပ်ဖို့ မိန်းမလုပ်သူကို ပြောပါတယ်။ သူရာထူးတိုးချင်တာလည်း ပါမှာပေါ့။ နံနက်စောစော ရောက်တော့ စစ်သူကြီးက ဂသဘာကို အသာခေါ်ပြီး နန်းတော်ကို ထွက်ခဲ့ပါတယ်။ ဂသဘာကို သတ်ဖို့ခေါ်သွားတာ ဆိုတာကို သိတဲ့စစ်သူကြီးကတော်က ကွမ်းအလွန်ကြိုက်တဲ့ စစ်သူကြီးအတွက် ထုံးမပါတဲ့ ကွမ်းကို ထည့်ပေးလိုက်ပါတယ်။

စစ်သူကြီး နန်းတော်တံခါးဝရောက်လို့ ကွမ်းစားမယ်လုပ်တော့ ထုံးပါမလာတာတွေ့ပြီး ဂသဘာကို အိမ်ပြန်ထုံးယူစေပါတယ်။ ဂသဘာက အိမ်ရောက်တော့ စစ်သူကြီးကတော်က သူ့အကြံအစည်အတိုင်းဖြစ်လာလို့ ဂမ်းသာအားရနဲ့ " ဂသဘာ၊ သင့်ဦးကြီးက သင့်ကို မင်းကြီးဆီ အပ်ပြီး သတ်မှာ .. ရော့ အသပြာတစ်ထောင်ယူပြီး လွတ်ရာကို ပြေးပေတော့ " ဆိုပြီး ထွက်ပြေးခိုင်းလိုက်ပါတော့တယ်။

၃။ စစ်သည်စုရုံးပြီ။

ဂသဘာလည်း မင်းနဲ့ဝေးတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ပုန်းနေပါတယ်။ ရဟန်းတော်တွေကလည်း သူ့ကို ကြည့်ရှုထားပါတယ်။

ဒီလိုနေရင်နဲ့ တစ်နေ့မှာ ပညာရှိလူနတစ်ယောက်က ဂသဘာရဲ့ ဇာတာကို ကြည့်ပြီး " သင်.. မင်းဖြစ်လိမ့်မယ် " လို့ ဟောလိုက်ပါတယ်။ ဒီစကားကြားတော့ ဂသဘာဟာ ဂမ်းမြောက်စွာနဲ့ပဲ ရဲရင့်သတ္တိရှိတဲ့နောက်လိုက်ယောကျ်ားတွေကို စုရုံးပါတယ်။ အတော်အတန် စုမိတော့ " မုန့်သည်မသားသည် မုန့်အနားကစ၍ စားရသည် " ဆိုတဲ့ ရှေးထုံးကို နလုံးမူပြီး မြို့စွန်ရွာစွန်ကစပြီး သိမ်းပါတယ်။ လိုရင်းပြောရရင်တော့ နောက်ဆုံးမှာ ဂသဘာ မင်းဖြစ်သွားတယ်ပဲ ဆိုပါတော့။

## ၄။ နန်းစံသက်ကို တွက်ချက်ခိုင်းတော့

ဂသဘမင်းဖြစ်လာတော့ ဟူးရားပညာတွေကို ဆိတ်ကွယ်ရာခေါ်ပြီး သူ ဘယ်နနှစ်လောက် နန်းစံရမလဲ ဆိုပြီး တွက်ခိုင်းပါတော့တယ်။ ဟူးရားပညာရှိတွေက တွက်ချက်ပြီး " ၁၂ နှစ် နန်းစံရမယ် " လို့ ဟောလိုက်ပါတယ်။ ဂသဘမင်းက ဟူးရားပညာရှိတွေကို အသပြာ၁ထောင်စီပေးပြီး သည်အကြောင်း ဘယ်သူ့မှ မပြောနဲ့ဆိုပြီး ပြန်လွှတ်လိုက်ပါတယ်။

## ၅။ ကုသိုလ်တွေ ပြုပြီ။

အဲဒီနောက် ဂသဘမင်း ဟာ ရဟန်းသံဃာတော်တွေဆီ ဆည်းကပ်ပြီး " အရှင်ဘုရားတို့၊ မင်းသက်ရှည်ရာရှည်ကြောင်း ကုသိုလ်ကောင်းမှုများ မရှိဘူးလား ဘုရား .. " လို့ လျှောက်ထားပါတယ်။

ဒီတော့ သံဃာတော်တွေက -

" ဂသဘမင်းမြတ် ၊

၁။ ရေစစ်လှူပါ။

၂။ နာမကျန်းဖြစ်နေတဲ့ ရဟန်းတွေကို ဆေးလှူပါ။

၃။ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ ကျောင်းဟောင်း၊စေတီဟောင်းတွေကို ပြုပြင်ပါ။

၄။ ငါးပါးသီလကို နေ့စဉ်စောင့်ထိန်းပါ။

၅။ ရက်ဥပုသ်၊ ၁၅ရက်ဥပုသ်နေ့တိုင်း ၈ပါးသီလ၊ ၉ပါးသီလကို စောင့်ထိမ်းပါ။

မင်းသက်ရှည်လိမ့်မယ် " လို့ မိန့်လိုက်ပါတယ်။

ဂသဘမင်းလည်း ရဟန်းတော်တွေလမ်းညွှန်တဲ့အတိုင်း ကောင်းမှုတွေပြုပါတယ်။ စာထဲမှာတော့ ဂသဘမင်းပြုတဲ့ကုသိုလ်တွေကောင်းမှုတွေ အများကြီးပဲ ပြထားတယ် ( စာရှည်နေမှာစိုးလို့ ရေးမပြတော့ဘူး။ )

လိုရင်းပြောရရင်တော့ ဂသဘမင်းဟာ ( ၁၂ နှစ်သာ နန်းစံရမဲ့အစား ) ၄၄-နှစ် နန်းစံခဲ့ရပါတယ်။

## ၆။ အတိတ်ကံ နဲ့ ပစ္စုပ္ပန်ကံ

ဒီ ဝတ္ထုမှာ အဓိက ပြောချင်တာကတော့ ဂသဘမင်းဟာ အတိတ်ကံအရ ၁၂နှစ်သာ နန်းစံရမှာပါ။ ဒါပေမယ့် အတိတ်ကံကို ပစ္စုပ္ပန်ကံနဲ့ ပြုပြင်ယူလိုက်တော့ ၄၄-နှစ်တောင် နန်းစံခဲ့ရပါတယ်။ အပိုကြေးအနေနဲ့ ၃၂နှစ် နန်းစံသက်ပိုရခဲ့ပါတယ်။

ဂသဘမင်းပြုခဲ့တဲ့ ကုသိုလ် ခြောက်မျိုးက အသက်ရှည်ကြောင်းကုသိုလ်တွေပါ။ သူ့အနေနဲ့ကတော့ နန်းသက်ရှည်ကြောင်း သီးခြားကုသိုလ်တွေပေ့ါ။ အဲဒီကုသိုလ်-၆မျိုးကို အောက်ပါလင်္ကာလေးနဲ့ တွဲမှတ်ထားလိုက်ပါဦး။

ဗဟုသုတ အဖြစ်ပေ့ါ။

ရေစစ်၊ ဆေး၊ ကျောင်း၊ ဘုရားဟောင်းပြုပြင်
" ပဋ္ဌင်၊ အဌ္ဌ သီလ ဖြူစင်
သက်ရှည်ကြောင်းစု
ကောင်းမှု ၆-အင်
အခွင့်စိုက် ပြုလိုက် ထာဂစဉ်။ "

ဂသဘမင်းကတော့ သူနဲ့ အသုံးတည့်မယ် အသက်ရှည်ကြောင်း ကုသိုလ်တွေကို ရွေးပြုပြီး သူ့ကံသူ ပြုပြင်သွားတာပါ။

၇။ သင်နှင့် ကောင်းကံ ဆိုးကံ

အခု စာဖတ်သူတွေကတော့ တခြားသော ဘဂလိုအပ်ချက်တွေ တခြားသော အဆင်မပြေမှုတွေ ရှိနေနိုင်ပါတယ်။

-- လူမှုရေးနဲ့ ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။

-- စီးပွားရေး နဲ့ ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။

-- ကျန်းမာရေး နဲ့ ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။

-- ပညာရေး နဲ့ ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။

-- ရာထူးဌာနန္တရ နဲ့ ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။

-- နိုင်ငံခြားခရီး နဲ့ ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။

ကြိုက်သလောက် ကံဆိုနေပါစေ။ နောက်ဆုံး သေချင်လောက်အောင် အထိ ကံဆိုးနေစမ်းပါစေ။ ဂသဘမင်းဂဏ္ဍကို အာရုံပြုပြီး ဆိုးနေတဲ့ကံကို စိတ်ကြိုက် ပြုပြင်ယူလို့ရတယ် ဆိုတဲ့ အသိလေးကိုပဲ အာရုံပြုပစ်လိုက်စမ်းပါ။

၈။ ဘယ်လိုပြုပြင်မလဲ ...

အဲဒီတော့ ဘယ်လိုပြုပြင်ယူမလဲ.. ?

အဲဒီ သေချင်လောက်အောင်ထိ ဆိုးနေတဲ့ကံကို ကုသိုလ်၅-မျိုးနဲ့ ပြုပြင်ယူလို့ရပါတယ်။ တိုက်တွန်းစကားအနေနဲ့ ပြောရရင်တော့ သေချင်လောက်အောင် ဆိုးနေတဲ့ကံကို ကုသိုလ် ၅မျိုးနဲ့ နေ့စဉ်ပြုပြင်ပစ်လိုက်စမ်းပါ။ ဆိုးနေတဲ့ကံ " နင်နေ ငါသွား " ဖြစ်သွားပါလိမ့်မယ်။ အဲဒီကုသိုလ် ၅မျိုးကတော့

၁။ ဒါန

၂။ သီလ

၃။ ဂုဏ်တော်

၄။ မေတ္တာ

၅။ ဂိပဿနာ

တို့ ဖြစ်ပါတယ်။

အဲဒီကုသိုလ် ၅မျိုးကို နေ့စဉ်ဖြစ်စေရမယ်လို့ အဓိဋ္ဌာန်ပြီး နေ့စဉ် ပြုလုပ်သွားဖို့ပါပဲ။

## ၉။ ငါးမျိုးကုသိုလ် ဘယ်လိုပြုရမယ်။

### ၉-၁။ ဒါန

ပထမဆုံးကုသိုလ်က ဒါန ပါ။ ဒါနဆိုတဲ့နေရာမှာ ရှင်ဘသောင်းပြုပေးနိုင်မှ၊ ကျောင်းကြီးတွေ ဆောက်လုပ်လှူဒါန်းနိုင်မှ ဒါန မဟုတ်ပါဘူး။ အိမ်မှာရှိတဲ့ ဘုရားကို ရေချမ်း ကပ်လိုက်မယ်ဆိုလည်း ဒါနဖြစ်သွားတာပါပဲ။ နောက် ကိုယ်ထမင်းချက်မယ့် ဆန်ထဲက လက်တစ်ဆုတ်စာလောက်နှိုက်ပြီး အိမ်ရှေ့က စာကလေးတွေ ခိုကလေးတွေကို ပစ်ကျွေးလိုက်မယ်ဆိုရင်လည်း ဒါနဖြစ်သွားတာပါပဲ။ ဆန်လက်တစ်ဆုတ်လောက်နဲ့တော့ မိသားစု ထမင်းဝိုင်းကို သိပ်ပြီးလည်း မထိခိုက်စေပါဘူး။ နေ့စဉ် လက်တစ်ဆုတ်စာလောက် စာကလေးတွေကို ကျွေးနေမယ်ဆိုရင်လည်း ကိုယ့်ဂုဏ်ကိုယ့်အားနဲ့မျှတဲ့ ဒါနဖြစ်နေတာပါ။

### ၉-၂။ သီလ

ဒုတိယက သီလ ပါ။ သီလမှာလည်း လောကီထဲမှာနေတဲ့ လူတစ်ယောက်အတွက် ငါးပါးသီလလောက် လုံခြုံအောင် စောင့်ထိန်းလိုက်နိုင်တယ်ဆိုရင်ပဲ တော်တော် လုံလောက်နေပါပြီ။ တစ်ဆင့်တက်ပြီး ဥပုသ်နေ့တွေမှာ ၈ပါးသီလ၊ ၉ပါးသီလကို စောင့်ထိန်းနိုင်ရင်တော့ အကောင်းဆုံးပေါ့။ သီလကို စောင့်ရှောက်တဲ့အတွက် သီလကလည်း ကိုယ့်ကို သူ့သတ္တိအားလျော်စွာ ပြန်စောင့်ရှောက်ပါလိမ့်မယ်။

### ၉-၃။ ဂုဏ်တော်

တတိယက ဂုဏ်တော်ပါ။ ဂုဏ်တော် ၉-ပါးထဲက ကိုယ်နှစ်သက်ရာ တစ်ခုခုကို ပွားလို့ရပါတယ်။

အရဟံဂုဏ်တော်ကိုပဲ ...

အရဟံ = ပူဇော်အထူးကို ခံယူထိုက်သော မြတ်စွာဘုရား

အရဟံ = ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား

အရဟံ = ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား လို့ ပွားများရပါတယ်။

အရဟံ ဆိုတဲ့ ပါဠိလေးရယ်။ အရဟံရဲ့ နောက်က အနက်သုံးမျိုးရယ်က ပွားလို့ ဆင်ခြင်လို့ သိပ်ကောင်းတဲ့ ပါဠိနဲ့အနက်လေးတွေပါ။

ဂုဏ်တော်ပွားတဲ့အတွက် ဂုဏ်တော်က သူ့သတ္တိအားလျော်စွာ ပြန်စောင့်ရှောက်နေ ပါလိမ့်မယ်။

## ၉-၄။ မေတ္တာ

စတုတ္ထက မေတ္တာပါ။ မေတ္တာပွားတဲ့နေရာမှာ ပွားနည်းတွေကတော့ သီသန့်အကျယ်ကို ရှိပါတယ်။ စာရေးသူရဲ့ မေတ္တာအတွေးများစာအုပ်မှာလည်း ပွားပုံ ပြည့်ပြည့်စုံစုံ ရေးပြထားပါတယ်။

မေတ္တာပွားတဲ့နေရာမှာ အဓိက အကြံပေးချင်တာတော့ ပထမ ကိုယ့်အပေါ် ကျေးဇူးရှိတဲ့ ကျေးဇူးများတဲ့ လူပုဂ္ဂိုလ်အားလုံးကို တစ်ယောက်ချင်း ကုန်အောင်ပွားပါ။ ပြီးရင် နတ်ကောင်းနတ်မြတ်တွေ၊ ကိုယ်စောင့်နတ်-အိမ်စောင့်နတ်ကစပြီး၊ လမ်းမြို့နယ်၊ မြို့၊ နိုင်ငံကို စောင့်ရှောက်နေကြသော နတ်ကောင်းနတ်မြတ်တွေအားလုံး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကင်းပါစေ၊ အစစအရာရာ အဆင်ပြေပါစေ... စသည်ဖြင့်ပေါ့လေ။

## ၉-၅။ ဂိပဿနာ

နောက်ဆုံးက ဂိပဿနာပါ။ ဂိပဿနာကတော့ ကိုယ်အားထုတ်ဖူးရာ-ကိုယ်သန်ရာ သန်ရာ ကိုယ့်အာစရိယဂါဒအတိုင်း မှတ်ယူလို့ရပါတယ်။

( မည်သည့် တရားစခန်း မည်သည့် အာစရိယဂါဒမျှ သင်ကြားထားခြင်း မရှိသူများအဖို့ အစပိုင်းတွင် တင်ပလ္လင်ခွေ(ထက်ဂယ်ဖွဲ့ခွေ)ထိုင်၊ ဘယ်လက်ပေါ် ညာလက်ထပ်တင်၊ ခါး-လည်ပင်း-ဦးခေါင်းကို မတ်မတ်ထား၊ အသက်ကို ပုံမှန်ရှူလျှက် ဂင်လေဂင်လာလျှင် ဂင်လာသည်ဟုသိပေး၊ ထွက်လေထွက်သွားရင် ထွက်သွားသည်ဟု သိပေးခြင်းဖြင့် မိမိစိတ်ကို ထိုထိုနာသီးဂသို့သာ စူးစိုက်ရောက်ရှိစေရန် ပဏာမလေ့ကျင့်ကြလျှက် ၇ရက်စခန်း-၁၀ရက်စခန်းစသည်တို့ကို ဂင်ရောက်နိုင်ရန် တိုး၍ကြိုးစားကြသင့်ပေသည်။ )

## ၁၀။ ကုသိုလ်-၅မျိုး တစ်နေ့တာ

ကဲ ... စာဖတ်သူ၊ စိတ်ကူးနဲ့ပဲ ကုသိုလ်၅မျိုးကို စမ်းကြည့်ရအောင်ပါ။

## ၁၀-၁။ အိပ်ရာထ

မနက် အိပ်ရာက ထတာနဲ့ ကိုယ်လက်သန့်စင်ပြီး မိသားစုကိစ္စတွေကို ဘာမှ မလုပ်နဲ့ဦး။ ဘုရားခန်းကို အရင်သွားပါ။

ဘုရားသောက်တော်ရေကိုအရင်ကပ်ပါ။ (ဒါန)

ကပ်ပြီးရင် ၅ပါးသီလ ခံယူပါ။ (သီလ)

အဲဒါပြီးရင် ဂုဏ်တော်ကို ၅-မိနစ် ( ဂုဏ်တော် )

မေတ္တာကို ၅-မိနစ် ပွားပါ။ ( မေတ္တာ )

ပြီးရင် ဂိပဿနာ ၅-မိနစ် ပွားများပါ။ ( ဂိပဿနာ )

အင်မတန် နည်းပါးတဲ့ ၁၅မိနစ်အချိန်လောက်တော့ လူတိုင်းလုပ်နိုင်လောက်မယ် ထင်ပါတယ်။ ( ၅မိနစ်စီ ဆိုသည်မှာ အနည်းဆုံးပြုရန်အချိန်ကို ဆိုလိုခြင်းဖြစ်ပြီး မိမိတို့၏ခွန်အားအလိုက် သဒ္ဓါတရားအလိုက် ၁၀မိနစ်စီ၊ နာရီဝက်စီ၊ တစ်နာရီစီ စသည်ဖြင့် အဓိဋ္ဌာန်ပြု

နေ့တစ်နေ့တာရဲ့ အစကို ကုသိုလ် ၅မျိုးနဲ့ စလိုက်တာ ဘယ်လောက် ကျက်သရေရှိသွားလဲ ။ အိပ်ရာထပြီး နာရီဝက် ၁နာရီအတွင်းမှာပဲ ကုသိုလ်၅မျိုး ရနေပါပြီ။ အဲဒီ ကုသိုလ် ၅မျိုးပြုပြီးမှ မိသာစုကိစ္စ၊ ကိုယ့်ကိစ္စ ဝေယျာဝစ္စတွေကို ပြုလုပ်ပါ။

## ၁၀-၂။ နေ့လည်

အဲဒီလိုနဲ့ မနက်စာစားပြီးတဲ့အခါ ဆန်လက်တစ်ဆုတ်စာယူပြီး ခြံရှေ့မှာ ငှက်ကလေးတွေ အတွက် ပက်ကျွေးလိုက်ပါဦး။

ကျွေးပြီးသွားရင် အဆစ်အနေနဲ့ " ဒီနေ့ မနက် ပြုဖြစ်ခဲ့တဲ့ ကုသိုလ်၅မျိုးကိုလည်း အမျှပေးဝေပါတယ်။ အမျှ အမျှ အမျှ ယူတော်မူကြပါ။ သာဓု၊ သာဓု၊ သာဓု " ဆိုပြီး နတ်ကောင်းနတ်မြတ်များနဲ့တကွ ဝေနေယျအပေါင်းကို အမျှပေးဝေလိုက်ပါဦး

## ၁၀-၃။ ညပိုင်း

တတ်နိုင်တယ်။ အချိန်ရတယ်။ သဒ္ဓါတရားလဲ ထက်သန်လာတယ် ဆိုရင် ညပိုင်း ကိုးရိုးယားကားလေး မလာခင်၊ ဒါမှမဟုတ် ကိုးရိုးယားကားလေး ပြီးသွားတဲ့အခါ ကုသိုလ်ငါးမျိုးကို မနက်ကအတိုင်း တစ်ကြိမ်ထပ်လုပ်လိုက်ပါဦး

## ၁၁။ နေ့စဉ်ပြုအပ်သည်

ဒီအတိုင်းသာ နေ့စဉ်ပြုသွားစမ်းပါ။ ဆိုးနေတဲ့ကံဟာ တောင်းပန်ပြီး ထွက်သွားဦးမှာပါ။

ဒါပေမယ့် ဒီနေ့လုပ်-နက်ဖြန်ဖြစ် ဆိုတဲ့ပုံစံမျိုးတော့ ဘယ်ဖြစ်နိုင်မှာလဲ။ တစ်လတန်သည် တစ်နှစ်တန်သည်တော့ စွဲလုပ်ရပါမယ်။ ရက်မပျက်အောင် အဓိဋ္ဌာန်ပြု၍ လုပ်ရပါမယ်။ အကုသိုလ်ဆိုတဲ့အင်းအားက ကြီးလွန်းနေရင်တော့ ချက်ခြင်းကြီး ရနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကုသိုလ်အင်အားကောင်းလာတာနဲ့အမျှ ကုသိုလ်အင်အားကို ကြည့်ပြီး လန့်ပြေးသွားမှာပါ။

ဒါက ကံဆိုးနေတဲ့သူတွေကို ပြောတာပါ။

ကံကောင်းနေတဲ့သူတွေ အတွက်လည်း အမြဲတမ်းကံကောင်းနေအောင် ကုသိုလ်၅မျိုး နဲ့ အမြဲပြုစု စောင့်ရှောက်နေသင့်ပါတယ်။

ဒီကုသိုလ်၅မျိုးနဲ့ ကံကောင်းအောင်လုပ်နေတဲ့အတွက် ဒုတိယဘဝ၊ တတိယဘဝ စသည်တွေမှာလည်း ဆက်ပြီး ကံကောင်းနေဦးမှာပါ။

## ၁၂။ ဒုက္ခကြုံရင် သစ္စာဆို။

ဒီကုသိုလ်၅မျိုးကို ကံကောင်းခြင်း၊ ကံဆိုးခြင်းကြောင့် မဟုတ်ဘဲ နေ့စဉ်ဂတ်တစ်ခု အနေနဲ့ ပြုရပါမယ်။ အဲဒီလို ပြုနေစဉ်အတွင်းမှာပဲ ဘဂအခက်အခဲ တစ်ခု ကြုံလာမယ်၊ ဒါဆို ကိုယ်ပြုတဲ့ကုသိုလ်၅မျိုးကို နေ့စဉ်အမျှပေးဝေနေတဲ့ နတ်ကောင်းနတ်မြတ်တွေကို တိုင်တည်ပြီး သစ္စာဆိုလို့လည်း ရပါတယ်။

" ကျွန်ုပ်သည် ကုသိုလ်၅မျိုးကို နေ့စဉ်ပြုပြီး၊ နတ်ကောင်းနတ်မြတ်များကိုလည်း နေ့စဉ် အမျှပေးဝေခဲ့ပါတယ်။ ဤသစ္စာစကား မှန်ကန်ပါက ယခုတွေ့ကြုံနေရသော အခက်အခဲများ ပြေပျောက်ပါစေသတည်း။ နတ်ကောင်းနတ်မြတ်တို့က ကူညီမစတော်မူပါ " စသည်ဖြင့်ပေါ့လေ.....

## ၁၃။ သံသရာကပင် ကျွတ်နိုင်ရဲ့

ကုသိုလ် ၅-မျိုးထဲမှာ ဂိပဿနာလည်း ပါနေတော့ တရားမှတ်ရင် ပါရမီပါခဲ့ရင် တစ်မဂ် တစ်ဖိုလ်မှသည် လေးမဂ်၊ လေးဖိုလ် အထိ တရားထူးတရားမြတ်တွေ ရသွားပြီး သံသရာဂဋ္ဋကကျွတ်သွားနိုင်ပါသေးတယ်။

ကုသိုလ် ၅မျိုးကို ဘယ်အဆင့်အထိ ပြုရမလဲ ... ဆိုရင် ညအိပ်ရာဂင်လို့မှ ဒီနေ့ တစ်နေ့တာအတွက် ကုသိုလ် ၅မျိုး မပြုရသေးရင် အိပ်လို့လုံးဂမပျော်တဲ့အဆင့် ချက်ခြင်း ထလုပ်လိုက်မှ အိပ်ပျော်တယ်အိပ်လို့ရတယ် ဆိုတဲ့ အဆင့်ထိ ပြုလုပ်ကြရပါတယ် ...

ကဲ .... စာဖတ်သူ ... ၊ ကံ နဲ့ ပတ်သက်လို့ သေချာင်လောက်အောင် ဆိုးနေပါစေ။ ကုသိုလ် ၅မျိုးနဲ့သာ နေ့စဉ်ပြုပြင်လိုက်စမ်းပါ။ မကြာခင် ကံကောင်းလာပါလိမ့်မယ်။

ရဂေနွယ်(အင်းမ)

ကျမ်းကိုး

- မဟာဂင်ဂတ္ထု - ကျီးသဲလေးထပ်ဆရာတော်

( ဒေါက်တာခိုင်မျိုး - ထပ်ဆင့် ရိုက်နိပ်ပူဇော်ပါသည်။ ရန်ကုန်မြို့တွင် လက်ကမ်းစာအုပ်ငယ်အဖြစ် ဓမ္မဒါနပြုလိုပါက New Day Graphic Design၊ အမှတ်-၁၄၈၊ လမ်း၅၀၊ ပုဇွန်တောင်။ ဖုန်း ၂၀၁၄၃၇၊ ၂၉၈၆၄၂ သို့ ဆက်သွယ်ဂယ်ယူလှူဒါန်းနိုင်ပါသည်။ )

ဆရာချစ်စံဝင်း၏ (၉၈) အုပ်မြောက်စာအုပ်

# မြန်မာအစ အထောက်အထားလေ့လာချက်စာတမ်း

ချစ်စံဝင်း၊ လမင်းအိမ်

မြဝတီ

**၂၀၀၃ ခုနှစ်၊ ဧပြီလ**
**ပထမအကြိမ်**
**စောင်ရေ – ၁၀၀၀**
**တန်ဖိုး – ၂၅၀ိ/**

မြဝတီစာပေတိုက်၊ အမှတ် ၇၅ (ခ)၊ ပြည်လမ်း၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်မြို့တွင် စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး တင့်ဝေက ယာယီမှတ်ပုံတင်အမှတ် (၄၅၆)ဖြင့် ပုံနှိပ်၍ ထုတ်ဝေသူ ယာယီမှတ်ပုံတင်အမှတ် (၃၃၃)ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြန်မာအစတကောင်းက | ၂ |
| ၂။ | မြန်မာအစကျောက်ဆည်မြစ်သားက | ၃ |
| ၃။ | မြေအောက်တွင်လည်း တူးဖော်ပါ | ၈ |
| ၄။ | အခြေပြု မြန်မာနိုင်ငံသမိုင်း | ၁၀ |
| ၅။ | နောက်ဆုံးမှဝင်ရောက်သူများအဖြစ်သို့ | ၁၂ |
| ၆။ | ပင်လယ်မြို့ဟောင်းကို တွေ့ရှိခြင်း | ၁၄ |
| ၇။ | မြနဒီမှ ပျူကျောက်စာချပ် | ၁၅ |
| ၈။ | ပျူလမ်းစကို တွေ့ရှိခြင်း | ၁၆ |
| ၉။ | ဧရာဝတီစာပေခရီး | ၁၇ |
| ၁၀။ | ဆင်ညှပ်ကုန်းမှ သဲလွန်စ | ၁၉ |
| ၁၁။ | အုတ်ခွက်များကို စတင်လေ့လာခြင်း | ၂၃ |
| ၁၂။ | အခြားပျူမြို့ကြီးများနှင့် နှိုင်းယှဉ်လေ့လာခြင်း | ၂၆ |
| ၁၃။ | ပျူလက်ရာများအဖြစ် | ၃၁ |
| ၁၄။ | သမိုင်းဆိုင်ရာအမြင်ဟူသည် | ၃၄ |

## ချစ်စံဝင်း၏ထွက်ပြီးစာအုပ်များ

| | | |
|---|---|---|
| အမှတ်စဉ် | ၈၇ | ဘဝတက်လမ်း မြန်မာ့တက်လမ်း |
| အမှတ်စဉ် | ၈၈ | ဘဝနှင့်သူ၏အခြင်းအရာများ |
| အမှတ်စဉ် | ၈၉ | အရည်အသွေး |
| အမှတ်စဉ် | ၉၀ | မဲခေါင်စာဆို |
| အမှတ်စဉ် | ၉၁ | ငါးတန်အထီးကြီးနှင့် အခြားဝတ္ထုတိုများ |
| အမှတ်စဉ် | ၉၂ | တောင်သမန်ကန်စောင်းက တုံးမောင်းသံ |
| အမှတ်စဉ် | ၉၃ | အရေးထဲမှ အတွေးစာများ |
| အမှတ်စဉ် | ၉၄ | အမေးထဲမှ ရေးစရာများ |
| အမှတ်စဉ် | ၉၅ | မြန်မာမိသားစု |
| အမှတ်စဉ် | ၉၆ | လယ်တီအင်းနံဘေးက ခြသေ့်မင်းဟိန်းသံ |
| အမှတ်စဉ် | ၉၇ | လယ်တီမှသည်တောင်သမန်သို့ |

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | | |
|---|---|---|
| အမှတ်စဉ် | ၉၉ | ပညာထဲမှ ပညာ |
| အမှတ်စဉ် | ၁၀၀ | မောင်နေဦး |

# မြန်မာအစအထောက်အထားလေ့လာချက်စာတမ်း

**ချစ်စံဝင်း**
**လမင်းအိမ်**

ရှေးအခါက **ချီအင်** ဆိုသော လူမျိုးနွယ်တစ်စုသည် အနောက်ဖက်တွင် **ကိုကိုနောအိုင်**၊ အရှေ့ဘက်တွင် **ကန်စုနယ်** အတွင်းထိ၊ မြောက်ဖက်တွင် **မာချုမြစ်ကြီး**နှင့် တောင်ဘက်တွင် **ဇီချအန်နယ်**အတွင်းတိုင် ကျယ်ပြန့်သော နေရာဒေသတွင် နေထိုင်ကြ၏။ ထိုသူတို့သည် ကောက်ပဲသီးနှံအနည်းငယ်မျှ စိုက်ပျိုးကြသည်။ ယေဘုယျအားဖြင့် သူတို့သည် တိရစ္ဆာန် ထိန်းကြောင်းခြင်းဖြင့် အသက်မွေးကြသည်။ ချီအင်လူမျိုးတို့အကြောင်းကို ခရစ်မပေါ်မီ နှစ်ပေါင်း ၂၀၀၀ မှ ၃၀၀၀ အတွင်း တရုတ်ရှေးဟောင်း ရာဇဝင်မှတ်တမ်းများတွင် ဖော်ပြထား၏။

သို့သော် ဘီစီ ၁၃၂၄ မှ ၁၂၆၅ ကာလအတွင်း တရုတ်တို့က ချီအင်တို့အား တိုက်ခိုက်ရာ နောင်မြန်မာဟုတွင်မည့် ချီအင်အုပ်စုသည် မိမိတို့နေထိုင်ရာအရပ်ကိုစွန့်၍ တောင်ဘက်သို့ တစ်သုတ်ပြီး တစ်သုတ် ဆင်းလာပြီး၊ ဧရာဝတီမြစ်ဝှမ်းတွင် ဝင်ရောက်အခြေစိုက် နေထိုင်ကြသည်ဆိုသော အချက်နှင့်ပတ်သက်၍ မြန်မာပညာရှိကြီးများနှင့် သမိုင်းပညာရှင်များသည် သဘောကွဲပြားမှုမရှိ၊ သဘောညီကြ၏။

## မြန်မာအစတကောင်းက

ဧရာဝတီမြစ်ဝှမ်းသို့ ဝင်လာကြသော နောင်မြန်မာဖြစ်လာမည့် အုပ်စုသည် တကောင်းဒေသတဝိုက်တွင် ဝင်ရောက်အခြေစိုက်နေထိုင်ခဲ့သည်ဟု ရာဇဝင်အစဉ်အဆက် လက်ခံခဲ့ကြပြီး **မြန်မာအစတကောင်းက** ဟု အဆိုရှိခဲ့ကြ၏။ ယုံကြည်လက်ခံခဲ့ကြ၏။

မြန်မာအစ တကောင်းကဟူသော အယူအဆတွင် တရုတ်တို့ တိုက်ခိုက်၍ တစ်သုတ်ပြီးတစ်သုတ် ဆင်းလာကြသော ချီအင်တို့သည် တကောင်းအရပ်သို့ ရောက်ရှိနေရာယူပြီး ဘီစီ ၆၀၀ လောက်တွင် တကောင်း၌ မြို့ရွာအတည်တကျရှိလာကြ၏။ ထိုသို့အတည်တကျရှိလာသော အချိန်လောက်တွင်မှ အိန္ဒိယမှ သကျသာကီဝင်များ တကောင်းရှိရာသို့ရောက်ရှိ ထီးနန်းစိုက်ထူခဲ့ကြသည်။ မြန်မာပညာရှိကြီး ဦးဖိုးလတ်က မြန်မာအများစုသည် တပိန်မြစ်ကြောင်းအတိုင်း ဆင်းလာတန်ရာ၏ ဟုဆို၏။

တပိန်မြစ်ကြောင်းသည် ယူနန်နယ်အနောက်တောင်ပိုင်း တောင်တန်းဒေသမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရန် အနီးဆုံးနှင့် အလွယ်ဆုံးပေါက်ရောက်သော ခရီးဖြစ်သည်။ တရုတ်တရက် သူပုန်သူကန်တို့သည်လည်း တပိန်မြစ်ကြောင်းမှပင် ဆင်းလာသည်။ စစ်မီးလွန်စွာ ထလေ့ရှိသော ငဆောင်ချမ်းအရပ်နှင့် ကောင်းတုန်၊ ကောင်းစင်တို့သည် တပိန်မြစ်ကြောင်း အောက်ဆွယ်တွင်တည်ရှိသည်။

မြန်မာတို့သည် ဧရာဝတီမြစ်ညာမြစ်ဝှမ်းအရပ်သို့ ဆင်းသက်ဝင်ရောက်လာပြီး ဧရာဝတီမြစ်စဉ်မြစ်ရိုးတလျှောက်၊ တရွေ့ရွေ့ တဖြေးဖြေး စုန်ဆင်းပြောင်းရွှေ့ပြီး မြို့ရွာပြုစုနေထိုင်သွားကြသည်။ ဧရာဝတီအတိုင်း စုန်ဆင်းလာပြီးမှသာလျှင် အနောက်ဖက်မူးမြစ်၊ ချင်းတွင်းမြစ်ဝှမ်းနှင့် အနောက်ရိုးမတောင်တန်းများဆီသို့လည်းကောင်း၊ အရှေ့ဖက်မြစ်ငယ်၊ ဇော်ဂျီ၊ စမုန်၊ စစ်တောင်းစသောမြစ်ဝှမ်းနှင့် ရှမ်းရိုးမတောင်တန်းများဆီသို့လည်းကောင်း ပြန့်နှံ့သွားသည်။ ဤကားရှေးရာဇဝင် ဆရာ၊ ရာဇဝင်သုတေသီကြီးများ ယူဆခဲ့သည့် အယူအဆဖြစ်သည်။

## မြန်မာအစ ကျောက်ဆည်မြစ်သားက

သို့သော် ၁၉၃၁ ခုနှစ်သို့ ရောက်ရှိလာသောအခါ ရန်ကုန်တက္ကသိုလ် အရှေ့ဖျားတိုင်း ရာဇဝင်ပါမောက္ခဆရာကြီး ဂျီအိတ်ချ်လူ့စ်က "ပုဂံဆက်အောက်မြန်မာနိုင်ငံ ပထဝီဝင်" ဟူသောအကြောင်းကို ဟောပြောရာတွင် -

**"မြန်မာတို့၏ ဖြစ်ကောင်းဖြစ်မည့် ရင်းမြစ်၊ သူတို့၏ နန်းစောပြည်နှင့် အဆက်အသွယ် သူတို့၏ မြောက်ပိုင်းရှမ်းပြည်မှ မြန်မာပြည်မြေလွတ် လွင်ပြင်များအတွင်းသို့ ကန္တူးသက်နှင့် စကောလူမျိုးတို့ ဖြတ်သန်းကာ ဝင်ရောက်လာဟန်ရှိသည်ကို စဉ်းစားဆင်ခြင်သော် မြစ်သားတစ်ဆယ့်ခရိုင်ခေါ် မြစ်သား(ဝါ) ကျောက်ဆည်နယ်သည် မြန်မာတို့၏ မြန်မာပြည်အတွင်း ရှေးဦး နေထိုင်ခဲ့ရာဒေသဖြစ်သည်"** ဟုပြောကြား၏။

တဖန် ၁၉၄၀ ပြည့်နှစ်သို့ရောက်သောအခါ ပါမောက္ခဆရာကြီးလူ့စ်က Economic Life of the Early Burma ဆိုသော ခေါင်းစဉ်ဖြင့် မြန်မာတို့၏စီးပွားရေးသဘာဝကို ဟောပြောရာတွင် -

**"မြေပြန့်လွင်ပြင်တွင် မြန်မာတို့ရှေးဦးစွာနေထိုင်ခဲ့ရာဒေသသည် ကျောက်ဆည်နယ်ဒေသဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိ"** ဟုထပ်မံကြေငြာသည်။

ကျောက်ဆည်တွင် မြန်မာဝင်မလာမီက မွန်တို့၏ဒေသဖြစ်သည်။ မြန်မာတို့ဝင်ရောက်လာပြီးနောက် ထိုဒေသတွင် မြန်မာများနှင့် မကြာမီ ပြည့်လျှံလာပြီး မြန်မာတို့သည် ကျောက်ဆည်မှတောင်၊ မြောက်၊ အနောက်သို့ ယပ်တောင်သဖွယ်ကားပြန့်ထွက်ခါသွားကြသည်ဟု ဆို၏။

ဤသို့ဖြင့် **မြန်မာအစ ကျောက်ဆည်မြစ်သားက** ဆိုသော အယူအဆသည် စတင်ပေါ်ပေါက်လာ၏။ မြန်မာအစကျောက်ဆည်က ဟူသော ပါမောက္ခဆရာကြီးလူ့စ်၏ အယူအဆကို မြန်မာပညာရှိကြီး ဦးဖိုးလတ်သည် စတင်၍ ကြားသိလျှင်သိခြင်း လက်မခံဘဲ တုန့်ပြန်မှု ပြုခဲ့၏။ ဆရာကြီး ဦးဖိုးလတ်သည် ကျောက်ဆည်လွင်ပြင်သို့ ကိုယ်တိုင် ကိုယ်ကျသွားရောက်ခါ ဆရာကြီးလူ့စ်၏ ပြောကြားချက်တွင်ပါဝင်သော မွန်ရွာများကို လေ့လာသည်။ လေ့လာပြီးသောအခါ ကျောက်ဆည်ရှိ မွန်ရွာများသည် ရှေးအစဥ်အဆက်တည်းကရှိခဲ့သော ရွာများမဟုတ်ဘဲ အခြားဒေသတို့မှ ပြောင်းရွှေ့လာကြသောရွာများဖြစ်ကြောင်း ဦးဖိုးလတ်က ဆရာကြီးလူ့စ်ထံ စာရေး၍ အကြောင်းကြား၏။

ထို့နောက် ဆရာကြီး ဦးဖိုးလတ်သည် ယဥ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်အဖြစ် ဆောင်ရွက်စဉ် ၁၉၅၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့က ပုဂံတွင်ကျင်းပသော **ပုဂံရက်သတ္တပါတ် သုတေသနပွဲတွင်** မြန်မာအစ ကျောက်ဆည်ကဟူသော အယူအဆကို တရားဝင်ကန့်ကွက်သည်။ ဆရာကြီး ဦးဖိုးလတ်က ပုဂံရက်သတ္တပါတ် သုတေသနပွဲ၌ ရှေးဟောင်းယဥ်ကျေးမှုများနှင့် ယဉ်ကျေးမှုတည်ရာဌာန များဟောကြားချက်တွင် ပါမောက္ခဆရာကြီး လူ့စ်၏အဆိုနှင့်ပတ်သက်၍

**'မြန်မာလူမျိုးတို့သည် မြောက်ဖက်မှ ဆင်းသက်လာပြီးနောက်။ မြန်မာပြည်မြောက်ပိုင်းတွင် ကတူးလူမျိုးတို့ လွှမ်းမိုးကြီးစိုးနေခြင်းကြောင့် ဧရာဝတီမြစ်အတွင်းသို့ ဆင်းသက်ခြင်းမပြုနိုင်ပဲ၊ ရှမ်းပြည်ကုန်းပြင်မြင့်ကြီး တစ်လျှောက်တောင်များကို ဖြတ်ကျော်သွားပြီးလျှင် ကျောက်ဆည်နယ်သို့**

**ရောက်မှပင်တောင်ပေါ်မှ မြေနိမ့်အရပ်သို့ ဆင်းသက်လာကြသည်။ ကျောက်ဆည်နယ်မှသာလျှင် မြန်မာပြည်အရပ်ရပ်သို့ ယပ်တောင်သဖွယ် ဖြာထွက်သွားကြသည်ဟူသော အယူအဆသည် ယုတ္တိမလုံလောက်။ သဘာဝမွေဆန့်ကျင်သည်ဟု ယူဆရန် ရှိသည်။ လွန်စွာ ယဉ်ကျေးမှု အဆင့်အတန်း တန်းခိုးကြီးလျက်ရှိသော ပျူခေတ်လူမျိုးတို့ကိုပင် လွှမ်းမိုးသွားနိုင်သော မြန်မာတို့သည် ပျူလူမျိုးတို့ကဲ့သို့ ယဉ်ကျေးမှုလည်းမရှိ တိုင်းနိုင်ငံတည်ထောင်ထားမှုလည်း မရှိသော ကတူးလူမျိုးတို့ကို ကြောက်ရွံ့ရသဖြင့် ဧရာဝတီမြစ်ဝှမ်းအတွင်းသို့မဆင်းသက်နိုင်ပဲ ရှောင်သွားရသည်ဆိုသည်မှာ ယုတ္တိမတန်လှချေ'**ဟု ဟောပြောခဲ့၏။
(ပုဂံရက်သတ္တပါတ်စာတမ်း စာမျက်နှာ ၂၃)

ထိုသို့ကန့်ကွက်မှုရှိသော်လည်း ပါမောက္ခကြီး လုစ်၏ မြန်မာအစကျောက်ဆည်က ဟူသော အယူအဆသည် ပိုမိုခိုင်မာလာပြီး ၁၉၆၆ ခုနှစ်က ပထမအကြိမ်ရိုက်နှိပ်သော မြန်မာစွယ်စုံကျမ်းအတွဲ ၁၀၊ စာမျက်နှာ ၂၃၄ **မြန်မာသမိုင်း** ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြရာတွင်ပင်

"ခရစ်နှစ် ၈၀၀ **လောက်တွင် မြန်မာနှင့်မြန်မာအနွယ်တို့သည် သံလွင်မြစ်ကြောင်းကိုလိုက်၍ ကျောက်ဆည်မြို့အရှေ့တောင်ဘက်ရှိ နတ်ထိပ်တောင်ကြားလမ်းမှ မြန်မာတို့ဝင်ရောက်လာသောအခါ သက်နှင့် ကဒူးတို့သည် မြန်မာနိုင်ငံမြောက်ပိုင်း ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ တကောင်းပြည်၌လည်းကောင်း၊ ရှေးရခိုင်တို့သည် မြောက်အရပ်ရှိ ဝေသာလီပြည်၌လည်းကောင်း၊ မွန်တို့သည် တောင်ဖက်ပင်လယ်ကမ်းခြေရှိ သထုံပြည်၌လည်းကောင်း၊ ပျူတို့သည် ယခုခေတ်ပြည်မြို့၏ အရှေ့ဖက် မှော်ဇာရွာတည်အရပ်ရှိ သရေခေတ္တရာပြည်၌လည်းကောင်း၊ နေထိုင်လျက်ရှိကြပြီး"ဟု** ဖော်ပြခဲ့သည်။

ပါမောက္ခလုစ်၏ အသိုင်းအဝိုင်းသည် ရန်ကုန်တက္ကသိုလ်နှင့် ပညာတက်နယ်ပယ်တွင် အလွန်မှသြဇာကြီးလှကား မြန်မာအစကျောက် ဆည်ကဟူသော အယူအဆသည် တက္ကသိုလ်ပညာတက်အသိုင်းအဝိုင်း တွင် ပိုမို၍ အခိုင်အမာဖြစ်လာ၏။ ထိုသို့ဖြစ်လာရုံသာမက၊ တက္ကသိုလ် ခေတ်ပညာတက်အသိုင်းအဝိုင်းမှ ထုတ်ဝေသော ဂျာနယ်၊ သုတေသန စာတမ်း၊ စာအုပ်များတွင် မြန်မာအစကျောက်ဆည်ကကို အတည်ပြု ပြောလာကြ၏။ ထိုမျှသာမက စာပေဗိမာန်ထုတ် ပြည်ထောင်စုသမိုင်း ပုံပြင်များ ကျောင်းသုံးစာအုပ်နယ်ပယ်တွင်ပါ နတ်ထိပ်တောင်ကြားမှ မြန်မာတို့မြင်းများနှင့်ဝင်ရောက်လာပုံ ပန်းချီများနှင့် ဖော်ပြလာကြသည်။

ဆက်လက်၍ ၁၉၆၅ ခု၊ ဩဂုတ်လဆန်းတွင် ရန်ကုန်တက္ကသိုလ် မြန်မာနိုင်ငံ သုတေသနအသင်းကြီးမှ ကြီးမှူး၍ ဟောပြောပွဲတစ်ရပ်ကျင်းပ ရာ ထိုဟောပြောပွဲတွင် ဝတ်လုံတော်ရ ဒေါက်တာဘဟန်က မြန်မာအစ ကျောက်ဆည်ကဟူသော ပါမောက္ခလုစ်၏အယူအစကို ဟောပြောတင် ပြ၍ မြန်မာအစ တကောင်းကအယူအဆကို ပယ်၏။

## မြန်မာရာဇဝင်ကို မတီထွင်အပ်

ထိုစဉ်က ဒေါက်တာဘဟန်၏ ဟောပြောချက်များကို သတင်းစာ ဆရာကြီး ဦးသိန်းဖေမြင့်က ဗိုလ်တထောင်သတင်းစာမှ နေ၍ -

**'မြန်မာအစ အစ ယူဆချက်အသစ်နှင့်အဟောင်း ဘယ်ဟာက မှန်သည်ဟု ဆွေးနွေးခြင်းမျိုးမဟုတ်ဘဲ မျက်မြင်ပုဏ္ဏား ၆ ယောက်ကဲ့ သို့ တစွန်းတစကိုယ်တွေ့မှုဖြင့် အတည်မပြုသင့်၊ မစ္စတာလုစ်နှင့်တပည့် များသည် နိုင်ငံခြားသားများ၏ ထင်မြင်ယူဆချက်ကို ပိုမို၍ အကိုးအကား ပြုလွန်းသည် မြန်မာအစ တကောင်းကဆိုသော အစဉ်အလာအဆိုအမိန့် ကို လေ့လာရန်လိုသေးသည်။ တကောင်းနေရာဟောင်းကိုပင် မတူးဖော် ရသေး၍ သုတေသနပြုရန်ရှိနေပါလျှက် အမျိုးသားရာဇဝင်ကို မိမိတို့ သဘောမျှဖြင့် တီထွင်အတည်မပြုသင့်။'** ဟု ရေးသားခဲ့သည်။

**မြန်မာအစ** ကျောက်ဆည်ကဟူသော ပါမောက္ခဆရာကြီးလူစ်၏ အယူအဆကို လက်မခံသူတို့က ဦးသိန်းဖေမြင့်၏ ဝေဖန်မှုကို ဝမ်းသာအားရကောင်းကြီး ပြုကြပါ၏။ မြန်မာအစ တကောင်းက အယူအဆအား ကောင်းချီးပြုသူတို့က **မြန်မာအစတကောင်းက** ဟူသော အယူအဆကို ဆရာကြီးဦးဖိုးလတ်အား ဟောကြားပေးပါရန် တောင်းဆိုလာကြသောအခါ ဆရာကြီးဦးဖိုးလတ်ကဟောတော့ ဟောလိုသည်။ သို့သော် နေရာခန်းမဆောင်မရှိသည့်အတွက် အခက်အခဲရှိသည်ဟုဆို၏။ ထို့အခါ ဆရာကြီး ဒဂုန်ဦးလှဘေက ဆရာကြီးဦးဖိုးလတ်ဟောပြောမည်ဆိုပါက ဗိုလ်တထောင် ရာမကရီသျှနပိဋကတ်တိုက်ခန်းမဆောင်တွင် ဟောပြောရန် စီစဉ်ပေးမည်ဟုဆို၏။ ထိုအခါ ဦးသိန်းဖေမြင့်က သဘာပတိ လုပ်ပေးမည်ဟုလက်ခံသည်။ ထိုဟောပြောပွဲတွင် ပရိသတ်နှင့် ဆရာကြီး ဦးဖိုးလတ်အား မိတ်ဆက်ပေးရန် ဆရာကြီးဦးအေးမောင်နှင့် ဦးထွန်းဖေ (ထွန်းနေ့စဉ်)တို့က တာဝန်ယူ၏။ ယင်းအခန်းအနားဖြစ်မြောက်စေရန်နှင့် ယင်းဟောပြောချက်အား စာအုပ်ဖြစ်ပြောက်ရန် ကြိုးပမ်းမှုတွင် သတင်းစာဆရာကြီး ဦးသိန်းမောင်၊ မြန်မာစာပေ ပညာရှင်ကြီး ဦးအုန်းရွှေတို့လည်း ပါဝင်ကြသည်။

သို့သော် မိုးကာလဖြစ်နေ၍ ဟောပြောပွဲကို ၁၉၆၅ ခု၊ စက်တင်ဘာလ (၈) ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်စဉ် ဆရာကြီးဦးဖိုးလတ်သည် ရုတ်တရက် ကွယ်လွန်သွား၏။ ထိုအခါ ဆရာကြီး ဦးဖိုးလတ်သည် မြန်မာအစ တကောင်းက အယူအဆနှင့် ပက်သတ်၍ စာမျက်နှာ ၃၀ မျှ စာတမ်းရေးသားပြုစုပြီးဖြစ်သဖြင့် ထိုစာတမ်းကို ပုံနှိပ်ထုတ်ဝေ၏။ ဆရာကြီး ဒဂုံ ဦးလှဖေသည် ဆရာကြီး ဦးဖိုးလတ်၏ မြန်မာအစ The Origin and Advent of THE BURMESE RACE ဟူသော စာအုပ်ကို ၁၉၆၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဆရာကြီး ဒဂုန်ဦးလှဘေက ထိုစာအုပ်တွင် အမှာစာ နိဒါန်းကိုလည်းရေးသည်။

## ကျောက်ဆည်ရှိ မွန်ရွာများ

ပါမောက္ခ ဆရာကြီးလုစ်က မြန်မာအစကျောက်ဆည်ကဟူသော အယူအဆကို ဖော်ပြရာတွင် -

ကျောက်ဆည်နယ်သည် မွန်တို့၏ ဒေသဖြစ်သည်။ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် ခံမြူး (ဝါ) ခံလူး၊ တလိုင်းရွာမ၊ အဲ့ဗျ၊ စသော မွန်လူမျိုးတို့ နေထိုင်သောရွာများ ယနေ့တိုင်ရှိနေသည်ဟူသော အချက်သည် အဓိက အချက်တစ်ရက်အနေနှင့် ပါဝင်၏။

ထိုအချက်ကို ဆရာကြီးဦးဖိုးလတ်က ဆရာကြီးလုစ်ပြောကြားသော ရွာများ၌ နေထိုင်ကြသော ရွာသားတို့သည် ထိုဒေသတွင် ဘိုးစဉ်ဘောင်ဆက်နေလာကြသူများ မဟုတ်။ သူတို့သည် အချို့မြင်းခြံမှ အချို့သည် ပုဂံမှပြောင်းရွှေ့လာကြသော ရှေးမွန်သုံ့ပန်းများဖြစ်သည်။ အဲဗျရွာသားများဆိုလျှင် အလောင်းဘုရားလက်ထက်က သာယာဝတီနယ်မှ သုံ့ပန်းအဖြစ်ခေါ်ဆောင်လာသူများဖြစ်ကြောင်း **မြန်မာအစ** စာအုပ်တွင် ရေးသားထား၏။ (မြန်မာအစ စာမျက်နှာ ၁၆ - ၁၇)

## မြေအောက်တွင်လည်းတူးဖော်ပါ

ထို့ပြင် ဆရာကြီးဦးဖိုးလတ်က **မြန်မာအစ** စာတမ်းတွင် **မြန်မာအစဟူသော ပြဿနာနှင့် ဆက်လျဉ်း၍ ယခုထက်များစွာပိုမိုကျယ်ပြန့်ပြည့်စုံစွာ၊ မြန်မာ၊ နန်းစော၊ တရုတ်တို့၏ မှတ်တမ်းမှစာများနှင့် အခြား တိဗက်မြန်မာလူမျိုးတို့၏ နောက်ကြောင်းသမိုင်းရာဇဝင်တို့ကိုပါ လေ့လာစုံစမ်းပြီးလျှင် မြေအောက်သို့လည်း တူးဆွရှာဖွေ သုတေသနပြုပြီး နောက်မှသာ တကယ်သေချာခိုင်မာ ယုံကြည်အားကိုးလောက်သော အဖြေကို ရှာနိုင်မည်ဖြစ်ကြောင်း ကျွန်တော်တင်ပြအပ်ပါသည်။**

**ဤသို့ အဖြေမှန်ကိုမရမီအတွင်း "မြန်မာအစ ကျောက်ဆည်က" ဟူသော ပါမောက္ခလုစ်၏ အယူနှင့်ထိုအယူ၏ အခြေအရံများဖြစ်သော သရေခေတ္တရာပြည်ကြီးကို စကောကရင်တို့ တိုက်ခိုက်ဖျက်ဆီးပစ်သည်။**

**ကျန်စစ်သားမှ အနော်ရထာမင်း၏သား၊ မြန်မာမဟုတ်၊ ကျောက်ဆည်နယ်သား မွန်ဖြစ်သည်။ အလောင်းစည်သူမင်းကြီးသည် မြန်မာအစစ်မဟုတ်။ မွန်-မြန်မာကပြားဖြစ်သည်ဟူသော ယုတ္တိမပြည့်စုံမခိုင်လုံသည့် အယူအဆများကို ကျောင်းသုံး၊ ပြည်သူသုံးလက်စွဲစာစောင် စာအုပ်တို့တွင် မထည့်သွင်းသေးပဲ ချန်လှပ်ထားမှသာ သင့်လိမ့်မည်ဟု ကျွန်တော်ယူဆသတိပေးလိုပါသတည်း။** ဟူ၍ ဖော်ပြပါရှိ၏။ (မြန်မာအစ စာမျက်နှာ ၃၈)

သို့သော်လည်း ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေသော ဆရာနတ်မောက်ဘုန်းကျော်၏ 'ရှေးခေတ်မြန်မာ့တပ်မတော်မှတ်စုများ' စာအုပ် စာမျက်နှာ ၁၁ တွင် မြန်မာတို့သည်

'မြင်းများကိုစီးနင်းလျက် နတ်ထိပ်တောင်ကြားလမ်းအတိုင်း ဝင်လာကြပြီးလျှင် ကျောက်ဆည်နယ်သို့ ရောက်ရှိလာခဲ့ကြ၏။ ထိုဒေသတွင် ရှိနှင့်ပြီးသော မွန်တို့နှင့်ရောနှောကာ ခရိုင် ၁၁ ခုဖွဲ့၍ နေထိုင်ကြလေ၏။ ကာလကြာသော် လူဦးရေတိုးပွားလာပြီး မြေသစ်ရှာကြပြန်သည်။ အချို့တို့သည် တောင်တွင်း နတ်မောက်အရပ်သို့ ပြောင်း၍ နေထိုင်ကြ၍ အချို့တို့ကလည်း ဧရာဝတီမြစ်ကိုကူး၍ စလင်းချောင်း၊ မုန်းချောင်းရှိရာဒေသသို့ သွားကြသည်။ အချို့လည်း ပုဂံသို့သွားကြသည်'ဟု ရေးသားခဲ့သည်။

ကန့်ကွက်မှုများကြားမှပင် မြန်မာအစ ကျောက်ဆည်မြစ်သားက အယူအဆသည် ၁၉၆၇ ခုနှစ်တိုင် ပို၍ ပို၍ ခိုင်မာမှုရှိလာ၏။

## မြေအောက်တွင်လည်းတူးဖော်ပါ

ဆရာကြီး ဦးဖိုးလတ်က မြေအောက်သို့လည်း တူးဆွရှာဖွေသုတေသနလုပ်ပြီး တကယ်သေချာခိုင်မာ ယုံကြည်အားကိုးလောက်သော အဖြေကို ရှာဖွေရန် အကြံပေးခဲ့၏။

၁၉၆၇-၆၈ နှင့် ၁၉၆၈-၆၉ ဘဏ္ဍာရေးနှစ်များတွင် နိုင်ငံတော်မှ တကောင်းမြို့ကို စတင်တူးဖော်ခဲ့ကြသည်။

တကောင်းမြို့သည် မန္တလေးမှအထက် ၁၂၇ မိုင်ဝေးသော အရပ် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် ကပ်လျက်တည်ရှိ၏။ တကောင်းနှင့် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်ထဲတွင် တည်ရှိသည်။ တကောင်းတွင် အညာပုဂံမြို့ဟောင်းရှိသည် ထိုမြို့ဟောင်းတွင် ထင်ရှားသည် ရွှေစည်းခုံထူပါ စေတီတော်ကြီးတစ်ဆူရှိသည်။ နိုင်ငံတော်မှ တကောင်းကို နှစ်ကြိမ်တူးဖော်ခဲ့ကြသည်။ ပထမအကြိမ် တူးဖော်ရေး လုပ်ငန်းကို မန္တလေးဌာနမှ သုတေသနဝန်ထောက် ဦးစိန်မောင်ဦးနှင့် အဖွဲ့ကလည်းကောင်း၊ ဒုတိယအကြိမ် တူးဖော်ခြင်းကို ရန်ကုန်ဌာနခွဲမှ တွေ့ရှိချက်များကို အကျယ်တဝင့် စာတမ်းများရေး၍ မှတ်တမ်းတင်ကြ၏။

တူးဖော်တွေ့ရှိမှု၏အချုပ်မှာ -

**တကောင်းနှင့်အညာ ပုဂံမြို့ဟောင်းကို နှစ်ကြိမ်မျှတူးဖော်စဉ် တွေ့ရှိရသော အထောက်အထားများမှ ပုဂံခေတ်ပိုင်ဆိုင်ရာ အထောက် အထားများသာဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ပင်းယ၊ အင်းဝ၊ မြို့ငယ်တစ်ခု အဖြစ်ဖြင့် ဆက်လက်တည်ရှိခဲ့ဟန်တူကြောင်း-**

ရေးသားတင်ပြ၍ စာတမ်းကို နိဂုံးချုပ်ထားပါ၏။ (ရှေးဟောင်းမြန်မာ မြို့တော်များစာအုပ် စာမျက်နှာ ၂၂၀)

တကောင်းမြို့ဟောင်းအား တူးဖော်သူတို့သည် မြန်မာအစ တကောင်းကနှင့်ကျောက်ဆည်က အယူအဆများကို မတို့မထိ ကိုးကား မှုမပြုပဲ မိမိတို့ တွေ့ရှိချက်အမြင်များကိုသာ တင်ပြခဲ့ကြ၏။

## အခြေပြ မြန်မာနိုင်ငံသမိုင်း

ထိုကာလများတွင် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ သုတေသန ဌာနကြီးသည် အခြေပြ မြန်မာနိုင်ငံရေးသမိုင်းစာအုပ်ကြီးကို ပြုစုခဲ့သည်။

ပြုစုခဲ့သူများထဲတွင် ဦးအောင်သန်း (မန္တလေး)နှင့် ဦးတင်မြတ်သိန်းတို့ ပါဝင်ကြ၏။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဌာနချုပ်အနေနှင့် ၁၉၇၀ ပြည့်နှစ်၌ **အခြေပြမြန်မာနိုင်ငံရေးသမိုင်း** စာအုပ်ကို ထုတ်ဝေရာတွင်၊ ပါမောက္ခဆရာကြီးလှ့စ်နှင့် ဆရာကြီးဦးဖိုးလတ်တို့၏ အယူအဆနှစ်ရပ်လုံးကို သီးခြားစီ ဖော်ပြခဲ့ပြီး ကျမ်းပြုစုသူတို့က မိမိတို့၏သဘောထား မှတ်ချက်ကိုမပေးဘဲ လေ့လာသူတို့ကသာ ဝေဖန်ပိုင်းခြားမှုပြု၍ လက်ခံရန်အတွက် ချန်ထားခဲ့၏။

သို့သော် ပါမောက္ခဆရာကြီး လှ့စ်၏ ဩဇာကိတ္တိမကလည်း မြန်မာပညာရှင် ပညာတတ်များအပေါ် အလွန်မှ ကြီးမားလှပေရာ၊ ၁၉၇၁-ခုနှစ် ဒီဇင်ဘာလက ပထမအကြိမ်ထုတ်ဝေသော **အနော်ရထာအရင်က မြန်မာနိုင်ငံ** စာအုပ်တွင် သမိုင်းသုတေသီ ဗိုလ်မှူးဘရှင်က မြန်မာအစ ကျောက်ဆည်ကဟူသော အယူအဆကို ယုံယုံကြည်ကြည်နှင့်ပင် ဆက်လက်စွဲကိုင်တင်ပြခဲ့၏။

ထိုစာအုပ်ကို ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ် ထုတ်ဝေသည်။ အင်းဝစာပေတိုက်မှ ၁၉၉၈-ခု၊ ဩဂုတ်လတွင် တတိယအကြိမ်ထုတ်ဝေရာ တတိယအကြိမ်ထုတ် စာအုပ်အပိုင်း ၅၊ မြန်မာများဝင်ရောက်ခဲ့ပုံအခန်း၊ စာမျက်နှာ - ၁၁၇ ၊ ၁၁၈ တို့၌-

**'ကချင်ပြည်နယ်တွင်း ရောက်နေခဲ့သော ရှေးဦးမြန်မာတို့သည် ထိုပြည်နယ်အတွင်း အဘယ်ကြောင့် ဧရာဝတီမြစ်ကိုဖြတ်ကူး၍ မြေပြန့်သို့မဆင်းခဲ့သနည်းဟုမေးရန်ရှိ၏။ အမှန်စင်စစ်သူတို့သည် ဧရာဝတီမြစ်ကို ဖြတ်ကူးကာ တောင်ဘက်သို့ရွှေ့ပြောင်းရန်ကြိုးစားခဲ့ကြဟန်တူ၏။ သို့သော် ထိုစဉ်က ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်စပ်ကြားတွင် သက်တို့ကြီးစိုးနေသော တကောင်းနိုင်ငံရှိနေခဲ့၍ ရှေးဦးမြန်မာများ ဤဘက်မှ မြေပြန့်ဆီသို့ မထိုးဖေါက်နိုင်ဘဲ ရှေးဦးဆုံး ရွှေ့လာခဲ့သူတို့သည် ဧရာဝတီမြစ်ကျဉ်းတွင် မွန်များအဖြစ်ဖြင့် ရပ်တန့်ခဲ့ကြရခြင်းဖြစ်သည်။ တော**

**တောင်ရေမြေအခြေအနေကလည်း ခက်ခဲလှသည်။ သို့ဖြစ်၍ တပိန်၊ ရွှေလီမြစ်ကြောင်းများ၊ ယင်းတို့မှတဆင့် ဧရာဝတီမြစ်ကြောင်းလမ်းကို မလိုက်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုရပါမည်။ ဤသို့သော အခြေအနေတွင် ရှေးဟောင်းမြန်မာတို့အတွက် ခရီးလမ်းလည်း လွယ်ကူအဟန့်အတား** လည်းနည်းပါးသော **မြေလတ်ဒေသမြောက်ပိုင်းနှင့် မြေပြန့်ဆက်ရာ ကျောက်ဆည်ခရိုင်လောက်ဆီမှ မြေပြန့်သို့ဝင်ရန်သာရှိတော့သည်'**ဟု ရေးသားထားပါ၏။

ထို့ကြောင့် မြန်မာအစကျောက်ဆည်က ဟူသော အယူအဆနှင့် မြန်မာအစတကောင်းကဟူသော အယူအဆနှစ်ရပ်မှာ ၁၉၇၀ ပြည့်လွန်နှစ်များအထိ လိပ်ခဲတင်းလင်းသာရှိခဲ့၏။ ထိုအယူအဆနှစ်ရပ်နှင့် ပတ်သက်၍ မြန်မာအစ ကျောက်ဆည်ကဆိုတော့ကော ဘာထူးမှာလဲ၊ မြန်မာအစ တကောင်းကဆိုတော့ကောဘာဖြစ်လာမှာမို့လို့လဲဟူသော မေးခွန်းတရပ်မေးနိုင်စရာရှိလာသည်။

## နောက်ဆုံးမှဝင်ရောက်သူများအဖြစ်သို့

မြန်မာအစ ကျောက်ဆည်က ဟူသောအယူအဆအရဆိုလျှင် မြန်မာတို့သည် မြန်မာနိုင်ငံအတွင်းသို့ နောက်ဆုံးဝင်လာကြသူများဖြစ်ပြီး စွယ်စုံကျမ်းအတွဲ ၁၀ တွင်ဖေါ်ပြထားသည့်အတိုင်း ခရစ်နှစ် ၈၀၀ လောက်ကမှ ဝင်ရောက်လာသူများဟု ယူဆဖွယ်ရာဖြစ်ခဲ့ရ၏။

မြန်မာအစတကောင်းက ဟူသော အယူအဆအရဆိုလျှင် မြန်မာတို့သည် မြန်မာနိုင်ငံအတွင်းသို့ လွန်ခဲ့သောနှစ်ပေါင်း ၃၃၀၀ကျော်က ပင်ဝင်ရောက်အခြေတကျနေထိုင်သည်ဟု ဆိုရာရောက်ပါ၏။ မြန်မာအစ တကောင်းကဟူသော အယူအဆအရဆိုလျှင် မြန်မာတို့သည် ရှေးပဝေသဏီကပင် အခြားတိုင်းရင်းသားလူမျိုးများနှင့်အတူ ရေကြည်ရာမြက်နုရာအရပ်သို့ ပြောင်းရွှေ့နေထိုင်ကြပြီး မရှိအတူ ရှိအတူ အေးအတူပူအမျှ နေထိုင်ကြသော လူမျိုးများဖြစ်ကြောင်း သက်သေပြခြင်းဖြစ်ပါ၏။

လွန်ခဲ့သော ခရစ်နှစ် ၈၀၀ ခန့်ကမှ ကျောက်ဆည်နတ်ထိပ်တောင်ကြားမှ ဆင်းလာပြီး မြန်မာတနိုင်ငံလုံးတွင် ယပ်တောင်လိုဖြန့်ကျက်နေထိုင်သည်ဟူသော အယူအဆသည် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးတို့ကို သွေးခွဲရာကျပြီး မြန်မာတို့သည် မြန်မာနိုင်ငံအတွင်းသို့ အလွန်နောက်ကျစွာဖြင့် ဝင်ရောက်လာကြသူများဖြစ်သည်။ အင်္ဂလိပ်တို့ကလည်း လွန်ခဲ့သော အနှစ် ၂၀၀ က မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသူများဖြစ်သည်။ မြန်မာတို့ကဲ့သို့ပင် ဝင်ရောက်ခွင့်ရှိသည်ဟူသော ကောက်ချက်ကို စတင်ကောက်ချက်ချတော့သည်။

## ကျောက်ဆည်လွင်ပြင်နှင့်တကောင်းလွင်ပြင်

ထိုအယူအဆကို ချေဖျက်နိုင်သောသမိုင်းအထောက်အထားမှာ ကျောက်ဆည်လွင်ပြင်နှင့် တကောင်းဒေသတို့သာလျှင် ဖြစ်ပါ၏။

**(က) ကျောက်ဆည်လွင်ပြင်၌ မြန်မာ သို့မဟုတ် ပျူတို့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ဤလွင်ပြင်၌နေခဲ့သော အထောက်အထားရှိပါက၊ မြန်မာများ ကျောက်ဆည်လွင်ပြင်သို့ အေဒီ ၈ ရာစုမှ ရောက်လာသည်ဆိုသော ပါမောက္ခဆရာကြီးလုစ်၏ အဆိုမှာ အလိုလို ပျက်ပြယ်ပြီးဖြစ်သည်။**

**(ခ) တဖန်တကောင်းတွင် ပျူ သို့မဟုတ် မြန်မာတို့သည် လွန်ခဲ့သောနှစ်များစွာကပင် နေထိုင်ခဲ့ကြသော အထောက်အထားပြနိုင်ပါကလည်း မြန်မာတို့သည် ကတူးများရှိနေ၍ ထိုဒေသမှနေ၍ ဧရာဝတီမြစ်ကြောင်းအတိုင်းမဆင်းဟူသော အချက်ကိုခြေဖျက်နိုင်မည်ဖြစ်ပါ၏။**

သို့သော် ၁၉၇၅ ခုနှစ်ထိ ကျောက်ဆည်ကို မတူးဖော်နိုင်သေးပဲ ရှိခဲ့သည်။ တကောင်းကို နှစ်ကြိမ်တူးဖော်ရာတွင်လည်း အနော်ရထာမင်းလက်ထက်ထက်စောသော အထောက်အထားကို မရရှိသဖြင့် ထိုအယူအဆနှစ်ရပ်မှာ လိပ်ခဲတင်းလင်းအဖြစ်သာရှိခဲ့၏။

**သမိုင်းဆရာအမြင်ဆိုသည်မှာ မိမိတို့ မျက်မှောက်ကာလတွေ့မြင်ရသော အထောက်အထားသက်သေများကို စိစစ်သုံးသပ်၍ မိမိ၏ထင်မြင်ချက်ကို ထုတ်ဖော်သုံးသပ်မှုသည် ထိုပုဂ္ဂိုလ်၏ သမိုင်းရေးရာအမြင်ဖြစ်၏။ သို့သော် သမိုင်းဆိုင်ရာအထောက်အထား အသစ်များပေါ်ပေါက်လာကြသောအခါ ထိုအထောက်အထားများမပေါ်ခင်က သမိုင်းအမြင်သည် ဖျက်သိမ်းခံရစမြဲဖြစ်ပါ၏။**

ပါမောက္ခဆရာကြီးလူ့စ်သည် သူ့ခေတ်သူ့အခါက သူတွေ့မြင်ရသောအထောက်အထားများအပေါ် ကောက်ချက်ချ၍ မြန်မာအစကျောက်ဆည်မြစ်သားက အယူအဆကို ထုတ်ဖော်ခဲ့ခြင်းဖြစ်၏။ သူထုတ်ဖော်စဉ်က သူ့အယူအဆကိုမကျေနပ်သူတို့ရှိသော်လည်း ငြင်းရုံသာငြင်းနိုင်၍ အတိအလင်းသက်သေ လက်ဆုပ်လက်ကိုင် မပြနိုင်ဘဲသာရှိခဲ့၏။

## ပင်လယ်မြို့ဟောင်းကိုတွေ့ရှိခြင်း

၁၉၇၆ ခုနှစ်သို့ရောက်သောအခါ သစ်တောမင်းကြီး ဦးမောင်မြင့်၊ ဆရာဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၊ ပါတီဌာနချုပ်မှ မြန်မာအခြေပြနိုင်ငံရေးသမိုင်းပြုစုရာတွင် ပါဝင်ခဲ့သော သုတေသနအရာရှိ ဦးတင်မြတ်သိန်း၊ ဦးဝင်းမောင် (တမ္ပဝတီ)၊ ပြတိုက်မှူး ဦးဝင်းမောင်တို့ပါဝင်သော လေ့လာရေးပညာရှင်များအဖွဲ့သည် မန္တလေးတိုင်း၊ မြစ်သားခရိုင်၊ မိုင်းမောရွာအနီးရှိ ရှေးဟောင်းမြန်မာမှတ်တမ်းများပါ ရှေးဟောင်းမြန်မာမြို့တော်ကြီးဖြစ်သည့် ပင်လယ်မြို့ဟောင်းကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ပင်လယ်မြို့ဟောင်းအားတွေ့ရှိမှုနောက်ပိုင်း၌ သမိုင်းသုတေသီဆရာကြီး ဒေါက်တာသန်းထွန်းသည် THE FORGOTTEN CITY OF OLD BURMA ဆိုသောဆောင်းပါးကို WALKING PEOPLE'S DAILY နေ့စဉ်သတင်းစာတွင် ရေးသား၍ ဆရာကြီး ဒေါက်တာလူ့စ်၏ အယူအဆကို ထောက်ခံကာ မိုင်းမောရွာအနီးမှ ပင်လယ်မြို့ဟောင်းကြီးသည် မွန်မြို့ကြီးဖြစ်သည်ဟု အခန်းဆက်ဆောင်းပါးနှစ်စောင်ရေးခဲ့သည်။ ထိုသို့ဆိုလျှင်

ပါမောက္ခဆရာကြီး လုံ့စ်အယူအဆမှန်ကန်သည့်သဘောသို့ သက်ရောက်ခဲ့၏။

## မြနဒီမှ ပျူကျောက်စာချပ်

သို့သော်လည်း ၁၉၇၈ ခုနှစ်၌ ပင်လယ်မြို့ဟောင်း၏ အရှေ့ ၄-မိုင်ခန့်အကွာ "မြနဒီ"ကျေးရွာမှ ပျူခေတ်အက္ခရာကိုသုံး၍ ပျူဘာသာဖြင့် ရေးထိုးထားသော ပျူကျောက်စာကြီးကို တွေ့ရှိပြီးသည့်နောက်တွင် 'ပင်လယ်မြို့'ကြီး အပါအဝင် ကျောက်ဆည်လွင်ပြင်ဒေသသည် မွန်မဟုတ်၊ သရေခေတ္တရာနှင့်ခေတ်ပြိုင်ဖြစ်သော ရှေးဦးပျူမြို့တော်ကြီးဖြစ်ကြောင်း ထင်ရှားသွားသည်။ ထို့အပြင် မန္တလေး ရှေးဟောင်းသုတေသနဌာနမှလည်း ဦးစိန်မောင်ဦး ဦးစီး၍ ပင်လယ်(မိုင်းမော)မြို့ဟောင်းကြီးကို လေးကြိမ်မျှတူးဖော်လေ့လာရာတွင် ခရစ်နှစ်မပေါ်မီ ဘီစီ ၃ ရာစုနှင့် ၈ ရာစုကြားတည်ရှိခဲ့သော ပျူမြို့ဟောင်းကြီးဖြစ်သည်ဟု အတည်ပြုခဲ့သည်။

ထို့ကြောင့် "မြန်မာအစ ကျောက်ဆည်က" အယူအဆတွင် အဓိကဖြစ်သော **"အေဒီ ၈ ရာစုလောက်တွင် မြန်မာများသည် နတ်ထိပ်တောင်ကြားအတိုင်း ရှမ်းကုန်းပြင်မြင့်မှ မြေပြန့်သို့ဆင်းသက်ပြီး 'မွန်တို့၏ ကျောက်ဆည်ဒေသ'ကို သိမ်းပိုက်ခဲ့သည်"**ဆိုသည့်အချက်မှာ မဟုတ်မမှန်ကြောင်းသက်သေခံ အထောက်အထားစ၍ ရရှိခဲ့၏။

ထို့အပြင် ကျောက်ဆည်လွင်ပြင်ရှိ လယ်တွင်း ၁၁ ခရိုင်အနက်မှ ကျေးရွာအများစု၏အမည်များသည် "မွန်အမည်"များသာဖြစ်သည်ဆိုသည့်အချက်ကိုလည်း မွန်အမည်မဟုတ်၊ ရှေးဟောင်းမြန်မာအမည်များသာဖြစ်သည်ကို ဆရာကြီး ဦးမောင်မောင်တင်၏ ၈၄ နှစ်မြောက်မွေးနေ့၌ ဖတ်ကြားခဲ့သော "လယ်တွင်း ၁၁ ခရိုင်"စာတမ်းကြောင့် ရှင်းလင်းသွားခဲ့၏။ လယ်တွင်း ၁၁ ခရိုင်စာတမ်းကိုတင်သွင်းသူမှာ ဦးဝင်းမောင် (တမ္ပဝတီ)ဖြစ်ပါသည်။

တဖန် "မြန်မာအစတကောင်းက" ဟူသော အယူအဆကို ထောက်ခံနိုင်ရန် ဖော်ပြပါအတိုင်း တကောင်းမြို့ဟောင်း သို့မဟုတ် တကောင်းမြို့ဟောင်းတဝိုက်မှ တုံငယ်၊ မိုင်းတိုင်း၊ ဆင်ညှပ်ကုန်း၊ ပုတီးဖြူ ကြာညှပ်၊ တွင်းငယ်၊ သပိတ်ကျင်း စသောဒေသများမှ ပျူခေတ်အထောက် အထားများတွေ့ရှိရန် လိုအပ်လာသည်။ ရှေးဟောင်းသုတေသနမှ တကောင်းမြို့ဟောင်းကို နောက်ထပ်နှစ်ကြိမ် စုစုပေါင်း လေးကြိမ်တိုင် တူးဖော်လေ့လာခဲ့သော်လည်း တကောင်းသယဉ်ကျေးမှုသည် အနော်ရထာ ခေတ်ထက် မစောသော (၁၁-ရာစု)လက်ရာများကိုသာ တူးဖော်တွေ့ရှိ ခဲ့သဖြင့်တကောင်းကပင်လျှင် မြန်မာအစတကောင်းကဟူသော အယူ အဆကို မထောက်ခံဘဲရှိနေသကဲ့သို့ဖြစ်ရ၏။

## ပျူလမ်းစကိုတွေ့ရှိခြင်း

၁၉၉၇-ခုနှစ်တွင် ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) နှင့် ဦးဝင်းမောင် (တမ္ပဝတီ)တို့အဖွဲ့သည် တကောင်းမြို့ဟောင်းနှင့် ပတ်ဝန်းကျင် ကျေးရွာများကို ကွင်းဆင်းလေ့လာခဲ့ကြသည်။ လေ့လာ ခဲ့ကြရာတွင်

(က) တကောင်းမြို့၊ချမ်းသာကြီးကျောင်းမှ လက်စင်းရာ ပါသော အုတ်ချပ်များကိုတွေ့ရှိခဲ့သည်။

(ခ) ဆင်ညှပ်ကုန်းရွာမှ အရိုးအိုးနှင့် မြေပုတီးစေ့များ၊ သံလက် နက်များ၊ ကြေးလူသုံးကိရိယာများကို တွေ့ရှိသည်။

(ဂ) ပုတီးဖြူရွာအနီးမှ ကြေးခေတ်လက်နက်များနှင့် ပုတီးစေ့ များ၊ ရှေးဟောင်းသံချက်ဖိုကြီးများကို တွေ့ရှိသည်။

(ဃ) ကြံညှပ်ရွာမှ ကျောက်လက်နက်များ၊ ကြေးလက်နက်များ၊ ပျူခေတ်ပုတီးများ၊ ပျူခေတ်ငွေဒင်္ဂါးများကို တွေ့ရှိသည်။

ဤတွေ့ရှိမှုများသည် တကောင်းဒေသ၌ ပျူလမ်းစကို ဖော်ပေး နိုင်မည့် တွေ့ရှိမှုအသစ်များဖြစ်ခဲ့သည်။ ထိုတွေ့ရှိမှုများသည် မြန်မာ

အစတကောင်းကဟူသော အယူအဆအတွက် အရေးပါသော တွေ့ရှိမှု များဖြစ်ပါ၏။ မိုင်းမော၏ တွေ့ရှိမှုနှင့် ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)နှင့် ဦးဝင်းမောင်(တမ္ပဝတီ)တို့၏ မနားမနေဆောင်ရွက်မှု များမှတွေ့ရှိမှု အသစ်များသည်၊ မြန်မာအစ ကျောက်ဆည်ကဟူသော အယူအဆမမှန်ကြောင်းကို စတင်ဖော်ထုတ်နိုင်ခဲ့၏။ သို့သော် မြန်မာအစ တကောင်းကဟူသော အယူအဆမှန်ကန်သေချာကြောင်းကို အထောက် အထားတင်ပြစရာ မရှိသေးဘဲ၊ ရှိနေခဲ့၏။

## ဇရာဝတီစာပေခရီး

မြန်မာအစတကောင်းကနှင့် ကျောက်ဆည်က ဝိဝါဒကွဲလွဲမှုတွင် ဧရာဝတီစာပေခရီးသည် တစ်ခန်းတစ်ကဏ္ဍပါဝင်ခဲ့၏။ ဧရာဝတီစာပေ



**အဖွဲ့ဝင်ပေါင်း ၄၁ ဦးပါဝင်၍ ဧရာဝတီမြစ်အစမှအဆုံး ၂၈ ရက်ကြာ ပဒုမ္မာသင်္ဘောဖြင့် စုံဆင်းခဲ့သော ဧရာဝတီစာပေခရီး**

ခရီးကို ၁၉၉၈-ခု၊ မတ်လ ၁၆ ရက်နေ့မှ ဧပြီလ ၁၂ ရက်နေ့တိုင် ၂၈ ရက်အကြာ မေခါ၊မေလိခ မြစ်ဆုံမှ ရန်ကုန်သို့ ရည်ရွယ်ချက်ပေါင်းများစွာဖြင့်သွားရောက်ခဲ့ကြသောခရီးဖြစ်သည်။ ကုန်ကြွေမှာ ထိုခေတ်အခါက ၁၀ သိန်းကျော်ရှိ၍ ပန်းမျိုးတစ်ရာစာပေမှ ငါးသိန်းနှင့် စာပေအဖွဲ့အစည်းများ၊မိတ်ဆွေများနှင့် ဌာနဆိုင်ရာတို့မှ ကူညီငွေငါးသိန်းရှိသည်။ ဧရာဝတီစာပေခရီးတွင် ပါဝင်ခဲ့သူ အဖွဲ့ပေါင်း ၄၁ ဦးရှိသည်။ ပါဝင်ကြသူများထဲတွင် ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)အပါအဝင် သမိုင်းကော်မရှင်မှ ဆရာကြီးဦးဆွဲ၊ ဦးအောင်မြတ်ကျော်၊ သမိုင်းသုတေသီ ဆရာသိန်းသန်းထွန်း၊ စာရေးဆရာ ဦးဌေးမောင်၊ ဗိုလ်မှူးကြီး **ပီကျော်ဟန်** (အငြိမ်းစား) စသူတို့လည်း ပါဝင်ခဲ့ကြ၏။ ဆရာကြီး ဒေါက်တာသန်းထွန်းမှာ ဧရာဝတီစာပေခရီးကိုလိုက်ပါမည်ဟု စီစဉ်ပြီးကာမှ မလိုက်ဖြစ်ခဲ့ရှိပါ၏။

ဧရာဝတီစာပေခရီးသည် ၂၇-၃-၁၉၉၈ ခုနေ့တွင် ထီးချိုင့်သို့ ရောက်ရှိ၏။ ထီးချိုင့်သို့ ရောက်ရှိသောအခါ ဆရာတော် ထီးချိုင့်နတ်စိုးဘဝနတ်ထံပျံလွန်တော်မူသော အခန်းအနားနှင့်ကြုံကြိုက်၍ ဧရာဝတီစာပေခရီးအဖွဲ့ဝင်များ ထီးချိုင့်တွင် တစ်ညအိပ်ကြ၏။ ကျွန်တော်သည် ထီးချိုင့်တွင် ကျွန်တော်၏ တပည့်ဖြစ်သူ ကိုမင်းဟန်နှင့်တွေ့၏။ ကိုမင်းဟန်သည် လူငယ်ရှေးဟောင်းသုတေသနသမားတစ်ဦး ဖြစ်သည်။ကျွန်တော်က ရှေးဟောင်းသုတေသန ဘာသာရပ်ကို ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်သင်ကြားရုံသာမက သမိုင်းသုတေသနဌာနတွင် အလုပ်အကိုင်ရရှိအောင် ရှာဖွေပေးခဲ့သူဖြစ်သည်။ သို့သော်လည်း တစ်နေ့တွင် ကိုမင်းဟန်က သူသည် ရန်ကုန်မှ တစ်နေရာရာသို့သွားရမည်ဖြစ်ကြောင်းပြောရာ ကျွန်တော်က၊ တစ်နေရာရာသွားမည်ဆိုပါက အခြားနေရာသို့မသွားဘဲ၊ မင်းဆွေမျိုးအစ်မတော်သူလည်း ရှိသည်ဆိုသော တကောင်းမှာသွားနေရန်တိုက်တွန်းခဲ့၏။ တကောင်းတွင် ရှေးဟောင်းသုတေသနအမြင်ရှိသူတစ်ဦး နှစ်ရှည်လများနေထိုင်ပါက ထိုအရပ်



**စာတမ်းရှင်နှင့် သုတေသီကိုမင်းဟန်တို့ ထီးချိုင့်တွင်၏အမှတ်တရ** တွင် မှချထူးခြားမှုတွေ့နိုင်မည်ဟု ယူဆကာ ကိုမင်းဟန်အား တကောင်းသို့ သွားနေရန် တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

## ဆင်ညှပ်ကုန်းမှသဲလွန်စ

ထီးချိုင့်ကိုရောက်၍ ဘုန်းကြီးပျံတွင် ကိုမင်းဟန်နှင့်တွေ့လျှင် သူက တကောင်းတွင်သူသည် ဆယ်တန်းကျောင်းသားများအား စာပြရင်းတကောင်းဝန်းကျင်ကို သုတေသနပြုနေကြောင်းပြော၏။ ထို့နောက် တကောင်းမြို့ဟောင်းမှ တောင်ဘက် ၆ မိုင်ခွဲအကွာတွင်ရှိသောနေရာတစ်ခုမှ အုတ်ခွက်ပစ္စည်းများ မိမိစုဆောင်းထားကြောင်း ပျူပစ္စည်း ပျူအရိုးအိုးများ ဖြစ်နိုင်ကြောင်း ပြောကြား၏။ တကောင်းကိုတူးခဲ့သည်။



ဆင်ညှပ်ကုန်းမှ တွေ့ရှိရသောကြွာဖတ်ပုံအုတ်ခွက်

ပန်းမျိုးတစ်ရာစာပေ



**ဆင်ညှပ်ကုန်း၏ ဓမ္မစကြာပုံပန်းကွပ်ပါရှိသည့် အုတ်ခွက်**

မှာ လေးကြိမ်ရှိပြီ၊ အနော်ရထာလက်ထက် ၁၁ ရာစုကို မကျော်နိုင်ပဲ ရှိရာမှ ဆင်ညှပ်ကုန်းမှ ပစ္စည်းသည် ဘယ်လိုပျူခေတ်ဖြစ်နိုင်မလဲဟု ကျွန်တော်ကိုမင်းဟန်အားမေးရာ သူက ဆင်ညှပ်ကုန်းဒေသကို မတူး ဖော်ရသေးကြောင်း၊ ဆင်ညှပ်ကုန်းတွင် ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)နှင့် ဦးဝင်းမောင် (တမ္ပဝတီ)တို့သည် ပျူခေတ်သဲလွန်စများ ကို ရရှိနေကြောင်း။ သို့သော် ယခုအပိုင်းအစပစ္စည်းများကို ဆရာကြီး နှင့် ဦးဝင်းမောင် မတွေ့ရသေးကြောင်း သူတို့တွေ့ပါက ပျူပစ္စည်းဟုတ် မဟုတ်ပို၍ ခိုင်မာမည်ဖြစ်ကြောင်း။ သို့မဟုတ် ရှေးဟောင်းသုတေသန ဦးစီးဌာနမှတွေ့ရှိလျှင်လည်း ထိုကိစ္စရှင်းသွားမည်ဖြစ်ကြောင်း ပြောပါ သည်။ ထိုနေ့ညက ကျွန်တော်သည် ကိုမင်းဟန်ပြောပြသော ပျူခေတ်

ပစ္စည်းများကို စိတ်ကူးနှင့် စဉ်စားရင်း ပဒုမ္မာသင်္ဘောပေါ်တွင် တစ်ည လုံး အိပ်မပျော်နိုင်ပဲ ရှိ၏။ ကိုမင်းဟန်သည် ရှေးဟောင်းအတွေ့အကြုံ ရှိသူမို့ သူက ပျူဟုဆိုပါက ဧရာဝတီစာပေခရီးသည် အဖိုးမဖြတ်နိုင် သော သဲလွန်စကို ဖော်ထုတ်နိုင်တော့မည်ဖြစ်၏။

၂၈-၃-၉၈ ခုနေ့တွင် ကျွန်တော်တို့ ထီးချိုင့်မှတကောင်းသို့ နံနက်ရှစ်နာရီထွက်လာခဲ့ကြရာ တကောင်းသို့ နံနက် ၁၁ နာရီတွင် ရောက်၏။ ခရီးရောက်မဆိုက်ပင် တကောင်းမှ ဆင်ညှပ်ကုန်းသို့ ထွက် ခဲ့ရာ ဆင်ညှပ်ကုန်းတွင် ပထမဆုံးတွေ့ရသောပစ္စည်းမှာ ကျိုးခြင်းပဲ့ခြင်း လုံးဝမရှိသော အစင်းလက်ရာပါသည့် အုတ်တစ်ချပ်ပင်ဖြစ်ပါ၏။ ပျူ အုတ်တစ်ချပ်ကို တွေ့ရရုံမျှဖြင့် ကျွန်တော်ပျော်သွားသည်။ ကျွန်တော်တို့ သည် လှည်းတစ်စီးကို မေတ္တာရပ်ခံ၍ ဆင်ညှပ်ကုန်းမှ အရှေ့မြောက်ဘက်ရှိ သုံးမိုင်ခန့်ဝေးသော ဦးတင်ဝင်း၏လယ်ထဲသို့ သွားသည်။ ထိုလယ်ထဲတွင် ရှေးဟောင်းအုတ်ခွက်ပုံကြီးတစ်ပုံကို တွေ့ရ၏။ ထိုနေရာတွင် အုတ်ကျိုး ပဲ့များနှင့် ပြည့်နှက်နေ၏။ ကျွန်တော်တို့သည် အုတ်ခွက်ပုံကြီးအား ဓာတ် ပုံရိုက်ပြီး အုတ်ခွက်ကျိုးများကို ရွေး၍ယူပြီး ထိုနေရာကို ခြံခတ်၍ ထားရန် ထိုနေရာမှ အုတ်ခွက်ကျိုးများကို ရွှေ့ပြောင်းမပြစ်ရန် ထိုနေရာ တွင် သီးနှံမစိုက်ပျိုးရန် မှာကြားဆွေးနွေးပြီး ပြန်ခဲ့၏။

ဦးတင်ဝင်းလယ်ထဲမှ အုတ်ခွက်အပိုင်းအစ ၃၀ ကျော် ကျွန်တော် တို့ ယူလာခဲ့သည်။ ထိုအုတ်ခွက်များကို ပျူခေတ်ပစ္စည်းများအဖြစ် လက်ခံ သော်လည်း ဘာကြောင့်ပျူဟူ၍ ပြောနိုင်သည့်ဆိုသောအချက်များနှင့် ပတ်သက်၍ကား သက်သေပြနိုင်ရန် လို၏။ ပညာရှင်များလေ့လာသုံးသပ် ဝေဖန်မှုဆုံးဖြတ်မှုပေးရန် လိုအပ်၏။ တဖန်ထိုပစ္စည်းများကို အရိုးအိုး တွေလား၊ ဘာတွေလဲဆိုသောအချက်ကိုလည်း ကောက်ချက်မချနိုင်သေး ပဲရှိသည်။ မန္တလေးရောက်၍ ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) သင်္ဘောပေါ်သို့တက်လာမှ ထိုပစ္စည်းများကိုပြ၍ ပစ္စည်းများတွေ့ရှိပုံမှ အစရှင်းပြရာ ဆရာကြီးက “ဒါတွေကို ငွေတစ်သန်းနဲ့ မလဲနိုင်ဘူး” ဟု

ပြောပါ၏။ ဆရာကြီးဦးမောင်မောင်တင်က "ငွေတစ်သန်းဆိုတာ ဒေါ်လာ တစ်သန်း ဒေါ်လာ တစ်သန်း"ဟု ဆက်၍ပြောသည်။ ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)သည်၊ ရောဝတီစာပေခရီးကို မန္တလေးရောက်မှ သဘော်ပေါ်သို့ ရောက်ရှိပူးပေါင်းခြင်းဖြစ်သည်။ ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)သည် အရပ်ကပုပု၊ သူစိတ်ဝင်စားသော ပျူ အုတ်ခွက်အကျိုးအပဲ့များကို အလင်းရောင်ဖြင့် ယူကြည့်လိုက်၊ မတ်တပ်ရပ် လိုက်၊ ဆောင့်ဆောင့်ထိုင်ကြည့်လိုက်နှင့် ထိုပစ္စည်းများက ဆရာကြီးကို မည်မျှစိတ်လှုပ်ရှားစေသည်ကို သိသာလှပါသည်။

ကျွန်တော်တို့ ဆင်ညှပ်ကုန်း ဦးတင်ဝင်းလယ်ထဲမှ ရရှိလာသော ပစ္စည်းများမှာ နှစ်မျိုးဖြစ်သည်။ ထိုပစ္စည်းများကို ကျွန်တော်တို့သည် ပဒုမ္မာ သဘော်ပေါ်တွင် ဆရာကြီးဦးမောင်မောင်တင်၊ ကျောက်စာ မှင်စာ ပညာရှင် ဆရာကြီးဦးဆွဲ၊ ဦးအောင်မြတ်ကျော်၊ အငြိမ်းစား တိုင်းမင်းကြီး ဦးတင်ဦး၊ ဆရာဦးဌေးမောင်၊ ဦးသိန်းသန်းထွန်းနှင့် အခြား ရောဝတီစာပေ ခရီးသည်များ ပါဝင်လျက်ပဏာမလေ့လာမှုကို ပြုခဲ့ကြ၏။ သို့သော် တိကျသောအဖြေမပေးနိုင်သေးပဲ နှိုင်းယှဉ်လေ့လာမှုများပြုရဦးမည်ဟုသော ဆရာကြီးဦးမောင်မောင်တင်က ဆို၏။

ပုဂံသို့ရောက်ရှိသောအခါ ဆင်ညှပ်ကုန်းမှ အုတ်ခွက်များ အကြောင်းကို ဆရာကြီးဦးမောင်မောင်တင်က (မဟာဝိဇ္ဇာ)၊ ပခုက္ကူမှ စာပေခရီးသည်အဖြစ် တက်ရောက်လာသော ဦးနန်းလှိုင် (ပုရိသ)၊ ဦးဝင်းမောင် (တမ္ပဝတီ)တို့သည် ၁၉၉၈ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ညတွင် ဒုတိယအကြိမ် ဆွေးနွေးခဲ့ကြ၏။

## အုတ်ခွက်များကို စတင်လေ့လာခြင်း

ထို့နောက် တမ္ပဝတီဦးဝင်းမောင်ရန်ကုန်မြို့သို့လိုက်လာခဲ့ပြီး ရောဝတီစာပေခရီးအဖြင့် ပါလာသော အုတ်ခွက်များကို ဆရာကြီး



**ဆင်ညှပ်ကုန်းအုတ်ခွက်ပုံစံ - (၁)**

ဦးမောင်မောင်တင်နှင့်အတူ တိုင်းထွာခြင်း၊ အုတ်ခွက်နမူနာများကို ပုံစံရေးဆွဲခြင်းတို့ ပြုလုပ်၏။

အုတ်ခွက် ၂ မျိုး ၂ စားအနက် ပထမအုတ်ခွက်အမျိုးအစားမှာ အောက်ခြေအလျား ၂၃ စင်တီမီတာ အမြင့် ၁၅ စင်တီမီတာရှိသော ကြာဖတ်ပုံ အုတ်ခွက်ဖြစ်၍၊ အခြေမှ အထက်သို့ အနည်းငယ်ဟိုက်၍ နေ၏။ ဗဟိုတည့်တည့်နှင့်ဘေးဘယ်ညာတို့၌ ရေဆင်းရန် မြောင်းငယ်များပါရှိပြီး အတွင်းသုံးမြောင့်ပုံ ကနုတ်ပန်းများကို ပုတီးတန်းနှင့် သုံးဘက်ဘောင်ခတ်ထားသည်။ **ပုံ (၁)**

ဒုတိယ အုတ်ခွက်အမျိုးအစားမှာ အဝိုင်းပုံဖြစ်ပြီး၊ ဓမ္မစကြာပုံသဏ္ဍာန် ပန်းကြွဖော်ထားသည်။ ဗဟိုတွင် ပန်းတောင်းချက်မပါရှိပြီး ဘေး၌ တံကူလှည်းဘီးဘောင်ပါရှိသည်။ ကောက်တံ ၁၅ ချောင်းပါရှိသည့်အနက် အကြီးငါးချောင်းနှင့် ထိပ်တွင် အစက်များပါသော အငယ် ၁၀ ချောင်းတို့ဖြစ်သည်။ အုတ်ခွက် အရွယ်အစားနှစ်မျိုးဖြစ်ပြီး အကြီးမှာ အချင်း၂၀ စင်တီမီတာရှိ၍၊ အငယ်မှာ အချင်း ၁၃ စင်တီမီတာ အသီးသီးရှိကြသည်။ **ပုံ (၂)၊ ပုံ (၃)**



**ဆင်ညှပ်ကုန်းအုတ်ခွက်ပုံ (၂)**

အုတ်ခွက်များ၏ နောက်ကျော၌ အုတ်ခွက်မျက်နှာပြင်နှင့် ထောင့်မတ်ကျစွာ ပိုက်လုံးခြမ်းပုံသဏ္ဍာန် အဆက်ရာများရှိသည်။

ဧရာဝတီစာပေခရီးမှ သယ်ယူလာသော အုတ်ခွက်ပစ္စည်းများကို လေ့လာပြီး သတင်းအချက်အလက်ပိုမို ပြည့်စုံစေရန် ၁၉၉၉ ခု၊



**ဆင်ညှပ်ကုန်းအုတ်ခွက်ပုံ - (၃)**



**ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)**

အောက်တိုဘာလတွင် ဆရာကြီး ဦးမောင်မောင်တင်နှင့် ဦးဝင်းမောင် (တမ္ပဝတီ) တို့သည် ဆင်ညှပ်ကုန်းရွာ၊ ထိုပစ္စည်းများတွေ့ရှိရာ ကုန်းသို့ ကွင်းဆင်း သွားရောက် လေ့လာခဲ့ကြသည်။

## အခြားပျူမြို့ကြီးများနှင့် နှိုင်းယှဉ်လေ့လာခြင်း

ထိုကုန်းမှာ ရှေးဟောင်း အဆောက်အဦးပျက်တစ်ခုဖြစ်ပြီး မြေပြင်ထက် ၆ ပေခန့် မို့မောက်လျှက်ရှိသည်။ ကုန်းမှ တွေ့ရှိရသော အုတ်ခဲတိုင်းတွင် ပျူခေလေ့ဟု ပြောစမှတ်ပြုကြသော "လက်စင်းရာ" အရေးကြောင်းများ ပါရှိခဲ့သည်ကို ထပ်မံလေ့လာခွင့်ရခဲ့သည်။ အစင်း




ပုံ - (၈)
ဆင်ညှပ်ရိုးမှ အဆောက်အဦးပန္နက်ပုံ

ရာပါသောအုတ်များကပင် ထိုကုန်းသည် ၁၁-ရာစု အနော်ရထာမင်းကြီး လက်ထက် ထက်စောနိုင်ကြောင်း လမ်းစဖော်ပြလျက်ရှိသည်။

ထိုကုန်းကို သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်၌ ရှေးဟောင်းသုတေသန ဌာနမှ တူးဖော်ရာတွင် အလျားအနံ ၄၆ ပေပတ်လည်ရှိ စတုရန်းပုံ အတွင်း အုတ်ရိုးတို့ပေါ်ထွက်လာသည် ပုံ (၈) အပြင် အုတ်ရိုး၏ အရှေ့တောင် ဘက်စွန်း၌ အလျား ၉ ပေ ၆ လက်မခန့်ရှိ လှေကားအိမ်တစ်ခုလည်း ပါရှိခဲ့ရာ၊ ထိုပန္နက်ပုံအဆောက်အအုံသည် ပဿာနိုးမြို့ဟောင်းတူးဖော် မှုမှ ကေ-ကေ-ဂျီ ၄ ကုန်း အဆောက်အဦးနှင့် ပုံသဏ္ဍာန်ချင်းရော၊ အရွယ် ပမာဏပါ တူညီမှုရှိနေပေသည်။ ထိုကုန်းအမှတ် (၄)၏အပြင် အုတ်ရိုးမှာ ၄၇ ပေ ပတ်လည်နှင့် အတွင်းအုတ်ရိုးမှာ ၂၄ ပေ ပတ်လည်ရှိကြပြီး တောင်ဘက်မျက်နှာ၌ ၁၁ ပေ အလျားရှိသော လှေကားတစ်စင်းပါရှိသည်။

ကုန်းနှစ်ခုစလုံးသည် တောင် မြောက်တည့်တည့်တန်းလျှက် မရှိကြဘဲ၊ မြောက်တည့်တည့်မှ အရှေ့သို့ ၇-ဒီဂရီခန့် စောင်းနေကြပုံ ချင်းလည်းတူညီကြသည်။

ဤသို့ လှေကားပါရှိသော လေးထောင့်ပုံ ပန္နက်အဆောက်အဦး များကို သရေခေတ္တရာမြို့ဟောင်းတွင် မသီကျကုန်း၊ ပိဿာနိုးမြို့ဟောင်း တွင် ကုန်းအမှတ် ၄-၆-၁၂-၁၄-၁၈ နှင့် ၂၄၊ ဟန်လင်ကြီးမြို့ဟောင်း တွင် ကုန်းအမှတ် ၅-၁၂-၁၃ နှင့် ၁၅၊ မိုင်းမောရွာအနီးမှ ပင်လယ်မြို့ ဟောင်း တွင် ကုန်းအမှတ် ၇ နှင့် ၈ ဟူ၍ ပျူမြို့ဟောင်းတိုင်း၌ တွေ့ရှိ ရတက်ပေသည်။

ထိုကုန်းများပတ်ဝန်းကျင်မှ အရိုးအိုးများလည်း တွေ့ရှိလေ့ရှိ ရာ ဗိဿနိုးကုန်း၊ အမှတ်-၁၂ မှ အရိုးအိုး ၈၀ ခန့်အထိ တွေ့ရှိခဲ့ရ ဘူးသည်။ ထို့ကြောင့် ဤပန္နက်ပုံ အဆောက်အဦးများကို ပျူခေတ်တူး ဖော်မှု မှတ်တမ်းများ၌ အရိုးအိုးမြှုပ်နှံရာ အဆောက်အအုံဟု မှတ်ထားခဲ့



ပုံ - (၆)

ဗိဿနိုးမြို့ဟောင်းမှ အရိုးအိုးကျင်းပန္နက်ပုံများ



ပုံ (၇)

ပင်လယ် (မိုင်းမော)မြို့ဟောင်းမှ အရိုးအိုးကျင်းပန္နက်ပုံများ

ခဲ့ပေသည်။ ပုံသဏ္ဍာန်အားဖြင့် အိန္ဒိယနိုင်ငံ၊ အန္ဒရပြည်နယ်၊ အမရဝတီနှင့် နဂရဇုနကဏ္ဍာအရပ်ရှိ ရှေးဟောင်းစေတီငယ်များ၏ ပန္နက်ပုံနှင့် ဆင်တူပြီး အောက်ခြေ၌ လေးထောင့်ပုံရင်ပြင်တော်အမြင့်နှင့် ယင်းသို့တက်ရန် လှေကားတစ်ဖက်ပါရှိပြီး ရင်ပြင်အလယ်၌ ဥထက်ခြမ်းပုံ စေတီတော် ကိုယ်ထည်နှင့် အထွဋ်ထီးအဆင့်ဆင့်တို့ပါရှိသော စေတီတော်ပုံစံမျိုး ဖြစ်နိုင်ပေသည်။



**ပုံ (၉) အရိုးကုန်းများ၏ မူလပုံစံ**
**အိန္ဒိယနိုင်ငံ-နာဂရဇုကုဏ္ဍာရှိ စေတီတော်ငယ်ပုံစံ**

အန္ဒရစေတီကုန်း၏ ပန္နက်ပုံသည် ပျူခေတ်အရိုးအိုးကုန်း အဆောက်အဦးများနှင့် ပုံသဏ္ဍာန်ချင်းတူသည်သာမက ဆင်ညှပ်ကုန်း အုတ်ခွက်နှစ်မျိုးနှင့် နီးစပ်သော အုတ်ခွက်များကို သရေခေတ္တရာမြို့ ဟောင်းပြတိုက်နှင့် ရန်ကုန်ရှေးဟောင်း သုတေသန ရုံးချုပ်တို့တွင်းလည်း တွေ့ရှိမှတ်တမ်းပြုသထားပြီး ဖြစ်သည်။

**ပန်းမျိုးတစ်ရာစာပေ**



**ဆင်ညှပ်ကုန်းနှင့် ဆင်တူသော သရေခေတ္တရာမြို့ဟောင်းမှ အုတ်ခွက်၊**

**ပျူလက်ရာများအဖြစ်**

ထိုအုတ်ခွက်များမှာ အပြည့်စုံရှိမည်ဆိုသော် အုတ်ခွက်နောက်မှာ ပိုက်လုံးခြမ်းပုံများ ထောင့်မှန်ကျစွာ ဆက်စပ်လျှက်ရှိကြောင်း တွေ့ရှိရသည်ဖြစ်ရာ၊ အချို့ရွာသားများက လေးခြမ်းစပ်၍ အရိုးအိုး ပုံသဏ္ဍာန်ရှိသည်ဟုလည်းကောင်း၊ အချို့ပညာရှင်များကလည်း အပြင်အုတ်ရိုး၏ အမိုးအုတ်ကွပ် အစွန်းများဖြစ်သည်ဟူ၍လည်းကောင်း၊ အယူအဆများကွဲပြားလျှက် ရှိသည်။ ထိုအုတ်ခြမ်းများ၏ အသုံးပြုပုံ အမှန်ကို သိရှိရန် ရှေးဟောင်းသုတေသနဌာနမှ ဤကုန်း သို့မဟုတ် အလားတူကုန်းတစ်ခုတစ်ခုကို စနစ်တကျ ဆက်လက်တူးဖော်ရဦးမည် ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေကာမူ တကောင်းမြို့အနီး ဆင်ညှပ်ကုန်းရွာထိပ် ကုန်းမှ ဧရာဝတီစာပေခရီးတွေ့ရှိရသော အုတ်ခွက်များ၊ ပိုက်လုံးခြမ်းများ၊ အုတ်ခဲများသည်-

(က) အုတ်ခဲတိုင်း၌ လက်စင်းရာပါရှိခြင်း။

(ခ) ပန္နက်ပုံအားဖြင့် ဗိဿနိုး ကုန်းအမှတ် ၄ နှင့်ပုံသဏ္ဌာန် တူညီခြင်း။

(ဂ) အလားတူ အုတ်ခွက် (သို့မဟုတ်) အမိုးပြားများကို သရေ ခေတ္တရာမြို့ဟောင်းမှလည်း ရရှိခဲ့ဘူးခြင်းတို့က ထိုကုန်း သည် အေဒီ ၇ ရာစုဝန်းကျင်ကပင် တကောင်းမြို့အနီးတဝိုက်၌ တည် ရှိခဲ့သော ပျူခေတ် လက်ရာများဖြစ်နေသည်ကို မငြင်းသာအောင် သက်သေပြလျှက်ရှိ ပေသည်။

"တကောင်းသည် အနော်ရထာမင်းကြီးလက်ထက်က ၁၁ ရာစု ထက် မစောနိုင်ဆိုသော ယခင်က အဆိုကို ဧရာဝတီစာပေခရီးအုတ် ခွက်တို့က ချေဖျက်၍ တကောင်း၏ ပျူယဉ်ကျေးမှုသဲလွန်စကို ဖော် ထုတ်ပေးနိုင်ခဲ့သည်"ဟု ဦးဝင်းမောင် (တမ္ပဝတီ) ကို ဆင်ညှပ်ကုန်း အုတ် ခွက်များနှင့် ပတ်သက်၍ မှတ်ချက်ပေးပါ၏။

**ရှေးဟောင်းအဆုံးအဖြတ်**

ရှေးဟောင်းသုတေသနဌာနသည် ၂၀၀၀ ပြည့်နှစ်တွင် ဆင်ညှပ် ကုန်းရွာအနီး ဖော်ပြပါ ဦးတင်ဝင်း၏ ကုန်းကိုတူးဖော်လေ့လာခဲ့ရာတွင် ထိုကုန်းမှ အမိုးမိုးရာတွင် သုံးစွဲသည်ဟုယူဆရသော (အချို့ကလည်း အရိုးအိုး၏ အပိုင်းအစများနှင့်တကွများဟု ပြောဆိုကြသည်) များစွာ သော အုတ်ခွက်များ၊ အုတ်ပြွန်ခြမ်းများနှင့်တကွ ရှေးဟောင်းအဆောက် အဦး ပန္နက်ရာတစ်ခုကိုပါ တူးဖော်နိုင်ခဲ့သည်။ **ထိုရှေးဟောင်းအဆောက် အဦးသည် တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်းမှ ကေ-ကေ- ဂျီ-၄၊ အဆောက်အဦးနှင့် အရွယ်အစားရော၊ ပုံသဏ္ဌာန်ပါ တူညီမှုရှိ**



ဦးဝင်းမောင် တမ္ပဝတီနှင့် စာတမ်းရှင် ချစ်စံဝင်း

**သောကြောင့်ရှေးဟောင်းသုတေသနဌာနမှ ဆင်ညှပ်ကုန်းယဉ်ကျေးမှုသည် ခရစ်နှစ် ၅ ရာစုမှ ၇ ရာစုအတွင်းထွန်းကာခဲ့သော လက်ရာဟု သတင်းထုတ်ပြန်ခဲ့သည်။**

ထို့ကြောင့် မြန်မာအစ တကောင်းက အယူအဆသည်၊ ဒဏ္ဍာရီ မဟုတ် လက်တွေ့ဖြစ်ကြောင်း၊ ဧရာဝတီစာပေခရီးက သယ်ဆောင်လာသော ဆင်ညှပ်ကုန်းရွာအုတ်ခွက်များက သက်သေပြခဲ့သည်။ ဆရာကြီးဦးဖိုးလတ် မြန်မာအစ စာတမ်းပါမှတ်တမ်းအတိုင်း - တကယ်သေချာ၊ ခိုင်မာ၊ ယုံကြည်၊ အားကိုးလောက်သော အဖြေကို ရှာဖွေတွေ့ရှိပြီဟု ဆိုရမည် ဖြစ်ပါသည်။

ဧရာဝတီစာပေခရီးတွင် ဆရာကြီးလူ့စ်၏ တပည့်ဆရာကြီးထံမှ ရှေးဟောင်းအမွေ၊ သမိုင်းအမွေရရှိခဲ့သော၊ ဆရာဦးအောင်မြတ်ကျော် လည်း ပါဝင်ခဲ့သည်။ ဆရာကြီး ဦးအောင်မြတ်ကျော်က မြန်မာအစ ကျောက်ဆည်၊ မြစ်သားက အဆိုကို ဆန့်ကျင်၍ ဆွေးနွေးရေးသားမှု များရှိသည်ကို ဆရာကြီးလူ့စ်အား တင်ပြရာ ဆရာကြီးက "ဆွေးနွေးကြ ပါစေ၊ ဆွေးနွေးပြီး တကယ့်အမှန်ပေါ်လာရင်လဲပြီးတာပေါ့"ဟု ပြန်လည် ပြောကြားလိုက်သည်ကို မှတ်သားထားခဲ့ကြောင်း ပြောပြသည်။ ဆရာကြီး လူ့စ်၏ ယင်းသဘောထားအရ ဆရာကြီးသည် မြန်မာအစ ကျောက် ဆည်က ဟူသော အယူအဆကို ကျောက်ဆည်လွင်ပြင်အားလည်း မတူး ဖော်ရ၊ တကောင်းကိုလည်း မတူးရသေးမို့ မိမိ၏ထင်မြင်ယူဆချက်ကို ရိုးသားစွာ ထုတ်ဖော်ခြင်းဖြစ်သည်။ ထိုထုတ်ဖော်မှုအပေါ် အချို့သောသူ တို့က တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင် ကြံ ဆောင် ပြောဆိုခဲ့ကြသည်။

## သမိုင်းဆိုင်ရာ အမြင်ဟူသည်

**သမိုင်းဆိုင်ရာ အမြင်ဆိုသည်မှာ မိမိမျက်မှောက်ကာလတွေ့ မြင်ရသော အထောက်အထားများအပေါ်တွင် သုံးသပ်မှတ်ချက်ပေးလေ့ ရှိရာ အသစ်အထောက်အထားများ တွေ့ရှိလာသောအခါ သမိုင်းဆိုင် ရာ အမြင်သည် ပြောင်းလဲစမြဲပင် ဖြစ်သည်။**

တစ်ခါက ဆရာကြီး လူ့စ်ကိုယ်တိုင် ကျစွာမင်းကြီး၏ သြဇာ သည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်သာ သြဇာကြီးမားခဲ့သည်။ အနောက်ဘက်ကမ်းသို့ မရောက်ဟုဆိုခဲ့ဘူး၏။ သို့သော် လင်ကဘော၊ လမ်းရွာ၊ ဆိပ်ဖြူနှင့် တန့်ကြည်တောင်ခြေရင်း ပေါက်ရွာတို့တွင် ကျစွာ မင်းကြီးရေးထိုးထားသော ကျောက်စာများကို တွေ့ရှိသောအခါ ဆရာကြီး လူ့စ်သည် သူ၏ အယူအဆကို စွန့်လွှတ်ခဲ့၏။

ယခုလည်း ဆရာကြီးလုစ်၏ နောက်ပိုင်းတွင်. . .

(က) မိုင်းမောကို တူးဖော်တွေ့ရှိခဲ့ခြင်း။

(ခ) တကောင်းဝန်းကျင်တွင် ပျူခေတ် သဲလွန်စများ တွေ့ရှိခြင်း။

(ဂ) ဆင်ညှပ်ကုန်းရွာ ရှေးဟောင်း အဆောက်အဦးပျက်ကို တူးဖော်တွေ့ရှိချက်များအရ၊ မြန်မာအစ ကျောက်ဆည်ကဟူသော အယူအဆကို ဆရာကြီးလုစ့်ကိုယ်တိုင် အသက်ရှင်ထင်ရှားရှိပါက မိမိ၏အယူအဆကို စွန့်လွှတ်မည်ဖြစ်၍ ထိုတွေ့ရှိချက်များကြောင့် ဆရာကြီးဦးဖိုးလတ်သည် ရောက်ရာဘဝမှ ဝမ်းသာကျေနပ်မှုရှိမည် အမှန်ဖြစ်ကြောင်း ယုံကြည်လျှက် ဤစာတမ်းကို ဖတ်ကြားရပါသည်။

ချစ်စံဝင်း

လမင်းအိမ်

၁၀-၆-၂၀၀၂

|

## မှီငြမ်းကိုးကားသည့် စာအုပ်များ

၁။ ရှေးဟောင်းမြန်မာမြို့တော်များ-
ဦးအောင်သော်၊ ဦးမြင့်အောင်၊ ဦးစိန်မောင်၊ ဦးသန်းဆွေ။
၁၉၉၃ ခု၊ မတ်လ၊ ဒုတိယအကြိမ်။
တကောင်းမြို့ဟောင်းတူးဖော်လေ့လာတွေ့ရှိချက်များ။

၂။ ပုဂံရက်သတ္တပတ် ဟောပြောချက်များ။
မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန
၁၉၆၁ ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန၊ ရန်ကုန်မြို့။

၃။ ပညာပဒေသာ စာစောင်-၁၉၆၆၊ ဇွန်လ
ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းအမြင် ဦးဘရှင်။

၄။ တကောင်းမြို့ဟောင်းနှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ ကွင်းဆင်း
လေ့လာခြင်း တွေ့ရှိချက်။
၁၂-၃-၉၇ ။ ၁၇-၃-၉၇ ။
ဦးဝင်းမောင် (တမ္ပဝတီ)

၅။ ဦးဖိုးလတ်၏ မြန်မာအစ - ၁၉၆၆

၆။ ၁၁-ရာစုမတိုင်မီက တကောင်းအတွက် ဧရာဝတီစာပေခရီး၏
အထောက်အထား၊ ဝင်းမောင် (တမ္ပဝတီ မဟာ-အတွဲ-၁ အမှတ်
၁၁-၁၃-၁၂-၂၀၀၁)။

၇။ ဧရာဝတီစာပေခရီး၊ ဆင်ညှပ်ကုန်းရွာမှ ရရှိခဲ့သော ပျူခေတ်
အုတ်ခွက်များတွေ့ရှိမှု၊ စာတမ်း ဝင်းမောင် (တမ္ပဝတီ)
(၁၉-၁၂-၂၀၀၁)

၈။ တကောင်းနယ်မှ **ပျူအထောက်အထားများစာတမ်း**
ဝင်းမောင် (တမ္ပဝတီ)

၉။ အနော်ရထာ အရင်က မြန်မာနိုင်ငံ
ဗိုလ်မှူးဘရှင် - တတိယ အကြိမ် - ၁၉၉၈
အင်းဝစာပေတိုက် - ၁၃၆/၃၆-လမ်း၊ ရန်ကုန်။

၁၀။ အခြေပြု မြန်မာနိုင်ငံရေးသမိုင်း --- ပထမတွဲ။
မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီ - ဗဟိုကော်မတီဌာနချုပ်။
ပထမပုံနှိပ်ခြင်း - ၁၉၇၀ ပြည့်နှစ်၊ ၃၀၀၀၀။
ဒုတိယပုံနှိပ်ခြင်း - ၁၉၈၃ ခုနှစ်၊ ဒီဇင်ဘာလ။

၁၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၁၀၊ မြတ် -- ယူး။
ရန်ကုန်မြို့ -- မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း။
ပထမနှိပ်ခြင်း - ၁၉၆၆ ။
စာပေဗိမာန်ပုံနှိပ်တိုက် - ၃၆၁၊ ပြည်လမ်း၊ ရန်ကုန်မြို့။

၁၂။ မြန်မာနိုင်ငံ သမိုင်း -- ပဉ္စမတန်း။
၁၉၈၀ ပြည့်နှစ်၊ မေလ - ၂၀၀၀၀၀။
စာပေဗိမာန်ပုံနှိပ်တိုက် - အမှတ် - ၃၆၁၊ ပြည်လမ်း။
ရန်ကုန်မြို့။

၁၃။ ရှေးခေတ် မြန်မာ့တပ်မတော် မှတ်စုများ -
နတ်မောက်ဘုန်းကျော်
ပထမပုံနှိပ်ခြင်း - ၁၉၆၇ - (၁၇၀၀၀)
စာပေဗိမာန် -

၁၄။ မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင် မြစ်သားရွာကွင်းဆင်းလေ့လာ
ချက်မှတ်စု -
ဦးဝင်းမောင် (တမ္ပဝတီ) - ၄-၁၂-၂၀၀၀

# ၁၉၄၈-၁၉၆၂ အတွင်း ကလေးကဗျာ

မောင်ခင်မင်(ဓနုဖြူ)

ကလျာမဂ္ဂဇင်း၊ ၂၀၁၄ ခုနှစ်၊ ဖေဖေါ်ဝါရီလ၊ အမှတ် ၃၄၇၊ နှာ ၃၁-၃၃ ထိ။

ကိုလိုနီခေတ်တွင် ဆရာမင်းသုဝဏ်နှင့်ဆရာဒေါက်တာမောင်ဖြူးတို့ ထွင်ပြင်ဖောက်လုပ်ခဲ့သော ကလေးကဗျာလမ်းကြောင်းသည် လွတ်လပ်ရေး ရပြီးချိန်တွင် အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးလာပါသည်။ ဆရာမင်းသုဝဏ်၏ "မောင်ထွေးဖို့ကဗျာများ"ကို နာမည်ပြောင်းလိုက်သော "မောင်ခွေးဖို့ကဗျာများ"သည် လွတ်လပ်ရေးခေတ်တွင် ကလေးများ ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစရာ ကဗျာများအဖြစ် ဆက်လက်ပြီး အသက်ဝင်နေသည်။ အင်္ဂလိပ်ကဗျာ Tom Thumb's Alphabet သံပေါက်ကို အတုယူ၍ ဆရာမင်းသုဝဏ် ရေးဖွဲ့သော "ကကန်စွန်းပင်ရေမှာရှင်" အစချီ ကကြီးကခွေးလင်္ကာသည် ကျောင်းနေစကလေးများ ပျော်ရွှင်စွာ ရွတ်ဆိုရသော ကဗျာအဖြစ် သူငယ်တန်း မြန်မာဖတ်စာထဲတွင် အသက်ဝင်နေပါသည်။

ထို့အတူ ဆရာဒေါက်တာမောင်ဖြူး ရေးဖွဲ့သော "ကိုအေးနဲ့မခွေး ရေခပ်ဖို့ တောင်ပေါ်ပြေး" အစချီ Jack and Jill ဘာသာပြန်ကဗျာ၊ "ပဲပဲသိုးမည်း၊ သိုးမွေးရှိပါစ"အစချီ Baa Baa Black Sheep ဘာသာပြန်ကဗျာ စသည့်ကလေးကဗျာများသည်လည်း ကလေးများ၏ပတ်ဝန်းကျင်တွင် ပျံ့နှံ့သော ကဗျာများဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ထိုကဗျာများသည် စာသင်ခန်းတွင်း၌လည်းကောင်း၊ စာသင်ခန်း ပြင်ပ၌လည်းကောင်း ပျံ့နှံ့လျက် ရှိပါသည်။

လွတ်လပ်ရေး ရပြီး အစောပိုင်းကာလတွင် ပေါ်ပေါက်သော ကလေးကဗျာများမှာ ဆရာမင်းယုဝေနှင့်ဆရာမငွေတာရီတို့ဇနီးမောင်နှံ၏ကလေးကဗျာများ ဖြစ်သည်။ စာဆိုမောင်နှံသည် မိမိတို့၏ကဗျာစာအုပ်များတွင် ကလေးများ ပျော်ရွှင်စွာ ရွတ်ဆိုစေလိုသောစေတနာဖြင့် ကလေးကဗျာကို ဂရုတစိုက် ထည့်သွင်းရေးဖွဲ့သည်ကို တွေ့ရပါသည်။ မင်းယုဝေ၏ဘဝမာလာကဗျာများ(၁၉၄၉)တွင် "ကြယ်လူပြောင်"၊ "နာရီ"၊ "လည်ဆွဲ"၊ "ဖား"၊ "ဥသြရေ"ဟူသော ကလေးကဗျာများ ပါဝင်ပါသည်။ "ကြယ်လူပြောင်"ကဗျာတွင် "မျက်လုံးဖြူဖြူ ပေကလပ်နဲ့၊ မျက်တောင်ခတ်ခတ် ပြူးကြောင်ကြောင်၊ မိုးပေါ်ကကွယ်၊ ပြုံးကာကြည့်လို့၊ ပြုံးစိစိနဲ့သူပြောင်လှောင်"ဟူ၍ ကြယ်ကလေးကို လူပြောင်ကလေးအဖြစ် သရုပ်ဖော်သည်။ "ငါ့ကိုသာကွယ် လှောင်မပြနဲ့၊ မျက်စနနဲ့ ငလူပြောင်၊ မေမေလာရင် တိုင်ပါရော့မယ်၊ မင်းကိုတော့ဖြင့်၊ ရိုက်လေအောင်၊ ရိုက်အောင်၊ ရိုက်အောင်"ဟူ၍ ကလေးက ကြယ်ကလေးကို ကြည့်ပြီး ပြောနေဟန် ချစ်စဖွယ် ဖွဲ့ထားပါသည်။

ရတနာကဗျာများ(၁၉၅၀)တွင် ငွေတာရီ၏"မိုးကြိုးတေး"၊ "ကိုထွေးအမှာ"၊ "စာဆိုကလေး"ကဗျာများ ပါဝင်သည်။ "မိုးကြိုးတေး"တွင် "ငွေမိုးရယ် ရွာပါတော့ ရေကြည်လိုလှပေါ့၊ တစ်ကျော့နှစ်ကျော့ ထပ်ကာဆို မြက်ခြောက်ဟစ်လို့ငို၊ တေးချိုပါတဲ့ကိုရွှေဖား၊ အုံ့အင်မြည်လို့ကြား" စသည်ဖြင့် ဖွဲ့ထားပါသည်။ မင်းယုဝေ၏ကလေးကဗျာများလည်း ပါဝင်ရာ "နှုတ်ခမ်းမွေးနှုတ်ခမ်းမွေး၊ ဘကြီးနှုတ်ခမ်းမွေး၊ နှုတ်ခမ်းမွေးက တလူလူ၊ ပူစီကြီးနဲ့တူ၊ တူတူပေမဲ့ ခြောက်ကပ်ကပ်၊ ညောင်ညောင်မအော်တတ်" ဟူသော "နှုတ်ခမ်းမွေး"ကဗျာမှာ ကလေးများ ပျော်ရွှင်စွာ ဆိုကြသော ကဗျာတစ်ပုဒ်ဖြစ်ပါသည်။

ဆရာမနုယဉ်သည် လွတ်လပ်ရေး မတိုင်မီကပင် ကလေးကဗျာများ ရေးဖွဲ့ခဲ့ရာ လွတ်လပ်ရေးခေတ်တွင် ပေါ်ထွက်သော မေ့သည်းချာကဗျာများ(၁၉၅၁)သည် သီးသန့်စာအုပ် ဖြစ်သည်။ ကဗျာတိုင်းတွင် ပန်းချီသရုပ်ဖော်ပုံများ ပါဝင်သည်။ "တပေါင်းတန်ခူး အတာကူး။ ကဆုန်နယုန် မိုးဦးမှုန်"စသည်ဖြင့် "တစ်ဆယ့်နှစ်လ"ကို ရေးဖွဲ့သည်။ နုယဉ်သည် ၁၉၅၆ ခုတွင် "ကကယားမယ်၊ လှမျိုးကြွယ်"အစချီ ကကြီးခခွေးလင်္ကာကိုလည်း ရေးဖွဲ့သည်။

မြန်မာဖတ်စာများတွင်လည်း ကလေးများ ရွတ်ဆိုချင်စဖွယ် ကဗျာများ ပါ ဝင်ပါသည်။ ဦးဖေမောင်တင်နှင့်ဦးဝန်တို့ပြုစုသော မြန်မာဖတ်စာများတွင် "ဝကလေး ဝိုင်းဝိုင်းစက်၊ ဆင်ခေါင်းပေါ်ကိုတက်၊ ဆင်ခေါင်းထက်က ဝနဲ့ပူး၊ ဟောတော့ ထဆင်ထူး"ကဗျာကဲ့သို့ သင်ကြားမှု အထောက်အကူပြုသော ကဗျာများ ပါဝင်သည်။ ဖတ်စာစာကြောင်းကလေးများကိုပင် "ဧရာဝတီဖေဒါဆီ၊ နေရီညကူး ဖေဒါဖူး။ အသားညိုညို တို့ကိုကို၊ စိုစိုဝဝ တို့မမ"စသည်ဖြင့် ကာရန်ကလေးများ၊ အသံအချီအချကလေးများဖြင့် ရေးသားထားရာ ကလေးများ ရွတ်ဆိုချင်စဖွယ် ဆွဲဆောင်မှုရှိလှပါသည်။

ထိုကာလတွင် စာနယ်ဇင်းများ၌ ကလေးစာပေများကို နေရာပေး၍ ထည့်သွင်းလာကြရာ ကလေးကဗျာများလည်း ပါဝင်လာကြရာ ကလေးကဗျာများလည်း ပါဝင်ပါသည်။ စာပေဗိမာန်မဂ္ဂဇင်းတွင် "ကလေးရိပ်သာ"အမည်ဖြင့် ကဏ္ဍတစ်ခု ဖွင့်၍ ကလေးများအတွက် သုတရသ စာပေများ ထည့်သွင်းရာ ဆရာမင်းသုဝဏ်၊ ဆရာတက္ကသိုလ်မောင်မောင်ခင်၊ ကာတွန်းဦးဖေသိန်း စသည့်ဆရာများ၏ကလေးကဗျာများ ပါဝင်ပါသည်။ တက္ကသိုလ်မောင်မောင်ခင်၏"မေ့သားကြီး"ကဗျာတွင် မြီးတံတို ကြောင်အို ကိုက်မယ်လို့၊ ဆိုလိုက်တဲ့မေမေရယ်၊ ကြောက်ပါဘူးကွယ် ဟူ၍ သားငယ်က ပြောဆိုဟန် ရေးဖွဲ့ကာ ကလေးများ မကြောက်တတ်အောင် အားပေးပုံကို တွေ့ရသည်။

ဆရာဇဝန ဦးစီးသော ကလေးဂျာနယ်(ခလေးဂျာနယ်)သည် ၁၉၅၅ ခုနှစ်တွင် စတင်ပေါ်ထွက်ပြီး ကလေးများဖတ်ချင်စဖွယ် ကဏ္ဍအမျိုးမျိုး ပါဝင်သည်။ မင်းသုဝဏ်၊ နုယဉ်၊ တက္ကသိုလ်နန္ဒမိတ်၊ မောင်ယဉ်နွယ်၊ ထွဏ်းနေနွယ်၊ ဗန်းမော်ညိုနွဲ့၊ မြင့်သူ၊ ကြည်အောင်၊ ဗန္ဓုရဝင်း၊ မောင်သက်လွင်၊ ကောက်လှိုင်း စသည့်ကဗျာဆရာများ၏ကဗျာများ ဝေဝေဆာဆာ ပါဝင်သည်။ ကလေးဂျာနယ် အမှတ်(၁)တွင် ပါဝင်သော "ညီညီလေးချစ်စရာ"ကဗျာမှ "ညီညီလေးက ချစ်စရာ၊ ချိုပြုံးရွှင်မျက်နှာ၊ သန့်စင်မှာပေါ့ သူကလေး၊ နေ့စဉ်ရေချိုးပေး" ဟူသော အဖွဲ့မျိုး၊ ကလေးဂျာနယ် အမှတ်(၅)တွင် ပါဝင်သော "ညီမလေး" ကဗျာမှ "ညီမလေး ထထ၊ ဩကာသ ဆိုဆို၊ ချိုချိုရေ သောက်သောက်"ဟူသော အဖွဲ့မျိုး စသည်ဖြင့် ကလေးများ ရွတ်ဆိုချင်စဖွယ် ကဗျာအမျိုးမျိုး တွေ့ရသည်။ ကလေးဂျာနယ်တွင် ရေးဖွဲ့သောကဗျာများနှင့်ပတ်သက်၍ "စာဆိုဟောင်း စာဆိုသစ်တို့သည် ကလေးကဗျာတို့ကို ဖြိုင်ဖြိုင်ဖွဲ့လာကြပါတော့သည်။ စိတ်ကူးမျိုးစုံ အကြောင်းရပ်မျိုးစုံ၊ ပုံသဏ္ဍာန်မျိုးစုံဖြင့် ဖွဲ့ဆို၍ အလှခင်းကြပါတော့သည်။ ကလေးတို့နှစ်သက်ရာ ကောက်ယူပန်ဆင်နိုင်ပါတော့သည်"ဟု ဆရာတင်မိုးက မှတ်ချက်ချပါသည်။

ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် ၁၉၅၆ ခု မေလကစ၍ "ကလေးရှုမဝ"ကဏ္ဍ ပါဝင်ပြီး ကလေးကဗျာများကို အစဉ်တစိုက် ထည့်သွင်းသည်။ ဂုဏ်ဝင်း၊ မင်းယုနိုင်၊ မောင်ငွေခင်၊ ပန်းတနော်ဝင်းသိန်း၊ ဗန္ဓုရဝင်း၊ မောင်ပေါက်စည်(မန်းတက္ကသိုလ်)၊ သက်နွယ်ဦး၊ ကိုကြီးမြင့်သိန်း၊ ကိုကြီး(သန်လျင်)၊ မောင်နန်းနွယ်(ဗန်းမော်)၊ ပခုက္ကူသီတာဖြူ စသည့်ကဗျာဆရာများ၏ ကလေးကဗျာများကို တွေ့ရသည်။ ဆရာဂုဏ်ဝင်းသည် တိရစ္ဆာန်ဥယျာဉ်ထဲက တိရစ္ဆာန်တစ်မျိုးစီအကြောင်းကို ကဗျာတစ်ပုဒ်စီ ရေးဖွဲ့ကာ "တိရစ္ဆာန်ဥယျာဉ်ကဗျာများ"ဟုအမည်ပေး၍ "ကလေးရှုမဝ"တွင် ပုံမှန်ထည့်သွင်းသည်။ တိရစ္ဆာန်တစ်မျိုးစီ၏သဘာဝကို ကလေးများ စိတ်ဝင်စားဖွယ် ဖွဲ့ပြသည်။ "ကျား"အကြောင်း ဖွဲ့ရာ၌ "အချမ်းလုံအောင် အင်္ကျီများနဲ့၊ သူ့အသားမှာ ဝတ်ဆင်ကာ။ အနက်အဝါသူ့အစင်းက၊ အိမ်မှာခင်းတဲ့ကတ္တီပါ၊ သူရယ်သောခါ သွားတွေဖြီးလို့၊ ဖိုးပါကြီးနှင့်တူလိုက်တာ။ ခြံလှောင်ထားကာ သံတိုင်စိုက်တော့၊ မမိုက်ဝံ့ပေါ့သူ့ခမျာ။ မေမေပြောဆိုကိုရွှေကျားဟာ သူမှတ်လားကွဲ့ ရေးအခါ။ ရွှေယုန်ဘယ်ဆီ သက်ငယ်ရိတ်လို့ တိတ်တိတ်ကလေး အိပ်နေရှာ။ မေးပါမေးပါ"ဟု ဖွဲ့ထားပုံကို ကြည့်လျှင် ကျား၏အသွင်သဏ္ဍာန်ကို ပေါ်လွင်အောင် သရုပ်ဖော်သည့်အပြင် ရုပ်ရှင်လူရွှင်တော် ဖိုးပါကြီးနှင့်နှိုင်း၍ ကျား၏အမူအရာကို ဟာသပါအောင် ဖွဲ့ပုံ၊ တိရစ္ဆာန်ရုံထဲက ကျား၏သနားစရာဘဝ၊ ရွှေယုန်နှင့်ရွှေကျားဒဏ္ဍာရီမှ ရွှေယုန်၏အလိမ်အညာခံရသော ရွှေကျားအကြောင်း စသည်ဖြင့် စိတ်ဝင်စားဖွယ်အကြောင်းများ ဆက်စပ်ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ထို့အတူ "ဆင်"ကဗျာတွင် "မျက်လုံးငယ်ငယ် နားရွက်ကြီးကို ခြံပြီး အိပ်ရင်နွေးလိုက်မှာ" ဟူ၍ ဆင်နားရွက်ကြီးကို ခြုံအိပ်ချင်စိတ်ပေါ်လာအောင် ရေးဖွဲ့သည်။ "ဆဒ္ဒန်ဆိုတာ သူတို့မင်းပေါ့၊ မြားနဲ့ခွင်းလို့ သေရရှာ"ဟူ၍ ဘုရားလောင်းဆဒ္ဒန်ဆင်မင်းဇာတ်ကိုလည်း ဆက်စပ်ပြောပြသည်။ "မျောက်"ကဗျာတွင် "ညီနဲ့တူတာ ဘယ်လူလဲလို့ သည်အထဲမှာ ရှာစမ်းကွယ်။ သစ်ပင်တက်ကာ ဆော့ကစားလို့ သွားတစ်ချောင်းလဲ ကျိုးဖူးတယ်"ဟူ၍ အလွန်ဆော့သော ညီလေးကို မျောက်နှင့်နှိုင်း၍ ကျီစယ်ဟန် ရေးဖွဲ့ထားပါသည်။ "သာလိကာ"၊ "သားပိုက်ကောင်" စသည်ဖြင့် တိရစ္ဆာန်ရုံထဲက အကောင်များအကြောင်း ပျော်စရာ ရေးဖွဲ့ထားသော ကဗျာများ ဖြစ်သည်။ တိရစ္ဆာန်များကို စိတ်ဝင်စားလာပြီး ချစ်ခင်စိတ် ပေါ်လာအောင် ကလေးများကို သိမ်မွေ့စွာ လှုံ့ဆော်ပေးထားပါသည်။

ကလေးရှုမဝအခန်းတွင် မြန်မာ့ရိုးရာပွဲတော်များ၊ သဘာဝပတ်ဝန်းကျင်မြင်ကွင်းများ၊ ထင်ရှားသောဘုရားပုထိုးများ စသည်တို့ကိုလည်း ကလေးများမှတ်သားဖွယ်၊ စိတ်ဝင်စားဖွယ် ရေးဖွဲ့ပါသည်။ "သီတင်းကျွတ်"ဆိုသောကဗျာတွင် "မီးပန်းရှို့စို့ညီလေးရယ်၊ သီတင်းကျွတ်ပြီကွယ်၊ ဖျောက်ဝယ်ဖောက်လို့ ညီကစား၊ မီးကိုသတိထား၊ မြို့လုံးထွန်းတဲ့ မီးနီပြာ၊ ညီလေးကြည့်စို့လာ။ လမ်းမှာ အမြဲဖော်မကွဲ၊ ညီမလက်ကိုတွဲ" စသည်ဖြင့် ပျော်စရာရော မှတ်စရာပါ ပါအောင် ဖွဲ့ထားပါသည်။

လွတ်လပ်ရေးခေတ်ဦးပိုင်း ၁၉၄၈ ခုမှ ၁၉၆၂ ခုအတွင်း ဂျာနယ်၊ မဂ္ဂဇင်းများတွင် ကလေးကဗျာများကို ဂရုတစိုက်နေရာပေးလာကြခြင်းမှာ ကလေးကဗျာ ဆက်လက်ဖွံ့ဖြိုးရန် လမ်းခင်းပေးနေသကဲ့သို့ ရှိပါသည်။

မောင်ခင်မင်(ဓနုဖြူ)

**စာကိုး**

-ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၉၇။ တိရစ္ဆာန်ဥယျာဉ်ကဗျာများ။ ပလုတ်တုတ်ကလေးဂျာနယ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ။

-ခင်ရီဝင်း၊ မ။ ၂၀၀၆။ ၁၉၄၈ မှ ၁၉၆၂ အတွင်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပါရဂူကျမ်း။

-တင်မိုး။ ၁၉၇၄၊ ကလေးလူငယ်ကဗျာ၊ ကလေးလူငယ်စာပေ၊ ပ၊ ရန်ကုန်၊ စာပေဗိမာန်။

-မိုးဟိန်းဇော်၊ မောင်။ ၂၀၀၇။ မြန်မာကလေးကဗျာသမိုင်း။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပါရဂူကျမ်း။